

www.burmeseclassic.com
တကယ့်ဖြစ်ရပ်
ရှုခင်း
မဂ္ဂဇင်း
2014
MAY
BURMESE CLASSIC
ရွှေမြန်မာ
®
SHWE MYANMAR
အမှတ်တံဆိပ်
ချောင်းဆိုးပျောက်ဆေးရည်ကိုသောက်ပါ။
Ph: 095010074, 0973082461, 097308246
www.burmeseclassic.com

www.burmeseclassic.com

# အယ်ဒီတာချုပ်၏ အမှာစကား

တကယ့်ဖြစ်ရပ်မှုခင်းဂျာနယ်သည် ပြည်သူလူထုအား မှုခင်းအသိပညာပေးမှုကို အထူးပြုရည်ရွယ်ခဲ့သည့်အပြင် မှုခင်းဖော်ထုတ်နေသော အမှုစစ်ရဲအရာရှိများအနေဖြင့် မှုခင်းဖော်ထုတ်ရာတွင် အတွေးအခေါ်နှင့် ဆက်စပ်၍ လက်တွေ့နယ်ပယ်၌ အသုံးချနိုင်စေရန် ရည်ရွယ်ပါသည်။

တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်း၏ အယ်ဒီတာအဖွဲ့တွင် ဘ၀ အတွေ့အကြုံများပြားသော နိုင်ငံ့ဝန်ထမ်းဟောင်း အငြိမ်းစားများ ပါဝင်သလို ပညာရေးနယ်ပယ်တွင် ကျောင်းသူ၊ ကျောင်းသားများနှင့် အမြဲထိတွေ့နေသည့် နာမည်ကြီးကျူရှင်ဆရာ၊ ပညာရှင်များလည်းပါဝင်ပါသည်။

နယ်ပယ်စုံမှ ပညာရှင်များ၏ စုပေါင်းအားထုတ်မှုဖြင့် ထုတ်ဝေသော တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်းသည် လူတိုင်း မှုခင်းအသိပညာတိုးပွားစေရေး၊ ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းတွင် ပူးပေါင်းပါဝင်စေရေး၊ အိမ်နီးချင်း စောင့်ရှောက်မှုစနစ်ဖြင့် မှုခင်းကြိုတင်ကာကွယ်ရေး၊ နှိမ်နင်းရေး ဖော်ထုတ်ရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူလူထုဘက်မှ ပါဝင်တာဝန်ယူနိုင်ခွင့်ရှိသည်များကို သိရှိစေရန် ပညာပေးအစီအစဉ်ဖြင့် ထုတ်ဝေခြင်းဖြစ်ပါသည်။

တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်းသည် ပြည်သူ့မေတ္တာကို ခံယူ၍ ပြည်သူလူထု၏လက်ခံအားပေးမှုဖြင့် ရှေ့ခရီးကို လျှောက်လှမ်းရန် ကြိုးပမ်းအား ထုတ်နေသည်ဖြစ်၍ မည်သူမဆိုလိုအပ်ချက်များကို အကြံပြုနိုင်ကြောင်း လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

အယ်ဒီတာချုပ်

www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာ အောင်ကျော်ဇော စီစဉ်ထုတ်ဝေသည်။

တကယ့်ဖြစ်ရပ်

# မဂ္ဂဇင်း 2014 MAY

အတွဲ(၁)၊ အမှတ်(၈)

နာယက - လင်းထက်ကျော်

ညိုမြင်းလှိုင်

အယ်ဒီတာချုပ် - အောင်ကျော်ဇော

ရဲအုပ်အောင်လွင်(ငြိမ်း)

ဒုအရာခံဗိုလ်(ငြိမ်း) တပ်မတော်(ကြည်း)

တာဝန်ခံအယ်ဒီတာ - ထက်ထက်ဦးဝေ

အယ်ဒီတာအဖွဲ့ - အေးအေးခိုင်၊ ဦးရဲလွင်(ရဲဘိုင်အို)

လက်ထောက်အယ်ဒီတာ - နေမျိုးအောင်

BURMESE CLASSIC

ထုတ်ဝေသူ

ဦးအောင်လွင်(ယာယီ/၂၀၈၃)

ပုံနှိပ်သူ

သိန်းသန်းဦးပုံနှိပ်တိုက်

ဒီဇိုင်းအပြင်အဆင်

Min Group

ကွန်ပျူတာစာစီ

နေမျိုးအောင်

ပန်းချီသရုပ်ဖော်

ပန်းချီမင်းထက်နိုင်၊ ရဲသူ(ရန်ကုန်တက္ကသိုလ်)

Photo By Min Ko မျက်နှာဖုံးရှင် မော်ဒယ်ဆောင်းရူပါခင်

ဖြန့်ချိရေး - ကန်တော်လွင်စာပေ၊ အမှတ်(၉၇)၊ မြေညီထပ်(ဝဲ)၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၁ ၃၈၅၃၆၉၊ ၀၉ ၄၉၂၉၄၂၁၈

တန်ဖိုး - ၁၀၀၀၊ အုပ်ရေ - ၁၀၀၀

www.burmeseclassic.com

www.burmeseclassic.com



# MAY 2012 CONTENTS

## ကဗျာ

ရဲဝဏ္ဏ၊ စိုးကိုကို(လေးမျက်နှာ)၊
ညီလွမ်းရင့်၊ မြတ်နိုးဆု(တမာမြေ)၊
ရဲမင်းအောင်(ရွှေတပင်)၊
ကျော်မျိုးနွယ်(မောဝ်နေခြည်)၊
ခိုင်လွမ်းသျှစ်(ပေါက်တော)၊
မောင်ထည်ဝါ(ပျော်ဘွယ်)

BURMESE CLASSIC

## ကာတွန်း

သူရိန်၊ မောင်တင်ယု၊ ရွှေကိုဦး၊
မုဒ္ဒအိန်ဂျယ်၊ ဟန်၊ ဈာန်မောင်မောင်၊
[illegible]၊ အောင်ချမ်းမြေ့(မင်းဘူး)

## ဆောင်းပါး

ညွန့်ဟန်(ကြူတော)
တရုတ်နိုင်ငံနှင့်ကလေးသူငယ်
မွေးခင်းပြဿနာ
မောင်မြင့်မား(ဗိုလ်ကလေး)
လူ့အမျိုးမျိုး
စိတ်အထွေထွေ

## ရုပ်ရှင်မိတ်ဆက်

ဦးဝင်းမြင့်(သရုပ်ဆောင်)
ဘာမှမချစ်ရင် ဘာမှမဖြစ်ဘူး



www.burmeseclassic.com

www.burmeseclassic.com





## ဘာသာပြန်


ချမ်းထက်
ာန်လျှင်ဘီအိုစီရေနံချက်စက်ရုံ ၉၀
ီးလောင်မှုကြီး
ာမိ(ပညာရေး)
ကိုလိုနီခေတ်  ၁၃၀
ာရားခွင်ရောက်အစိုးရအကြည်ညိုပျက်မှု




## တစ်မျက်နှာဝတ္ထု


ာမိ(ရှုပဒေ)
ာုံခြုံတိုင်း စိတ်မချရပါ ၆၆


## တစ်ခန်းရပ်ဟာသ


ထက်ထက်(ဟာသ) ၁၄၃



BURMESE CLASSIC

## ပေဒင်


ဗေဒသုတေသီတစ်ဦး


## သတင်း


နိုင်ငံတကာသတင်း/ပြည်တွင်းသတင်း




www.burmeseclassic.com

www.burmeseclassic.com

## မှခင်းဝတ္ထုတို


[illegible]
[illegible] [illegible]
[illegible]
[illegible] [illegible]
[illegible]
[illegible] ပွင့်းသည့်အခါ [illegible]
[illegible] ဝင်းကျန်)
[illegible] ဆွဲရှိခဲ့ [illegible]
[illegible] ဓာတု)
[illegible] သည် [illegible]
ရွှေဂိုဘာမထိခင်အောင်
မှုကြီးနောက်ထပ် [illegible]
လူမသတ်ချင်ဘူး
ငွေအလွန်
အမုန်းလှိုင်းဖြတ်သန်းချိန် [illegible]
ကိုမြင့်
အလင်းတန်းအသက် ၁၂၀
အရောင်လက်ချိန်
ခင်မေဦး
ရွှန်းလင်းသွားသောအဖြူရောင်များ [illegible]
ရှင်လွန်မယ်
နှုတ်ကြောင့်ဆေး လက်ကြောင့်ကြေ [illegible]
နှင်းစက်(ထားဝိုး)
အချစ်ဆုံး [illegible]








www.burmeseclassic.com

www.burmeseclassic.com



## လောကမေတ္တာ

✦ ဘ၀သစ်ပင်၊ ရှင်သန်ချင်
ပိုး၀င်ဖျက်ဆီး၊ ဒေါသမီး
ပျက်စီးမြန်စွ၊ မြန်ပေစွ။
✦ ဓနသစ်ပင်၊ ရှင်သန်ချင်
ပိုး၀င်ဖျက်ဆီး၊ လောဘမီး
ပျက်စီးဘ၀၊ မြန်ပေစွ။
✦ ဒေါသအုတ်မြစ်၊ အိမ်အသစ်တွင်
ထုဆစ်ကာရံ၊ လောဘထန်၍
တစ်ဖန်မောဟ၊ အမှောင်ကျသော်
သောကလေပြင်း၊ သူပစ်ခွင်းလျှင်
မခြွင်းမုချ၊ ပျက်စီးရမည်
လောကမေတ္တာဖြစ်သတည်း။ ။



ရဲ၀ဏ္ဏ

www.burmeseclassic.com

www.burmeseclassic.com



# ရင်ထဲကလမင်း

* လတစ်စင်း
ကြည်လင်ဝမ်းပ
အေးမြလိုက်တာ။

* နေအပူကျော်ဖြတ်ခဲ့
လမ်းခုလတ်တစ်ညတာ
မှိုင်းပြာပြာကောင်းကင်ထက်မှာ
အလင်းဖြာ မေတ္တာရိပ်နဲ့
ချွေးသိပ်ပေးရှာ။

* အမောရယ်ပြေ
ကျေးရှုးတွေအနန္တ
တင်မိပ္ပါ ရွှေလမင်း။

* ညအခင်းမှာ
ထိန်လင်းကာ ရောင်ခြည်ဝင်းလို့
ပူပင်ကင်းစေတဲ့ သူ့အဆင်း
ချမ်းမြေ့မိခြင်း။ ။




စိုးကိုကို (လေးမျက်နှာ)

www.burmeseclassic.com

www.burmeseclassic.com



# အဖော်မဲ့ခရီး



() လူတွေလူတွေ
သောကပွေလည်း
အချစ်အတွက်
တဏှာဖက်ရင်း
နောက်ဆုံးရောက်ရာ
ဘယ်နေရာ။
() လူတွေလူတွေ
ဉစ္စာအတွက်
လောဘတက်လည်း
နောက်ဆုံးရောက်ရာ
ဘယ်နေရာ။
လူတွေလူတွေ
အနုပညာအတွက်
ပညာဆက်ရင်း
နောက်ဆုံးရောက်ရာ
ဘယ်နေရာ။
() လူတွေလူတွေ
ဝမ်းစာ ဝါသနာ ကြိုးကာရှာရင်း
ဝိညာဉ်နေရာ ထွက်ပေါက်ရှာမှ
ငါမြတ်နိုးရာ ချစ်သည်းညှာနဲ့
ငါ့ရဲ့လောဘ သြဇာသတ်ရင်း
ငါတွယ်တာရာ အနုပညာလည်း
ယူနိုင်ခြင်းမဲ့ ထားရစ်ရမယ်
ထွက်ခွာခရီး တစ်ကိုယ်တည်း။ ॥

ညီလွမ်းရင့်

www.burmeseclassic.com



# ပင်လယ်ပုံပြင်



၄ အပြေးကလေးပါပဲ
အဝေးကြီးကလာ
ညင်သာစွာနဲ့ သော့သော့လေးပုတ်ခတ်
ကြင်နာဟန်နဲ့ နော့နော့လေးကျီစယ်
တွယ်တာကာမှ စိမ်းရက်လေတယ်
မထင်မှတ်စွာ ပျောက်ကွယ်သွားခဲ့တယ်။

၄ အလွမ်းတွေပေး
အဝေးဆုံးကို ထွက်သွားပေမယ့်
ကျန်နေခဲ့သူ နှလုံးသား
တစ်နေ့ပြန်လာလေမည်လား
မျှော်လင့်ကာ စောင့်စားလျက်
နေ့ရက်များစွာ ဖြတ်သန်းခဲ့။

၄ ကလူကျီစယ် ပျောက်ကွယ်သူရဲ့အပြစ်လား
ရင်မှာခိုတွယ် စောင့်မျှော်သူရဲ့အပြစ်လား
လူးလွန့်လူပ်ရှား လှိုင်းပုတ်သံတွေကြား
ပြိုလဲကြေကွဲ နှလုံးသားရှိုက်သံများ
ဝိုးတဝါး ရောထွေးလွင့်ပျံ့နေတယ်
ကမ်းသောင်ခြေက မျက်ရည်လည်။

၄ ''လှိုင်းနဲ့ကျောက်ဆောင်''ပဟေဠိချစ်ပုံပြင်
ပင်လယ်ရင်ခွင်မှာ အကျွရာမတင်ဖြစ်
ကျန်ရစ်သူ့လွမ်းစာမျက်နှာများ
ဥပေက္ခာဖြစ်သွား။ ။

မြတ်နိုးဆု (တမာမြေ)


www.burmeseclassic.com

www.burmeseclassic.com



# ငွေကိုင်

ကိုယ်မှာလည်းထား၊ စိတ်မှာထား၍
သူ့အားပြုံးချို၊ ငါကြိုဆိုဏ်။
ပွဲတက်လည်းခေါ်၊ ထုတ်ဖော်မာန်ပြ
သူရှိမှပင်၊ သတ္တိလည်းကောင်း
လူပေါင်းလည်းဆုံ၊ နေရာပုံ့ဏ်။
သူတစ်ပါးတို့၊ ယူသွားမှာစိုး
သောကမျိုးနှင့်၊ သော့အထပ်ထပ်
လုံခြုံတတ်ရာ၊ သိုဝှက်လာဏ်။
ခုတော့.....
ငယ်ကကြင်သူ၊ ထိုငွေဟူက
မက်သူသေရော၊ စိမ်းသဘောဖြင့်
လက်ပြနှုတ်ဆက်၊ ခပ်သွက်သွက်မို့
ဗလာလက်မွဲ၊ ငွေကိုင်မဖြုံပါ့လား။ ။




ရဲမင်းအောင် (ရွှေတပင်)

www.burmeseclassic.com

www.burmeseclassic.com



# အရိပ်သုခွေး



() ငယ်ထိပ်ကို တုတ်နဲ့ခေါက်
ငွေဦးနှောက် ဖောက်စား
တောက်ပွားလာတဲ့ မန်ကျည်းတမာပင်
ထီးမဟာသခင်ရဲ့ မီးတောက်ရှင်။
() အရိပ်ဖြစ်တာ
တုတ်ကြောင့်လား
အလုပ်ကြောင့်လား
တောင်ဖျားတစ်အုပ်မှာ အလင်းစုပ်
မှိတ်တုတ်မှိတ်တုတ် ကြယ်ရောင်များ။
() ကမ္ဘာကို ရှက်လှှင့်တင်
ထိပ်တန်းဝင် သုခွေးများ
ခရိုနီ တို့ရွာသား
ဉာဏ်အားချင်း နှိုင်းယှဉ်
ဆိတ်နဲ့ဆင် ကွာခြား
အရိပ်နဲ့သခင် နှောင်ကြိုးဖျား
ပြည်သူရဲ့ နှလုံးသွေးစက်များ။ ။

**ကျော်မျိုးနွယ်**(မောဝ်နေခြည်)


www.burmeseclassic.com

www.burmeseclassic.com



# မှုရင်း

ဆုမတောင်းဘဲ ဖြစ်ခဲ့ပြီ
ဝေဝါးစွာ ဖြုပွတ်များနဲ့
မြူထိတ် အသည်းတုန်ခါမှုတွေက
မရေရာခြင်းများစွာနဲ့ သေချာခဲ့ပြီ
အခွံနွာထားသလို မြင်ကွင်းထဲမှာ
အစားထိုး ခံစားမှု ညှာဏ်နဲ့
အရိုးမဲ့နေသော အတိတ်နိမိတ်တွေ
ကျောက်သေတ္တာကြားမှာ ပျစ်ချွဲနေပြီ
တောခို တောင်ခို
မြေငွေ့ရေငွေ့
တိမ်အတုတွေနဲ့
ကရုဏာပွားများနေပြီ
အစိဋ္ဌာန်တန်ခိုးတွေ ပက်ဖျန်းပြီး
သူ့ကျောပေါ် ဝိဇ္ဇာတွေ လိမ်းကျံနေပြီ
မာယာတွေ စီတန်းလှည့်လည်လို့
ဆန္ဒကို သုံးစွဲနေပြီ
ဦးနှောက်ကို စုဆောင်းနေပြီ
တန်ဖိုးကို အချိန်နဲ့တည်ဆောက်နေပြီ
ဒီကမ်းတွေသာ ဘောင်မခတ်ထားရင်
စစ်မှန်တဲ့ ပင်လယ်ဆိုတာ
နိုကိုးရာမဲ့ ဖြစ်နိုင်တယ်။ ။



ခိုင်လွှမ်းသျှစ် (ပေါက်တော)

www.burmeseclassic.com

www.burmeseclassic.com




# ဘဝကိုအရှုံးမပေးသူများ

* ဘဝကံဆိုး ကြမ္မာညှိုး၍
ခြေကျိုးလက်ပြတ်၊ အနေကျပ်လည်း
စိတ်ဓာတ်မကျ၊ အားမာန်ကြွလျက်
ဘဝတိုက်ပွဲ အခက်ခဲကို
ဖြိုခွဲရင်ဆိုင်၊ ဓားနှင့်ချိုင်းသို့
အနိုင်ရယူ၊ အောင်လံထူ၍
ကြည်ဖြူလက်ကမ်းမေတ္တာပွား။
မသန်သော်လည်း စွမ်းသူများ။

* လက်တစ်ဖက်ပြတ်၊ အနေကျပ်လည်း
ပြတ်သည့်လက်တွင်၊ လက်တုဆင်လျက်
စွမ်းအင်ကိုပြ၊ ဖွဲ့လုံ့လနှင့်
ဘဝကျပ်တည်း၊ ရင်ဆိုင်နွှဲ၍
အောင်ပွဲလက်ကမ်းမေတ္တာပွား။
မသန်သော်လည်း စွမ်းသူများ။

* ခြေတစ်ဖက်ကျိုး၊ အနေဆိုးလည်း
ကျိုးသည့်ခြေတွင်၊ ခြေတုဆင်လျက်
စွမ်းအင်ကိုသုံး၊ မြတ်နှလုံးနှင့်
အပြုံးဝေဝေ၊ စမ်းရေစသို့
ဘဝတစ်ထောင်၊ အလှဆောင်သို့
စွမ်းဆောင်ထမ်းရွက်တာဝန်ကျေ။
မသန်သော်လည်း စွမ်းသူတွေ။

* အနိုင်မခံ၊ ဇာတိမာန်ဖြင့်
ရှင်သန်ရဲစိတ်၊ ရင်ပြည့်သိပ်လျက်
ခြေလက်မသန်၊ ခါးမသန်လည်း
အားမာန်တက်ကြွ၊ ဖွဲ့လုံ့လနှင့်
ဘဝတိုက်ပွဲ၊ အနိုင်နွှဲ၍
ကျားရဲ၏ဟန်၊ ခြင်္သေ့မာန်ဖြင့်
နိုင်ငံ၏ဂုဏ်၊ အမျိုးဂုဏ်ကို
မွှေးထုံပျံ့သင်း၊ နေသို့လင်းအောင်
ဆောင်ကြဉ်းမပျက် တို့လေးစား။
မသန်သော်လည်း စွမ်းသူများ။ ။



မောင်ထည်ဝါ (ပျော်ဘွယ်)

www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon



www.burmeseclassic.com

# Cartoon





ကာတွန်းဟဲဟဲ-2012

www.burmeseclassic.com

www.burmeseclassic.com





# ညွန့်ဟန် (ကြူတော)

# တာရှတ်နိုင်ငံ နှင့် ကလေးသူငယ်မှုခင်းပြဿနာ

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် နေရာဒေသကျယ်ဝန်းသည့်အလျောက် လူဦးရေများပြားသည်။ သို့ဖြင့် စီးပွားရေး၊ လူမှုရေးပြဿနာ များပြားသကဲ့သို့ အမှုအခင်းလည်း ထွေပြားပေသည်။ ယင်းတို့တွင် ကလေးသူငယ်မှုခင်းများပါဝင်ပေရာ ဖြေရှင်းရပေသည်။ မျှတမှုရှိသော အဆုံးအဖြတ်၊ အမိန့်ချမှတ်မှုကိစ္စတွေ ရှုပ်ထွေးလာပေသည်။ မကြာမီက Justice for Juveniles ဟူသောခေါင်းစီးဖြင့် ကလေးသူငယ်များ၏ မှုခင်းအမျိုးမျိုးကို ဖော်ပြထားပေသည်။

ဖော်ပြပါပုံမှာ တရုတ်နိုင်ငံ၊ ရှန်ဇီပြည်နယ်တွင် အသက် ၁၇ နှစ်အရွယ် လူငယ်တစ်ဦးက သူ၏အတန်းဖော်တစ်ဦးအား ဓားဖြင့်အချက်ပေါင်းများစွာ ထိုးသတ်ခဲ့ရာ ရဲတပ်ဖွဲ့က စစ်ဆေးစဉ်ဖြစ်သည်။ အွန်လိုင်းမှ ရန်ဖြစ်ရင်း အမှုပွေ့ရခြင်းဖြစ်သည်။ ယခင်နှစ်က ဖြစ်ပွားသည့်အမှုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တရုတ်နိုင်ငံ၏
ရာဇဝတ်မှုဥပဒေအရ
အသက် ၁၆ နှစ်အောက်
ကလေးများအမှုအတွက် ကာယကံရှင်
ယောက်ျားလေး၊ မိန်းကလေးများကို
အပြစ်မပေးဘဲ
နောက်ကွယ်တွင်ရှိနေသော
မိဘအုပ်ထိန်းသူများ၏
လိုအပ်ချက်ကို
ဖြည့်ဆည်းခြင်း၊
ပညာပေးခြင်းများပြုရန်သာရှိပေသည် . . .

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်က နိုင်ငံ၏ အနောက်တောင်ပိုင်း၊ ရှင်ကွမ်မြို့ရှိ အဆောက်အအုံတစ်ခု၏ ဓာတ်လှေကားအတွင်းဖြစ်သည်။ အသက် တစ်နှစ်ခွဲအရွယ် ယောက်ျားလေးတစ်ဦးသည် အဘွားအိုနောက်၌ရှိနေစဉ် အသက် ၁၀ နှစ်အရွယ် မိန်းကလေးတစ်ဦးက ခေါ်ဆောင်သွားသည်။ ပြီးတော့ ဓာတ်လှေကားအတွင်း ရိုက်နှက်ကန်ကျောက်ကာ လူမဆန်စွာ နှိပ်စက်သည်။ ပြီးတော့ ၂၅ ထပ် ဓာတ်လှေကားပြင်ပသို့ ကန်ထုတ်သည်။ ယင်းအခြေအနေများကို ဗီဒီယိုကင်မရာမှတ်တမ်းတွင် တွေ့ရသည်။ အဘွားဖြစ်သူက စိတ်ပူပန်ပြီး ရှာဖွေရာ ၂၅ ထပ်တွင် ကလေးကိုတွေ့သည်။ ကလေးမှာ ဒဏ်ရာပြင်းထန်စွာရရှိထားသည်ကိုတွေ့ရသည်။ ညှဉ်းပန်းသူ ၁၀ နှစ်အရွယ် မိန်းကလေးကို ရဲတပ်ဖွဲ့က ဖမ်းဆီးစစ်ဆေးရာတွင် လိမ်ညာပြောဆိုမှုတွေ့ ရပြန်သည်။ အရေးယူမည့်အခြေအနေရှိသော်လည်း ဥပဒေအရ အသက် ၁၄ နှစ်အထက် ကျူးလွန်မှုအတွက်သာ ပြဋ္ဌာန်းချက်ရှိပေရာ ယခုလိုအမှုမျိုးကို တရားစီရင်ရန် ခက်ခဲလျက်ရှိပေသည်။

တရုတ်နိုင်ငံတွင် အသက် ၁၄ နှစ်အောက် ကလေးသူငယ်အမှုအတွက် ပြစ်ဒဏ်ချမှတ်ရန် ပြဋ္ဌာန်းချက်မရှိဘဲ အသက် ၁၄ နှစ်မှ ၁၆ နှစ်အကြားအရွယ် အမှုအခင်းအတွက် ရစ်လကြာ လူမှုဝန်ထမ်းဌာနများတွင် တာဝန်ထမ်းရွက်ရန် ချမှတ်ထားသည်။

တရုတ်နိုင်ငံတွင် ကလေးသူငယ်ဦးရေသည် သန်း ၃၀၀ မျှရှိပေရာ အမေရိကန်ပြည်ထောင်စုလူဦးရေနှင့် ထပ်တူညီမျှဖြစ်ပေသည်။ ထို့ကြောင့် များစွာသော လေ့လာဆန်းစစ်မှုများအရ အမှုအခင်းမျိုးစုံဖြစ်ပွားပြီး လူသတ်မှု၊ လုယက်မှု၊ မူးယစ်ဆေးဝါးအမှု စသည်ဖြင့် စုံလင်ပေသည်။ ဥပမာအားဖြင့် ၂၀၁၂ ခုနှစ်တွင် ယူနန်ပြည်နယ်၌ အသက်ရှစ်နှစ်သားအရွယ်တစ်ဦး ၁၂ နှစ်သားအရွယ်နှင့် ရန်ဖြစ်ရာမှ လည်ပင်းညှစ်အသတ်ခံခဲ့ရသည်။ ကျောင်းနေဖက်များနှင့် ကျောင်းမှအပြန်ဖြစ်လေသည်။

ယင်းနှစ်တွင်ပင် ဂေါင်ဇီးပြည်နယ်တွင် အသက် ၁၂ နှစ်အရွယ် မိန်းကလေးက သူ၏အတန်းဖော် မိန်း

www.burmeseclassic.com

www.burmeseclassic.com




ကလေးတစ်ဦးကို မနာလိုစိတ်ဖြစ်ကာ အိမ်ကို ဖြား ယောင်းသွေးဆောင်ခေါ်ဆောင်သွားကာ ဓားဖြင့်အချက် ပေါင်းများစွာ ထိုးသတ်ခဲ့သည့်အမှုဖြစ်ပွားခဲ့ရာ ထိတ် လန့်ဖွယ်ဖြစ်ရပေသည်။

သို့ဖြစ်၍ ဆယ်နှစ်ဝန်းကျင်ကလေးများ မှုခင်း အတွက် အရေးယူဖို့ အာဏာပိုင်များက ဆွေးနွေးကြရ သည်။ လူမှုဝန်ထမ်းလုပ်ငန်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ မြှင့်တင်ရန်ဖြစ်ပြီး ဖြစ်ပွားခဲ့သည့် အတိတ် ဖြစ်ရပ်များကို ပြန်လည်သုံးသပ်နေရပေသည်။

တရုတ်နိုင်ငံ ကလေးသူငယ်မှုခင်းဖြစ်ပွားမှု အများ ဆုံးသည် အသက် ၁၂ နှစ် ၂ လ ဝန်းကျင်ဖြစ်နေကြောင်း သုတေသနပညာရှင်များက ညွှန်ပြပေသည်။ လေ့လာမှုအရ ကလေးဆေးရုံများရှိ အသက် နှစ်နှစ်မှ ငါးနှစ်အရွယ် ကလေး ၉၀၀ ကို ကွင်းဆင်းသုတေသနပြုရာတွင် ၂၀ ရာခိုင်နှုန်းမှာ ကြမ်းတမ်းသည့်စိတ်ဓာတ်နှင့် အပြုအမူများရှိကြောင်း တွေ့ရသည်။

ပြဿနာဖြစ်ပွားမှုနောက်ကွယ်က အခြေအနေများ တွင် ဆင်းရဲမွဲတေမှု၊ ပညာရည်ချို့တဲ့သည့် မိသားစုများ ပေါက်ပွားကြပြီး သွန်သင်ခြင်းခံရမှုအားနည်းကာ လူမှုဝန်းကျင်အခြေအနေအရ သနားစဖွယ်အဖြစ်မျိုးကို တွေ့ရသည်ဟု ဆိုပါသည်။

တရုတ်နိုင်ငံ၏ ရာဇဝတ်မှုဥပဒေအရ အသက် ၁၆ နှစ်အောက် ကလေးများအမှုအတွက် ကာယကံရှင် ထောက်ခံနိုင်သေး။ မိန်းကလေးများကို အပြစ်မပေးဘဲ နောက်ကွယ်တွင်ရှိနေသော မိဘအုပ်ထိန်းသူများ၏ လို အပ်ချက်ကို ဖြည့်ဆည်းခြင်း၊ ပညာပေးခြင်းများ ပြုရန် သာရှိပေသည်။

တက္ကသိုလ်တစ်ခု၏ နိုင်ငံရေးသိပ္ပံနှင့်ဥပဒေ ပါမောက္ခတစ်ဦးက ပြဿနာဖြစ်သော ကလေးသူငယ်

**အမေရိကန်ပြည်ထောင်စု၊ အီလီနွိုက်ပြည်နယ်တွင် ခရစ်နှစ် ၁၈၉၀ ပြည့်နှစ်ကပင် စတင်ထူထောင်ခဲ့ရာ တရုတ်နိုင်ငံသည် နှစ် ၁၀၀ ခန့် နောက်ကျပေသည်။ သို့ဖြင့် ကလေးသူငယ်တရားစီရင်ရေးစနစ် မရင့်ကျက်သေးဟု ကောက်ချက်ချရပေသည် ...**


www.burmeseclassic.com

www.burmeseclassic.com

များကို ချက်ချင်းပြန်မပို့ဘဲ သူတို့အတွက် စိတ်ဓာတ်နှင့် အမူအကျင့်ကောင်းမွန်စေရန် ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်သည်။ ပြီးမှ မိဘအုပ်ထိန်းသူများထံ အပ်နှံရန်ဖြစ်ပေသည်။ အစိုးရဌာနများ၊ မိဘအုပ်ထိန်းသူများ၏ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ကြောင်း၊ အလေးထားရမည့် ကိစ္စဖြစ်ကြောင်း ပေကျင်းရှိ တရုတ်တက္ကသိုလ်ပါမောက္ခက ယူဆပေသည်။ လိုအပ်သော အစီအမံများကို အစိုးရက ပြုပြင်သင့်ကြောင်း ပါမောက္ခက အကြံပြုထားပေသည်။

ထို့ပြင် မိဘအုပ်ထိန်းသူများကို ကလေးသူငယ်များအား နည်းလမ်းမှန်သော စောင့်ရှောက်မှုပေးတတ်ရန် ပညာပေးဖို့ လိုအပ်နေသေးသည်ဟုဆို၏။ နိုင်ငံအတွင်း ပြုပြင်စရာလုပ်ဆောင်ချက်များ၊ လိုအပ်ချက်များ ရှိနေသေးသည်။ မေးခွန်းထုတ်စရာများပြားကြောင်း တွေ့ရပြန်သည်။

ဂွာင်းပြည်နယ်ရှိ လူအမှုအဖွဲ့အစည်းနှင့် ဥပဒေပညာရှင်များ၏ လေ့လာမှုက တစ်ဘာသာဖြစ်ပေသည်။ ၂၀၀၃–၂၀၀၄ ကာလများတွင် ဒေသတွင်း ကလေးသူငယ်အမှုအခင်းများ၌ ၄၇ ဒသမ ၅ ရာခိုင်နှုန်းသည် ဒုတိယအကြိမ် ကျူးလွန်မှုများဖြစ်ကြောင်း တွေ့ရှိရပေသည်။



တရုတ်နိုင်ငံ၏ တရားစီရင်ရေးစနစ်ကလည်း လူငယ်တရားရုံးများသည် ပြဿနာရှိနေသည်။ ဥပမာအားဖြင့် ရှန်ဇီပြည်နယ်တွင် ကလေးသူငယ်တရားရုံးကို ၁၉၈၄ ခုနှစ်ကျမှ ဖွင့်လှစ်ခဲ့သည်။ အမေရိကန်ပြည်ထောင်စု၊ အီလီနွိုက်ပြည်နယ်တွင် ခရစ်နှစ် ၁၈၉၀ ပြည့် နှစ်ကပင် စတင်ထူထောင်ခဲ့ရာ တရုတ်နိုင်ငံသည် နှစ် ၁၀၀ ခန့် နောက်ကျပေသည်။ သို့ဖြင့် ကလေးသူငယ်တရားစီရင်ရေးစနစ် မရင့်ကျက်သေးဟု ကောက်ချက်ချရပေသည်။

နိုင်ငံတစ်ခုလုံးတွင် ယခုအခါ ကလေးသူငယ်တရားရုံး ၂၃၀၀၀ ကျော်ရှိပြီး တရားသူကြီး ၇၄၀၀ မျှသာရှိသည်ဆို၏။ အင်အားမမျှတနိုင်အောင် ရှိနေပေသည်။ အာရုံစိုက်ရန် လိုအပ်ကြောင်း တွေ့ရပြီး အတွေ့အကြုံများနှင့်အတူ လေ့ကျင့်မှုပေးပြီး မျှတမှုရှိရန်လိုအပ်သည်ဟုဆို၏။

တကယ်တော့ ကလေးသူငယ်ဖြစ်ပွားသည့်မှုခင်းက ရှုပ်ထွေးပေရာ သိမ်မွေ့စွာကိုင်တွယ်ဖို့ ခက်ခဲပေသည်။ မလိုလားအပ်စရာလည်းဖြစ်ရသည်။ လူဦးရေနှင့်အတူ စီးပွားရေး လူမှုရေး၊ ပညာရေး ဘက်စုံအကျုံးဝင်လာသဖြင့် ပညာရှင်များ၏ အယူအဆအမျိုးမျိုးလည်း ရှိပေသည်။ ကလေးသူငယ်များ၏ စိတ်ဓာတ်နှင့် စာရိတ္တကောင်းမွန်ရေးအတွက် အနာဂတ်မျှော်မှန်းချက်ဖြင့် ပြုပြင်စောင့်ရှောက်ရန်သာရှိပေသည်။

ညွန့်ဟံ (ကြူတော)

Ref:

Beijing Review

/2014


www.burmeseclassic.com

www.burmeseclassic.com


# မောင်မြင့်မား

(ဗိုလ်ကလေး)

## လူအမျိုးမျိုး စိတ်အထွေထွေ



ပန်းချီ မင်းထက်နိုင်

www.burmeseclassic.com

www.burmeseclassic.com

လောကကြီးမှာ လူအမျိုးမျိုး၊ စိတ်အထွေထွေဆိုတာ ရှိပါတယ်။ လူအမျိုးမျိုးဆိုတဲ့အတိုင်း စိတ်တွေလည်း အမျိုးမျိုးရှိကြပါတယ်။ ရိုးသားတဲ့လူတွေရှိသလို မရိုးသားတဲ့လူတွေလည်း ရှိကြပါတယ်။ လူသားအားလုံး ရိုးသားကြမယ်ဆိုရင်လည်း တရားရုံးတို့၊ ရဲစခန်းတို့ဆိုတာ ရှိနိုင်ကြမည်မထင်ပါ။ ဒါကြောင့်မို့ လူ့လောကကြီးဟာ ဝိရောဓိတွေနဲ့ ရောပြွမ်းနေကြတာပဲလို့ စာရေးသူ မှတ်ယူမိပါတယ်။

စာရေးသူရဲ့ မိတ်ဆွေတစ်ယောက်က သူ့ရဲ့နိုင်ငံခြားရောက် အတွေ့အကြုံတစ်ခုကို ပြောပြပါတယ်။ အားလပ်ရက်တစ်ရက်မှာ သူတည်းခိုတဲ့ ဟိုတယ်ကနေပြီး မြို့ထဲကို အလည်အပတ်ထွက်ပါတယ်။ ညနေစောင်းလာတော့ မြန်မာပြည်က မိတ်ဆွေတစ်စုနဲ့ဆုံမိပြီး ဘီယာဆိုင်တစ်ဆိုင်မှာ ဘီယာဝင်သောက်ကြပါတယ်။ ပျော်ပျော်ပါးပါးနဲ့ သောက်ကြစားကြရင်း သူ ရေချိန်တော်တော်များသွားပါတယ်။

သူတို့ ဘီယာဆိုင်က လမ်းခွဲတော့ ည ၁၂ နာရီ ကျော်ပြီ။ တော်တော်လည်းထွေနေပြီ။ ဆိုင်ရှေ့ကနေ တက္ကစီကားတစ်စီးကိုတားပြီး တည်းခိုရာဟိုတယ်နာမည်ကိုပြောကာ မောင်းခိုင်းလိုက်ပါတယ်။

ဒါပေမဲ့ တက္ကစီပေါ်ရောက်ကတည်းက သူဟာ ကားပေါ်မှာ အိပ်ပျော်သွားလိုက်တာ အိပ်ရာကနိုးတော့ သူ့အခန်းထဲကို သူပြန်ရောက်နေတာ သတိပြုမိတယ်။ ကျန်တာတွေအားလုံး သူဘာမှ သတိမရတော့။ သူ သတိရတာက သူ့ပိုက်ဆံအိတ်နဲ့ ပတ်စ်ပို့စာအုပ် ဘယ်မှာကျန်နေခဲ့မှန်း သူမမှတ်မိ။

သူ ခေါင်းတွေပူပြီး ထိုင်စဉ်းစားနေတဲ့အချိန်မှာ ဟိုတယ်အောက်ထပ် ကောင်တာမှ ဝန်ထမ်းတစ်ယောက်က ဖုန်းလှမ်းဆက်သည်။ "လူကြီးမင်းရဲ့ ပိုက်ဆံအိတ်နဲ့ ပတ်စ်ပို့စာအုပ်ကို တက္ကစီကားသမားတစ်ယောက်က လာပေးသွားလို့ ကောင်တာမှာလာယူပါ"တဲ့။

စာရေးသူရဲ့မိတ်ဆွေဟာ အင်မတန် ဝမ်းသာသွားသည်။ ပိုက်ဆံအိတ်ကို စစ်ကြည့်တော့ ပိုက်ဆံ တစ်ပြားမှမပျောက်။ အရေးကြီးတာက ပတ်စ်ပို့စာအုပ်ပါ။ ပတ်စ်ပို့စာအုပ်ပျောက်ပါက သူဘယ်လိုဖြေရှင်းရမယ်ဆိုတာကို စဉ်းစားမရ။ တက္ကစီသမားကို ကျေးဇူးဆပ်ချင်သော်လည်း ရှာမတွေ့တော့ပါတဲ့။

**လူအမျိုးမျိုး၊**
**စိတ်အထွေထွေဆိုတာ**
**အဲဒါပါပဲ။**
**ရိုးသားတဲ့ လူတွေရှိသလို**
**မရိုးသားသူတွေလည်း**
**ဒုနဲ့ဒေး . . .**

www.burmeseclassic.com

www.burmeseclassic.com


ဒီအကြောင်းလေးကို စာရေးသူရဲ့မိတ်ဆွေက သတိရနဲ့ စာရေးသူကို ပြောပြပါတယ်။ ဒီလိုရိုးသားတဲ့လူမျိုးကိုလည်း တွေ့ပါတယ်ဆိုတဲ့အကြောင်းပါ။ နောက်တစ်ခါ သူ နိုင်ငံခြားကိုရောက်စက ဘယ်မှမသွားတတ်၊ လာတတ်တော့ ဈေးဝယ်သွားချင်လို့ တက္ကစီတစ်စီးငှားလိုက်ပါတယ်။ သူသွားချင်တာက စူပါမားကက်ကြီးတစ်ခုပါ။ တော်တော်ကြာအောင်မောင်းပြီးမှ ရောက်သွားပါတယ်။ တက္ကစီခ ဒေါ်လာ (၁၄၀) ပေးလိုက်ရပါတယ်။

နောက် စာရေးသူရဲ့မိတ်ဆွေဟာ အနေကြာလာတော့ လူရှည်လည်လာလို့ သူရောက်ဖူးတဲ့ စူပါမားကက်ကြီးကို သူတည်းတဲ့ဟိုတယ်ကနေ လမ်းလျှောက်သွားတော့မှ ဆယ့်ငါးမိနစ်လောက်ပဲကြာမှန်း သိပါတော့တယ်။ သူရောက်စက သူ့ကို နိုင်ငံခြားသားမှန်းသိလို့ တက္ကစီသမားက ကားကိုလှည့်ပတ်မောင်းပြီး ဒေါ်လာ (၁၄၀)ယူလိုက်မှန်း သိလိုက်ရပါတယ်။ အမှန်တကယ်က အဲဒီခရီးကို တက္ကစီနဲ့သွားရင် ၁၀ ဒေါ်လာပဲကျပါတယ်။

အဲဒီလိုလူမျိုးတွေလည်းရှိတယ်လို့ စာရေးသူကို ပြောပြပါတယ်။

+++

စာရေးသူလည်း ကြုံဖူးပါတယ်။ သောကြာတစ်ရက် ရန်ကုန်လာရင်း ထုတ်ဝေသူ မိတ်ဆွေတစ်ယောက်နဲ့ ဆုံပါတယ်။ မတွေ့တာလည်းကြာ၊ မဆုံတာလည်းကြာဆိုတော့ ထုတ်ဝေသူရယ်၊ သူ့မိတ်ဆွေရယ်၊ စာရေးသူရယ် သုံးယောက်သား ရန်ကုန်ရဲ့ညချမ်းမှာ ယမကာဝိုင်းလေးဖွဲ့ကြပါတယ်။

ပထမဆုံး စထိုင်တာက ပန်းဆိုးတန်းက စည်ဘီယာဆိုင်တစ်ဆိုင်မှာပါ။ ထိုင်တာကြာလို့ နည်းနည်းကလေး ထွေလာတော့ (၃၅)လမ်းက ကာရာအိုကေဆိုင်မှာ ချစ်မိုးကြီးသီချင်းကို သုံးယောက်ပြိုင်တူဆိုပြီး ဖွင့်လိုက်ပြီးတဲ့နောက် ရာဇာဝင်းတင့်တို့၊ သုမောင်တို့၊ ချစ်ကောင်းတို့၊ ရင်ဂိုတို့၊ မင်းအောင်တို့၊ တွံတေးသိန်းတန်တို့ရဲ့သီချင်းတွေဆိုပြီးတဲ့နောက် မကျေနပ်သေး။ နောက်တစ်ဆိုင် ပြောင်းကြပြန်တယ်။ ဒီတစ်ဆိုင်ကတော့ နောက်ဆုံးပိတ် ယမကာအပြင်းနဲ့ နိဂုံးချုပ်ကြပါတယ်။

ဆိုတော့ ကျွန်တော်လည်း တော်တော်ထွေနေပြီ။ ထုတ်ဝေသူနဲ့ သူ့မိတ်ဆွေက ကျွန်တော့်ကို တက္ကစီတစ်စီးငှားပြီး တင်ပေးလိုက်တယ်။ ကျွန်တော်ပြန်မယ့်နေရာက မြစ်ကူးချောင်းဖျားဆိုတော့ စိတ်ချရအောင် ကားခသေသေချာချာမေး၊ ကားခတစ်ခါတည်း ရှင်းပေးပြီး ကျွန်တော့်ကို စာရေးဆရာ မည်သူမည်ဝါဖြစ်တဲ့အကြောင်း မိတ်ဆက်ပေးပြီး ကားပေါ်တင်ပေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အိမ်ကိုရောက်တော့ ည (၂)နာရီကျော်ပြီ။ ကားဆရာကလည်း သဘောကောင်းတယ်။ ကျွန်တော့်ကို အိမ်ပေါ်အထိ လိုက်ပို့တယ်။ နောက်ကိုလည်း သူ့ကားကိုတွေ့ရင်ခေါ်ဖို့အကြောင်းနဲ့ ကျွန်တော်ရေးတဲ့ စာများလည်းဖတ်ဖူးကြောင်း ပြောပါတယ်။

နောက်တစ်နေ့ အိပ်ရာကနိုးတော့ ကျွန်တော် မနေ့ကအကြောင်းကို ပြန်စဉ်းစားပါတယ်။ ကျွန်တော့်လွယ်အိတ် မဂ္ဂဇင်းစာအုပ်များ စာမူများ အကုန်ရှိတယ်။ မရှိတာက ကျွန်တော့်အလုပ်ထဲက စာပေနှင့်ယဉ်ကျေးမှုဆပ်ကော်မတီအတွက် သုံးဖို့ထုတ်ထားတဲ့ ငွေ ၁၀၀၀၀ ထည့်ထားတဲ့ စာအိတ်ကိုမတွေ့။ ရုံးသုံးစာအိတ် အညိုလေးနဲ့ထည့်ပြီး စာမူတွေကြားမှာ ညှပ်ထားခြင်းဖြစ်ပါတယ်။

ကျွန်တော် ခေါင်းပူသွားတယ်။ ကိုယ့်အပြစ်နဲ့ကိုယ်မို့ ဇနီးသည်ကိုလည်း မမေးရဲ။ တစ်နေ့လုံး စိတ်မကောင်း။ ညကထွေလာတာကြောင့် ကားနံပါတ်လည်း မမှတ်မိ။ ကားပေါ်မှာပဲ ကျခဲ့သလား၊ မနေ့က သွားခဲ့လာခဲ့တဲ့ နေရာတွေမှာပဲ ကျခဲ့သလားဆိုတာ စဉ်းစားမရပါဘူး။

ညနေလောက်ကျတော့ တက္ကစီတစ်စီး အိမ်ရှေ့ကို ရောက်လာပါတယ်။ ညကလိုက်ပို့တဲ့ကားဆရာ ကားထဲက ထွက်လာတယ်။ သူက.....

"ညက ကျွန်တော်လိုက်ပို့တာ မှတ်မိလား ဆရာ"

"မှတ်မိတယ်"

"ဆရာ ကားပေါ်မှာ ဘာတွေများကျန်နေခဲ့သလဲ မှတ်မိလား"

"စာအိတ်အညိုကလေးတစ်အိတ်ထင်တယ်"

"ဟုတ်တယ် ဆရာ၊ ဘောလ်ပင်ရော ကျန်နေခဲ့တယ်၊ ညကဆရာ့ကိုလိုက်ပို့ပြီး အိမ်ပြန်ရောက်ကတည်းက ကားပေါ်မှာ တွေ့တယ်၊ စာအိတ်အညိုထဲက ငွေတစ်သောင်းပါလာတော့ မနက် အိပ်ရာကထကတည်းက ပေးချင်နေတာ၊ ဆရာတော့ စိတ်ပူနေမှာပဲလို့ တွေးမိနေတာ၊ ကားထွက်လာတော့လည်း ငှားတဲ့လူတိုင်းက ဆရာနေတဲ့ဘက်ကို မရောက်ဘူး၊ လမ်းမကြုံဘူးဖြစ်နေတယ်၊ အခုညနေမှပဲ ဒီဘက်ကိုငှားတဲ့လူပေါ်လာလို့



ကျွန်တော့်အတွက်
တန်ဖိုးမဖြတ်နိုင်တဲ့ မှတ်စုများ
အဲဒီအထဲမှာ ပါပါတယ်။
တခြားလူများအတွက်
ထိုစာအုပ်လေးဟာ
ဘာမှအဖိုးမတန်ပေမယ့်
ကျွန်တော့်အတွက်ကတော့
တန်ဖိုးမဖြတ်နိုင်ပါဘူး ...

www.burmeseclassic.com

www.burmeseclassic.com


ောက်လာတာ၊ ရော့.....ဆရာ့စာအိတ်နဲ့ ဘောလ်ပင်၊ ကိုလည်း စစ်ကြည့်ပါဦး''

ကားဆရာကို လက်ဖက်ရည်ဖိုးပေးလည်းမယူ၊ မင်းကျွေးလည်းမစား။ နောက်လည်း အကူအညီလို ်ပြောပါ၊ ရန်ကုန်မြို့ထဲက ရွှေဘုံသာလမ်းမှာ အမြဲ ်ထိုးပါတယ်၊ သူ့နာမည်မေးရင် အားလုံးသိပါတယ် ပြောပြီး ပြန်သွားတယ်။ ဩော်....လောကကြီးမှာ အမျိုးမျိုး၊ စိတ်အထွေထွေဆိုတာ အမှန်ပဲလေ။

+++

၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် (Happy ew Year) ညမှာ ကျွန်တော် ကြုံခဲ့ရသေးသည်။ ထုံးစံ တိုင်း New Year ဆိုတော့ စာပေအပေါင်းအသင်း ်ဆွေတွေနဲ့ ပျော်ကြသည်။ ဆိုကြသည်။ ညဥ့်နက် ို့ လမ်းခွဲကြတော့ ၁၂ နာရီကျော်ပြီ။ ကျွန်တော်ပြန် ယ့်နေရာက ဒီအချိန်ဆို လိုင်းကားမရှိတော့။ ဒါမျိုး ျွန်တော်က ကြုံတာတွေများတော့ အိတ်ထဲမှာ ကားခ ပိုဆောင်ထားတတ်တယ်။

ထုံးစံအတိုင်း တက္ကစီတစ်စီးခေါ်ကာ နေတဲ့နေရာ ်ပြောပြီး ငှားလိုက်သည်။ ကားဆရာကလည်း ထို ေရာကို သိသည်၊ အရင်ကလည်းရောက်ဖူးသည်ဟု ပြာသည်။ ဒါကြောင့်မို့ ကျွန်တော်တစ်ယောက်တည်း အေးအေးဆေးဆေး ဆက်ရက်မင်းစည်းစိမ်နဲ့ လိုက်လာ ခဲ့။ ခေါ်လာတုန်းက ကားခ ၂၅၀၀ နှင့်ဖြစ်သည်။ ိမ်ရောက်တော့ ကျွန်တော်မသိအောင် ကျွန်တော့်ဇနီး ်မှ ကားခလိုသေးသည်ဆိုကာ ငွေကျပ် ၁၀၀၀ ထပ် ောင်းသွားသေးတယ်ဆိုပဲ။

မနက် အိပ်ရာထတော့ မနေ့ကအကြောင်းတွေ ျွန်တော် တစ်ခုချင်းစဉ်းစားပါတယ်။ ကျွန်တော် ရန် ်သွားရင် ယူသွားနေကျ၊ ကိုင်နေကျ ၁၉၈၉ ခုနှစ်၊ ထမအကြိမ် စာပေညီလာခံအိတ် ရှာမတွေ့။ ဇနီးဖြစ် ူကိုမေးတော့ ညကပြန်လာကတည်းက အိတ်ပါမလာ ကြောင်းပြောပါတယ်။

သေချာပါတယ်။ ညကစီးလာတဲ့ တက္ကစီပေါ်မှာ ကျန်နေခဲ့ပြီ။ အိတ်ထဲမှာ ငွေတော့ တစ်ပြားမှမပါပါ။ ဒါပေမဲ့ စာမူရေးပြီးသား (၃)ပုဒ်၊ ဆရာအံ့ပွား(စလေ)က မဂ္ဂဇင်းတိုက်တွေပေးဖို့ လူကြုံပါးလိုက်တဲ့ကဗျာက (၃) ပုဒ်။ နောက် ကျွန်တော့်အတွက် ဘာနဲ့မှမလဲနိုင်တဲ့ မှတ်စုစာအုပ် လက်တစ်ဝါးအရွယ် တစ်အုပ်။ အဲဒီထဲ မှာ မဂ္ဂဇင်းတိုက်၊ ဂျာနယ်တိုက်၊ စာပေတိုက်ပေါင်းစုံ ကို နေ့စွဲအတိအကျနဲ့ စာမူပို့ထားတဲ့ စာရင်းများ၊ မိတ် ဆွေများ၊ မဂ္ဂဇင်းတိုက်များရဲ့ လိပ်စာများ၊ ဖုန်းနံပါတ် များ၊ အခြားအတိုအထွာ မှတ်ထားတဲ့စာရင်းများ။ ကျွန် တော့်အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ မှတ်စုများ အဲဒီအထဲ မှာ ပါပါတယ်။ တခြားလူများအတွက် ထိုစာအုပ်လေး ဟာ ဘာမှအဖိုးမတန်ပေမယ့် ကျွန်တော့်အတွက်က တော့ တန်ဖိုးမဖြတ်နိုင်ပါဘူး။

တစ်စုံတစ်ယောက်က ထိုစာအုပ်လေးကို ကောက် ရခဲ့သည်ရှိသော် ပြန်ပို့ပေးနိုင်ရန် ကျွန်တော်၏အမည် ရင်း၊ ကလောင်အမည်၊ နေရပ်လိပ်စာ၊ ဝန်ထမ်းလုပ် နေတဲ့ ဌာနလိပ်စာ၊ ရာထူး၊ ဖုန်းနံပါတ်ပါမကျန် ရေး ထားပါတယ်။ ကျွန်တော့်ရဲ့ လိုင်စင်ဓာတ်ပုံပါ ကပ်ထား ပါသေးတယ်။


အဲဒီညက ကျွန်တော်စီးလာတဲ့ တက္ကစီနံပါတ်ကို မမှတ်မိလိုက်။ အဲဒီစာအုပ်ကလေး မရှိတဲ့အတွက် မဂ္ဂဇင်း၊ ဂျာနယ်တိုက်တွေမှာ ကျွန်တော် ဘာတွေပေး ထားတယ်ဆိုတာကို မမှတ်မိတော့လို့ ဒုက္ခတွေ့နေရပါ တယ်။

လူအမျိုးမျိုး၊ စိတ်အထွေထွေဆိုတာ အဲဒါပါပဲ။ ရိုး သားတဲ့လူတွေရှိသလို မရိုးသားသူတွေလည်း ဒုနဲ့ဒေး။ အငှားကားမောင်းတဲ့လူတော်တော်များများ ရိုးသားကြ ပါစေလို့သာ ကျွန်တော် ဆုတောင်းရုံကလွဲလို့.....။ ။

မောင်မြင့်မား (ဗိုလ်ကလေး)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီး ဒေါ်မြတ်သစ္စာ သည် ကျောင်းရုံးခန်းရှိ ပြတင်းပေါက်မှ ဆော့ကစားနေသည့် ကလေးငယ်များကိုကြည့်၍ စိတ်ချမ်းမြေ့နေမိ၏။

''ဩော်.....အပြစ်ကင်းတဲ့ ကလေးငယ်တွေရဲ့ဘဝက ပျော်စရာကောင်းပါလား၊ အပူအပင်မရှိ၊ သဘာဝ ရိုးသားဖြူစင်လွန်းကြတယ်၊ သဘာဝအတိုင်း ပြေးလွှားကစားနေကြတာ အားကျလိုက်တာနော်''

မုန့်စားဆင်းချိန်လေးသည် ကလေးများအတွက် အားလပ်ချိန်ဖြစ်၏။ တချို့က စားသောက်ပြီး ကစားယူကြ၏။ တချို့က မစားသောက်ဘဲ ကစားမက်ကြ၏။

တချို့က ဝါသနာပါရာ စာကြည့်တိုက်ထဲသို့ စာဖတ်သွားကြ၏။ မည်သို့ပင် ပြုမူကြပါစေ အနာဂတ်လူငယ်လေးများအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်လာလျှင် ဒေါ်မြတ်သစ္စာက ကျေနပ်၏။

ထို့ကြောင့်လည်း သူမဝါသနာပါရာအလုပ်နှင့် အသက်မွေးဝမ်းကျောင်းပြုလာသည်မှာ နှစ်ပေါင်း ၃၀ ကျော်လာချေပြီ။ သည်အတွက် ပေးဆပ်ခဲ့ရသည့် အရင်းအနှီးက များနေ၏။ သူမ၏ ဆရာမသက်တမ်းတစ်လျှောက်လုံးတွင် ဝမ်းနည်းခဲ့ရ၊ ဝမ်းသာခဲ့ရ၊ ကြည်နူးခဲ့ရ၊ စိတ်မချမ်းမြေ့ဖြစ်ခဲ့ရ၊ ပူဆွေးခဲ့ရ၊ ပေါက်ကွဲဒေါသဖြစ်ခဲ့ရ၊ သောကဖြစ်ခဲ့ရသည့် ဖြစ်ရပ်အမျိုးမျိုးအား တွေ့ကြုံခံစားခဲ့ရပြီးပြီဖြစ်၏။

''ဩော်...ငါ့ဘဝတစ်လျှောက်လုံးမှာ ကလေးတွေရဲ့ပညာရေးအတွက် ပေးဆပ်ခဲ့ရတဲ့ အရင်းအနှီးတွေ၊ ဒဏ်ရာဒဏ်ချက်တွေက များလှပါလားကွယ်၊ နှလုံးသားမှာ ဒဏ်ရာဗရပွနဲ့ ရင်နာခဲ့ရတယ်၊ ဒါတွေဟာ အတိတ်မှာပဲ ကျန်ရစ်ခဲ့ကြပါပြီလေ၊ အတိတ်ကို ပစ္စုပ္ပန်နဲ့ အနာဂတ်အထိ သယ်ယူမသွားချင်ပါဘူး''

ကျောင်းအဝင်ဝတွင် သူမ စိုက်ပျိုးထားသည့် အလှပန်းပင်များ၏ အပွင့်စုံ၊ အရွက်စုံ၊ ရောင်စုံပန်းခင်းလေးများက အစီအရီ ဖူးပွင့်နေကြ၏။ ကျောင်းဖွင့်လတွင် ကျောင်းစဖွင့်ချိန်နှင့် အချိန်ကိုက် စိုက်ပျိုးထားသည်က သူမ၏လက်ရာများပင်။ ဒေါ်မြတ်သစ္စာက စိုက်ပျိုးရေးတွင် ဝါသနာပါ၏။ အလယ်တန်းကျောင်းအုပ်စဖြစ်သည့်အချိန်က သည်ကျောင်းလေးမှ စတင်ခဲ့ခြင်းဖြစ်သည်။

''ဖေဖေ့ကျေးဖူးကြောင့် စိုက်ပျိုးရေးကို ကိုယ်တိုင်စိုက်နိုင်ခဲ့ရတယ်၊ ဒါဟာ ဖေဖေ့အမွေပဲပေါ့၊ မေမေ့အမွေက ပညာသင်ကြားရေးနဲ့ ဟင်းကောင်းကောင်းချက်နိုင်ခဲ့တယ်၊ မိဘကျေးဇူးက ပေးဆပ်လို့ မကုန်ပါလားနော်''

ဖူးပွင့်နေသည့် ရောင်စုံပန်းခင်းလေးကိုကြည့်ပြီး စိတ်ချမ်းသာမိသည်က အမှန်ပါ။ ထိုပန်းလေးများသာ ကျောင်းသူကျောင်းသားလေးများဖြစ်ပါက ကမ္ဘာပေါ်တွင် သူမလောက် စိတ်ချမ်းသာမည့်သူ မရှိပေ။

''ဆရာမကြီးရှင့်ကျောင်းသားသစ်အပ်ချင်တဲ့မိဘ ရောက်နေပါပြီရှင့်''

တာဝန်ကျဆရာမလေး၏အသံပေးစကားသံကြောင့် အတွေးများကို ချက်ချင်းရပ်လိုက်ရသည်။

''လွှတ်လိုက်ပါကွယ်''

ဒေါ်မြတ်သစ္စာက သူမ၏စားပွဲတွင် ဝင်ထိုင်လိုက်ပြီး မျက်မှန်ကို

www.burmeseclassic.com

www.burmeseclassic.com

ဆရာဆိုတာ
ဘယ်လောက်ပဲ
အိုမင်းမစွမ်းဖြစ်နေပါစေ
တပည့်တွေကို
ဘယ်နေရာမှာမြင်မြင်
မှတ်မိနေကြတာပါ၊
အကြောင်းအမျိုးမျိုးကြောင့်
တပည့်တွေက
မခေါ်ကြရင်လည်း
နှလုံးသားထဲက တိုးတိတ်စွာ
စိတ်မကောင်းဖြစ်နေရုံကလွဲပြီး
တပည့်တွေအပေါ်
အပြစ်မယူရက်တဲ့
ဒုတိယမိခင်တွေပါကွယ်
. . .

တပ်၍ ဝင်ရောက်လာသူများအား ကြည့်နေမိ၏။ ဇနီးမောင်နှံ နှစ်ယောက်နှင့်အတူ ကျောင်းသားလေး တစ်ယောက် ဝင်လာကြသည်။

ဝင်လာသူများကို ဆရာမကြီး က မှတ်မိသွားခဲ့၏။

"ဆရာမကြီး ကျောင်းသား အသစ် အပ်ချင်လို့ပါခင်ဗျာ"

"မင်း.....မင်းက သိန်းထိုက် ကျော်မဟုတ်လား၊ သူက ယမင်း ပေါ့"

ဝင်လာသူများက အနားသို့ ရောက်မှ တအံ့တဩဖြစ်ကုန်ကြ၏။ သူတို့၏မျက်နှာများသည်လည်း ဝင်း လက်သွားကြတော့သည်။

"ဟယ်...ကျော်ရေ ယမင်းတို့ ရဲ့ ဆရာမတော့၊ ဝမ်းသာလိုက်တာ ဆရာမရယ်"

"ကျောင်းအုပ်ဖြစ်နေပြီနော်၊ ဆရာမကြီးလို့ ခေါ်ရတယ် ယမင်း"

"ဘယ်လိုပဲခေါ်ခေါ်ပါ၊ ဆရာမ က မင်းတို့နှစ်ယောက်ကို စတွေ့ ကတည်းက မှတ်မိတယ်"

"သမီးတို့ကကြောက်ကြောက် လန့်လန့်နဲ့ ဝင်လာသူတွေဆိုတော့ ဆရာမကို ဦးဆုံးနှုတ်မဆက်လိုက်ရ ဘူး၊ ဆရာမက တပည့်ကိုပြန်ခေါ် ရတာ ဘဝင်မကျဘူး ဆရာမရယ်"

သိန်းထိုက်ကျော်နှင့် ယမင်းတို့ က တစ်တန်းတည်းသား သူငယ် ချင်းများ ဖြစ်ခဲ့ကြ၏။ ယခုတော့ ငယ်ကျွမ်းဆွေချစ်သူမှ ဇနီးမောင်နှံ ဘဝသို့ ရောက်ကုန်၏။

"ဆရာမက နာမည်တောင် မမေ့သေးဘူးနော်"



www.burmeseclassic.com

“ဪကွယ်.....ဆရာဆိုတာ ဘယ်လောက်ပဲ အိုမင်းမစွမ်းဖြစ်နေပါစေ တပည့်တွေကို ဘယ်နေရာမှာမြင်မြင် မှတ်မိနေကြတာပါ၊ အကြောင်းအမျိုးမျိုးကြောင့် တပည့်တွေက မခေါ်ကြရင်လည်း နှလုံးသားထဲက တိုးတိတ်စွာ စိတ်မကောင်းဖြစ်နေရုံကလွဲပြီး တပည့်တွေအပေါ် အပြစ်မယူရက်တဲ့ ဒုတိယမိခင်တွေပါကွယ်”

လာရင်းအကြောင်းကိုမေ့သွားကြပြီး ရှေးဟောင်းနှောင်းဖြစ်များကိုသာ ပြောဆိုနေကြတော့သည်။ နှစ်ပေါင်း ၂၀ ဝန်းကျင်အတွင်း အရာရာသည် ပြောင်းလဲသွားကြ၏။ တပည့်များကလည်း လူကြီးအရွယ်အဖြစ်သို့ရောက်ကာ မိသားစုအားရှာဖွေကျွေးမွေးနေကြသူများ ဖြစ်ကုန်ကြသည်။

“မင်းတို့က ကြွေးဟောင်းကိုရော ဆပ်ပြီးကြပြီလား”

ဒေါ်မြတ်သစ္စာ အမြဲပြောတတ်သည့်စကားအား သူတို့က မမေ့ခဲ့ကြပေ။

“ကြွေးဟောင်းဆပ်ရင်း ကြွေးသစ်ပါ သွင်းနေရတာပေါ့ ဆရာမရယ်၊ ကျော့်ဖေဖေက ဆုံးသွားပြီလေ၊ ဆရာမ မှတ်မိတယ်မဟုတ်လား၊ ဝဏ္ဏသွေးတို့မိဘတွေနဲ့ ခင်တယ်လေ”

ဝဏ္ဏသွေးဆိုမှ ဒေါ်မြတ်သစ္စာက ဖျတ်ခနဲသတိရသွားတော့၏။

ဝဏ္ဏသွေးသည် သူမ၏ဘဝ၌ မည်သို့မျှ မေ့ပျောက်နိုင်စွမ်းမရှိသော တပည့်တစ်ဦးဖြစ်သည်။ ဝဏ္ဏသွေးတင်မဟုတ်ပါ။ ဝဏ္ဏသွေး၏ မိဘများကိုပါ ဒေါ်မြတ်သစ္စာ၏ နှလုံးသားထဲတွင် အမှတ်တရရှိနေခဲ့၏။

အတိတ်ကိုပြန်တွေးမိ၍ဆရာမကြီး ဒေါ်မြတ်သစ္စာ၏ တည်ငြိမ်သွားပုံကြောင့် သိန်းထိုက်ကျော်က အားနာစွာဖြင့် စကားကိုပြောင်းလိုက်၏။

“ပုလဲနဲ့ မျိုးမင်းကျော်တို့လည်း လက်ထပ်လိုက်ကြပြီ ဆရာမ၊ ပုလဲက ကျောင်းဆရာမလုပ်နေတယ်၊ မျိုးမင်းကျော်က စစ်ဗိုလ်ဖြစ်နေပြီ၊ ယမင်းကလည်း ကျောင်းဆရာမပဲ”

“ဝမ်းသာစရာပေါ့ကွယ်၊ ဒါနဲ့ ဝဏ္ဏသွေးတစ်ယောက် ဘာအလုပ်တွေများ လုပ်နေသလဲကွယ်”

လင်မယားနှစ်ယောက်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြောရမည့်စကားကို ဝန်လေးနေ၏။

“ဝဏ္ဏသွေးက အချုပ်ထဲရောက်နေတယ် ဆရာမ၊ တိုက်တိုက်ဆိုင်ဆိုင် သူ့ကို မနေ့ကမှ လာဖမ်းသွားတာပါ”

“ဘာအမှုလဲဟင်”

တပည့်တစ်ဦးအပေါ်ထားရှိသော ဆရာမတစ်ဦး၏သံယောဇဉ်ကြောင့် သိချင်ဇောဖြင့် ကမန်းကတန်း မေးလိုက်၏။

“မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းဝယ် သုံးစွဲလို့တဲ့၊ သူ့အမေ ဒေါ်ဥမ္မာတော့ မပဋ္ဌာမြေလူးဖြစ်နေပြီ ဆရာမ၊ ဝဏ္ဏသွေးကလည်း တစ်ယောက်တည်းသားဆိုပေမယ့် ဆိုးတယ်၊ ကျွန်တော်တို့ ကိုးတန်းနှစ်မှာ ဆရာမက အတန်းပိုင်ဖြစ်ခဲ့တုန်းကလည်း ပြဿနာရှာတယ်၊ ဆရာမ မရှိတော့လည်း ဆယ်တန်းနှစ်မှာ ရည်းစားထားလို့ဆိုပြီး သူ့အမေက ဘော်ဒါပို့လိုက်တယ်၊ ဆယ်တန်းအောင်ပြီး တက္ကသိုလ် ဒုတိယနှစ်မှာပဲ မြဝတီကိုရောက်သွားတယ် ဆရာမ၊ ငါးနှစ်လောက်ကြာပြီး ပြန်လာတော့ ပွဲစားယောင်ယောင်၊ ဘာယောင်ယောင်နဲ့ အခုလိုဘဝကိုရောက်ပြီး အဖမ်းခံခဲ့ရတာပါပဲ ဆရာမရာ”

ယမင်းက ကြားထဲမှ မခံချင်စိတ်ဖြင့် ဝင်ပြောခဲ့၏။

“အဲဒါ သိလား၊ ဆရာမကို စော်ကားတော့ ပညာကန်းပြီး ဘဝပျက်ရတာပဲပေါ့နော်”

ဆရာမကြီး ဒေါ်မြတ်သစ္စာက တည်ငြိမ်စွာဖြင့် ပြန်လည်ရှင်းပြလိုက်၏။

“ဆရာမက ဝဏ္ဏသွေးအပေါ်မှာ ဘယ်လိုအာဃာတမှ မရှိပါဘူးကွယ်၊ ဆရာမရဲ့ စေတနာ၊မေတ္တာကို ဘုရားသိရင် ပြီးပါပြီ၊ သူ့ကို ဆုံးမမိတာလည်း ကောင်းစေချင်လို့ပါပဲ၊ ကဲ.....ကဲ စကားတွေပြောနေတာနဲ့ မုန့်စားဆင်းချိန်တောင် ပြန်တက်သွားပြီ၊ မင်းတို့သားက ဘယ်ကျောင်းက ပြောင်းလာတာလဲကွဲ့”

“သားက ယမင်းရဲ့မိဘတွေဆီမှာ ခဏထားခဲ့တာပါ ဆရာမ၊ မေမေက သူ့မြေးရဲ့ပညာရေးကို တာဝန်ယူခဲ့တယ်၊ အခုတော့ ကျန်းမာရေးမကောင်းတော့လို့ သားကို ယမင်းတို့ကပြန်ခေါ်ထားရတာပါရှင်”

www.burmeseclassic.com

www.burmeseclassic.com

ယမင်းက ရှင်းပြပြီးချိန်တွင် သိန်းထိုက်ကျော်က ထပ်ရှင်းပြခဲ့၏။

"သားက ငါးတန်းတက်မှာပါ ဆရာမ၊ ဒီကျောင်းလေးက စည်းကမ်းကောင်းပြီး အောင်ချက်ကောင်းတယ်ဆိုလို့ပါ ဆရာမရယ်၊ အခုတော့ ဆရာမရှိတာပဲ၊ မပူတော့ပါဘူးဗျာ"

ဒေါ်မြတ်သစ္စာက သွားလေးများပေါ်အောင် ပြုံးလိုက်မိတော့သည်။

+++

ကြာတော့လည်း ကြာခဲ့ပါပြီ။ သို့ပေမယ့် ပြုသူအသစ် ဖြစ်သူအဟောင်းဆိုသလို ဒေါ်မြတ်သစ္စာ၏ နှလုံးသားတွင် ဒဏ်ရာများစွာ ဖြစ်တည်ခဲ့ရသည်။

ဒေါ်မြတ်သစ္စာသည် ရုပ်ရည်ချောမောလှပသော အထက်တန်းပြဆရာမတစ်ဦးဖြစ်ခဲ့သည်။

ဘွဲ့ရပြီးချိန်၌ ကျောင်းနေဖက်အချို့က နိုင်ငံ့ဝန်ထမ်းအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ကြသည်။

ဒေါ်မြတ်သစ္စာသည် မူလတန်း၊ အလယ်တန်းအဆင့်တို့ဖြင့် ကျောင်းဆရာမတစ်ဦး၏ ဘဝအတွေ့အကြုံကို များစွာရရှိခဲ့သည်။ ဆိုးသောတပည့်၊ လိမ္မာယဉ်ကျေးသောတပည့်ပေါင်းများစွာနှင့် ကြုံခဲ့ရဖူးပြီးဖြစ်သည်။

ဆရာမ ဒေါ်မြတ်သစ္စာက ကျောင်းဆရာအလုပ်ကိုသာဝါသနာပါသည်။ ပညာသင်ကြားပေးရင်း ပညာဒါနပြုရသည်ကို ကောင်းမှုကုသိုလ်ပြုခြင်းဟု စွဲမြဲစွာမှတ်ယူထားသည်။



ဆရာမဒေါ်မြတ်သစ္စာ၏ သူငယ်ချင်းများမှာ အစိုးရဝန်ထမ်းဘဝတွင် ပြန်တမ်းဝင်အရာရှိဖြစ်ကုန်ကြ ပြီဖြစ်သည်။ အချို့မှာ အဆင့်မြင့်ရာထူးတွင်တာဝန်ထမ်းဆောင်နေကြပြီဖြစ်သည်။

သို့သော် ကျောင်းဆရာမဘဝကို မက်မောသော ဆရာမဒေါ်မြတ်သစ္စာမှာ ရာထူးတက်သည်ဖြစ်စေ၊ မတက်သည်ဖြစ်စေ ကျောင်းဆရာမဘဝတွင် ပျော်ပိုက်နေခဲ့သည်။

ကျောင်းဆရာဘဝသည် အနာဂတ်အတွက် နိုင်ငံ့ခေါင်းဆောင်ဖြစ်လာမည့်သူများကို မွေးထုတ်ပျိုးထောင်ပေးနေရသော ကလေးငယ်များ၏ ဒုတိယမိခင်ဘဝဖြစ်၍ ဂုဏ်ယူမဆုံးရှိနေခဲ့သည်။

ဆရာမ ဒေါ်မြတ်သစ္စာသည် တပည့်အမျိုးမျိုးကို နည်းလမ်းအသွယ်သွယ် ဆုံးမပြုပြင်ပေးခဲ့သည့် အတွေ့အကြုံရှိသူဖြစ်သည်။

တပည့်များထဲတွင် ချော့မော့ ဖျောင်းဖျ ပြောဆိုဆုံးမရုံနှင့် လိမ္မာယဉ်ကျေးခဲ့သူများရှိသည်။ အချို့က လူ့သဘောသဘာဝအတိုင်း ပြန် မပြော နားမထောင်သူတွေလည်း ရှိသည်။ အချို့ကို မျက်နှာတင်းတင်းဖြင့် မာန်သွင်းပြပြီး ပြောဆိုဆုံးမမှ မိမိကိုယ်ကိုမိမိ ပြုပြင်သူတွေလည်း ရှိသည်။

ကျောင်းဆရာအလုပ်သည် တပည့်များကို ပညာတတ်များဖြစ် လာစေရန် သင်ကြားပေးရင်း မိဘ တာဝန်ကိုပါယူ၍ ဒုတိယမိခင်ဘဝ

www.burmeseclassic.com

www.burmeseclassic.com


ဖြင့် ကလေးငယ်များ၏ ဘဝလမ်းကြောင်းကို ဖြောင့်မတ်ရှင်သန်စေရန် ပြုစုပျိုးထောင်ပေးနေရသူများ ဖြစ်သည်။

ဆရာမ ဒေါ်မြတ်သစ္စာ ငယ်စဉ်က ဆရာမ၏ မိဘနှစ်ပါးက အနန္တဂိုဏ်းနှင့် သီလကံ မကျိုးပေါက်စေရန် ထိန်းသိမ်းရမည့် အချက်များကို ရှင်းလင်းပြောပြရင်း ထိန်းသိမ်းလိုက်နာခိုင်းခဲ့သည်။

တပည့်အရွယ်များသည် သင်ကြားနေသော ပညာမှလွဲ၍ ပြင်ပ ဗဟုသုတ နည်းကြသည်။ အရွယ်နှင့်အချိန်အရ ဘဝအတွေ့အကြုံ နည်းကြသည်။

သို့ဖြစ်၍ တပည့်ကလေးငယ်တိုင်းကို ထွန်းတောက်ထင်ရှားသော ပညာတတ်ကြီးများ ဖြစ်စေရန် အတွက် အမြဲမပြတ် လေ့လာ၍ သွန်သင်ဆုံးမမှု ပြုခဲ့သည်။

တပည့်ကျောင်းသားလူငယ်များအနက် ဝဏ္ဏသွေးကို ဆရာမ ဒေါ်မြတ်သစ္စာက စိုးရိမ်စိတ်ပိုနေခဲ့သည်။

"ဆရာမ ဝဏ္ဏသွေးကို ပစ်မထားပါနဲ့ ဆရာမရယ်၊ ဒီကောင်က မဟုတ်တာတွေ လုပ်နေတယ်"

တစ်နေ့တွင် တပည့်ရင်းဖြစ်သူ သိန်းထိုက်ကျော်က တိုးတိုးလေး ကပ်၍ မရွံ့မရဲ ပြောပြခဲ့သည်။

"ဝဏ္ဏသွေးနဲ့နင်က အခင်ဆုံးပဲ၊ နင်တို့နှစ်ယောက် တတွဲတွဲလုပ်နေတာပဲ၊ မဟုတ်တာတွေ့ရင် နင့်အနေနဲ့ သတိပေးလို့ရတာပဲ"

"မရလို့ ဆရာမကို ပြောပြရတာပါ"

သိန်းထိုက်ကျော်အကြောင်း ဆရာမ ဒေါ်မြတ်သစ္စာက ကောင်းစွာသိသည်။ သိန်းထိုက်ကျော်က ရိုးအေးသည်။ အပေါင်းအသင်းများ အပေါ် အနွံအတာခံပြီးပေါင်းသည်။ စိတ်တို၊ စိတ်ဆတ်သည့်ကလွဲ၍ အပြစ်တင်ရန် ခက်ခဲသူဖြစ်သည်။

"နေပါဦး၊ ဝဏ္ဏသွေးက ဘာဖြစ်နေလို့လဲ"

"ဒီကောင်...ဟိုလေ..ဆရာမ...ဟို.....ဟို"

"ဟယ်.....နင်ကလည်း ငါ့ကို အသိပေးတယ်လို့လည်းပြောတယ်၊ ပြောရမယ့်စကားကျတော့ မဝံ့မရဲနဲ့ပါလား"

"ဟုတ်ပါတယ် ‥ ဆရာမ၊ ဆရာမက မယုံရင် ကျွန်တော့်အပေါ် တစ်မျိုးထင်မှာစိုးလို့ပါ၊ ကျွန်တော်က ဒီကောင့်ကို ကယ်တင်ချင်တဲ့ စိတ်ပဲရှိတယ်"

"ကယ်တင်ချင်တယ်"

"ဟုတ်ပါတယ် ဆရာမ"

"ကဲ.....ကယ်တင်ရှင်ကြီးရေ ရဲရဲဝံ့ဝံ့သာ ပြောပါတော့"

+++

"ကဲ...ဝဏ္ဏသွေး ရဲရဲဝံ့ဝံ့သာ ပြောပါတော့"

"ဘာကိုလဲ ဆရာမ"

"မင်းကို ဘယ်သူမှမရှိတုန်း ဆရာမ ခေါ်တွေ့တာ ဘာကြောင့်လဲဆိုတာ မင်းသဘောပေါက်ရဲ့လား"

"ပေါက်ပါတယ် ဆရာမ၊ ဘယ်သူမှမသိစေချင်လို့ပါ"

ဒေါ်မြတ်သစ္စာက တပည့်ဖြစ်သူကိုကြည့်ရင်း ကျေနပ်စွာ ပြုံးလိုက်မိသည်။ ဆရာမ၏စကားကို လေးစားစွာ နားထောင်မည့်တပည့်ဟု ယုံကြည်နေမိသည်။

"ဟုတ်ပြီ၊ ဘယ်သူမှမသိစေချင်တဲ့အထဲမှာ ကျောင်းအုပ်ဆရာကြီးသိရင် ကျောင်းထုတ်ခံရမယ့်ကိစ္စဖြစ်နေတယ်၊ ပြီးတော့ မင်းရဲ့

**အခုခေတ်က ကျောင်းသားကို စကားနဲ့ပဲ ဆုံးမရတာဆိုတော့**

**ဆရာ၊ ဆရာမတွေရဲ့စေတနာက**

**ခရီးမပေါက်ဘူးဖြစ်နေတယ် ...**

www.burmeseclassic.com

www.burmeseclassic.com

ါးတာတွေသိရင် စိတ်ဆင်းရဲကြလိမ့်မယ်''

''ဟိုလေ.....ကျွန်တော်က ကျောင်းထုတ်ခံရလောက်အောင် အပြစ်ရှိနေလို့လား ဆရာမ''

ဝဏ္ဏသွေးက စိုးရိမ်စိတ်ဖြစ်နေသော်လည်း ကိုယ့်ကိုယ်ကိုယ် ကာကွယ်သည့်အနေဖြင့် ဆရာမ ဒေါ်မြတ်သစ္စာကို ပြန်လည်အကဲခတ်ရင်း မေးခွန်းပြန်ထုတ်ခဲ့သည်။

ဆရာမ ဒေါ်မြတ်သစ္စာက ဝဏ္ဏသွေး၏ သွေးတိုးစမ်းမှုကို သိနေသော်လည်း မသိသလိုလုပ်၍ အပြုံးဖြင့် တုံ့ပြန်ခဲ့သည်။

''ဒီလိုပါကွယ်၊ ဆရာမကလေ ငါ့တပည့်ကို ပညာတတ်ကြီး ဖြစ်စေချင်တယ်၊ နိုင်ငံ့အတွက် လိုအပ်တဲ့ ခေါင်းဆောင်တစ်ယောက် ဖြစ်စေချင်တယ်၊ အဲဒီရည်မှန်းချက်က ဆရာမ အပါအဝင် ဆရာ၊ ဆရာမတိုင်းက တပည့်များအပေါ်ထားတဲ့ စေတနာပါ''

''ဟုတ်ကဲ့ပါ ဆရာမ၊ ဆရာမ ပြောစရာရှိတာ ပြောပါ''

''အေး.....ဒီလိုဆိုရင် ဆရာမ ပြောမယ်နော်၊ ငါ့တပည့်က ဆရာမ အပေါ် မလိမ်မညာရဘူး''

ဆရာမ ဒေါ်မြတ်သစ္စာက ဝမ်းသာသွားသည်။ သူမ၏တပည့်သည် သူမပြောသမျှကို နားထောင်လိုက်နာမည့် တပည့်လိမ္မာလေးဖြစ်သည်ဟု ယုံကြည်လိုက်သည်။

''ငါ့တပည့် ပညာသင်နေတဲ့ အချိန်မှာ ဘာဖြစ်လို့ မူးယစ်ဆေးဝါးတွေကို သုံးချင်ရတာလဲ''

''ဗျာ..ကျွန်တော်က ဒီအလုပ်ကို လုံးဝမလုပ်ဘူး''

''အဲဒီလိုတော့ မငြင်းလိုက်နဲ့ တပည့်ရယ်၊ ဆရာမက မင်းကိုခေါ်ပြောတာ အထောက်အထား ခိုင်ခိုင်လုံလုံရှိလို့ပါ''

''ဘာအထောက်အထားလဲ ဆရာမ''

''လွန်ခဲ့တဲ့ နှစ်ပတ်က ညပိုင်းမှာ မင်းနဲ့ ရပ်ကွက်ထဲက လူငယ်တွေ လမ်းထိပ်မှာ စုပေါင်းပြီး ဂီတာတီးနေခဲ့ကြတယ်''

''အဲဒါ မှန်ပါတယ်''

''အဲဒီမှာ မင်းတို့လူငယ်တွေကို ရပ်ကွက်ထဲက ဆေးခြောက်ရောင်းသူက ဆေးလိပ်ပေးသောက်တယ်၊ အဲဒီညက မင်းတို့အားလုံး မသောက်ဘူးတဲ့ ဆေးခြောက်ပါတဲ့ ဆေးလိပ်ကိုသောက်မိတော့ အမူးလွန်ကုန်ကြတယ်''

''ဟာ.....အဲဒါ လုံးဝမဟုတ်ဘူး၊ အဲဒီလူကြီးနဲ့လည်း မသိဘူး၊ သူငယ်ချင်းတစ်ယောက်နဲ့ပါလာလို့ စကားပြောမိတာပဲရှိတယ်''

''ဟုတ်ပါပြီ၊ အဲဒီလူကြီးကို ရဲက ခေါ်စစ်နေတာကော မင်းသိရဲ့လား''

''ကျွန်တော်နဲ့မဆိုင်လို့ ကျွန်တော် မသိဘူး''

''အေးလေ၊ ဘာပဲဖြစ်ဖြစ် အဲဒီလိုမျိုး လုံးဝမလုပ်နဲ့''

''ဟာ...ဆရာမက ကျွန်တော့်ကို စွပ်စွဲနေတာလား''

''ဆရာမ ပြောပြီးပြီလေ၊ အထောက်အထား မခိုင်လုံရင် မပြောဘူးဆိုတာ၊ မင်းကို ဆေးလိပ်မီးညှိပေးတာ ဘယ်သူလဲဆိုတာ ဆရာမ ပြောပြရမလား''

ဝဏ္ဏသွေးမှာ ခေတ္တကြောင်သွားခဲ့၏။ သူ၏ဇီဇအတိုင်း ဝန်မခံဘဲ ငြင်းကွယ်တတ်သည်ကို အနီးကပ် ပညာသင်ကြားပေးနေသော ဆရာမတစ်ဦးအနေဖြင့် သိပြီးဖြစ်သည်။

''ကဲ.....မင်းအနေနဲ့ ပြင်နိုင်မလား''

''ဘာကိုလဲ ဆရာမ''

''မင်း ဘာပြင်ရမလဲဆိုတာ မင်းအသိဆုံးပဲ၊ ငါ့တပည့်ကို အတ္တ လောဘသမားတွေကြောင့် အကျ အရှုံးမခံနိုင်ဘူး''

''ကျွန်တော် ဘာမှမလုပ်လို့ ဆရာမပြောတာကို လက်မခံနိုင်ဘူး''

''မင်း ငါ့စကားကို ပယ်တာလား''

''ထင်ချင်သလို ထင်နိုင်တယ် ဆရာမ၊ ကျွန်တော်က ပညာတတ်ကြီး မဖြစ်ရင်လည်း မိဘစီးပွားရေ အရ တစ်သက်လုံး ထိုင်စားနိုင်တယ်''

''ဘာ.....ဘာ မင်း....မင်း ငါ့ စေတနာကို စော်ကားတာလား၊ အခုပဲ ငါ့ရှေ့က ထွက်သွားတော့''

ဝဏ္ဏသွေးမှာ ယခင်ကဆရာမ စကားကို မြေဝယ်မကျ နားထောင် တတ်သူဖြစ်သည်။ ယခုတော့ ကျောင်းပြင်ပအပေါင်းအသင်းများ ကြောင့် ဆရာမစကားကိုပင် နား မထောင်တတ်သူ ဖြစ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


ဆရာမ ဒေါ်မြတ်သစ္စာမှာ တပည့်များကို ရင်မှဖြစ်သော သွေးသားရင်းကဲ့သို့ ကာကွယ်စောင့်ရှောက်ပေးနေသူဖြစ်သည်။

ယခု ဝဏ္ဏသွေးက သူမ၏ စကားကို နားမထောင်နိုင်သည့်အထိ မူးယစ်ဆေးဝါးက လွှမ်းမိုးထားနိုင်ခဲ့သည်။

ဆရာမ ဒေါ်မြတ်သစ္စာမှာ စေတနာကို စော်ကားခံရ၍ လက်ထဲတွင်ကိုင်ထားသော ကော်ပေတံဖြင့် ပစ်ပေါက်မိသည့်အထိ စိတ်လှုပ်ရှားခဲ့သည်။

ကော်ပေတံမှာ လေထဲတွင် လွင့်ရင်း ဝဏ္ဏသွေး၏နားထင်ကို ပေတံထောင့်စွန်းဖြင့် ထိသွားခဲ့သည်။

ဆရာမ ဒေါ်မြတ်သစ္စာမှာ စိတ်လိုက်မာန်ပါ ပြုလုပ်မိသည်ကို ဝမ်းနည်းလွန်း၍ မျက်ရည်များက အလိုလို စီးကျလာခဲ့သည်။

စေတနာ၊ မေတ္တာ ရှေ့ထား၍ စကားဖြင့်ဆုံးမသည်ကို တပည့်ဖြစ်သူက တစ်ကြိမ်တစ်ခါမျှ မတုံ့ပြန်ခဲ့ဘူးသော ဒေါသဖြင့် ဆက်ဆံလာခဲ့၍ ဆရာမမှာ ရှက်လည်းရှက်၊ ဝမ်းနည်းမှုလည်း ပိုခဲ့ရသည်။

"ဆရာမ ဘာဖြစ်နေတာလဲ"

၁၀ တန်းမှ အတန်းပိုင်ဆရာမက အခန်းထဲသို့ဝင်လာရင်း အထိတ်တလန့်ဖြင့် မေးခဲ့၏။ ဆရာမ ဒေါ်မြတ်သစ္စာက ဖြစ်စဉ်များကိုအသေးစိတ်ပြောပြရင်း နာကျင်စွာ ငိုလိုက်မိ၏။

"ဝဏ္ဏသွေးကိစ္စကျွန်မသိတာကြာပြီ၊ အခုခေတ်က ကျောင်းသားကို စကားနဲ့ပဲ ဆုံးမရတာဆိုတော့ ဆရာ၊ ဆရာမတွေရဲ့ စေတနာက ခရီးမပေါက်ဘူးဖြစ်နေတယ်၊ သူ့ထိုက်နဲ့သူ့ကံပေါ့ ဆရာမရယ်"

"အဲဒီလိုလည်း မဖြစ်သေးဘူး ဆရာမ၊ ကိုယ့်တပည့်တစ်ယောက် ပျက်စီး ကျဆုံးတာကို မလိုလားဘူး၊ ဆရာကြီးကိုပြောပြရင် ကောင်းမလားဟင် ဆရာမ"

"ဆရာကြီးသိသွားလို့ အရေးယူရင် ဒီကလေးဘဝ ဆုံးရှုံးသွားမှာပေါ့၊ ဝမ်းနည်းမနေပါနဲ့ ဆရာမရယ်၊ သားဆိုးတစ်ယောက်ရဲ့မိခင်လိုသဘောထားပြီး ပြုပြင်ကြတာပေါ့"



၁၀ တန်း အတန်းပိုင်ဆရာမက အားပေးစကားပြောခဲ့၍ ဆရာမ ဒေါ်မြတ်သစ္စာမှာ စိတ်သက်သာရာရရှိခဲ့၏။

သို့ရာတွင် တပည့်တစ်ဦးကို စည်းရုံးရေးနည်းအရ ပြုပြင်နိုင်စွမ်းမရှိခဲ့သည့်အတွက် သူမကိုယ်ကိုသူမ အပြစ်တင်နေခဲ့မိသည်။

+++

"ဆရာမ ဒေါ်မြတ်သစ္စာ၊ ဆရာကြီး ခေါ်နေတယ်"

ကျောင်းစာရေးက စာသင်နေသော ဆရာမ ဒေါ်မြတ်သစ္စာ၏ အတန်းထဲသို့ လာရောက်ပြီး အကြောင်းကြားခဲ့သည်။

ဆရာမ ဒေါ်မြတ်သစ္စာမှာ ကျောင်းအုပ်ဆရာကြီးက အထူးကိစ္စတစ်ရပ်အနေနှင့် လာခေါ်ခိုင်း၍ စိုးရိမ်မိရပြန်သည်။ မည်သည့်အမှားများ လုပ်မိသနည်းဟု ပြန်လည်စဉ်းစားကြည့်မိ၏။ မည်သည့်အမှားကိုမျှ မလုပ်မိကြောင်း ခိုင်မာစွာ အတည်ပြု၍ ဆရာကြီး၏အခန်းထဲသို့ ဝင်သွားခဲ့သည်။

ကျောင်းအုပ်ဆရာကြီး၏ ရုံးခန်းထဲတွင် မြို့နယ်ပညာရေးမှူးနှင့် အခြေခံပညာရေးဌာနမှ အရာရှိကြီးတစ်ဦးကို တွေ့လိုက်ရ၏။

"လာ.....ထိုင်ပါ ဆရာမ"

ကျောင်းအုပ်ဆရာကြီးက ညင်သာသောစကားဖြင့် လှမ်းခေါ်၏။

ဆရာမ ဒေါ်မြတ်သစ္စာ ဝင်ထိုင်လိုက်သည်နှင့် မြို့နယ်ပညာ

www.burmeseclassic.com

www.burmeseclassic.com



> သူတို့က ချမ်းသာတယ်၊ အပေါင်းအသင်း များတယ်၊ ဖိအားတွေနဲ့တိုင်တော့ ဆရာကြီးတို့ အနေနဲ့ ဆရာမကို အရေးမယူလို့ မရတော့ဘူး ...

ရေးမှူးက အကဲခတ်လေ့လာရင်း မေးခွန်းတစ်ခုကို မေးခဲ့၏။

"ဆရာမက တပည့်ဖြစ်သူ ဝဏ္ဏသွေးကို ပေတံနဲ့ မညှာမတာ ပစ်ပေါက်နှိပ်စက်ခဲ့တယ်ဆို"

"ရှင်....."

ဆရာမ ဒေါ်မြတ်သစ္စာမှာ စွပ်စွဲချက်ကြောင့် အံ့အားသင့်ရင်း အကြီးအကျယ် တုန်လှုပ်သွားခဲ့ရသည်။

"ဆရာမက မဆင်မခြင်လုပ်ခဲ့လို့ မောင်ဝဏ္ဏသွေးရဲ့ နားထင်မှာ သွေးထွက်ဒဏ်ရာရခဲ့တယ်တဲ့၊ သူ့မိဘတွေက ဆေးရုံမှာ ပြင်ပလူနာအဖြစ် သွားပြပြီး ဆေးစာယူခဲ့တယ်"

ဆရာမ ဒေါ်မြတ်သစ္စာက ပေတံနှင့် ပေါက်မိခဲ့ခြင်းမှာ ဆရာမတစ်ဦးကို မရိုမသေဆက်ဆံခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေါသအလျောက် အမှတ်တမဲ့ ပစ်ပေါက်မိခြင်းဖြစ်ကြောင်း ရှင်းပြခဲ့သည်။

"ဆရာမဘက်က ဘယ်လိုပဲ စေတနာနဲ့ လုပ်ခဲ့မိပါတယ်လို့ဆိုပေမယ့် သူ့မိဘက နိုင်ငံတော်သမ္မတရုံးနဲ့ ပညာရေးဝန်ကြီးရုံး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့ဆီ တိုက်ရိုက်တိုင်ကြားခဲ့တော့ ဆရာမဘက်က အမှားတွေဖြစ်နေပြီ"

"ဟိုလေ ကျွန်မ မှားတယ်ဆိုတာ....."

ဆရာမ ဒေါ်မြတ်သစ္စာက မဝံ့မရဲ ပြန်မေးခဲ့၏။

"ဒီလိုပါ၊ မောင်ဝဏ္ဏသွေးရဲ့ မိဘတွေက ဒဏ်ရာကို ဓာတ်ပုံရိုက်ပြီး အထောက်အထားနဲ့ တင်တာ၊ ပြီးတော့ သူတို့က ချမ်းသာတယ်၊ အပေါင်းအသင်းများတယ်၊ ဖိအားတွေနဲ့တိုင်တော့ ဆရာကြီးတို့အနေနဲ့ ဆရာမကို အရေးမယူလို့ မရတော့ဘူး"

"ရှင်....."

ဆရာမ ဒေါ်မြတ်သစ္စာက အရှင်းလင်းဆုံးသောစကားကို ကြားလိုက်ရပြီဖြစ်၍ အံ့အားသင့်ခဲ့ရသည်။

"ငါ ထုတ်ပြောလို့မဖြစ်ဘူး၊ ငါ လှုပ်မိတာ ငါခံမယ်"

ဆရာမဒေါ်မြတ်သစ္စာ အပြေးအလွှားစဉ်းစားသည်။ မောင်ဝဏ္ဏသွေး မူးယစ်ဆေးဝါးသုံးစွဲနေကြောင်း ပြောပြလျှင် ပိုရှုပ်ထွေးနိုင်သည်။ မောင်ဝဏ္ဏသွေး၏ သွေးနမူနာကို စစ်ဆေးသည်အထိ ဖြစ်လာပါက တပည့်တစ်ဦး၏ဘဝ ပျက်စီးရပေတော့မည်။

တပည့်တစ်ဦး၏ဘဝကိုတော့ အပျက်အစီးမခံနိုင်ပေ။

ရင်သွေးကလေးငယ်၏အသက်ကို ကယ်တင်ရင်း အသက်အသေခံသွားသော မီးဖွားဆဲကိုယ်ဝန်ဆောင်မိခင်၏ မေတ္တာကဲ့သို့ တပည့်အပေါ် ဒေါ်မြတ်သစ္စာဘက်က မေတ္တာမပျက်ခဲ့ပေ။

သူမသာလျှင် ပေးသမျှအပြစ်

www.burmeseclassic.com

www.burmeseclassic.com


ခံယူမည်။ ကလေးငယ်၏ဘဝကို စိတ်ပိုင်း၊ ရုပ်ပိုင်း မထိခိုက်စေရန် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ လုံးဝ ထုတ်မပြောမိခဲ့ပေ။

"ဆရာကြီးတို့အဖွဲ့က စုံစမ်းစစ်ဆေးရေးအဖွဲ့က မစစ်ဆေးမီ ပဏာမစစ်ဆေးတာပါ၊ ဆရာမဘက်က ချေပပြောဆိုစရာများ ရှိသေးလား"

"မရှိပါဘူး"

"ပေတံနဲ့ ပစ်ပေါက်မိတာကို ဝန်ခံတယ်ပေါ့"

"ဟုတ်ကဲ့၊ ဝန်ခံပါတယ်"

ဆရာမ ဒေါ်မြတ်သစ္စာကို မေးခွန်းမေးမြန်းပြီးသည်နှင့် မြို့နယ်ပညာရေးမှူးနှင့် အခြေခံမှ ဆရာကြီးများက ကြိုတင်စဉ်းစားပြီးအဖြေရှာထားခဲ့ကြသည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့က နောက်နေ့တွင် စစ်ဆေးသည်။ မောင်ဝဏ္ဏသွေးနှင့် တိုင်ကြားသူမိဘများကိုပါ စစ်ဆေးခဲ့သည်။ တင်ပြသော သက်သေများကိုလည်း စစ်ဆေးခဲ့ကြ၏။

စုံစမ်းစစ်ဆေးရေးအဖွဲ့က နှစ်ပတ်အတွင်း အပြီးလုပ်ဆောင်ခဲ့သည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးတွေ့ရှိချက်နှင့် သုံးသပ်ချက်ကိုပါ ပူးတွဲတင်ပြခဲ့သည်။

"ဆရာမ ဘဝပျက်သွားစေရမယ်"

မောင်ဝဏ္ဏသွေး၏ မိဘများ က ငွေဂုဏ်၊ အသိုင်းအဝိုင်းဂုဏ်ဖြင့် ကြွေးကြော်ခဲ့ကြသည်။

ကျောင်းသားများ၊ ကျောင်းသားမိဘများထံမှ ကြားသိရသော ကြိမ်းမောင်းသံများကို မသိသလိုနေပြခဲ့သည်။

တိုင်စာမှာ နိုင်ငံတော်သမ္မတရုံး၊ ပညာရေးဝန်ကြီးရုံးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးများသို့ တိုင်စာပေးပို့ထားသည်ဖြစ်၍ တာဝန်ရှိသူများမှာ ဆုံးဖြတ်ချက်ချရန် အခက်အခဲတွေ့နေခဲ့သည်။

ဆရာမ ဒေါ်မြတ်သစ္စာ၏ တပည့်များအပေါ် ထားရှိသော စေတနာနှင့် မေတ္တာများကို သိပြီးဖြစ်သည်။ သို့သော် အခြေအနေအရ မျက်ကွယ်ပြုလိုက်ရ၏။

တစ်လမြောက်နေ့တွင် ဌာနဆိုင်ရာက ပြစ်ဒဏ်ချမှတ်သည့် အမိန့်စာ ရောက်ရှိလာခဲ့သည်။

ဆရာမ ဒေါ်မြတ်သစ္စာကို ဆင်ခြေဖုံးမြို့နယ်တစ်ခုသို့ ပြောင်းရွှေ့လိုက်သည်။

ဆရာမ ဒေါ်မြတ်သစ္စာမှာ ဆရာမအလုပ်ကို ဝါသနာပါသူဖြစ်၍ တာဝန်ရှိသူများက ညွှန်ကြားသည့်အတိုင်း လိုက်နာခဲ့သည်။ အားလုံးကိုလည်း မေ့ထားနိုင်ရန် ကြိုးစားခဲ့သည်။

ဆရာမ ဒေါ်မြတ်သစ္စာမှာ မြို့ကြီးများကိုသာ ခင်တွယ်တတ်သည့် ချစ်သူ၏ ကျောခိုင်းခြင်းကိုပင် ခံခဲ့ရသည်။

ငါးနှစ်ဆိုသောခရီးက ကြာသည်ဟု မဆိုသာပေ။

ဆရာမ ဒေါ်မြတ်သစ္စာ၏ ဖြစ်စဉ်အသေးစိတ်ကို သိရှိခဲ့ကြ၍ တာဝန်ရှိသူများက ပြစ်ဒဏ်ကာလကုန်ဆုံးချိန်၌ ဆုလာဘ်တစ်ခု ချီးမြှင့်ရင်း ကုစားပေးရန် စဉ်းစားခဲ့ကြသည်။

ဆရာမ ဒေါ်မြတ်သစ္စာသည် အလယ်တန်းကျောင်းအုပ်အဖြစ် မူလမြို့နယ်အတွင်းသို့ ပြန်လည်ပြောင်း ရွှေ့ခြင်းခံခဲ့ရ၏။

+++

အတိတ်...အတိတ်...အတိတ်

အတိတ်၏ပုံရိပ်များကြောင့် သူမရှေ့မှ တပည့်ဟောင်းသိန်းထိုက်ကျော်နှင့် ယမင်းတို့ ဇနီးမောင်နှံကို ဒေါ်မြတ်သစ္စာက မေ့နေသလို ရှိနေခဲ့၏။

ဆရာမ၏ရင်သည် နိမ့်တုန်မြင့်တုန်ဖြင့် လှုပ်ခတ်နေဆဲ။

အတိတ်မှ ရိုက်ခတ်ခဲ့သော ဝေဒနာအစွန်းအထင်းက အနာဟောင်းကို တူးဆွလိုက်သလို ခံစားလိုက်ရ၏။

ဒေါ်မြတ်သစ္စာက သူမကိုယ်ကိုသူမ ချက်ချင်း တရားဖြင့်ပြန်ထိန်းသည်။ တရားကိုသိမြင်စေရန် သတိဖြင့် အချိန်မီ ဆုပ်ကိုင်ထားခဲ့သည်။

ဆရာမ ဒေါ်မြတ်သစ္စာသည် ဝဏ္ဏသွေး၏ လီဆယ်တိုင်ကြားမှု၊ မိဘနှစ်ပါးက ပညာသင်ကြားပေးနေသူကို အနန္တဂိုဏ်းဝင်ဟု အသိအမှတ်မပြုဘဲ ဝန်ထမ်းအဖြစ်သာ ရှုမြင်၍—ငွေအား၊ အသိုင်းအဝိုင်းဖိအားဖြင့် အနိုင်ယူရန် ကြိုးစားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

သူတို့၏ပြုလုပ်မှုကြောင့် နိုင်ငံ့ဝန်ထမ်းမည်သို့ဖြစ်သွားသည်ကိုသာ ဂုဏ်ယူပြောဆိုနေခဲ့သည်။

လုပ်ရပ်အပြင် ဂုဏ်သိက္ခာကိုပါ ပျက်ပြားစေရန် လုပ်ခဲ့နိုင်မှုကို ဂုဏ်ယူပြီး သတင်းလွှင့်နေချိန်၌ ဆရာမ ဒေါ်မြတ်သစ္စာက ဒုက္ခနှင့်သောကဝေဒနာကို တရားဓမ္မဖြင့် ချေဖျက်ခဲ့သည်။

နေ့စဉ် နံနက်၊ ည တရားထိုင်သည်။

ဒေါသနှင့် မာန်မာနကို တန်ပြန်နှိုးကြွစေသော စိတ်ရိုင်းများကို မေတ္တာဖြင့် ငြိမ်းသတ်နေခဲ့သည်။

ယနေ့ အလယ်တန်းကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်နေရသည့်တိုင် ဥပေက္ခာတရားဖြင့် ငြိမ်းအေးမှုကိုသာ ရှာနေခဲ့၏။

အတိတ်သို့ ပြန်လည်ရောက်ရှိသွားသောစိတ်ကို ချက်ချင်းပြန်ဆွဲခေါ်လိုက်သည်။ ပစ္စုပ္ပန်ကို ပကတိအတိုင်း ပြန်လည်ရှုမြင်စေခဲ့၏။

တပည့်နှစ်ဦးတို့က သူတို့ဆရာမကိုကြည့်၍ စိတ်မကောင်းဖြစ်ခဲ့ကြသည်။ အတိတ်ကိုနှိုးကြွစေသည့် ဝတ္ထုသေးအကြောင်း ပြောပြသူ သိန်းထိုက်ကျော်ကို ဇနီးဖြစ်သူ ယမင်းက မျက်စောင်းထိုးပြရင်း သတိပေးလိုက်သည်။

"ငါ့တပည့်နှစ်ယောက် ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး ဆရာမကြီး"

သိန်းထိုက်ကျော်က ဦးစွာအဖြေပေးခဲ့သည်။

"မင်းတို့နှစ်ယောက်က ငါ့ကို လူကဲခတ်ညံ့တယ်လို့ ထင်လို့လား"

"မဟုတ်..... မဟုတ်ပါဘူး ဆရာမ၊ အဲ.....ဆရာမကြီး"

ဆရာမဟု နှုတ်ကျိုးနေသည့် ယမင်းက အမြန် ဆုံးရှင်းပြခဲ့၏။

"ဆရာ၊ ဆရာမ ဆိုတာ ကျောင်းသူ ကျောင်းသားပေါင်းများစွာကို နေ့စဉ်ထိတွေ့ဆက်ဆံနေရသူတွေပါ"

"ဟုတ်ကဲ့ပါ ဆရာမကြီး"

"လူဆိုတာ ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ ဗီဇရိုက်ကို မဖုံးနိုင်ကြဘူး။ တစ်ချိန်ချိန်မှာ ထုတ်ပြလေ့ရှိတယ်၊ အဲဒါကြောင့် ဆရာ၊ ဆရာမကို လူကဲခတ်ပညာကို သင်ပေးသူတွေက လူတွေပဲဆိုတာ မမေ့နဲ့"

"ဟုတ်ကဲ့ပါ ဆရာမ"

"ဟုတ်ကဲ့ပါ ဆရာမကြီး"

ယမင်းက ဆရာမဟုခေါ်ပြီး သိန်းထိုက်ကျော်က သတိထား၍ ဆရာမကြီးဟု ပြန်ပြောခဲ့သည်။

"လူ့မျက်နှာပေါင်းများစွာသည် လူ့ပိဋကတ်တိုက်၏ တစ်ခုစီသော စာမျက်နှာများဖြစ်ကြသည်ဆိုတာ မေ့နေပြီလား"

"မမေ့ပါဘူး ဆရာမကြီး"

"ယမင်းကရော ဆရာမကြီး ဟိုတုန်းက ပြောပြခဲ့ဖူးတာကို မေ့နေပြီလား"

"မမေ့ပါဘူး ဆရာမကြီး"

ဆရာမကြီး ဒေါ်မြတ်သစ္စာက ခေါင်းတဆတ်ဆတ်ညိတ်ပြသည်။ လုပစ္စာပြုံးရင်း တပည့်ဟောင်းနှစ်ဦးကို လှမ်းကြည့်လိုက်၏။

"တွေ့စအပြုံးကို နောင်မသုံးရင် အမုန်းရဲ့သင်္ကေတဆိုပြီး ပြောခဲ့တာကိုရော မှတ်မိရဲ့လား"

"ဟုတ်ကဲ့၊ မှတ်မိပါတယ်"

"အဲ.....မင်းတို့နှစ်ယောက်က ဆရာမကြီးရဲ့ တပည့်ဟောင်းတွေဖြစ်တယ်၊ ပုလဲကလည်း ကျောင်းဆရာမဖြစ်နေပြီဆိုတော့ မင်းတို့ကို တွေ့ရတာနဲ့ ဆရာမကြီး ကျေနပ်မိတယ်"

"ဘာကိုဆိုလိုတာလဲ ဆရာမကြီး"

ယမင်းက အရင်းနှီးဆုံးနှင့် အချစ်ဆုံးဆရာမ ဖြစ်ခဲ့ဖူးသူ ဒေါ်မြတ်သစ္စာကို ရင်းရင်းနှီးနှီးပင် ပြန်မေးခဲ့သည်။

"တွေ့စအပြုံးကို နောင်တွေ့လို့မှမသုံးရင် အမုန်းရဲ့သင်္ကေတဆိုတာလေ"

"မှတ်မိတယ် ဆရာမကြီး၊ ကျွန်တော်တို့နှစ်ယောက်က ဟိုတုန်းကအပြုံးအတိုင်း အခုလည်း အပြုံးမပျက်တဲ့ မေတ္တာရှင်တွေပါပဲ"

သိန်းထိုက်ကျော်က ဇနီးသည်ဘက်လှည့်ကြည့်ရင်း ပြောပြလိုက်၏။ ယမင်းက ခင်ပွန်းဖြစ်သူ၏ပေါင်ကြောကို ဆရာမကြီး မမြင်စေရန် လှုပ်ရှားပြီး လိမ်ဆွဲပစ်လိုက်၏။

"ဆရာမကြီး၊ ဆရာမကြီး တပည့်က ကျွန်တော့်ကို ညှဉ်းဆဲနေတယ်၊ ကျွန်တော် မကျေနပ်ဘူး တိုင်မယ်"

"မင်းက ဘယ်သူ့ကိုတိုင်မှာလဲ"

www.burmeseclassic.com

"ဖူးစာရေးနတ်မင်းကိုပေါ့"

ဆရာတပည့်သုံးဦးတို့ အပြုံးကိုယ်စီဖြင့် ကျေနပ်ပီတိဖြစ်နေခဲ့ကြ၏။

"ကဲ.....မင်းတို့ရဲ့ကလေးကို ကျောင်းအပ်မှာလား"

"ဟုတ်ကဲ့ပါ ဆရာမ"

ဆရာမကြီး ဒေါ်မြတ်သစ္စာ ကိုယ်တိုင် ကျောင်းဝင်မှတ်ပုံတင်စာအုပ်ကို လှမ်းယူပြီး ကျောင်းဝင်မှတ်ပုံတင်စာရင်း ရေးသွင်းခဲ့သည်။

"ကလေးနာမည်က သိန်းမင်းထက်နော်"

ဆရာမကြီးက စတုတ္ထတန်းအောင်မြင်ခဲ့သည့် ကျောင်းထွက်လက်မှတ်ကိုယူကြည့်ရင်း နှုတ်ကထပ်မေးသည်။

"ကလေးအသက်က (၁၀)နှစ်ကျော်ဆိုတော့ မင်းတို့ရဲ့အိမ်ထောင်သက်က ဘယ်လောက်ရှိပြီလဲ"

"၁၂ နှစ်ပါ ဆရာမကြီး"

"ဆရာမကြီး ပြဿနာဖြစ်ပြီးပြောင်းသွားရာက ယနေ့ပြန်လည်ဆုံတွေ့သည်အထိ နှစ်ပေါင်း (၂၀)ဝန်းကျင်ရှိပြီဆိုတာ မင်းတို့ကလာပြီးသတိပေးသလိုပဲ"

"အဲဒီလိုဆို ဆရာမကြီးအသက်က ၄၅ ဝန်းကျင်ပေါ့နော်"

"ဟုတ်တာပေါ့ကွယ်၊ ငါကအဘွားကြီးအရွယ်ပေါ့ဟဲ့"

"မဟုတ်ပါဘူး၊ ဆရာမကြီးဟိုတုန်းကလိုပဲ လှနေတုန်းပဲ၊ ကိုယ်လုံးကလည်း အပျိုလေးအတိုင်းပဲ"

ယမင်း၏အပြောကို သိန်းထိုက်ကျော်က သူ့ဆရာမဘက်မှ ရပ်တည်၍ ပြန်လည်ချေပလိုက်၏။

"ယမင်းရယ် ဆရာမကြီးက အပျိုကြီးလေ၊ ယမင်းက....."

"ဘာလဲ.....ဘာလဲ....ပြော"

"သိန်းထိုက်ကျော်ကလည်းဟယ် မင်းမိန်းမ ယမင်းက တစ်သားမွေး၊ တစ်သွေးလှဆိုတဲ့အတိုင်း အလှတွေရှင်သန်နေဆဲပါပဲဟဲ့"

ဆရာမ ဒေါ်မြတ်သစ္စာက ချီးကျူးစကားဆိုလိုက်၍ ယမင်းက ခင်ပွန်းဖြစ်သူ သိန်းထိုက်ကျော်ကို လက်မထောင်ပြရင်း ဂုဏ်ယူနေခဲ့၏။

ကျောင်းအပ်နှံသည့်ကိစ္စပြီးဆုံးသောအခါ ဆရာမကြီး ဒေါ်မြတ်သစ္စာက ဝဏ္ဏသွေးအကြောင်းမေးလိုက်၏။

"ဒါနဲ့ ဝဏ္ဏသွေးကို ဘယ်မှာဖမ်းထားတာလဲ"

"ပန်းဘဲတန်းမြို့မရဲစခန်းမှာပါ၊ မနေ့ကဖမ်းတာဆိုတော့ ဒီနေ့ရမန်ယူမယ်လို့ သိရတယ်"

"ရမန်ဆိုတာက တရားရုံးမှာ ချုပ်မိန့်တောင်းတာမဟုတ်လား သိန်းထိုက်ကျော်"

"ဟုတ်ပါတယ် ဆရာမ"

"သူ့ကို ဘယ်မှာစစ်ဆေးသလဲ"

"ပန်းဘဲတန်းရဲစခန်းက သတင်းအရဖမ်းမိတာပဲ၊ ပန်းဘဲတန်းရဲစခန်းမှာပဲရှိမှာပေါ့"

"ဪ.....သူကလေး စိတ်ဆင်းရဲနေရှာမှာပဲ၊ ဆရာမကြီးသွားတွေ့ပြီး အားပေးစကားပြောချင်တယ်ကွယ်"

ဆရာမကြီး၏ဆန္ဒကို တပည့်နှစ်ဦးစလုံးက ကန့်ကွက်ခဲ့ကြ၏။

"ဆရာမကြီး မတွေ့သင့်ဘူးလို့ထင်ပါတယ်"

"ဘာကြောင့်လဲကွဲ့"

"သူက ဆရာမကြီးကို ပြဿနာရှာပြီး ဒုက္ခရောက်အောင်လုပ်ခဲ့သူလေ"

သိန်းထိုက်ကျော်၏အပြောကို ယမင်းက ထောက်ခံခဲ့၏။

"ဟုတ်တယ် ဆရာမကြီး၊ ပြီးတော့ မူးယစ်မှုဆိုတော့ မတွေ့သင့်ဘူးထင်တယ်"

"ဆရာမကြီးက အားလုံးကို ခွင့်လွှတ်ပြီးသားပါကွယ်၊ ငယ်တုန်းက ရိုင်းစိုင်းတဲ့စိတ်နဲ့ လုပ်မိတာပဲ၊ အခုအချိန်မှာ ဝဏ္ဏသွေး အားငယ်နေမှာအမှန်ပဲ၊ ဆရာမတစ်ယောက်အနေနဲ့ တပည့်ကိုအားပေးပြီး ဆုံးမစကားပြောချင်လို့ပါ"

"ဒီကောင်က မိဘချမ်းသာလို့ စိတ်ကြီးဝင်နေတာပါ၊ သူ့ရဲ့စရိုက်ဆိုးကြောင့်သာ မူးယစ်သမားဘဝရောက်ခဲ့ရတာပါ"

"အေး.....အဲဒါကို သိစေချင်လို့ တွေ့ချင်တာ၊ ဟိုတုန်းကသာ မိဘနဲ့ဆရာပူးပေါင်းပြီး ပညာသင်ကျောင်းသားကို လက်တွဲပြုပြင်ခဲ့ရင် ဝဏ္ဏသွေးဟာ အခုလိုဖြစ်စရာမရှိဘူး"

"မဟုတ်ဘူးလေ ဆရာမကြီး စရိုက်မမှန် အပင်မသန့်တဲ့"

"အကောက်ကို ဖြောင့်အောင် ပြုပြင်လို့ရပါတယ်၊ ဆူးခက်တွေကို ခြွေချခဲ့ရင် ဆူးမဲ့အပင် ဖြစ်နိုင်တယ်

www.burmeseclassic.com

www.burmeseclassic.com


နှင်းဆီခက်ကိုပန်ချင်ရင် ဆူးကိုဖယ်မှ ပန်လို့ရတယ်မဟုတ်လား၊ အဲဒီလိုပေါ့ဟယ်''

ဆရာမကြီး ဒေါ်မြတ်သစ္စာ၏ စိတ်ထဲတွင် မည်သည့်ခံစားချက်မှ မရှိ။ တပည့်တစ်ဦးအပေါ် မိခင်လို သဘောထားနိုင်ခဲ့သည်။

သားဆိုးကို မိခင်က မပစ်ရက်နိုင်သကဲ့သို့ တပည့်ဆိုးကို ဒုတိယမိခင် ပညာသင် အနန္တဂိုဏ်းဝင် ဆရာမကြီးက အမုန်းစိတ်မထားရက်သည်မှာ အံ့ဖွယ်မဟုတ်ပေ။

သိန်းထိုက်ကျော်နှင့် ယမင်းတို့က သတိပေးတားမြစ်သည့်တိုင် ဆရာမကြီး ဒေါ်မြတ်သစ္စာ၏ စေတနာနှင့် မေတ္တာကို မလွန်ဆန်နိုင်၍ တပည့်လင်မယားနှစ်ယောက်လုံးက အတူတကွ လိုက်ပါတွေ့ဆုံပေးပါမည်ဟု ကတိပေးခဲ့ရတော့၏။

+++

ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်သစ္စာ၊ သိန်းထိုက်ကျော်နှင့် ယမင်းတို့သုံးဦး ဝဏ္ဏသွေးကို ဖမ်းဆီးစစ်ဆေးနေသည့် မြို့နယ်ရဲစခန်းရှိရာသို့ ရောက်သွားကြသည်။

မြို့မရဲစခန်းမှူးထံ တိုက်ရိုက်ဝင်တွေ့ပြီး မူးယစ်ဆေးဝါးမှုနှင့် ဖမ်းဆီးခံနေရသော ဝဏ္ဏသွေးနှင့် ခေတ္တတွေ့ဆုံခွင့်ပြုပါရန် တောင်းဆိုခဲ့သည်။

''မူးယစ်မှုဖြစ်နေတဲ့အပြင် စစ်ဆေးဆဲဖြစ်လို့ ဘယ်သူ့ကိုမှ တွေ့ခွင့်မပေးသေးပါဘူး ဆရာမကြီး၊ သူ့မိဘတွေကိုတောင် တွေ့ခွင့်မပြုသေးပါဘူး၊ ကွင်းဆက်တွေ စစ်ဆေးနေဆဲဖြစ်လို့ပါ''

''ဟုတ်ကဲ့ရှင့်၊ ကျွန်မ အခုလာတွေ့တာဟာ အမှုနဲ့ မပတ်သက်ပါဘူး၊ ဝဏ္ဏသွေးက ကျွန်မရဲ့ တပည့်ဟောင်းပါ၊ သူ့ကို ဆိုဆုံးမချင်တာရယ်၊ စားစရာတွေ ပေးချင်တာရယ်ပဲ ရှိပါတယ်''

စခန်းမှူးက ဆရာမကြီး ဒေါ်မြတ်သစ္စာကိုကောင်းစွာသိရှိသည်။ ဆရာမကြီးနှင့်အတူ ငါးပိကြော်၊ ငါးခြောက်ကြော်၊ သရက်သီးသနပ် ပုလင်းများကိုတွေ့ရ၍ အမှန်တကယ် ရိုးသားစွာလာရောက်ကြောင်း သဘောပေါက်ခဲ့သည်။

''ဒီလိုလုပ်ပါ ဆရာမကြီး၊ ကျွန်တော် မြို့နယ်ရဲတပ်ဖွဲ့မှူးဆီ သတင်းပို့ပေးပါ့မယ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးကိုလည်း ဆရာမကြီး သိနေတာပဲ၊ အဆင်ပြေမှာပါ''

''ကျေးဇူးပါပဲရှင်''

''အခု ဆရာမကြီးနဲ့ အတူပါလာသူတွေက ဘာတော်သလဲ''

''သူက ကျောင်းဆရာမ ယမင်းပါ၊ ဆရာမ ယမင်းရဲ့ဘေးမှာ ထိုင်နေတာက ဆရာမရဲ့ခင်ပွန်း ကိုသိန်းထိုက်ကျော်ပါ၊ သူတို့နှစ်ယောက်လုံးက တစ်တန်းတည်း အတူတကွ ပညာသင်ခဲ့ကြတဲ့ သူငယ်ချင်းတွေပါ''

''ဟုတ်ကဲ့၊ ခဏစောင့်နော်၊ ကျွန်တော် သတင်းပို့ပေးပါ့မယ်''

မြို့နယ်ရဲတပ်ဖွဲ့မှူးထံသို့စခန်းမှူးက သွားရောက်တွေ့ဆုံပြီး သတင်းပို့သည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးက ထိုကိစ္စကို တစ်ဦးတည်းမဆုံးဖြတ်နိုင်၍ ခရိုင်ရဲတပ်ဖွဲ့မှူးထံ ဖုန်းဖြင့်ဆက်သွယ်ပြီး ခွင့်ပြုချက်တောင်းခံသည်။

ခရိုင်ရဲတပ်ဖွဲ့မှူး၏ ဆုံးဖြတ်ချက်အရ မြို့နယ်ရဲတပ်ဖွဲ့က ခွင့်ပြုခဲ့သည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးထံမှခွင့်ပြုချက်ရရှိသည်နှင့် စခန်းမှူးက ကျောင်းအုပ်ဆရာမကြီးထံ ချက်ချင်းအသိပေးခဲ့သည်။

''ဆရာမကြီးရေ ရဲလုပ်ငန်းစဉ်အရ စစ်ဆေးဖော်ထုတ်နေဆဲဖြစ်လို့ ဘယ်သူ့ကိုမှ တွေ့ခွင့်မပြုသလို သတင်းထုတ်ပြန်မှုလည်း မလုပ်သေးပါဘူး၊ ကွင်းဆက်တွေကိုဖော်ထုတ်ရမှာဖြစ်လို့ ကွင်းဆက်တရားခံတွေကို ထွက်ပြေးနိုင်အောင်အခွင့်အရေးပေးသလိုဖြစ်သွားမှာစိုးလို့ပါ''

''ဟုတ်ကဲ့ပါ မြို့နယ်မှူးကြီး၊ ကျွန်မ လာတာက တပည့်ကို ဆရာမက လာတွေ့တဲ့သဘောပါပဲ၊ လူမှုရေးအရ အစားအသောက်ပေးပြီး သူ့ကို နောင်တနဲ့အမှားကိုပြင်ဖို့ ဆုံးမချင်လို့ပါ''

''ကျေးဇူးပါပဲ ဆရာမကြီး၊ ဆရာမကြီးရဲ့ ရည်ရွယ်ချက်က ကျွန်တော်တို့ရဲတပ်ဖွဲ့ရဲ့ ရည်မှန်းချက်အတိုင်းဖြစ်နေလို့ ဝမ်းသာပါတယ်၊ တစ်ခုတော့ရှိတယ် ဆရာမကြီး''

မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြောရမည့်စကားကို ရပ်ထားရင်း အားနာသောအကြည့်ဖြင့် လှမ်းကြည့်လိုက်၏။

''မြို့နယ်မှူးကြီးဘက်က လို

www.burmeseclassic.com

www.burmeseclassic.com


အပ်တာမှန်သမျှ ပွင့်ပွင့်လင်းလင်း ပြောပြပါရှင့်''

''ဒီလိုပါ၊ တွေ့ဆုံခွင့်ပေးတဲ့ အချိန်မှာ ကျွန်တော့်ရုံးက အရာရှိ တစ်ယောက်ရဲ့ရှေ့မှာပဲ တွေ့ဆုံဖို့ပါပဲ၊ ဘာအကြောင်းမှတော့မဟုတ်ပါဘူး။ အမှုနဲ့ပတ်သက်တဲ့ စကားတွေကို ဆရာမကြီးဆီပြောပြီး အကူအညီတောင်းခံမှာစိုးလို့ပါ''

''ကျွန်မ နားလည်ပါတယ်''

''ဟုတ်ကဲ့ပါ ဆရာမကြီး၊ တရားခံတိုင်းဟာ အမှုမှလွတ်မြောက်ဖို့ ကြိုးစားလေ့ရှိပါတယ်၊ အဲဒီလို ကြိုးစားကြတဲ့နေရာမှာ ဆရာမကြီးရဲ့ စေတနာကို တလွဲသုံးပြီး မူးယစ်လမ်းကြောင်းဖော်ထုတ်မှုကို ဖျောက်ဖျက်မှာကြောက်လို့ပါ''

မြို့နယ်ရဲတပ်ဖွဲ့မှူးက အားနာစွာဖြင့် ရှင်းပြသည်။ ဆရာမကြီး ဒေါ်မြတ်သစ္စာက နားလည်ခံစားသောစိတ်ဖြင့် သူ့အမြင်ကိုယ့်အမြင် ပေါင်းစပ်မှုကို လက်ခံခဲ့သည်။

မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်းထဲ၌ပင် တွေ့ဆုံရန် စီစဉ်ပေးခဲ့သည်။ ယ်ထိန်းအရာရှိက အနီးတွင်ထိုင်၍ စောင့်ကြည့်ပေးရန် တာဝန်ယူခဲ့သည်။

ဝဏ္ဏသွေးသည် အမှုကြီးကို ကျူးလွန်သောသူဖြစ်သည်။ အချို့သော တရားခံများက ထွက်ပြေးမှုများရှိခဲ့ဖူး၍ ဝဏ္ဏသွေးကို အစောင့်တပ်ဖွဲ့ဝင်နှစ်ဦးက အနီးကပ်စောင့်ကြည့်နေပြီး အလွယ်တကူထွက်ပြေးခြင်းမပြုနိုင်စေရန် ဝင်ပေါက်တံခါးကို ပိတ်ထားခဲ့သည်။

မူးယစ်မှုသည် နှစ်ကြီးပြစ်ဒဏ်ချမှတ်ခံရမည့်သူများဖြစ်၍ ကိုယ်လွတ်ရုန်းတတ်ကြသည်။ ရဲတပ်ဖွဲ့က အစောင့်အရှောက်အပြည့်အဝဖြင့် လုံခြုံမှုကို ဦးစားပေး၍ ကူညီခဲ့ခြင်းကိုပင် ဆရာမကြီး ဒေါ်မြတ်သစ္စာက ကျေးဇူးတင်နေမိခဲ့၏။

+++

''ဟင်.....''

''ဟယ်.....''

ဆရာမကြီး ဒေါ်မြတ်သစ္စာနှင့် ကျောင်းနေဖက်သူငယ်ချင်းများဖြစ်သော ဆရာမ ယမင်းနှင့် သိန်းထိုက်ကျော်တို့မှာ ဝဏ္ဏသွေးကိုတွေ့သည်နှင့် အံ့အားသင့်ကုန်ကြသည်။

ဝဏ္ဏသွေးကို ရဲတပ်ဖွဲ့အစောင့်များက လက်ထိတ်ခတ်ထားသည်။ ထွက်မပြေးနိုင်စေရန် ကြိုတင်စီစဉ်ခြင်းဖြစ်သည်။

''ဆရာမရယ်.....သားလေ ဆရာမကို ဘယ်လိုတောင်းပန်ရမှန်းတောင် မသိတော့ဘူး''

ဝဏ္ဏသွေးက ယခင်က ပညာသင်ပေးခဲ့ဖူးသည့် ဆရာမကို ယခင်ခေါ်နေကျအတိုင်း ဆရာမဟုပင်ခေါ်လိုက်သည်။

ဆရာမကြီးနှင့် သူငယ်ချင်းနှစ်ယောက်တို့က အသေအချာကြည့်လိုက်ကြသည်။ ဝဏ္ဏသွေးမှာ ပိန်လှီလှသည်။ အသားအရေကလည်း မွဲခြောက်ခြောက်ရယ်။ ပါးရိုးနှင့် နားထင်ရိုးများက ကွင်းကွင်းကွက်ကွက် ပေါ်နေ၏။

ဝဏ္ဏသွေးကို မည်သို့ကြည့်သည်ဖြစ်စေ မူးယစ်သားကောင်အဖြစ် သိသာလှသည်။ ပြီးတော့ သူ့မျက်နှာပေါ်မှ ပွေးကွက်လို အကွက်များ၊ အဖုအပိမ့်များကြောင့် မည်သည့်အခြေအနေသို့ ဆိုက်ရောက်နေမှန်း သိသာလွန်းလှ၏။

''ဆရာမရယ် သားကိုလာ မတွေ့သင့်ဘူး''

''ဟဲ့...နင်က ငါ့တပည့်လေ၊ နင်ဘယ်ဘဝရောက်သည် ဖြစ်စေ အနန္တမေတ္တာက မပျက်ဘူးဟဲ့''

''အဲဒီလိုကြောင့် ကျွန်တော့်အတွက် ဝမ်းနည်းမဆုံးဖြစ်ရသလို ဆရာမကို မတွေ့ဝံ့အောင် ဖြစ်နေရတာပါ''

ဆရာမကြီး ဒေါ်မြတ်သစ္စာမှာ တပည့်ဖြစ်သူ ဝဏ္ဏသွေးကိုကြည့်ရင်း မျက်ရည်များဝဲလာခဲ့၏။

''ငါ့ဘဝမှာ ငါ့တပည့်တွေကို နိုင်ငံအတွက် လူတော်လူကောင်းတွေအဖြစ်နဲ့ပဲ တွေ့ချင်တာပါ၊ ဒီတော့ မင်းကိုတွေ့ရတာ ဆရာမ ဝမ်းနည်းလို့မဆုံးဘူး တပည့်ရဲ့''

ဆရာမကြီး ဒေါ်မြတ်သစ္စာထံမှ ရှိုက်သံတစ်ချက်က လွင့်စဉ်လာခဲ့သည်။ ကြေကွဲမှုမျက်ရည်တစ်ပေါက်ကလည်း ထိန်းထားသည့်ကြားမှ ကြွေကျလာခဲ့၏။

''မင်းကလည်းကွာ ဆရာမက အခု ကျောင်းအုပ်ဆရာမကြီး ဖြစ်နေပြီ၊ မင်းကို ဒီအထိလာတွေ့တာဟာ တပည့်တွေအပေါ် ဘယ်လောက်သံယောဇဉ်ကြီးသလဲဆိုတာ မင်းပဲစဉ်းစားကြည့်လေ''

www.burmeseclassic.com

www.burmeseclassic.com

သိန်းထိုက်ကျော်က ဝင်ရှင်းပြလိုက်၏။

"သူ့ကို ဒီအချိန်မှာ ဘာမှ အပြစ်မပြောကြပါနဲ့ကွယ်၊ သူ့ရဲ့ယိုင်လဲနေတဲ့ စိတ်ဓာတ်ကို တည့်မတ်ပေးဖို့ ကြိုးစားပေးရမယ်၊ ပြီးတော့ မူးယစ်ဆေးဝါးမှုန်သမျှကို ပစ်ပယ်ပြီး လူကောင်းသူကောင်းဘဝနဲ့ ဘဝသစ်ကို ပြန်စဖို့ တို့တစ်တွေ တွန်းအားပေးကြရမယ်"

ဆရာမကြီးက သူမ၏တပည့် သိန်းထိုက်ကျော်ကို သတိပေးစကားပြောရင်း ဝဏ္ဏသွေးကို စိတ်ဓာတ်မြှင့်တင်ပေးခဲ့သည်။

ဝဏ္ဏသွေးက သူ့စိတ်ကို သူ မထိန်းနိုင်တော့၍ ရှိုက်ကြီးတငင်ငိုလိုက်၏။ အားလုံး အံ့အားသင့်စရာဖြစ်ခဲ့ရသည်။

"ဘာဖြစ်လို့ ဝမ်းနည်းနေရတာလဲ တပည့်ရဲ့"

"ဒီလိုပါ၊ တစ်ချိန်က မူးယစ်ဆေးဝါး စတင်သုံးစွဲနေတဲ့ ကျွန်တော့်ကို ဆရာမက ခေါ်ယူသတိပေးပြီး ဆုံးမခဲ့တယ်၊ ကျွန်တော်က မူးယစ်ဆေးဝါးစွဲနေပြီဆိုတော့ ဒီကိစ္စကို ဘယ်သူ့မှမသိစေချင်ဘူး၊ ဆရာမက ကျွန်တော့်ကို ဆုံးမတာ မနာခံလို့ ကော်ပေတံနဲ့ ပစ်ခဲ့တယ်၊ ပုရွက်ဆိတ်ကိုက်သလောက်ဒဏ်ရာပဲ ရရှိခဲ့တယ်"

"အေးလေ၊ အဲဒါကို နင်က ဘာဖြစ်လို့ နင့်မိဘတွေကို လိမ်ပြီး တိုင်ခိုင်းရတာလဲ"

ကျောင်းဆရာမ ယမင်းက မခံ ချင်စိတ်ဖြင့် ပြောလိုက်၏။

ဆရာမကြီး ဒေါ်မြတ်သစ္စာက ထိုသို့မပြော ရန် လက်ကာပြပြီး တားမြစ်လိုက် သည်။

"အေးပါ ယမင်းရယ်၊ အဲဒီအချိန်က ငါ မူးယစ်ဆေးဝါးသုံးစွဲနေတာကို ဆရာမက ငါ့မိဘနဲ့ ကျောင်းအုပ်ကြီးကို တိုင်လိမ့်မယ်လို့ ထင်ခဲ့တယ်"

အားလုံးက စေတနာကိုအထင်လွဲခံရမှုအား နားထောင်နေခဲ့ကြ၏။

"ကျွန်တော့်စိတ်ထဲမှာ ဆရာမ ရှိနေသရွေ့ တစ်နေ့နေ့ ကျွန်တော့်ကိစ္စ ပေါ်လာတော့မယ်လို့ တွေးမိခဲ့တယ်၊ အဲဒါနဲ့ မိဘကို လိမ်တိုင်တယ်၊ မိဘကလည်းယုံကြည်တယ်ဆိုပါတော့၊ ဝန်ထမ်းလောကကို အထင်မကြီးတဲ့ ကျွန်တော့်မိဘက ဆရာမကို ရာထူးအပြုတ်ဆိုပြီး တိုင်စာပို့ခဲ့တော့တာပဲ"

"အဲဒီကိစ္စ ဘာဖြစ်လို့ ပြန်ပြောရတာလဲ တပည့်ရဲ့၊ ဆရာမနဲ့ ပညာရေးလောကတစ်ခုလုံးအတွက် သင်ခန်းစာတောင်ရခဲ့သေးတယ်"

"ဟုတ်ပါတယ်၊ ဆရာမ ပြောင်းသွားတော့ ကျွန်တော်ဟာ မူးယစ်လောကထဲမှာ ပိုပြီးအတင့်ရဲခဲ့တယ်၊ ပညာရေးလည်း ကျဆုံးခဲ့တယ်၊ အခုတော့ မိုက်ပြစ်ကိုခံဖို့ အချိန်ရောက်လာခဲ့ပြီ ဆရာမ၊ ဒါဟာ လောကပြစ်ဒဏ်ပဲမဟုတ်လား"

"ကဲ.....တပည့်၊ ဒါတွေကို ပြန်မစဉ်းစားနဲ့၊ ပြစ်ဒဏ်ကျခံရပြီးရင် မင်းဘာလုပ်မယ်လို့ စိတ်ကူးသလဲ"

ဆရာမကြီးက တပည့်ဖြစ်သူကိုကြည့်ရင်း နောင်ရေးအတွက် မေးလိုက်၏။

"ကျွန်တော် မူးယစ်ဆေးဖြတ်မယ်၊ မူးယစ်ဆေးဝါးကို လုံးဝဆန့်ကျင်မယ်၊ တကယ်တော့ ကျွန်တော်တို့တစ်တွေဟာ အတ္တလောဘသမားတွေအတွက် အဖြည့်ခံတွေဖြစ်ခဲ့ရတာပါ"

"ဝမ်းသာတယ် တပည့်၊ မင်းမှာ တာဝန်တစ်ခုရှိနေတယ်"

"တာဝန်၊ ဘာတာဝန်လဲ ဆရာမ၊ ထောင်ကျခံရမယ့် ကျွန်တော့်ဘဝမှာ တာဝန်ထမ်းဆောင်နိုင်ဖို့အခွင့်အရေးဘာမှမရှိတော့ဘူး"

"မင်းရဲ့အမြင်က လိုအပ်ချက်တွေရှိနေတယ် တပည့်၊ လူငယ်ထုထဲကို မူးယစ်ဆေးဝါးတွေ တော်တော်ပျံ့နှံ့နေပြီ၊ မူးယစ်ဆေးဝါးသုံးစွဲသူများလာရင် နိုင်ငံ့စွမ်းဆောင်ရည် ဆုံးရှုံးတယ်၊ လူငယ်မျိုးဆက်သစ်တွေရဲ့ဘဝဟာ ရေမျောသစ်တုံးတွေ ဖြစ်တော့မယ်၊ ရေစိုလို့ ဆွေးမြည့်နစ်မြုပ်ကြမယ်၊ နောက်ဆုံး ပင်လယ်ထဲမျောပါရင် အစပျောက်ဆုံးရှုံးကြရလိမ့်မယ်"

ဆရာမကြီး ဒေါ်မြတ်သစ္စာ၏ စကားကို ဝဏ္ဏသွေးက ထပ်ပြီးစဉ်းစားသည်။ အဖြေတစ်ခုကို ရှာတွေ့သွားခဲ့၏။

"ဆရာမပြောခဲ့တဲ့ တာဝန်ဆို တာကို ကျွန်တော်သဘောပေါက်သွားပြီ ဆရာမ၊ ကျွန်တော် တာဝန်ကျေစေရမယ်"

"လူငယ်ထုနဲ့ ကျောင်းသားလူ

www.burmeseclassic.com


ယ်များကို မူးယစ်ဆေးဝါးထောင် ချောက်ထဲက ဆွဲထုတ်ဖို့ မင်းတာဝန်ယူနိုင်မှာပါ''

''ဟုတ်ကဲ့ပါ ဆရာမ၊ မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးနေတဲ့ ကွင်းဆက်အားလုံးကို ကျွန်တော်လေ ရဲတပ်ဖွဲ့ကို ဖွင့်ပြောမယ်၊ ထောင်ကပြန်လွတ်လာရင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဖြစ်တဲ့ MANA ထဲဝင်မယ်၊ ကိုယ်တွေ့ဖြစ်ရပ်တွေကို ဟောပြောပြီး ဆန့်ကျင်မယ်''

''ဝမ်းသာလိုက်တာ တပည့်ရယ်၊ ဆရာမ ဒီနေ့ လာရကျိုးနပ်ပြီပေါ့''

ဆရာမကြီးကို ဝဏ္ဏသွေးက က်အုပ်ချီပြီး ကန်တော့သည်။ ာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ်မှားသမျှကို ခွင့်လွှတ်ပေးပါရန် ်ဖွင့်တောင်းပန်ခဲ့သည်။

ဆရာမကြီးနှင့် တပည့်နှစ်ဦးတို့ ဝဏ္ဏသွေးအတွက် ယူလာခဲ့ သာ စားစရာများကို ပေးအပ်ခဲ့ ည်။ တွေ့ဆုံမှု ပြီးဆုံးချိန်ဝယ် ္ဏသွေးကို ပြန်ခေါ်သွားခဲ့၏။

ထိုအချိန် မြို့နယ်ရဲတပ်ဖွဲ့မှူး ားသို့ရောက်လာခဲ့သည်။

''ကျေးဇူးတင်ပါတယ် ဆရာမ ကြီး ကျွန်တော်တို့က ကွင်းဆက် တွေကိုစစ်ဆေးဖော်ထုတ်နေတာပါ၊ ဏ္ဏသွေးက မူးယစ်သံယောဇဉ်နဲ့ ာထုတ်မပြောသေးဘူး၊ အခု ာ့ ဆရာမကြီးရဲ့ ဆုံးမစကား ကြောင့် ကျွန်တော်တို့ရဲလုပ်ငန်း ည်း အောင်မြင်သွားပါပြီ''

မြို့နယ်ရဲတပ်ဖွဲ့မှူးက လိုက်လှဲဝမ်းမြောက်စွာ ပြောဆိုပြီး ဆရာမ ကြီး၏ အပြန်ခရီးအား သူ၏ရုံးကား ဖြင့် လိုက်ပို့ပေးရန် စီစဉ်ခဲ့သည်။

ဆရာမကြီး ဒေါ်မြတ်သစ္စာ အပြင်သို့ထွက်လာချိန်ဝယ် အပြင်ဘက် ကားတစ်စီးအတွင်း၌ ထိုင်နေသည့် ဝဏ္ဏသွေး၏မိခင်က ပြေးထွက်လာသည်။

''ဆရာမကြီး ကျွန်မက ဝဏ္ဏသွေးရဲ့မိခင်ပါ''

''ဟုတ်ကဲ့၊ ကျွန်မ သူ့ကိုတွေ့ပြီး ပြန်လာတာပါ''

''ဟုတ်လား၊ သားလေးကို အမှုကသက်သာအောင် ကူညီပါဦး ဆရာမကြီးရယ်''

''ဟုတ်ကဲ့၊ အဲဒါက ရဲနဲ့တရားရုံးအလုပ်ပါ၊ ကျွန်မက ကလေးတွေရဲ့ စာရိတ္တမဏ္ဍိုင် မပြိုလဲအောင် သွန်သင်ဆုံးမနေရတဲ့ ပညာရေးဝန်ထမ်း ဆရာမပါ''

''ဟုတ်ပါတယ်၊ ဟိုတုန်းက သားကိုချစ်တဲ့ဇောနဲ့ အမှန်မမြင်ဘဲ ဆရာမကို အရေးယူပေးဖို့ တိုင်ကြားခဲ့တာတွေကို တောင်းပန်ပါတယ်၊ သားလေးကိုတော့ တပည့်တစ်ဦး အနေနဲ့ စောင့်ရှောက်ပေးပါ ဆရာမကြီး''

''ဟုတ်ကဲ့၊ သူ့ကို နိုင်ငံတော်က စောင့်ရှောက်မှာပါ၊ သူက သူ့အမှားတွေကို ဝန်ချတောင်းပန်ခဲ့ပြီးပါပြီ၊ နောင်တလည်းရနေပါပြီ၊ နောင်တနဲ့ လူကောင်းဖြစ်လာတော့မှာပါ''

ဆရာမကြီးက ပြောဆိုပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးက စီစဉ်ပေးသည့် ရဲကားပေါ်သို့ တက်ထိုင်လိုက်သည်။ ဆရာမကြီးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ ရင်းနှီးမှုရှိသည်ထင်ပြီး ချဉ်းကပ်လာပြန်သည်။

''ဆရာမကြီးအတွက်ပါ၊ ဘယ်လိုမှမငြင်းနဲ့နော်''

ဝဏ္ဏသွေး၏မိခင်က ဘယ်အချိန်က ချွတ်ထားသည်ဟုမသိရသော ရွှေလက်ကောက်လေးကွင်းကို လူမမြင်စေရန် ချဉ်းကပ်ပေးခဲ့၏။

ဆရာမကြီး ဒေါ်မြတ်သစ္စာမှာ စေတနာကို စော်ကားခံရ၍ ချက်ချင်း ဒေါသပေါက်ကွဲသွားခဲ့သည်။

လက်ကောက်လေးကွင်းကို လူတကာမြင်တွေ့စေရန် လမ်းမပေါ်သို့ပစ်ချပြီး ပြန်ကောက်ယူစေခဲ့၏။

''အစ်မကြီးကိုယ်တိုင် စိတ်ဓာတ်ပြင်လိုက်ပါဦး''

ဆရာမကြီး ဒေါ်မြတ်သစ္စာက စိတ်ဆိုးတကြီး အော်ပြောပြီးသည်နှင့် ကားကိုမောင်းစေခဲ့သည်။

ဝဏ္ဏသွေး၏ မိခင်မှာ သူ့အမှားကို ချက်ချင်းသဘောပေါက်သွားခဲ့၍ နေရာတွင်ပင် မှင်တက်မိရင်း မလှုပ်မယှက် ရပ်နေခဲ့မိတော့၏။

လေးစားစွာဖြင့်
ထက်ထက်ဦးဝေ

www.burmeseclassic.com

www.burmeseclassic.com



# သန်းမြင့်ဦး
# အိပ်မက်

www.burmeseclassic.com

www.burmeseclassic.com


''အား.....''

အောက်ထပ်ဆီမှ ကေသီ၏ အော်သံကို ကြားလိုက်ရသည်နှင့် အောင်သူသည် လဲလျောင်းနေရာမှ ထထိုင်ပြီးသားဖြစ်နေသည်။ ခုတင်ပေါ်တွင် ခြေထောက်ဆင်းထိုင်ရင်း ထိုခုတင်ခေါင်းရင်းဘက် ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ကြည့်နေမိသည်။

ထိုစဉ် အိမ်ဖော်မိန်းကလေး အေးသီတာသည် အခန်းတွင်းသို့ အမောတကောနှင့် ပြေးဝင်လာသည်။ မျက်စိမျက်နှာလည်း အကြီးအကျယ်ပျက်နေသည်။ အေးသီတာသည် ခုတင်တွင်တင်ပါးလွှဲထိုင်ရင်း အေးအေးလူလူ အပြင်သို့ကြည့်နေသော အောင်သူ့ကိုကြည့်ပြီး ခြေလှမ်းတုံ့ဆိုင်းရပ်တန့်သွားရာမှ ပါးစပ်အပေါင်းသားဖြစ်သွားသည်။

အောင်သူသည် ခုတင်ဘေးရှိ စားပွဲပေါ်မှ ဓာတ်ဘူးကို လှမ်းယူလိုက်သည်။ ပြီးနောက် ဖန်ခွက်ထဲသို့ ရေနွေးကြမ်းငှဲ့ထည့်၍သောက်လိုက်သည်။ ထို့နောက် အေးသီတာအား လေသံအေးကလေးဖြင့်ပင် လှမ်း၍မေးခွန်းထုတ်လိုက်၏။

''ဘာလဲ မင်းတို့ရဲ့မမလေး လှေကားပေါ်ကနေ ခြေချော်လက်ချော်နဲ့ကျပြီး ထိပ်ပေါက်ခေါင်းပေါက်ဖြစ်သွားပြန်ပြီလား''

သည်တစ်ခါတော့ အေးသီတာသည် ပါးစပ်အပေါင်းသားဖြစ်သွားရုံမက မျက်လုံးပြူးမျက်ဆန်ပြူးလည်း ဖြစ်သွားခဲ့ရာမှ တစ်ဆက်တည်း တအံ့တဩရှိသည့်လေသံဖြင့်.....

''မမလေး အခုလိုဖြစ်သွားတာကို အစ်ကိုလေးက ဘယ်လိုလုပ်ပြီး သိနေရတာလဲ၊ အစ်ကိုလေး အခန်းအပြင် ထွက်ကြည့်ပြီးလို့လား''

အောင်သူက ပြုံး၍ ဦးခေါင်းခါပြလိုက်လျက်

''ငါက အခုမှအိပ်ရာကနိုးတဲ့ ဥစ္စာပဲ၊ ဒါတောင်မှ နင့်မမလေးရဲ့ အော်သံကြောင့် နိုးသွားတာ''

''ဒါဆို အစ်ကိုလေးက မမလေးရဲ့အဖြစ်ကို ဘယ်လိုလုပ်ပြီးသိနေရတာလဲ''

သည်တော့လည်း အောင်သူက လေသံအေးကလေးဖြင့်ပင် အေးသီတာအား ရှင်းလင်းပြောပြခဲ့ပါ၏။

''မင်းရဲ့အစ်မလေး အခုလိုမဖြစ်ခင် ငါ့အိပ်မက်ထဲမှာ မက်ပြီးသား၊ ဒါကြောင့် သူ့ရဲ့အဖြစ်တွေကို ကြိုသိနေပြီး ငါ့စိတ်ထဲမှာ သိပ်ပြီးမထူးဆန်းတော့တာပေါ့၊ အခု နင့်ကို ငါပြောတဲ့အတိုင်း သူ လှေကားပေါ်ကနေ ခြေချော်ကျပြီး ထိပ်ပေါက်ခေါင်းကွဲ ဖြစ်သွားပြီမဟုတ်လား''

အေးသီတာက ဦးခေါင်းကို လေးလေးတွဲ့တွဲ့ကြီး ညိတ်ပြလျက် ပြန်ပြောခဲ့သည်။

''ဟုတ်တယ် အစ်ကိုလေး၊ ခေါင်းကဒဏ်ရာက တော်တော်များများပုံရတယ်၊ သွေးတွေအရမ်းထွက်နေ

> **''မင်းအခုလိုဖြစ်မယ်ဆိုတာကို ငါ ညကတည်းက အိပ်မက်ထဲမှာ မြင်မက်ပြီးသား၊ ဒါကြောင့် မင်းကို အခုလိုပုံစံနဲ့ မြင်လိုက်ရတော့ ငါ့စိတ်ထဲမှာ သိပ်ပြီး မထူးဆန်းတော့တာပေါ့''**

www.burmeseclassic.com

www.burmeseclassic.com

တယ်၊ အစ်ကိုလေးကို အမြန်ခေါ်ခဲ့ဖို့ပြောလို့ အေး လာခေါ်တာ''

အောင်သူသည် စိတ်မောလူမောဖြစ်သွားသလို သက်ပြင်းတစ်ချက်ကို ချလိုက်ရာမှ.....

''အင်း.....နင့်ရဲ့ မမလေးကတော့ ဖြစ်လိုက်ရင် အသည်းအသန်ချည်းပဲ၊ ဒီကနေ့ ငါ အိပ်ရာထနည်းနည်းနောက်ကျသွားလို့ သူ့အခုလို ခံလိုက်ရတာ၊ ကဲ..ကဲ သွား..သွား၊ ငါ နောက်ကနေ လိုက်ခဲ့မယ်''



အောင်သူသည် အေးသီတာနှင့် အတူ ထွက်၍လိုက်ခဲ့သည်။ အောက်ထပ် လှေကားခြေရင်းတွင် မျက်နှာလေး ရှုံ့ရှုံ့မဲ့မဲ့ဖြင့် ခြေပစ်လက်ပစ် ထိုင်နေသည့် ဇနီးဖြစ်သူ ကေသီကို တွေ့ရသည်။ ကေသီသည် ဦးခေါင်းထက်ကို လက်ဝါးဖြင့်အုပ်ထားသည်။ လက်ဖမိုးပေါ်မှ သွေးစအချို့ကို တွေ့ရသည်။ လှေကားပေါ်မှ လိမ့်ကျသည့် ဒဏ်ကြောင့် ထိပ်ပေါက်ခေါင်းကွဲဖြစ်သွားပုံရသည်။ သို့တစေ ဒဏ်ရာက သိပ်ပြီးကြီးမားပုံတော့မရပေ။

''ဒီမှာ ဒီလောက်ဖြစ်နေတာတောင် ရှင်က သွေးအေးနေနိုင်သေးတယ်နော်''

ခြေလှမ်းမှန်ဖြင့် လှေကားထစ်များအတိုင်း အောက်သို့ဆင်းလာနေသည့် သူ့ကိုကြည့်ပြီး ကေသီက မျက်စောင်းတစ်ချက်ပစ်ထိုးရင်း မကျေမနပ်ဆိုသည်။

''ဖြစ်ပြီးမှတော့ ငါက ဘာတတ်နိုင်မှာတဲ့လဲ၊ အမှန်တော့ မင်း အခုလိုဖြစ်သွားတာ ငါဒီနေ့ အိပ်ရာထနောက်ကျသွားလို့ပဲ၊ မဟုတ်ရင် မင်း ဒီလိုဖြစ်စရာအကြောင်းမရှိဘူး၊ မင်းကလည်း ငါ့ကို အိပ်ရာထဖို့ စောစောစီးစီးမှ မနှိုးဘဲကိုးကွ''

''ဘာလဲ ကေသီ အခုလိုဖြစ်တာကို ရှင် အိပ်မက်ထဲမှာ မြင်ပြီးပြီလို့ ပြောချင်သေးလို့လား''

မကျေမနပ်ဖြင့်ပြောလာသည့် ကေသီ့အမေးစကားကို အောင်သူက ဦးခေါင်းညိတ်ပြလိုက်လျက် တစ်ဆက်တည်း.....

''ဟုတ်တယ်၊ မင်းအခုလိုဖြစ်မယ်ဆိုတာကို ငါ ညကတည်းက အိပ်မက်ထဲမှာ မြင်မက်ပြီးသား၊ ဒါကြောင့် မင်းကို အခုလိုပုံစံနဲ့ မြင်လိုက်ရတော့ ငါ့စိတ်ထဲမှာ သိပ်ပြီး မထူးဆန်းတော့တာပေါ့''

''ဟင်း.....ရှင့်အိပ်မက်ဇာတ်လမ်းကလည်း ကေသီတစ်ခုခုဖြစ်တိုင်း အမြဲတမ်းပါနေတော့တာပဲနော်၊ ရှင်ကလည်း အိပ်မက်ကို မက်ပဲမက်နိုင်လွန်းတယ်၊ ကဲပါ..ကေသီ့ခေါင်းကဒဏ်ရာကို ဆေးထည့်ပေးဖို့ လုပ်ဦးလေ၊ ခေါင်းက အရမ်းနာပြီး သွေးတွေလည်းထွက်နေတယ်ရှင့်''

''ဒါဆိုလည်း ထတော့လေ၊ အိပ်ခန်းထဲသွားပြီး ဆေးထည့်ကြရအောင်''

ထို့နောက် အောင်သူသည် ကေသီ့အားတွဲကာ အပေါ်ထပ်ရှိ အိပ်ခန်းထဲသို့ ပြန်ခေါ်ခဲ့သည်။ ကေသီ၏ခေါင်းထက်မှဒဏ်ရာကို ဆေးသိပ်ကာ ပလာစတာကပ်ပေးလိုက်သည်။ ပေါက်သွားသည့်ဒဏ်ရာက သိပ်မကြီးသော်လည်း နည်းနည်းတော့ ဖူးရောင်နေသည်။

''ဆေးလည်းသောက်ထားဦး မင်းအခုလိုဖြစ်နေတော့ ကိုယ်ကုမ္ပဏီကို သွားလို့ဖြစ်မလား''

www.burmeseclassic.com

www.burmeseclassic.com



အောင်သူ့အမေးကို ကေသီ
က.....
"သွားပါ၊ ရပါတယ်၊ ကေသီ
က သိပ်ပြီး ကြီးကြီးကျယ်ကျယ်ဖြစ်
သွားတာမှမဟုတ်တာ။ ကေသီနေ
တတ်ပါတယ်၊ တစ်ခုတော့ရှိတယ်၊
ညနေကျရင် အခါတိုင်းလို နောက်
ကျပြီးမှပြန်လာတာမျိုးတော့ မဖြစ်
စေနဲ့ပေါ့"
အောင်သူက ဦးခေါင်းညိတ်ပြ
လိုက်လျက် တစ်ဆက်တည်း.....
"အေးပါ၊ ကိုယ့်မိန်းမ အခုလို
ဖြစ်နေတဲ့ဥစ္စာ၊ ကိုယ်အိမ်ပြန်နောက်
ကျလို့ ဘယ်ဖြစ်မလဲ၊ စောစောပြန်
လာမှာပေါ့၊ ပြီးတော့ မင်း မီးဖိုထဲ
ဝင်ဖို့လည်း မစဉ်းစားနဲ့တော့၊ မင်း
အသျှော်ခံလို့ မဖြစ်တော့ဘူး၊ တော်
ကြာ မင်းရဲ့ခေါင်းကဒဏ်ရာကြောင့်
ဘာမဟုတ်တာလေးနဲ့ မေးခိုင်ရောဂါ
ဝင်ပြီး ဟုတ်ပေ့ဖြစ်နေဦးမယ်"
စိုးရိမ်စကားများဆိုနေသည့်
အောင်သူ့ကိုကြည့်ပြီး ကေသီသည်
ကျေနပ်သဘောတွေ့သလို မြမြကလေး
ပြုံးလိုက်လျက်.....
"ဩော်.....ဩော် ရှင်က ကေ
သီ့အတွက် စိုးရိမ်ဖော်ရပေးတာကို၊
ကျေးဇူးတင်ပါတယ်ရှင်၊ အခုလို
ကေသီ့အတွက် စိုးရိမ်ဖော်ရတဲ့
အတွက်၊ ကဲပါ.....ရှင်အလုပ်ကို
သာ သွားဖို့လုပ်ပါတော့၊ ဒီက
အတွက် ဘာမှစိုးရိမ်မနေပါနဲ့၊ ရှင်
ပြောထားတဲ့အတိုင်း ကေသီ မီးဖို
ချောင်းထဲလည်း မဝင်တော့ဘူး၊
အသျှော်လည်းမခံတော့ပါဘူးတဲ့ရှင်၊
ကဲ.....ကျေနပ်ပြီလား"

ဩော်. .
အိပ်မက်. .
အိပ်မက်။
အခုတော့လည်း
အိပ်မက်ထဲက
အတိုင်း
အကြင်နာလည်း
အမှန်တကယ်
ဖြစ်ခဲ့ပါပကောလား
. . .

သည်တော့လည်း အောင်သူက ကေသီ့နဖူးပြင်လေးကို တစ်ချက်မျှငုံ့နမ်းလိုက်လျက်.....

"ဒီလိုဆိုရင် ကိုယ်အလုပ်သွားတော့မယ်နော်"

ကေသီက ဦးခေါင်းကို အသာညိတ်ပြလိုက်သည့်နောက် အောင်သူသည် ရေမိုးချိုးကာ အဝတ်အစားလဲပြီးနောက် စာရွက်စာတမ်းများထည့်ထားသည့် လက်ဆွဲအိတ်ကိုဆွဲကာ အလုပ်ရှိရာဆီသို့ ထွက်သွားတော့၏။

+++

"အမှန်အတိုင်းပြောရရင် ကိုယ် ညရောက်မှာတောင်ကြောက်နေမိတယ် ကေသီ"

ညနေထမင်းဝိုင်းတွင် အောင်သူက ထမင်းစားခြင်းကို လက်စသတ်ပြီးနောက် လက်ဆေးရင်း ကေသီ့ကိုပြောလိုက်၏။

ကေသီက မျက်လွှာလေးပင့်ကြည့်ရင်း.....

"ဘာဖြစ်လို့လဲ အစ်ကို"

"အိပ်ရမှာ ကြောက်နေလို့ပဲ ကေသီ၊ ကေသီပဲ စဉ်းစားကြည့်လေ၊ အိပ်ပြီဆိုတာနဲ့ မျက်လုံးမှိတ်လိုက်ပြီဆိုတာနဲ့ နိမိတ်ပြတဲ့ အိပ်မက်ဆိုးတွေက ကိုယ့်ဦးနှောက်ထဲကို ဝင်ဝင်လာတော့တာပဲ၊ ကြာရင် အဲဒီအိပ်မက်ဆိုးတွေကြောင့် ကိုယ်လည်း ဦးနှောက်ပျက်ပြီး စိတ်ကျန်းမာရေးဆေးရုံကိုရောက်ဖို့က အိပ်သေချာနေပြီ၊ အဲဒါကြောင့် ည

www.burmeseclassic.com

www.burmeseclassic.com

ရောက်မှာကိုလည်းကြောက်တယ်၊ အိပ်ရာထဲအိပ်နေတုန်း အိပ်မက်ဆိုးတွေ ဝင်လာမှာကိုလည်း အရမ်းစိုးရိမ်မိတယ် ကေသီ”

ညရောက်နေပြီး အိပ်စက်နေစဉ် အိပ်မက်ဆိုးများ ဝင်ရောက်နှောင့်ယှက်မည်ကို စိုးရိမ်နေသည့် ချစ်လင် အောင်သူအား ကရုဏာသက်သလို လှမ်းကြည့်ပြီး ကေသီက ဦးခေါင်းကို မသိမသာ ယမ်းခါလိုက်ရာမှ တစ်ဆက်တည်း.....

“အင်း.....အစ်ကို့ရဲ့အဖြစ်ကလည်း လူတစ်ရာမှာ တစ်ယောက်ကြုံခဲ့တဲ့အဖြစ်မျိုးပဲ၊ အစတုန်းက အစ်ကို့ရဲ့ အိပ်မက်တွေနဲ့ပတ်သက်ပြီး ကေသီ သိပ်အယုံအကြည်မရှိခဲ့တာ အမှန်ပဲ၊ ဒါပေမဲ့ နောက်ပိုင်းကျတော့ အစ်ကိုပြောသမျှ တိုက်ဆိုင်လွန်းအားကြီးတော့ ကေသီလည်း အစ်ကို့ရဲ့အိပ်မက်တွေကို အယုံအကြည်ရှိချင်လာမိတာအမှန်ပဲ၊ ဘာပဲဖြစ်ဖြစ်ပေါ့ အစ်ကို၊ ဒီနေ့ကစပြီး အစ်ကိုအိပ်ရာမဝင်ခင် ဘုရားတရားအာရုံပြုပြီး တစ်နာရီလောက် တရားထိုင်ကြည့်လိုက်ပါလား၊ ဒါဆိုရင် အစ်ကို့ရဲ့စိတ်တွေ တည်ငြိမ်ပြီး အေးချမ်းသွားမှာပဲ၊ အဲဒီလိုဆိုရင် အစ်ကို့အနေနဲ့ ဟိုအိပ်မက်တွေလည်း မမက်တော့ဘူးပေါ့”

ကေသီ့အကြံက ကောင်းပါ၏။ တစ်နာရီ၊ နှစ်နာရီလောက် ဘုရားတရား အာရုံပြုပြီး တရားအားထုတ်လိုက်ပါက အခြေအနေအားလုံး ပုံမှန်အနေအထားသို့ ရောက်သွားနိုင်လောက်သည်။ ညစဉ်မက်နေသည့် နိမိတ်ပြအိပ်မက်ဆိုးတွေ မြင်မက်ခြင်းမှလည်း လွတ်မြောက်သွားနိုင်သည်ပဲ။

“အင်း..ကောင်းတယ်၊ မိန်းမအကြံပေးသလိုပဲ ကိုယ် ဒီနေ့ညက စပြီး တရားထိုင်ကြည့်လိုက်မယ်၊ ကိုယ်က အလုပ်ထဲမှာချည်းပဲ စိတ်ပင်ပန်းနေတော့ အဲဒီလိုကိစ္စတွေ လုပ်ဖို့ကို သတိမေ့နေသလိုဖြစ်နေတာ၊ ကျေးဇူးပဲ..ကျေးဇူးပဲ၊ အခုလို သတိပေးတာကို”

လိုက်လိုက်လှဲလှဲကြီး ကျေးဇူးတင်စကားဆိုနေသည့် ခင်ပွန်းဖြစ်သူ အောင်သူ့ကိုကြည့်၍ ကေသီသည် စိတ်ကျေနပ်စွာဖြင့် ပြုံးကြည့်နေမိပါ၏။

သို့နှင့်ပင် အောင်သူသည် ညအိပ်ရာမဝင်မီ တစ်နာရီကြာမျှ တရားဘာဝနာရှုမှတ်ပြီး တရားထိုင်နေခဲ့ပါ၏။

+++

ဘာကြောင့်လဲမသိ။

သည်ကနေ့ ကေသီအိပ်ရာထ နောက်ကျသွားသည်။ ဒါကလည်း ညတုန်းက အောင်သူ တရားထိုင်နေခြင်းကို အိပ်ရာထက်ကနေ စောင့်ဆိုင်းနေရင်း အခါတိုင်းနေ့တွေထက် နောက်ကျပြီးမှ အိပ်မောကျသွားသော ကြောင့်လည်းဖြစ်၏။

ကေသီသည် တစ်စုံတစ်ရာကို သတိရပြီး သူ့ဘက်သို့ လှည့်ကြည့်လိုက်မိသည်။





အောင်သူ မရှိတော့ပါ။

ဘယ်အချိန်က အိပ်ရာထသွားသည်မသိ။

အောင်သူသည် အခါတိုင်းနေ့တွေထက် စောစီးစွာ အိပ်ရာမှထသွားပုံရသည်။

ကေသီ့ရင်မှာ တစ်စုံတစ်ရာအတွက် စိုးရိမ်စိတ်ဖြစ်မိသည်။ ထို့ကြောင့် အိပ်ရာမှလူးလဲထပြီး အခန်းအပြင်ဘက်သို့ ပြေးထွက်ခဲ့ရာမှ အေးသီတာအား လှမ်းအော်ခေါ်မိသည်။

"အေးသီတာ...အေးသီတာ"

"ဘာလဲ မမလေး၊ ဘာဖြစ်လို့လဲ မမလေး"

မီးဖိုခန်းထဲမှ ပြေးထွက်လာရင်း လှေကားထစ်လေးများအတိုင်း အပေါ်ထပ်သို့ ပြေးတက်လာရာမှ အေးသီတာက အမောတကောမေးသည်။

"နင့်အစ်ကိုလေးကော"

"အစောကြီးကတည်းကထွက်သွားပြီ မမလေး၊ မမလေးရဲ့ကျေးဇူးကြောင့် ညတုန်းက အစ်ကိုလေး ဘာအိပ်မက်မှ မမက်တော့ဘဲ ကောင်းကောင်းမွန်မွန်အိပ်ရတယ်လို့ မမလေးကို ပြောပြလိုက်ပါဆိုပြီးတော့လည်းမှာသွားသေးတယ်"

"အင်း.....အဲဒါမှ ဒုက္ခပဲ"

"ဘာဖြစ်လို့လဲ မမလေး"

အေးသီတာကအဓိပ္ပာယ်မရှင်းသလို မျက်လုံးလေးကလယ် ကလယ်ဖြင့် မေးသည်ကို ကေသီက အလျင်အမြန်ပင် အဖြေပေးလိုက်ခဲ့ပါ၏။

"အေး...သူကတော့ အိပ်မက်မမက်တော့တာမှန်ပေမယ့် ငါကတော့မက်တယ်၊ အိပ်မက်ထဲမှာ ညည်းအစ်ကိုလေးရဲ့ကားနဲ့ ကုန်ကားတစ်စီးတိုက်မိပြီး ညည်းအစ်ကိုလေး ဆေးရုံပေါ်ရောက်နေလို့တဲ့၊ အဲဒါ ငါကသူ့ကိုသတိပေးမလို့ဥစ္စာ၊ အခုတော့ သူက ထွက်သွားပြီဆိုတော့....."

သည်စဉ်မှာပင် အောက်ထပ်ဆီမှ တယ်လီဖုန်းက မြည်လာသောကြောင့် ကေသီသည် အောက်ထပ်ဆီသို့ အပြေးတစ်ပိုင်းဖြင့် ဆင်းလာပြီး တယ်လီဖုန်းကောက်ကိုင်လိုက်သည်။

"ဟယ်လို...ပြောပါရှင်၊ အခု ပြောနေတာ ကေသီပါ"

မတ္တုမဆိုင်းပင် တစ်ဖက်ဆီမှ စကားသံထွက်ပေါ်လာသည်ကတော့.....

"ဟုတ်ကဲ့၊ ကိုအောင်သူ ကားအက်ဆီးဒင့်ဖြစ်လို့ ဆေးရုံရောက်နေတာကို လှမ်းပြီးအကြောင်းကြားတာပါ"

"ဟင်....."

ကေသီသည် ရင်ဝကို အလုံးကြီးတစ်လုံး ဝင်ဆောင့်ခြင်းခံရသလို ခံစားလိုက်ရလျက် လက်ထဲမှ တယ်လီဖုန်းမှာလည်း အောက်သို့လွတ်ကျသွားပါလေတော့၏။

ဩော်...အိပ်မက်...အိပ်မက်။

အခုတော့လည်း အိပ်မက်ထဲကအတိုင်း အကြွင်းနာလည်း အမှန်တကယ်ဖြစ်ခဲ့ပါပကောလား။

သန့်မြင့်ဦး

www.burmeseclassic.com

www.burmeseclassic.com



# ဒုရဲမှူးကြီးဝင်းဦး (ငြိမ်း)

## ဘဝတူသစ္စာ ပျက်ယွင်းသည့်အခါ

www.burmeseclassic.com

www.burmeseclassic.com



**သိင်္ဂီရွှေစင်ကုမ္ပဏီ.....**

ကုမ္ပဏီက ကြီးကျယ်ခမ်းနားမှုရှိပါသည်။ မြေဧက ၃၀ အတွင်း စက်ရုံအလုပ်ရုံများ စနစ်တကျ ဆောက်လုပ်ထားပြီး ဝန်ထမ်းအင်အား ၂၀၀ ခန့်နှင့် လုပ်ငန်းလည်ပတ်လျက်ရှိသော ကုမ္ပဏီဖြစ်ပါသည်။ တောင်ကြီး–လွိုင်လင်ကားလမ်းဘေး၊ ဟိုပုံးမြို့အထွက်တွင် တည်ဆောက်ထားခြင်းဖြစ်သဖြင့် ကုမ္ပဏီက ထည်ဝါလွန်းလှပါသည်။ ကုမ္ပဏီအနေဖြင့် ဟိုပုံး၊ ဆီဆိုင်၊ လွိုင်လင်မြို့နယ်များအတွင်း စိုက်ပျိုးထားရှိသော လက်ဖက်ခင်းများအား ရာသီချိန်ပေါက်စျေးအတိုင်း ကောက်ယူပြီး လက်ဖက်ခြောက်လုပ်ငန်း၊ အချိုခြောက်လုပ်ငန်းများကို စက်ရုံအလိုက် ခွဲခြားပြီး လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ဒေသအသီးသီးမှ ကိုယ်စားလှယ်များကလည်း ကားကြီး၊ ကားငယ်များဖြင့် လက်ဖက်ရွက်စိမ်းများကို လာရောက်ပို့ကြသဖြင့် နံနက် ၉ နာရီအချိန်တွင် သိင်္ဂီရွှေစင်ကုမ္ပဏီဝင်းအတွင်း စည်ကားအလုပ်ရှုပ်သောအချိန်ဖြစ်ပါသည်။

ကုမ္ပဏီ၏ ထူးခြားချက်မှာ စက်ရုံတွင်ခန့်ထားသော ဝန်ထမ်းများမှာ ဒေသခံတိုင်းရင်းသားများကို ဦးစားပေးခန့်ထားခြင်း၊ အထူးသဖြင့် ကိုယ်အင်္ဂါချွတ်ယွင်းနေသူများ (ခြေတု၊ လက်တု)ကို လူသားချင်း စာနာထောက်ထားသောအားဖြင့် အံဝင်ခွင်ကျနေရာများတွင် အလုပ်ခန့်ထားခြင်းဖြင့် ကူညီဆောင်ရွက်ပေးမှုရှိပါသည်။ ကုမ္ပဏီ၏အကြီးအကဲ ဦးခွန်မောင်မောင်မှာ ပအိုဝ်အမျိုးသားတစ်ဦးဖြစ်ပြီး ဟိုပုံးဇာတိဖြစ်သည်။ စက်ရုံလုပ်သားများအပေါ် စိတ်သဘောထား ဖြူစင်ဖြောင့်မတ်စွာဖြင့် အုပ်ချုပ်တတ်သူဖြစ်သဖြင့် စက်ရုံဝန်ထမ်းလုပ်သားများ၏ လေးစားကြည်ညိုခံရသူတစ်ဦးလည်းဖြစ်သည်။ ကုမ္ပဏီအနေဖြင့် တစ်နှစ်ထက်တစ်နှစ် လုပ်ငန်းများ တိုးတက်လာသော်လည်း မထင်မှတ်သော ကြမ္မာဆိုးမုန်တိုင်းက ရုတ်တရက်ဝင်ရောက်လာသဖြင့် ဦးခွန်မောင်မောင်အနေဖြင့် အံ့ဩတုန်လှုပ်ချောက်ချားခဲ့ရပါသည်။

**သူ့ဝါသနာက**
**ချဲထိုးတာ**
**သိပ်ဝါသနာကြီးတယ်၊**
**ရတဲ့လစာလည်း**
**ချဲထိုးတာနဲ့**
**ကုန်တာပဲတဲ့၊**
**ကုန်ရင်တော့**
**သူ့မှာရောင်းလို့ရတဲ့ပစ္စည်း**
**ရောင်းပြီးသုံးတာပဲလို့**
**သိရတယ်**

...

ထိုနေ့က စနေနေ့၊ နံနက် ၉ နာရီခန့်.....

ဦးခွန်မောင်မောင်တစ်ယောက် ၎င်း၏ရုံးခန်းတွင်ရှိနေပြီး စာရင်းဇယားများ ကြည့်ရှုစစ်ဆေးနေစဉ် အခန်းအပေါက်ဝစောင့် စိုင်းဝဏ္ဏ စက်ရုံလုပ်ငန်းခွဲတာဝန်ခံ ဦးအိုက်မောင်က အရေးတကြီးတွေ့ချင်ကြောင်း သတင်းပို့သဖြင့် ရုံးခန်းအတွင်းသို့ အမြန်ဝင်ခိုင်းလိုက်သည်။ ဦးအိုက်မောင်က အခန်းအတွင်း ရောက်ရောက်ချင်း

"M.D ရေ.....ပြဿနာတော့ ဖြစ်ပြီဗျို့"

"ခင်ဗျားကလည်း အရင်းမရှိ၊ အဖျားမရှိ၊ ဘာပြဿနာဖြစ်လို့လဲ၊ ရှင်းစမ်းပါဦး"

"စက်ရုံစတိုခန်းဘေးမြောင်းထဲမှာ စိုင်းသာအေးတစ်ယောက် မှောက်ခုံလဲကျနေပြီး ခေါ်မရဘူး၊ သွေးတွေလည်းတွေ့တယ်၊ ကျွန်တော်တို့လည်း မကိုင်ရဲတာနဲ့ M.D ဆီ အမြန်ပြေးလာတာ"

"နေပါဦး၊ ဒီကောင်လေးက ဖြန့်ဖြူးရေးဌာနဘက်ကပါ၊ ညာဘက်ခြေထောက်ပြတ်နေလို့ ခြေတုတပ်ထားတဲ့ကောင် မဟုတ်လား၊

ချိုင်းထောက်နဲ့သွားနေတဲ့ ကောင်လေးထင်တယ်''

''ဟုတ်တယ် M.D၊ ကျွန်တော်တို့ အမြန်သွားကြရအောင်''

ဦးခွန်မောင်မောင်နှင့် ဦးအိုက်မောင်တို့လည်း အလုပ်ရုံစတိုခန်းဘက်သို့ အမြန်ထွက်သွားကြသည်။ ရောက်သည့်အခါ သတင်းစကားအရ စက်ရုံတာဝန်ခံများ၊ လုပ်သားများ ဝိုင်းအုံကြည့်နေကြသဖြင့် သက်ဆိုင်သူများသာနေစေပြီး ကျန်လူများ မိမိအလုပ်မိမိလုပ်ကြရန် ပြောဆို လူစုခွဲယူရသည်။ အလုပ်ရုံစတိုခန်းအဆောက်အအုံနှင့် ငါးပေခန့်အကွာတွင် မီးတားသဘောဖြင့် အနက်တစ်ပေခန့်မြောင်းများတူးထားပြီး စတိုခန်း၏ အနောက်ဘက်မြောင်းအတွင်း၌ စိုးသာအေးမှာ မှောက်ခုံအနေအထားဖြင့် မလှုပ်မယှက်ရှိနေပြီး ၎င်းအသုံးပြုသော စတီးလ်ချိုင်းထောက်မှာလည်း မြောင်းနှုတ်ခမ်းပေါ်တွင် ရှိနေပါသည်။ ဦးခွန်မောင်မောင်က

''တို့ဒီလိုကြည့်နေလို့မဖြစ်ဘူး၊ နေရာမပျက်အောင် ထားရမယ်၊ ဘယ်သူမှ အနားကို မလာစေနဲ့၊ စတိုတာဝန်ခံ ကိုသာကျော်က ဟိုပုံးရဲစခန်းကို အမြန်သွားအကြောင်းကြားပါ၊ စက်ရုံကလူတွေကိုလည်း ဘယ်မှမသွားစေဘဲ ကိုယ့်လုပ်ငန်းခွင်မှာပဲရှိပါစေ''

ဦးခွန်မောင်မောင်က ပြောပြောဆိုဆို ညွှန်ကြားပြီးနောက် ဖြစ်ရသည့်အကြောင်းကို တွေးတောစဉ်းစားနေပါသည်။ ကုမ္ပဏီအနေဖြင့် နေ့စဉ် နံနက် ၈ နာရီတွင် တန်းစီလူစစ်သည်ဖြစ်၍ ယနေ့တာဝန်မှူးကျသူအား ခေါ်ခိုင်းရာ အလုပ်ရုံခွဲမှူး ကိုစိုင်းကျော်အေး ရောက်လာပါသည်။

''ခင်ဗျားတို့ သူ့ကို ဘယ်လိုရှာတွေ့တာလဲ''

''ကျွန်တော်တို့ ဒီနေ့မနက် ၈ နာရီ တန်းစီတော့ စိုးသာအေးတစ်ယောက် ပျက်ကွက်နေတယ်၊ အဲဒါနဲ့ ဂိတ်ဝလူဝင်လူထွက်စာရင်းကို စစ်တော့လည်း အဝင်/အထွက် သတင်းပို့ထားတာမရှိတာနဲ့ ကုမ္ပဏီဝင်းအတွင်း လှည့်လိုက်ရှာရင်းနဲ့ တွေ့တာပါ''

''နောက် ဘာထူးခြားတာ သတိပြုမိသေးလဲ''

''တခြားတော့ ထူးခြားမှုမရှိပါဘူး၊ ဒါပေမဲ့ ကျွန်တော်တို့ တန်းစီလူစစ်နေတုန်း စောကျော်ထွန်းတစ်ယောက် ကပျာကယာ နောက်ကျမှ တန်းလာစီတယ်၊ သူညက အိပ်ရေးပျက်ပြီး အိပ်ပျော်သွားလို့ပါလို့ပဲ ပြောတယ်''

''အေး.....သူလည်း ခြေတစ်ဖက်ပြတ်ပြီး ခြေတုတပ်ထားတဲ့ ကောင်လေးပဲမဟုတ်လား''

''ဟုတ်ပါတယ် M.D၊ သူက ဘယ်ဘက်ခြေထောက်ဖြတ်ထားရလို့ သူလည်း ချိုင်းထောက်နဲ့ သွားနေတဲ့သူပါ၊ သူနဲ့စိုးသာအေးတို့က ဘဝတူချင်းမို့ ခင်ခင်မင်မင်၊ သွားသွားလာလာ ရှိကြပါတယ်၊ သူ့ကိုတော့ ဘာမှမမေးရသေးပါဘူး''

''အေးလေ၊ ရဲစခန်းကအဖွဲ့ရောက်လာရင်တော့ သူတို့ဘာသာ စုံစမ်းကြပါလိမ့်မယ်၊ ကျုပ်တို့ဘက်ကတော့ လိုအပ်တာ ကူညီရမှာပေါ့ဗျာ''

+++

မကြာမီ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဝင်းဦး၊ စခန်းမှူး ရဲအုပ်ကျော်ဝေ၊ နယ်ထိန်း ဒုရဲအုပ် မြင့်ဟန် (ရဲအုပ်၊ ရဲဗဟိုလေ့ကျင့်ရေးကျောင်း၊ ဇီးပင်ကြီး)တို့အဖွဲ့လည်း ရောက်ရှိလာကြသဖြင့် ကုမ္ပဏီမန်နေးဂျင်းဒါရိုက်တာ ဦးခွန်မောင်မောင်က ဦးဆောင်ပြီး အခင်းဖြစ်အရပ်သို့ ခေါ်သွားကြသည်။

ရောက်သည့်အခါ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူးနှင့်အဖွဲ့က အခင်းဖြစ်ပတ်ဝန်းကျင်ကို လေ့လာကြသည်။ စတိုခန်းမှာ ကုမ္ပဏီ၏ အနောက်ဘက်ယွန်းယွန်းတွင် အုတ်ဖြင့်အခိုင်အမာ တည်ဆောက်ထားပြီး ဝင်ပေါက်ကြီးတစ်ပေါက်သာရှိပါသည်။ လုပ်ငန်းခွင်စက်ရုံများနှင့် ကိုက် ၂၀၀ ခန့်ကွာဝေးပါသည်။ စတိုခန်း၏အနီးတွင် ကုက္ကိုပင်၊ ယူကလစ်နှင့် စိန်ပန်းပင်ကြီးများက အုပ်ဆိုင်းနေသဖြင့် အဝေးမှကြည့်လျှင် စတိုခန်းအဆောက်အအုံအား မြင်တစ်ဝက်၊ မမြင်တစ်ဝက်နှင့်သာ မြင်ရပါသည်။ စတိုခန်းအဝင်တံခါးမကြီးသော့များ ပျက်စီးမှုမတွေ့ရှိရပါ။ အတွင်း၌ စက်ရုံ၏ စက်ပစ္စည်းအပိုများသာ သီးသန့်ထားရှိကြောင်း သိရှိရပါသည်။

www.burmeseclassic.com



မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဝင်းဦးက စခန်းမှူးအား အခင်းဖြစ်မှတ်တမ်းဓာတ်ပုံများ ရိုက်ခိုင်းပြီး လဲကျနေသူ၏ အနီးတစ်ဝိုက် စစ်ဆေးရာတွင် မြောင်းအတွင်းနှင့် မြောင်း နှုတ်ခမ်းပေါ်တို့၌ ချိုင်းထောက်အောက်ခြေအပိုင်းသဏ္ဍာန်အမျိုးမျိုးနှင့် ရှူးဖိနပ်ခွာစောင်းအရာများကို ရှုပ်ထွေးစွာ တွေ့ရှိရသည်။ ခြေရာများမှာလည်း ရောထွေးနေပြီး အခင်းမဖြစ်မီ တစ်ဦးနှင့်တစ်ဦး သတ်ပုတ်သည့်အနေအထားသဏ္ဍာန်ကိုလည်း ခန့်မှန်းရပါသည်။ ရှူးဖိနပ်ခြေရာများနှင့် ချိုင်းထောက်အရာများကိုသာ ရောထွေးစွာတွေ့ရပြီး အခြားမည်သည့်သဲလွန်စမှ မတွေ့ရှိသောကြောင့် ဒုရဲမှူး ဝင်းဦးက.....

"ဒီမြောင်းထဲကလူကို ဘယ်အချိန်မှာ စတွေ့တာလဲ"

ကိုစိုင်းကျော်အေးက မြို့နယ်ရဲတပ်ဖွဲ့အနီးသို့ ရောက်လာပြီး.....

"ဒီနေ့ ၈ နာရီတန်းစီလူစစ်တော့ စိုင်းသာအေးတစ်ယောက် ပျောက်ကွက်နေတာနဲ့ လိုက်ရှာလို့ အခုလို တွေ့ရတာပါ"

မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဝင်းဦးက စခန်းမှူး ရဲအုပ် ကျော်ဝေအား မြောင်းအတွင်း မှောက်ခုံလဲကျနေသော စိုင်းသာအေးအား ပက်လက်လှန်ခိုင်းလိုက်သည်။ မျက်နှာတွင် ဖုန်၊ သဲနှင့် သွေးများစွန်းပေလျက် ဘယ်ဘက်မျက်လုံးတွင် ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဘယ်ဘက်ရင်အုံတွင် ထိုးသွင်းဒဏ်ရာတစ်ချက်တို့သာ တွေ့ရှိရသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူးက သေဆုံးသူ စိုင်းသာအေး၏ အပေါ်အင်္ကျီအားချွတ်၍ ဒဏ်ရာများအား စစ်ဆေးရာ ဒဏ်ရာမှာ သုံးမြှောင့်ပုံအချွန်ဖြင့် ထိုးသတ်ထားကြောင်းနှင့် မျက်လုံးမှဒဏ်ရာလည်း သွေးစေးများကပ်နေပြီး မျက်လုံးအိမ်တစ်ခုလုံး ပျက်စီးနေသည်။ ဝဲဘက်ရင်အုံဒဏ်ရာတစ်ချက်တည်းနှင့်ပင် နှလုံးကိုထိမိပြီး သေဆုံးသည်ဟု ယူဆရသည်။ စခန်းမှူး ရဲအုပ် ကျော်ဝေက အလောင်းအနီးတွေ့ရှိသော စတီးလ်ချိုင်းထောက်နှင့် သွေးစွန်း



**ဒီကောင်က
အသားပေါ်တုတ်နေရာမှာ
တော်တယ်ဗျ။
ဝက်သတ်တာတော့
ယှဉ်တယ်ဗျ။ ဘယ်လို
သတ်လိုက်မှန်းကိုမသိဘူး။
တခြားလူတွေပြောတာတော့
သူ့မှာ
သုံးမြှောင့်ပုံစူးချွန်
တစ်ခုရှိတယ်ဆိုလားပဲ
...**

www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီတို့အား ရှာဖွေပုံစံဖြင့် သိမ်းယူပြီး ဆေးစာဖြင့် အလောင်းအား ဆေးရုံသို့ပို့ရန် စီစဉ်နေပါတော့သည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဝင်းဦးက ကုမ္ပဏီမန်နေဂျာ ဦးခွန်မောင်မောင်နှင့်အတူ ကုမ္ပဏီရုံးခန်းဘက်သို့ ထွက်လာကြပြီး ဧည့်ခန်း၌ထိုင်မိကြသည့်အခါ.....

"ကဲ.....မန်နေဂျာကြီး၊ သေဆုံးတဲ့ကောင်လေးအခြေအနေ သိသလောက် ပြောပြပါဦး"

"ဟုတ်ကဲ့၊ ဒီကောင်လေးက စစ်သားလူထွက်လေးပါ၊ ရှေ့တန်းတစ်နေရာမှာမိုင်းထိပြီး ခြေထောက်ပြတ်ခဲ့တာပါ၊ အဲဒါ သူ့တပ်ရင်းမှူးနဲ့ကလည်း ကျွန်တော်တို့ ခင်နေတော့ ကျွန်တော်တို့ကုမ္ပဏီမှာ အလုပ်သွင်းပေးထားတာပါ၊ ကောင်လေးက ရိုးသားမှုရှိပါတယ်၊ တစ်ခါတလေ အပေါင်းအသင်းနဲ့ သောက်စားတာလေးတော့ ရှိမှာပေါ့လေ၊ အဲ.....သူ့ဝါသနာက ချဲထီထိုးတာ သိပ်ဝါသနာကြီးတယ်၊ ရတဲ့လစာလည်း ချဲထိုးတာနဲ့ ကုန်တာပဲတဲ့၊ ကုန်ရင်တော့ သူ့မှာရောင်းလို့ရတဲ့ ပစ္စည်း ရောင်းပြီးသုံးတာပဲလို့ သိရတယ်"

မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဝင်းဦးက အခင်းဖြစ်နေရာတွင် မှတ်သားတွေ့ရှိခဲ့သော ကျပ်စေ့ဝိုင်းခန့်သာသာရှိသော ချိုင်းထောက်ရာများနှင့်ပတ်သက်၍ စဉ်းစားမိပြီးနောက် မေးခဲ့ပြန်သည်။

"ဒါနဲ့ ဒီကောင်လေးနဲ့ အတွဲများတဲ့ ဝန်ထမ်းတွေ မရှိဘူးလား"

"ကောင်လေးကဝန်ထမ်းအားလုံးနဲ့ ခင်ပါတယ်။ ကျွန်တော်တို့ကုမ္ပဏီမှာကလည်း ကိုယ်အင်္ဂါချို့ယွင်းနေတဲ့သူ တော်တော်များများကို သူ့နေရာနဲ့သူ အလုပ်တွေပေးထားတာတော့ရှိပါတယ်၊ အဲ.....သူနဲ့အခင်မင်ဆုံး အတွဲများတာကတော့ သူ့လိုပဲ မိုင်းထိထားလို့ ဘယ်ဘက်ခြေထောက်ဖြတ်ထားတဲ့ စောကျော်ထွန်းနဲ့တော့ အတွဲများတယ်၊ လုပ်ငန်းဌာနချင်းတော့ မတူဘူး၊ စောကျော်ထွန်းက ဝယ်ယူရေးဌာနဘက်ကပါ"

"အဲဒီ စောကျော်ထွန်းရော မရှိ ဘူးလား"

"ရှိပါတယ်၊ သူက ဘယ်ကိုမှမသွားပါဘူး"

"နောက်ပြီး ကျွန်တော်တစ်ခု စဉ်းစားမိတာရှိတယ်၊ မန်နေဂျာကြီးလည်း ကုမ္ပဏီဝန်ထမ်းတွေနဲ့ဆက်စပ်ပြီး စဉ်းစားပေးပါဦး"

"မြို့နယ်မှူးကြီး စဉ်းစားမိတာသာပြောပါ၊ ကျွန်တော် အတတ်နိုင်ဆုံး ဆက်စပ်စုံစမ်းပေးပါ့မယ်"

မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဝင်းဦးက ၎င်း၏မှတ်စုစာအုပ်အားလှမ်းယူပြီး ၎င်းမှတ်သားထားသည့် အချက်အား ဘောလ်ပင်ဖြင့် ထောက်ပြအမှတ်အသားပြုပြီးနောက် မေးလိုက်သည်။

"ဒီလိုဗျ၊ မန်နေဂျာကြီး၊ ကုမ္ပဏီဝန်ထမ်းတွေထဲက လက်ရဲဖက်ရဲ သတ်ရဲဖြတ်ရဲတဲ့လူ မရှိဘူးလား"

"ဘာကိုဆိုလိုတာလဲဗျာ၊ ကျွန်တော် မရှင်းလို့ပါ"

မြို့နယ်ရဲတပ်ဖွဲ့မှူးက လက်ဖြင့်ကာရင်း.....

"ဒီလိုပါ၊ ကျွန်တော်အမေး နည်းနည်းလောသွားတယ်၊ ကြက်ဝက်စတဲ့ တိရစ္ဆာန်သတ်တာတွေကို မကြောက်မရွံ့ ရဲရဲဝံ့ဝံ့ သတ်တတ်တဲ့လူမျိုးကိုပြောတာပါ"

ဦးခွန်မောင်မောင်က စဉ်းစားပြီးနောက်.....

"ကျွန်တော့်ရှေ့မှာတော့ သတ်တာဖြစ်တာ မတွေ့ရပါဘူး၊ ဒါပေမဲ့ ဒီကုမ္ပဏီမှာ အနေကြာပြီး ဝန်ထမ်းတွေအကြောင်း ပိုသိတဲ့လူတော့ရှိတယ်၊ သူ့ကိုခေါ်မေးပေးပါ့မယ်"

"အေးဗျာ.....ဒီလိုဆိုလည်း အမြန်ခေါ်ပြီး မေးပေးပါဦး"

ဦးခွန်မောင်မောင်က ရုံးခန်းအပြင်သို့ထွက်သွားပြီး မကြာမီ ရုံးခန်းအတွင်း ပြန်ဝင်လာပါသည်။ ထို့အတူ ရဲစခန်းမှူး ရဲအုပ် ကျော်ဝေ နှင့် နယ်ထိန်းအဖွဲ့လည်း ရုံးခန်းအတွင်းသို့ရောက်လာပြီး ဆက်တီခုံများတွင် ဝင်ထိုင်ကြသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးက.....

"စခန်းမှူး ဘာသဲလွန်စများ ထပ်တွေ့ရသေးလဲ"

"သေတဲ့သူပတ်ဝန်းကျင်မှာတော့ သဲလွန်စ ထပ်မတွေ့ပါဘူး၊ ခြေရာတွေရှုပ်နေတာရယ်၊ ချိုင်းထောက်ဖိရာလေးတွေရယ် တော်တော်များများ တွေ့ရတယ်၊ နောက်ပြီး သေတဲ့လူက မခြည်ပုပ်ဖိနပ်စီးတယ်၊ တွေ့ရတဲ့ ခြေရာတွေက ရှ

www.burmeseclassic.com



ဖိနပ်ခွာစောင်းဖိနပ်ရာတွေလည်း တွေ့ရတယ်၊ ကျွန်တော့်စိတ်အထင် အဲဒီ ခွာစောင်းရှုံး ဖိနပ်စီးတဲ့ ကောင်နဲ့တော့ ပတ်သက်မယ်ထင်တယ်၊ အလောင်းကိုတော့ ဆေးစာနဲ့ ဆေးရုံပို့ခိုင်းလိုက်ပါပြီ''

''အေး၊ ကိုယ်လည်း အခြေအနေ တွက်ဆမိပါတယ်၊ တို့ဝန်ထမ်းတွေအခြေအနေသုံးသပ်ဖို့ အနေကြာတဲ့ ဝန်ထမ်းတစ်ယောက်တော့ ခေါ်ခိုင်းထားတယ်၊ ရောက်လာရင် မေးကြည့်ကြတာပေါ့''

မကြာမီ အခန်းအတွင်းသို့ တိုက်ပုံဝတ်ထားသူ အသက် ၆၀ ခန့်၊ နှုတ်ခမ်းမွှေးသဲ့သဲ့ဖြင့် လူကြီးတစ်ဦး ရောက်ရှိလာသည်။ ကုမ္ပဏီမန်နေဂျာ ဦးခွန်မောင်မောင်က ထိုလူကြီးကိုကြည့်ပြီး.....

''ကဲ.....ဦးအိုက်မောင်၊ ထိုင်ပါဦး၊ ဒီမှာ မြို့နယ်မှူးကြီးက ခင်ဗျားကို နည်းနည်းလောက် မေးချင်လို့ပါတဲ့၊ ခင်ဗျားသိတာတော့ ဖြေလိုက်ပေါ့ဗျာ''

မြို့နယ်ရဲတပ်ဖွဲ့မှူးက ဦးအိုက်မောင်အား အကဲခတ်ကြည့်ရှုပြီးနောက်.....

''တခြားမဟုတ်ပါဘူး ဦးအိုက်မောင်၊ ခင်ဗျားက ဒီကုမ္ပဏီမှာ စဖွင့်ကတည်းက နေလာတာဆိုတော့ ကုမ္ပဏီဝန်ထမ်းတွေအကြောင်း နည်းနည်းမေးချင်လို့ပါ''

''ဟုတ်ကဲ့ မေးပါ ဆရာ၊ ကျွန်တော်သိသလောက်တော့ ဖြေပါ့မယ်''

''ဒီလိုပါ၊ ဒီကုမ္ပဏီဝင်းထဲမှာ အလှူလုပ်ဖူးသလား၊ နောက်ပြီး ဘယ်နှကြိမ်လောက်လုပ်ဖူးလဲ သိချင်လို့ပါ''

ဦးအိုက်မောင်က စဉ်းစားပြီးနောက်.....

''ကျွန်တော် သိသလောက်ပြောရရင် နှစ်ကြိမ်လုပ်ဖူးတယ်၊ ပထမအလှူက ကုမ္ပဏီဖွင့်ပြီး ၆လအကြာမှာ အန္တရာယ်ကင်းပြုလုပ်တဲ့ အလှူပဲ၊ ဧည့်ပရိသတ်တွေကိုတော့ ဝက်သား၊ ကြက်သားနဲ့ ထမင်းကျွေးတယ်၊ ဒုတိယအလှူကတော့ လွန်ခဲ့တဲ့နှစ်ကလုပ်တာ၊ အဲဒီမှာလည်း ဧည့်ပရိသတ်တွေကို ဝက်၊ ကြက်၊ ငါးနဲ့ ထမင်းကျွေးပါတယ်၊ ဝက်ဆို ရင် အချိန် ၄၀/၅၀ လောက် ကုန်တယ်၊ ကြက်ကတော့ ဝက်သား မစားတဲ့ သူတွေအတွက်ပေါ့ ဆရာ၊ ကြက်ကိုတော့ တောင်ကြီးမှာရှိတဲ့ ကြက်ဒိုင်ကိုပဲ မှာတယ်''

မြို့နယ်ရဲတပ်ဖွဲ့မှူးက ဦးအိုက်မောင်အား ရုတ်တရက် လက်ဖြင့် ကာပြီး ဖြတ်၍.....

''နေဦး၊ ဝက်အချိန် ၄၀/၅၀ ကျတော့ ဘယ်ကိုမှာတာလဲ''

''ဝက်ကတော့ ဟိုပုံးမြို့ထဲမှာပဲ သင့်တော်ရာအကောင် သွားဝယ်တာပဲ ဆရာ၊ အဲ.....ဝက်ဖျက်ဖို့ကတော့ စောကျော်ထွန်းက တာဝန်ယူတယ်လေ''

''သူက ဘယ်လိုတာဝန်ယူတာလဲ''

''ဟာ.....ဒီကောင်က အသားပေါ်တဲ့နေရာမှာ တော်တယ်ဗျ၊ တပ်ထဲမှာတုန်းက စားရိပ်သာမှာ တာဝန်ယူခဲ့တာတဲ့၊ ဝက်သတ်တာတော့ ယဉ်တယ်ဗျာ၊ ဘယ်လိုသတ်လိုက်မှန်းကိုမသိဘူး၊ တခြားလူတွေပြောတာတော့ သူ့မှာ သုံးမြောင့်ပုံစူးချွန်တစ်ခုရှိတယ်ဆိုလားပဲ၊ အဲဒါနဲ့ ထိုးသတ်တာလို့ ပြောကြတယ်၊ ကျွန်တော်ကတော့ သူသတ်တာ တစ်ခါမှ မကြည့်ဖူးပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



မြို့နယ်ရဲတပ်ဖွဲ့မှူးက ဦးအိုက်မောင် ပြောကြားသည့်အချက်များကို သေချာစွာ နားထောင်နေပြီး စောကျော်ထွန်းထံတွင် သုံးမြောင့်ပုံစူးချွန်(အရပ်အခေါ် စကေဗာ)နှင့် ဝက်သတ်ကြောင်းပြောသည့်အခါ အလိုလို မျက်ခုံးပင့်လိုက်ကာ စိတ်ဝင်တစားနှင့် လေးလေးနက်နက် တွေးတောနေသည်။ ထို့နောက် ကုမ္ပဏီမန်နေဂျာဘက်သို့လှည့်ပြီး မေးလိုက်သည်။

"မန်နေဂျာကြီး၊ အဲဒီ စောကျော်ထွန်းကို တွေ့ချင်တယ်ဗျာ"

"ဒါဆို အခုခေါ်လိုက်ရမှာလား"

"မဟုတ်ဘူး၊ ကျွန်တော်က အဝေးကပဲ မြင်ဘူးရုံ ကြည့်ချင်တာပါ၊ သူ့အမူအရာကို အကဲခတ်ချင်လို့ပါ၊ နောက်ပြီး ကျွန်တော် ခရိုင်ရဲတပ်ဖွဲ့မှူးဆီကိုလည်း သတင်းပို့ခိုင်းထားတယ်၊ ခရိုင်ဒုစရိုက်နှိမ်နင်းရေးအဖွဲ့ကိုလွှတ်ပြီး ပူးပေါင်းစုံစမ်းနိုင်းမယ်လို့သိရတယ်၊ သူ့ကို တွေ့နိုင်မယ့်အချိန်လေးသာပြောပါ"

"ဒီကောင်က ခြေထောက်သာ မသန်တာ၊ ဘော်လီဘောပွဲဆို သိပ်ဝါသနာကြီးတာ၊ ညနေ ၃ နာရီလောက်ဆို ကျွန်တော်တို့ကုမ္ပဏီဝင်းထဲက ဘော်လီဘောကွင်းနား မယောင်မလည်ကြည့်ရင် တွေ့နိုင်ပါတယ်"

"ကဲ.....ဒီလိုဆိုရင် ကျွန်တော်တို့ ရဲစခန်းကို ပြန်ဦးမယ်၊ ဖြစ်စဉ်ကြေးနန်းတွေလည်း အမြန်ပို့ရဦးမယ်၊ နောက်ပြီး တောင်ကြီးခရိုင်ဒ/နအဖွဲ့ကို စောင့်လိုက်ဦးမယ်၊ သူတို့လာမှ ကျွန်တော်တို့ ပြန်လာခဲ့မယ်၊ အခု ရဲစခန်းမှာအမှုဖွင့်ဖို့ တာဝန်ရှိသူတစ်ဦးတော့ လိုက်လာရမယ်"

"ဟုတ်ကဲ့၊ ကျွန်တော် စတိုတာဝန်ခံ ကိုသာကျော်ကို အမှုဖွင့်ဖို့ ထည့်လိုက်ပါ့မယ်၊ မြို့နယ်မှူးကြီးတို့ကလည်း အမှုကို အမြန်ပေါ်ပေါက်အောင် စုံစမ်းပေးကြပါဗျာ၊ ကျွန်တော့်ကုမ္ပဏီမှာ တစ်ခါမှမဖြစ်ဖူးတော့ ကျွန်တော်လည်း စိုးရိမ်နေလို့ပါ"

"စိတ်ချပါဗျာ၊ ရာဇဝတ်ဘေးဆိုတာ ပြေးမလွတ်ပါဘူးဗျာ၊ အခုတောင် သဲလွန်စတွေအရ မသင်္ကာတရားခံကို ဆွဲချင်နေပြီ၊ ထပ်ပြီး သေချာအောင် သက်သေခံချက် စုလိုက်ပါဦးမယ်"

+++

မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဝင်းဦးနှင့် စခန်းမှူး ရဲအုပ် ကျော်ဝေအဖွဲ့လည်း မြို့နယ်ရဲစခန်းဝင်းသို့ ပြန်လာကြသည်။ အမှုကြီးဖြစ်ပွားသဖြင့် လုပ်ထုံးလုပ်နည်းအတိုင်း အမှုကြီးအထူးအစီရင်ခံစာနှင့်အတူ ဆောင်ရွက်ချက်အကျဉ်းချုပ်သတင်းများစုစည်းပြီး အမြန်ပေးပို့ရသည်။ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သူရတင်လှ(ငြိမ်း)၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ထွန်းရွှေ(ငြိမ်း)တို့ကလည်း အမှုကို အမြန်ပေါ်အောင် စုံစမ်းရန်နှင့် ထူးခြားမှုများကို စဉ်ဆက်မပြတ်

www.burmeseclassic.com

www.burmeseclassic.com



သတင်းပို့ရန် ညွှန်ကြားခဲ့သဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဝင်းဦးကိုယ်တိုင် အစီရင်ခံစာများ၊ ကြေးနန်းစာများကို စိစစ်တည်းဖြတ် ပေးပို့နေရသည်။

ညနေ ၃ နာရီခန့်တွင် ခရိုင် ဒ/နအဖွဲ့မှ ရဲအုပ် ဇော်မင်း (ယခု ရဲမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ပဲခူး)အဖွဲ့တို့ ရောက်ရှိလာကြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးထံ သတင်းပို့ကြသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူးက အခင်းဖြစ်အရပ်တွင် တွေ့ရှိခဲ့သော သဲလွန်စအနေအထား၊ မသင်္ကာတရားခံအခြေအနေတို့အား ရှင်းပြပြီး ဆက်လက်ဆွေးနွေးကြသည်။

ညနေ ၃ နာရီခွဲအချိန်ခန့်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဝင်းဦး၊ ခရိုင်ဒ/နအဖွဲ့ခေါင်းဆောင် ရဲအုပ် ဇော်မင်းအဖွဲ့တို့နှင့်အတူ ထပ်မံ၍ သိင်္ဂီရွှေစင်ကုမ္ပဏီဝင်းသို့ သွားရောက်ကြသည်။ အခင်းဖြစ်အရပ်အား ထပ်မံအသေးစိတ်စစ်ဆေးကြပြီးနောက် မူလက စီစဉ်ထားသည့်အတိုင်း မသင်္ကာတရားခံ စောကျော်ထွန်းကို အကဲခတ်ရန်အတွက် ကုမ္ပဏီမန်နေဂျာ ဦးခွန်မောင်မောင်နှင့်အတူ ဝန်ထမ်းအိမ်ရာဝင်းများဘက်မှနေ၍ လမ်းလျှောက်လာကြသည်။ မလှမ်းမကမ်းတွင် ကုမ္ပဏီဝန်ထမ်းများ ဘော်လီဘောပုတ်နေကြသည်ကို တွေ့ရသည်။ ဦးခွန်မောင်မောင်က ဘော်လီဘောကွင်းဘက်သို့ တစ်ချက်ဝေ့ကြည့်လိုက်ပြီးနောက်.....

"မြို့နယ်မှူးကြီး၊ ဘော်လီဘောပိုက်တန်းအနောက်ဘက်တိုင်နားမှာ ကလေးချီပြီးကြည့်နေတဲ့ ချိုင်းထောက်နဲ့လူက စောကျော်ထွန်းပဲ"

ထိုသို့တီးတိုးပြောဆိုလိုက်၏။ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဝင်းဦးကလည်း တစ်ချက်အကဲခတ်ကြည့်ပြီး မသိသလို ပုံမှန်အတိုင်း လမ်းလျှောက်လာကြသည်။ ဘော်လီဘောကွင်းအလွန်တွင် ကလေးချီထားသော စောကျော်ထွန်းမှာ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့အား တစိုက်မတ်မတ် လိုက်လံကြည့်ရှုနေသည်ကို သတိပြုမိသည်။ ထို့နောက် မန်နေဂျာရုံးခန်း၌ ပြန်ထိုင်မိကြသည့်အခါ ခရိုင်ဒ/နခေါင်းဆောင် ရဲအုပ် ဇော်မင်းက.....

"မန်နေဂျာကြီး၊ အဲဒီ စောကျော်ထွန်းကို ရုံးခန်းမှာခေါ်ပြီး နည်းနည်းမေးချင်တယ်ဗျာ၊ ခေါ်လို့ရမလား"

"ရပါတယ် ဆရာ၊ ကျွန်တော်အခုပဲ ခေါ်ခိုင်းလိုက်ပါ့မယ်"

ဦးခွန်မောင်မောင်က ရုံးခန်းအပြင်ထွက်ပြီး ရုံးဝန်ထမ်းတစ်ဦးအား စောကျော်ထွန်းကိုခေါ်လာရန် စေလွှတ်လိုက်သည်။

မကြာမီ စောကျော်ထွန်းတစ်ယောက် ချိုင်းထောက်ကို အားပြုလျက် ရုံးခန်းအတွင်းသို့ ရောက်လာသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးက စောကျော်ထွန်းအား ကုလားထိုင်တွင်ထိုင်ရန် ညွှန်ပြလိုက်သည်။

စောကျော်ထွန်းက ၎င်း၏ရူးရှုသော မျက်လုံးနှင့်ကြည့်ပြီး အကဲခတ်နေပါသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဝင်းဦးကလည်း စောကျော်ထွန်း၏ ရူးရှုမျက်လုံး၊ မေးရိုးကားကား၊ နှုတ်ခမ်းစိစိ၊ အသားနီစပ်စပ်ဖြင့်ရှိနေသော မျက်နှာသွင်ပြင်အား အကဲခတ်လျက်ရှိသည်။

"မင်းက သေဆုံးသူ စိုင်းသာအေးနဲ့ တော်တော်ရင်းနှီးတယ်ဆို"

"ဟုတ်ပါတယ်၊ ကျွန်တော့်သူငယ်ချင်းပါပဲ၊ အခုလိုဖြစ်သွားတာ စိတ်မကောင်းပါဘူး၊ ဘယ်သူကများ ရက်ရက်စက်စက် လုပ်သွားလဲ မသိဘူးဗျာ၊ ညက အိမ်ထောင်သည်လိုင်းဘက်မှာ တွေ့လိုက်သေး

**ယောကျ်ားပဲကွာ၊ လုပ်ရဲရင် ခံရဲရမှာပေါ့၊**
**နောက်ပြီး မင်းက စစ်တပ်ထဲမှာလည်း တာဝန်ထမ်းဆောင်ဖူးတယ်ကွာ၊**
**ငါသိတာ ကတော့ စစ်သားဆိုတာ စည်းကမ်းရှိပြီး ဟုတ်မှန်ရာကို ရဲရဲဝံ့ဝံ့ ပြောတတ်ဖို့**
**လေ့ကျင့်ပေးထားတယ်လို့ သိရတယ် ...**

www.burmeseclassic.com

တယ်၊ မြို့ထဲသွားဦးမယ်လို့ ပြောတယ်၊ ကျွန်တော် လိုက်မသွားပါဘူး။ မနက် တန်းစီတော့မှ စိုင်းသာအေးအကြောင်း သိရတယ်၊ ကျွန်တော်လည်း မကြည့်ရဲတာနဲ့ သွားမကြည့်ပါဘူး''

စောကျော်ထွန်းက ၎င်း၏သဘောအလျောက် ဆက်တိုက်ပြောပြနေသည်။ အမှန်ပင် စိတ်မကောင်းသည့် ပုံသဏ္ဌာန်နှင့် ပြောနေခြင်းဖြစ်သည်။ ရဲအုပ် ဇော်မင်းက.....

''မင်း ညက ဘယ်ကိုသွားသေးလဲ''

''ကျွန်တော် ဘယ်မှမသွားပါဘူး၊ အိမ်မှာပဲရှိပါတယ်၊ စောစောပဲ အိပ်ရာဝင်ခဲ့ပါတယ်''

''ဒါနဲ့တောင် မင်း မနက်က တန်းစီတုန်းက နောက်ကျမှရောက်လာတယ်နော်''

''ဟုတ်တယ်ခင်ဗျ၊ ညက ဟိုတွေးဒီတွေးနဲ့ ကျွန်တော်လည်း ညဉ့်နက်မှ အိပ်ပျော်သွားလို့ အိပ်ရာထနောက်ကျတာပါ''

''ဒါဆိုရင် မင်းသူငယ်ချင်း စိုင်းသာအေးတစ်ယောက် အသတ်ခံရတာနဲ့ပတ်သက်ပြီး မင်းဘာမှမသိဘူးပေါ့ ဟုတ်လား''

''ဟုတ်ပါတယ်၊ ကျွန်တော် ဘာမှမသိပါဘူး''

မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဝင်းဦးက စောကျော်ထွန်း၏ ပြောဆိုနေပုံအား လေ့လာပြီး ဆက်မေးနေပါက ဝေ့လည်ကြောင်ပတ်ဖြင့် လှည့်ပတ်ပြောနေမည်ဟု ယူဆမိသည်။ ထို့ပြင် မေးမြန်းသည့်နေရာကလည်း ၎င်းတို့၏ ကုမ္ပဏီဝင်းအတွင်း၌ဖြစ်ခြင်း၊ ကုမ္ပဏီလူကြီးများရှေ့မှောက်တွင်မေးနေခြင်းဖြစ်ပြီး မိမိတို့ဘက်ကလည်း ခိုင်လုံသော အထောက်အထား မပြနိုင်သေးသောကြောင့် စောကျော်ထွန်းအနေဖြင့် ငြင်းကွယ်ထွက်ဆိုနေမည်ကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဝင်းဦး သုံးသပ်မိသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ခရိုင်ဒ/န ခေါင်းဆောင် ရဲအုပ် ဇော်မင်းတို့က ရုံးခန်းအပြင်ထွက်ပြီး ကုမ္ပဏီမန်နေဂျာ ဦးခွန်မောင်မောင်အား ခေါ်လိုက်သည်။

''ကဲ.....မန်နေဂျာကြီး၊ စောကျော်ထွန်းကို ဒီမှာမေးနေရင်တော့ ရမယ်မထင်ဘူး၊ ကျွန်တော်တို့ ရဲစခန်းခေါ်သွားပြီး စစ်မယ်ဗျာ၊ ဒီကောင်က စစ်သားလူထွက်ဆိုတော့ ကြောက်စိတ်သိပ်မရှိဘူး၊ အခုမေးနေတဲ့နေရာကလည်း သူ့ရဲ့အဝန်းအဝိုင်းထဲ ဖြစ်နေတယ်၊ သူ့ကိုစိတ်ရှည်ရှည်နဲ့ စစ်ကြောရေးဝင်ချင်တယ်ဗျာ''

''ရပါတယ် မြို့နယ်မှူးကြီး ရယ်၊ ခေါ်သာခေါ်သွားပါ၊ အမှုပေါ်ရင်သာ ကျွန်တော့်ကို အမြန်လေး အကြောင်းကြားပေးပါဦး၊ ကျွန်တော်က သိချင်လှပြီ''

''ကဲ.....ဟုတ်ပါပြီ၊ ကျွန်တော်တို့ စောကျော်ထွန်းကို ရဲစခန်းခေါ်သွားတော့မယ်''

ထိုသို့ပြောဆိုပြီး ကုမ္ပဏီကားနှင့်ပင် စောကျော်ထွန်းအားတင်၍ ရဲစခန်းသို့ ပြန်လာကြသည်။ ရဲစခန်းရောက်သည့်အခါ မြို့နယ်ရဲတပ်ဖွဲ့မှူးက စခန်းမှူးအား.....

''ကဲ...စခန်းမှူးရေ စောကျော်ထွန်းကို စစ်ကြောရေးအခန်းထဲ ထည့်ထားလိုက်ဗျာ၊ အပြင်ကတော့ လုံခြုံရေးအစောင့်ချထားပါ၊ ကျွန်တော်နဲ့ ရဲအုပ် ဇော်မင်းတို့လည်း ဝိုင်းစစ်ကြမှာပါ''

စခန်းမှူး ရဲအုပ် ကျော်ဝေက စောကျော်ထွန်းအား စစ်ကြောရေးအခန်းထဲတွင် ထည့်လိုက်သည်။ မကြာမီ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဝင်းဦး၊ ရဲအုပ် ဇော်မင်းတို့ပါ စစ်ကြောရေးအခန်းထဲသို့ ဝင်ကြသည်။ စစ်ကြောရေးအခန်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ထားရှိသည်။ စောကျော်ထွန်း၏ရှေ့တွင် မီးလုံးတစ်လုံး ထွန်းထားသည်။ ထိုင်ခုံက ခွေးခြေပုံစံ ခပ်မြင့်မြင့်ဖြစ်သည်။ ထိုင်သူ၏ခြေထောက်နှင့် ကြမ်းပြင် မထိထားပါ။ စောကျော်ထွန်းက ဘေးပတ်ဝန်းကျင် အနီရောင်နံရံများကို အကဲခတ်ကြည့်နေသည်။ ရဲအုပ် ဇော်မင်းက စတင်၍.....

''ကဲ.....စောကျော်ထွန်း၊ တို့ဘာမှမမေးခင် မင်းအမှန်ကိုပြောစေချင်တယ်ကွာ''

''ကျွန်တော် ဘာကိုပြောရမှာလဲ ဆရာ''

''ဒီလိုလေကွာ၊ မင်းဘာဖြစ်လို့ စိုင်းသာအေးကို သတ်ရတာလဲကွာ''

စောကျော်ထွန်းမှာ ရုတ်တရက် အမေးခံလိုက်ရသဖြင့် ဆတ်ခနဲ ကိုယ်လုံးတွန့်သွားပြီး.....

www.burmeseclassic.com

www.burmeseclassic.com





"ဟာ.....ကျွန်တော် မသတ်ရပါဘူး၊ ကျွန်တော် ဘာဖြစ်လို့ သတ်ရမှာလဲ"

ဟု တုန်ယင်စွာဖြင့် ဖြေကြားလိုက်သည်။ နဖူးပြင်၌ ချွေးများစို့သာသည်ကိုလည်း တွေ့လိုက်ရသည်။ ရဲအုပ်ဇော်မင်းကပင် ဆက်သက်၍.....

"မင်းက ယောကျ်ားပဲကွာ၊ သုပ်ရဲရင် ခံရဲရမှာပေါ့၊ နောက်ပြီး မင်းက စစ်တပ်ထဲမှာလည်း တာဝန်ထမ်းဆောင်ဖူးတယ်ကွာ၊ ငါသိတာကတော့ စစ်သားဆိုတာ စည်းကမ်းရှိပြီး ဟုတ်မှန်ရာကို ရဲရဲဝံ့ဝံ့ ပြောဆတ်ဖို့ မင်းတို့သင်တန်းဆရာတွေက လေ့ကျင့်ပေးထားတယ်လို့ သိရတယ်၊ ငါတို့အနေနဲ့လည်း မင်းကို အဲဒီစိတ်ဓာတ်မျိုးပဲရှိမယ်လို့ ထင်တယ်ကွာ၊ မင်းငြင်းလို့မရနိုင်တဲ့ အချက်လေးကိုတော့ ပြောပြလိုက်မယ်၊ ငါတို့ပြောပြီးရင်တော့ မင်း အမှန်ပြောရတော့မယ်နော်"

ရဲအုပ် ဇော်မင်း၏ ပြောစကားကြောင့် စောကျော်ထွန်းက ဘာမှ မပြောတော့ဘဲ ၎င်းရှေ့ရှိ စားပွဲအား အဓိပ္ပာယ်မဲ့ စိုက်ကြည့်နေခဲ့သည်။

"အခင်းဖြစ်နေရာမှာတွေ့ရတဲ့ ရှူးဖိနပ်ခွာစောင်းခြေရာက တို့စုံစမ်းရသလောက် မင်းစီးနေကျ ရှူးဖိနပ်ထင်တယ်၊ နောက်ပြီး လွန်ခဲ့တဲ့ညက မင်းနဲ့ စိုင်းသာအေးတို့ အတူထွက်သွားတာကို တွေ့တဲ့လူရှိတယ်၊ မင်းအိမ်ကိုလည်း တို့မရှာဖွေရသေးဘူးနော်၊ ဒီလောက်ဆိုရင်တော့ မင်းသိလောက်ပြီထင်တယ်၊ နောက်တစ်ချက်ကတော့ မင်း ဝက်သတ်ရာမှာသုံးတဲ့ သုံးမြောင့်ချွန်(စကောဗာ)ကို ရချင်တယ်ကွာ၊ သွေးတွေစွန်းနေရင် ရေဆေးလို့ မပြောင်ဘူးနော်၊ ဘယ်လိုလဲ"

စောကျော်ထွန်းက စိတ်ကိုပိုင်းဖြတ်လိုက်သည့်ပုံစံဖြင့်.....

"ဟုတ်တယ်ဆရာ၊ ကျွန်တော်ကလည်း စစ်သားစိတ်ပဲရှိပါသေးတယ်၊ လုပ်ရဲရင် ခံရဲရမှာပေါ့ ဆရာ၊ စိုင်းသာအေးကို ကျွန်တော် စိတ်ဆိုးပြီး စကောဗာနဲ့ ထိုးသတ်လိုက်တာပါ"

မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဝင်းဦးနှင့် ရဲအုပ် ဇော်မင်းတို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး နှစ်ဦးသား လက်မထောင်အမှတ်အသားပြုလိုက်ကြသည်။

"အေး၊ မင်းကဝန်ခံမှတော့ တို့က ဥပဒေအရအကူအညီပေးရမှာပေါ့ကွာ၊ ဒါပေမဲ့ ဘာကြောင့်သတ်ရတယ်၊ ဘယ်လိုဖြစ်တယ်ဆိုတာလေးကိုတော့ ပြောပြပါဦး၊ ဖြစ်စဉ်အတိုချုပ်လေးပေါ့ကွာ၊ နောက်ကျတော့ အသေးစိတ်ထပ်စစ်ပါ့မယ်"

"ဖြစ်စဉ်က ဒီလိုပါ ဆရာ"

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ခလရ(–)တပ်ရင်းကပါ။ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်လောက်က ရှေ့တန်းမှာ မိုင်းထိပြီး ဘယ်ဘက်ခြေထောက် ဖြတ်လိုက်ရလို့ ဆေးစစ်ပြီး တပ်ကထွက်လိုက်တာပါ။ ဒီကုမ္ပဏီမှာ တပ်ရင်းမှူး အဆက်အသွယ်နဲ့ ရောက်လာတာပါ။ စိုင်းသာအေးကတော့ ကွန့်ဟိန်း တပ်နယ်ဘက်ကပါ။ သူလည်း ရှေ့တန်းမှာ မိုင်းထိပြီး ညာခြေထောက် ဖြတ်ပါတယ်။ ကျွန်တော်နဲ့သူနဲ့က ခြေတုတပ်ထားပေမယ့် ချိုင်းထောက်ကိုပဲ အားပြုပြီး သွားရပါတယ်။ ဘဝတူချင်းလည်းဖြစ်၊ ကုမ္ပဏီကို ရှေ့ဆင့်နောက်ဆင့် ရောက်လာတာလည်းဖြစ်တော့ တခြားသူတွေထက် ပိုခင်မင်ကြပါတယ်။ သူကတော့ မိန်းမ မရှိပါဘူး။ ကျွန်တော်ကတော့ မိန်းမရှိပြီး ၃ နှစ်အရွယ် သားတစ်ယောက်နဲ့ ၁ နှစ်အရွယ် သမီးတစ်ယောက်ရှိပါတယ်။ စားဝတ်နေရေးကတော့ သိပ်ပြေလည်လှတယ်လို့တော့ မဟုတ်ပါဘူး။ စိုင်းသာအေးကတော့ ချဲထီ၊ နှစ်လုံးထီ ဝါသနာပါတယ်။ ရတဲ့လစာလည်း အဲဒါနဲ့ကုန်တာပဲ။ သူ့မှာ ပိုက်ဆံမရှိတော့ရင် အဝတ်အစားကိုပါရောင်းပြီး ချဲ/နှစ်လုံး ထိုးတော့တာပဲ။ လွန်ခဲ့တဲ့ နှစ်ရက်လောက်က သူနဲ့ကျွန်တော် ဆုံတဲ့အခါ စိုင်းသာအေးက.....

"သူငယ်ချင်း၊ ငါလည်း ငွေပြတ်နေပြီကွာ၊ ဘယ်လိုရှာရမှန်းကို မသိဘူးဖြစ်နေတယ်၊ ရောင်းစရာလည်း ကုန်ပြီကွ၊ မင်းမှာရော ငွေလေးဘာလေး မရှိဘူးလား"

"မင်းကလည်း ငါ့မှာ မယားနဲ့သားနဲ့ကွ၊ ဘယ်လိုလုပ်ရှိနိုင်မှာလဲ၊ ဒီလိုပဲ ချွေတာပြီး စားကြရတာ"

"အေးကွာ၊ ငါ့မှာလည်း ရောင်းစရာဆိုလို့ ကက်ဆက်တစ်လုံးပဲ ရှိတော့တယ်၊ အဲဒါလေး ရောင်းလိုက်ပြန်ရင်လည်း သီချင်းတောင် နားမထောင်နိုင်တော့ဘဲ ငါ့ဘဝကြီးက ခြောက်ကပ်သွားမှာကွ"

စောကျော်ထွန်းက စဉ်းစားပြီးနောက်.....

"ဒီလိုရှိတယ် သူငယ်ချင်း၊ မင်းလည်းငွေလို၊ ငါလည်းငွေလိုနေတာဆိုတော့ အကြံတစ်ခုတော့ရှိတယ်ကွ၊ ဒီလိုကွာ၊ တို့ကုမ္ပဏီစတိုခန်းထဲမှာ အပိုစက်ပစ္စည်းတွေရှိတယ်၊ အသစ်တွေချည်းပဲ၊ အဲဒီထဲက တစ်ခုနှစ်ခုလောက် ရောင်းစားလိုက်ရင် တို့နှစ်ယောက် နည်းနည်းအဆင်ပြေမယ်ထင်တယ်၊ မင်းဘယ်လို သဘောရလဲ"

"ဖြစ်ပါ့မလားကွ၊ စတိုခန်းက အစောင့်ရှိတယ်နော်"

"အမြဲစောင့်မနေပါဘူးကွာ၊ ငါ သတိထားမိပါတယ်၊ ဒီနေ့ညက လမိုက်ရက်ပဲကွ၊ တို့လုပ်ရှားလို့ အကောင်းဆုံးပဲ"

"အေး၊ ဒီလိုဆိုရင်လည်း ဒီနေ့ည ၁၀ နာရီကျော်လောက် လှုပ်ရှားကြမယ်ကွာ၊ ပစ္စည်းတွေအများကြီးမယူရဘူးနော်၊ တစ်ခုနှစ်ခုလောက်ပဲယူမယ်"

"အေးပါကွာ၊ ဒါဆို ဒီည မင်းငါနဲ့ စိန်ပန်းပင်အောက်မှာ ဆုံမယ်နော်"



အဲဒီလိုချိန်းဆိုပြီး ကျွန်တော် တို့ လမ်းခွဲခဲ့ကြပါတယ်။ မနေ့က ည ၁၀ နာရီလောက်မှာ ကျွန်တော်နဲ့ စိုင်းသာအေးတို့ဆုံပြီး စတိုခန်းဆီကို မှောင်ရိပ်ခိုသွားခဲ့ကြတယ်။ ကျွန်တော်ကတော့ လိုရမည်ရ ကျွန်တော်ကိုင်နေကျ စကေဗာ (သုံးမြှောင့်ချွန်) ယူလာခဲ့ပါတယ်။ စတိုခန်းနားရောက်တော့ ကျွန်တော်က ဝင်ရမယ့် အပေါက်ကို ရှာဖွေနေတုန်း စိုင်းသာအေးက.....

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်း၊ ငါမလုပ်ချင်တော့ဘူးကွာ"

"မင်းကလည်း ဘယ်လိုဖြစ်ရတာလဲကွာ၊ မင်းပဲလုပ်မယ်လို့ပြောပြီး အခု ဘယ်လိုဖြစ်ရတာလဲ"

"ဒီလိုကွ၊ ဒီကုမ္ပဏီက ငါတို့ကို အလုပ်အကိုင်ပေးပြီး စောင့်ရှောက်ထားတယ်လေကွာ၊ ငါတို့ ကုမ္ပဏီအပေါ် သစ္စာမဖောက်သင့်ဘူးထင်တယ်၊ မင်းလည်းမလုပ်နဲ့တော့၊ မင်းလုပ်ခဲ့ရင်လည်း ငါက တိုင်ကြားရမှာပဲ"

စိုင်းသာအေးကတော့ တဒင်္ဂအတွင်း အသိတရားရပြီး ကျွန်တော့်ကို ပြောခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ အစကတည်းက လုပ်မယ်လို့ ရည်မှန်းထားပြီးသားမို့ အစီအစဉ် မဖျက်ချင်ပါဘူး။ သူက ကျွန်တော်လုပ်ရင် တိုင်မယ်ဆိုလို့ ရုတ်တရက် ဒေါသထွက်ပြီး သူ့ကို လက်သီးနဲ့ထိုးလိုက်ပါတယ်။ သူလည်း စတိုခန်းဘေးမြောင်းထဲကျသွားတယ်။ အဲဒီအချိန်မှာ ကျွန်တော်လည်း အသင့်ပါလာတဲ့ စကေဘာနဲ့ သူ့ရင်ဝကို ထိုးလိုက်ပါတယ်။ နောက်ပြီး မျက်နှာကိုလည်း တစ်ချက်ထိုးလိုက်တယ်။ ကျွန်တော်က ရင်ဘတ်နေရာမှာ စကေဘာတစ်ဆုံးထိုးလိုက်တော့ သူလည်း မအော်နိုင်တော့ပါဘူး။ သူအသက်မရှိတော့တဲ့အခါမှ သူ့ကို မှောက်ခုံထားခဲ့ပြီး ပြန်ထွက်လာပါတယ်။ သူနေတဲ့ အခန်းသွားပြီး သူဖွင့်နေကျ ကက်ဆက်ကို ယူလာခဲ့ပါတယ်။ အဲဒီညက ကျွန်တော် ရှူးဖိနပ် (Calvan) အမျိုးအစား ခွာစောင်းစီးသွားပါတယ်။ ကက်ဆက်ကတော့ မရောင်းရသေးပါဘူး။ ကျွန်တော် သူ့ကို စကေဘာနဲ့ထိုးတော့ သွေးတွေပန်းထွက်ပြီး ကျွန်တော့်အင်္ကျီမှာ သွေးတွေစင်ပြီး ပေနေပါတယ်။ ကျွန်တော့်ဇနီးမသိအောင် အင်္ကျီကိုဝှက်ထားပါတယ်။ ရှူးဖိနပ်နဲ့ စကေဘာကတော့ အိမ်မှာပဲရှိပါတယ်။ ကက်ဆက်ကိုလည်း အင်္ကျီနဲ့ရောပြီး အိမ်နောက်ဘက်ချုံပုတ်ဘေးနားမှာ ဝှက်ထားပါတယ်။

+++

မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဝင်းဦးနှင့် ရဲအုပ် ဇော်မင်း၊ ရဲအုပ် ကျော်ဝေတို့လည်း ဝန်ခံထွက်ဆိုချက်ရရှိခဲ့သဖြင့် ချက်ချင်း စောကျော်ထွန်းအိမ်တွင် အခင်းဖြစ်ညက စီးခဲ့သော ရှူးဖိနပ်၊ လူသတ်ရာတွင် အသုံးပြုခဲ့သော စကေဘာတို့ကို သိမ်းဆည်းရမိပြီး ဝှက်ထားသော သွေးစွန်းအင်္ကျီနှင့် ကက်ဆက်တို့ကိုလည်း စောကျော်ထွန်းက လိုက်လံပြသအပ်နှံသဖြင့် ထိုနေ့ညဉ့်ပင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

မှုခင်းစတင်ဖြစ်ပွားပြီး သေသူ စိုင်းသာအေးအလောင်း စတင်တွေ့ရှိသည့်အချိန်မှ ပြစ်မှုကျူးလွန်သူ စောကျော်ထွန်း ဝန်ခံထွက်ဆိုချိန်အထိ စုစုပေါင်း ဆယ့်တစ်နာရီခန့်သာ ကြာမြင့်ခဲ့ပါသည်။ ဆက်စပ်သက်သေများကို အချိန်မီ မြန်မြန်ဆန်ဆန် စစ်ဆေးကောက်ချက်ချမှုများကြောင့် အမှုမှာ အမြန်ပေါ်ပေါက်ခဲ့ရခြင်းဖြစ်ပါသည်။

+++

မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ ဟူဘိသကဲ့သို့ စောကျော်ထွန်းတစ်ယောက် တဒင်္ဂဖြစ်ပေါ်လာသော ဒေါသတရားကို ထိန်းသိမ်းနိုင်ခြင်းမရှိခဲ့သဖြင့် ခင်မင်ရသော သူငယ်ချင်း စိုင်းသာအေးအပေါ် ပြစ်မှုကျူးလွန်ခဲ့ခြင်းဖြစ်ပါသည်။ တစ်နည်းဆိုသော် ဘဝတူ သူငယ်ချင်းနှစ်ဦးသည် မိမိတို့အား ပြုစုစောင့်ရှောက်ခဲ့သော အလုပ်ရှင်ကုမ္ပဏီအပေး သစ္စာပျက်ယွင်းခဲ့ခြင်းကြောင့် သစ္စာတရား၏ စူးရှသော ဒဏ်ခတ်မှုများအား နှစ်ဦးစလုံး ခံသွားကြရခြင်းဖြစ်ပါသည်။ သစ္စာပျက်ယွင်းခြင်းနှင့်အတူ ရာဇဝတ်ဘေးသည် ပြေးလွတ်ရိုးထုံးစံမရှိဟု သဘောပေါက်မိပါတော့သည်။

(ရှမ်းပြည်နယ်တောင်ပိုင်း၊ ဟိုပုံးရဲစခန်း (ပ)၉၁/၂၀၀၂၊ ပြစ်မှုပုဒ်မ ၃၀၂ အမှု၏ ဖြစ်ရပ်မှန်မှုခင်းအား အမည်၊ ဌာနများပြောင်း၍ ခံစားရေးဖွဲ့ထားပါသည်။)

ဒုတိယရဲမှူးကြီးဝင်းဦး(ငြိမ်း)

www.burmeseclassic.com

www.burmeseclassic.com



# လုံခြုံတိုင်း စိတ်မချရပါ

အိမ့် (ရူပဗေဒ)

အမျိုးကြီးမခင်ဝေသည် မိဘများ ဆုံးပါးသွားသည့်နောက် တစ်ကိုယ်တည်း နေထိုင်သူဖြစ်သည်။ မခင်ဝေတွင် အစ်ကိုနှင့်အစ်မတို့ရှိကြ၏။ ဦးခင်တိုးနှင့် ဒေါ်တင်ဦးတို့က အိမ်ထောင်ကိုယ်စီဖြင့် တစ်အိုးတစ်အိမ်နေကြသည်။ မခင်ဝေမှာ အငယ်ဆုံးသမီးဖြစ်သည့်အပြင် မိဘနှစ်ပါးအား ပြုစုစောင့်ရှောက်ခဲ့သူဖြစ်၏။ ဈေးကြီးတစ်ဈေးတွင် အထည်များရောင်းချသူဖြစ်သည်။

"ခင်ဝေရယ် ငါ့နှမ အိမ်ထောင်ပြုဖို့ သင့်ပြီနော်"

"ဟုတ်တယ် ခင်ဝေ၊ အစ်မတို့က စိတ်ပဲရောက်နိုင်တာ၊ တစ်ခုခုဖြစ်ရင် လာဖို့မလွယ်ဘူး"

"ငါ့နှမက ဘာတွေတွေးနေသလဲ၊ အိမ်ထောင်ပြုတာ တစ်ဦးကိုတစ်ဦးအပြန်အလှန် စောင့်ရှောက်တာပဲ၊ တစ်ယောက်တည်းနေရတာ ယောကျ်ားသားမရှိရင် မတင့်တယ်ဘူး"

"ခင်ဝေ စဉ်းစားပါ့မယ် အစ်ကိုနဲ့ အစ်မတို့ရယ်၊ အခုစဉ်းစားနေတာက ကိုယ့်အတွက်လည်း အဆင်ပြေမယ်၊ ဆိုင်အတွက်လည်း အားကိုးရသူ ဖြစ်ရမယ်လေ၊ တော်ကြာ အပျင်းကြီးဖြစ်နေရင် ကိုယ်ကပြန်ရှာကျွေးနေရလိမ့်မယ်"

"ကြည့်ယူပေါ့အေ၊ တွေ့ရင်တော့ တို့နှစ်ယောက်ကို အသိပေး၊ အကဲခတ်ပေးမယ်"

မခင်ဝေက စိတ်မပါ့တပါဖြင့် ခေါင်းညိတ်ပြလိုက်သည်။ သူမအတွက် အိမ်ထောင်ပြုခြင်းသည် အပိုအလုပ်ဟု ထင်မှတ်ထားသည့်အတွက် အိမ်ထောင်ရေးကို စိတ်မဝင်စားပေ။ မခင်ဝေမှာ တစ်ဦးတည်း နေထိုင်ခြင်းကို နှစ်သက်သဖြင့် အိမ်ဖော်လည်းမထားခဲ့ပေ။

"အိမ်ဖော်လေးခေါ်ထားတော့ အဖော်ရတာပေါ့အေ"

"မထားချင်ပါဘူး၊ ကိုယ်အလုပ်သွားမှ သူက ပစ္စည်းတွေမွှေနှောက်မ,သွားမှာ"

"ညည်းနဲ့တော့ ခက်ပါတယ် ခင်ဝေရယ်၊ ပစ္စည်းသခါရ၊ လူသခါရတဲ့၊ ညည်းသေရင် ဘာမှယူသွားလို့ရတာ မဟုတ်ဘူး"

"ခင်ဝေ လူတွေကို မယုံဘူး အစ်မ၊ အထည်အကြွေးယူပြီးပြေးလိုက်၊ ငွေချေးပြီး ပြန်မဆပ်ချင်လို့ ရှောင်လိုက်နဲ့ စိတ်ညစ်စရာကြီး၊ ဒါကြောင့်မို့ အကြွေးမရောင်းဘူး၊ လက်ငင်းပဲ"

မခင်ဝေက ပြောသည့်အတိုင်းပင်။ အထည်ကို ယုံကြည်ရသူသာ အကြွေးပေး၏။ သူကိုယ်တိုင်က စနစ်ကျသည့်အတွက် အမြတ်ငွေမှ အတွင်းပစ္စည်းလေး



များကို ဝယ်ယူစုဆောင်းထားခဲ့သည်။

"ဗီရိုထဲမှာထားရင် သူခိုးဝင်မွှေသွားနိုင်တယ်၊ တခြားမှာထားပြန်တော့လည်း စိတ်မချရ၊ မထူးပါဘူးလေ၊ နည်းလမ်းတစ်ခုခုရှာမှပဲ"

မခင်ဝေတစ်ယောက် အကောင်းဆုံးနည်းလမ်းရသွား၏။ သူ့တွင်ရှိသောဥစ္စာပစ္စည်းများကို ဆိုင်သို့ယူသွားခြင်းသည် အန္တရာယ်များ၏။ အိတ်ကိုခိုးသွားလျှင် ရှိသမျှ ဆုံးရှုံးရပေတော့မည်။ သည်တော့ တွေးမိသည့်အကြံအတိုင်း အကောင်အထည်ဖော်လိုက်၏။

"ဟင်း.....ခုမှပဲ စိတ်ချမ်းသာသွားတော့တယ်၊ သူခိုးဝင်ရင်လည်း ဒီမှာထားတာ မသိနိုင်ပါဘူးလေ"

မခင်ဝေမှာ စိတ်အေးချမ်းသာစွာဖြင့် အလုပ်ကို ဖြောင့်ဖြောင့်တန်းတန်းလုပ်နိုင်တော့သည်။ သူ့လုပ်ရပ်အား မည်သူမျှ စဉ်းစားမိမည်မဟုတ်ပေ။ သည်တော့ကျေနပ်နေမိ၏။

+++

"ခင်ဝေရေ ဒီနေ့ ဈေးပိတ်တယ် မဟုတ်လား၊ အိမ်ရှေ့တံခါးချက်တွေပြင်ဖို့ အစ်မအသိကို ခေါ်ခိုင်းထားတယ်၊ နေ့လယ်လောက်ကျရင် လာလိမ့်မယ်၊ မထူးပါဘူးအေ၊ တံခါးရွက်ပါလဲတပ်လိုက်တော့"

အစ်မက ညီမအပျိုအတွက် စိတ်ပူသဖြင့် တံခါးချက်များ ခိုင်ခံ့စေရန် လက်သမားဆရာ ခေါ်ထားကြောင်း ဖုန်းဖြင့် အသိပေးသည်။ ခင်ဝေလည်း အိမ်နီးချင်း မိန်းကလေးတစ်ယောက်အား အဖော်အဖြစ် လာနေပေးရန် အကူအညီတောင်းလိုက်ရ၏။ တံခါးချက်များက သက်တမ်းကြာရှည်ပြီဖြစ်၍ စိတ်မချရပေ။ ပြန်လည်ပြုပြင်လျှင် လုံခြုံစိတ်ချသွားနိုင်သည်။ နေ့လယ်ပိုင်းတွင် လက်သမားဆရာရောက်လာ၏။ လိုအပ်သည်များကို လက်သမားဆရာက သူကိုယ်တိုင်သွားဝယ်ပြီး စေတနာပါပါလုပ်နေသည်။

"တံခါးအကျယ်ကိုတိုင်းပြီး ဆိုင်မှာ Ready Made တွေလုပ်ထားတာရှိတယ်လေ၊ ပစ္စည်းစုံတာနဲ့ ကောက်တပ်လိုက်ရင် ပြီးပြီ"

"လွယ်လိုက်တာနော် အန်တီ"

"ဒါပေါ့ကွယ်၊ အချိန်ကုန်၊ လူပင်ပန်း သက်သာတာပေါ့"

မခင်ဝေက အဖော်နှင့်အတူ ဗီဒီယို ကြည့်ရင်း လက်ဖက်သုပ်စားကြသည်။ လက်သမားဆရာက သူ့အလုပ်ကို နေ့ ချင်းပြီးစီးအောင် လုပ်နေ၏။ ညနေ ၆ နာရီထိုးခါနီးတွင် တံခါးပြင်ဆင်ပြီးသွားပြီ ဖြစ်၍ လက်သမားဆရာက ပြုပြင်ခ ကျ သင့်ငွေကိုတောင်းပြီး ပြန်သွားသည်။

+++

"သမီးကိုလည်း ကျေးဇူးတင်ပါ တယ်ကွယ်"

"ရပါတယ် အန်တီ"

အဖော်လာစောင့်ပေးသော မိန်း ကလေး ပြန်သွားသည့်နောက် မခင်ဝေက တံမြက်စည်းယူကာ ရှင်းလင်းနေစဉ် အသိ တစ်ခုဝင်လာ၏။ ကမန်းကတန်းကြည့် လိုက်ရာ.....

"ဟင်.....ငါ့.....ငါ့ပန်းအိုးကြီး မရှိ တော့ပါလား၊ ဘယ်ရောက်သွားပါလိမ့်"

မခင်ဝေတစ်ယောက် ခေါင်းနားပန်း ကြီးသွားတော့သည်။ သူထားသည့်နေရာ တွင် စဉ့်ပန်းအိုးကြီးက မရှိတော့ပေ မနက်ကပင် တွေ့သေး၏။

"လက်သမားဆရာကြီးများ တစ်နေ ရာရာ ရွှေ့ထားသလား"

အလျင်အမြန်ရှာဖွေရာ မတွေ့ပေ ထောင့်တစ်နေရာတွင် ကွဲနေသော ပန်း အိုးအစအနများကို တွေ့ရမှ.....

"ဟယ်.....ဒါဆို ပန်းအိုးကွဲသွား တာပဲ၊ ပန်းအိုးထဲမှာ ငါ့ပစ္စည်းတွေ....ငါ့ ပစ္စည်းတွေ ပါသွားပြီ၊ အမယ်လေး..... ကယ်ကြပါဦး၊ မမဆီ ဖုန်းဆက်ဦးမှပဲ"

စဉ့်ပန်းအိုးကြီးထဲရှိ မြေကြီးများထဲ တွင် မြှုပ်သိမ်းထားသော သူ့ပစ္စည်းများ အား လက်သမားဆရာက ခိုးယူသွားခြင်း ဖြစ်သည်။ သည်တော့မှ ဂွမ်းခနဲအသံ သည် ပန်းအိုးကွဲသွားသောအသံဖြစ် ကြောင်း မခင်ဝေ သဘောပေါက်သွား တော့၏။ ဖုန်းကိုယူကာ အစ်မဖြစ်သူထံ အကြောင်းကြားရတော့သည်။

အိမ့် (ရူပဗေဒ)

www.burmeseclassic.com

www.burmeseclassic.com


အတားအဆီးအပိတ်အဆို့များကို
ဖယ်ရှားပြီး လွယ်ကူညင်သာ
ချောမွေ့သော ခံစားမှုအတွက်

# ရွှေအေးအောင်


TMR. 011758(1215)

## ဝမ်းမှန်အကြောပြေဆေး

အမှတ် ၁၂၀၊ ပြည်လမ်း၊ ၈ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၆၆၇၀၉၃


www.burmeseclassic.com

www.burmeseclassic.com



# မောင်သာမန်

(ဇီးကုန်း)

## ပန်းနှင်းဆီဌေ

## ဆူးရှိ၏

www.burmeseclassic.com

www.burmeseclassic.com



ယခုဇာတ်ပြပါဖြစ်စဉ်သည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် တိုင်းပြည်မငြိမ်မသက်ဖြစ်နေချိန်တွင် ဖြစ်ပွားခဲ့သော တကယ့်အဖြစ်အပျက်ကို အခြေခံ၍ ရေးသားထားခြင်းဖြစ်ပါသည်။ တိုင်းပြည်မငြိမ်မသက်ဖြစ်၍ တရားဥပဒေစိုးမိုးမှုမရှိသည့်အခါ ပြည်သူလူထုမှာ ဒုက္ခဆင်းရဲ ကြုံကြရသည်ကို သင်ခန်းစာယူနိုင်စေရန် ရေးဖွဲ့တင်ပြခြင်းဖြစ်ပါသည်။

တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော မြို့လယ်ကောင်၌ လှပချောမွေ့သော အမျိုးသမီးတစ်ယောက် အရက်ဆိုင်တစ်ဆိုင်၏ အရောင်းကောင်တာ၌ ထိုင်လျက်ရှိနေ၏။

သူမသည် သူမ၏ဆိုင်သို့ အရက်ဝယ်ယူသောက်သုံးကြမည့်သူများကို မျှော်နေခြင်းဖြစ်၏။ သူမ၏ အရက်ဆိုင်သည် ခေါက်ဆွဲကြော်နှင့် အကြော်စုံ တွဲဖက်ရောင်းချသောကြောင့် နာမည်ကြီးသောဆိုင်တစ်ဆိုင်ဖြစ်၏။

ပြီးခဲ့သည့်ရက်များအတွင်းက သူမ၏ဆိုင်သည် အတောမသတ် ရောင်းကောင်းလှသည်။ အရက်သည်းရောင်းကောင်းသကဲ့သို့ စားသောက်ဖွယ်စုံသည်လည်း ရောင်းကောင်း၏။ သို့သာမက သူမ၏ လှပမှုဖြင့် ခေါင်းစပ်ဖွဲ့စည်းထားသည့် ဆိုင်၏ သပ်ရပ်သန့်ရှင်းမှုကြောင့် စားသုံးသူ သူကောင်းသားတို့မှာ ပို၍ပင် ခံတွင်းတွေ့ကြခြင်း ဖြစ်တန်ရာ၏။

သူမသည် ခင်နှင်းဆီဟူသော နာမည်နှင့်လိုက်ဖက်အောင် နှင်းဆီပန်းကလေးပမာ တောက်ပသော အလှကို ပိုင်ဆိုင်ထား၏။ သို့သော် သူမသည်အပျိုမဟုတ်၊ တစ်ခုလပ်၊ မုဆိုးမဖြစ်၏။ သူမ၏ ပထမခင်ပွန်းမှာ ယခင် ဖဆပလခေတ်က ပျူစောထီးဗိုလ်တစ်ဦးဖြစ်၏။ ထိုပျူစောထီးဗိုလ်သည် အရက်မမူးလျှင် မည်သည့်စကားမျှမပြော။ အရက်မူးလာပြီဆိုပါက သေနတ်တစ်လက်ဖြင့် ပစ်ခတ်ရမ်းကားနေတတ်၏။ သို့ဖြစ်၍ အရက်သောက်ပြီး ဆိုးတတ်သည့်ဉာဉ်ကြောင့် လူသတ်မှု၊ မုဒိမ်းမှုများ ကျူးလွန်မိသဖြင့် ထောင်ဒဏ်တစ်သက်ကျသွားခဲ့သည်၊ ခင်နှင်းဆီဟူသော သူမသည် ပထမဆုံး တစ်ခုလပ်ဖြစ်သွားရ၏။

ထိုစဉ်က တစ်ခုလပ် ခင်နှင်းဆီသည် မိဘဆွေမျိုးများ မရှိသလို လင်ယောကျ်ားလည်း တစ်သက်တစ်ကျွန်းဒဏ် ကျခံသွားရ၍ အလုပ်အကိုင်မရှိ၊ စားရမဲ့သောက်ရမဲ့အခြေအနေ ဖြစ်သွားခဲ့၏။ ထိုသို့သော အခြေအနေတွင် အသိမိတ်ဆွေများ၏ ဖေးမမှုကြောင့် ခေါက်ဆွဲကြော်ဆိုင်ပိုင်ရှင် တရုတ်ထောင်ကဲကြီးဖြစ်သည့်ချူတီးနှင့် အကြောင်းပါခဲ့ပြန်သည်။

မည်သို့ဆိုစေ ခင်နှင်းဆီတစ်ယောက် တစ်ပူပေါ် နှစ်ပူဆင့်ရသည့်အဖြစ်မှာ ပထမယောကျ်ားကဲ့သို့ပင် ချူတီးနှင့်လည်း ရိုးမြေကျ မပေါင်းသင်းလိုက်ရပေ။ မည်သည့်အတွက်ကြောင့်ဆိုသော် ချူတီးမှာ သွေးတိုး၊ နှလုံး၊ ကျောက်ကပ်ရောဂါတို့ဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားရခြင်းကြောင့်ဖြစ်၏။ သို့ဖြစ်၍ တစ်ခုလပ်၊ မုဆိုးမ ဖြစ်ခဲ့ရပြန်သည်။

မည်သို့ဆိုစေ ထောင်ကဲကြီး ဆုံးပါးသွားသော်လည်း သူမသည် စိုင်ကော်၍ ချူပေါ်သို့ရောက်သွားခဲ့ရ၏။ ဒုတိယခင်ပွန်း သေဆုံးချိန်တွင် ခင်ပွန်းဖြစ်သူပိုင်ဆိုင်သော အရက်ဆိုင်နှင့် အတွင်းပစ္စည်းများအား သူမတစ်ယောက်တည်း အမွေစားအမွေခံအဖြစ် ပိုင်ဆိုင်ခဲ့ခြင်းပင်ဖြစ်၏။ သူမ၏ဘဝသည် တောက်လျှောက်နာကြည်းခဲ့ရ၍လားမသိ။ သူမပိုင်ဆိုင်ခဲ့သော ဤအရက်နှင့် စားဖွယ်စုံလုပ်ငန်းအား တည်တံ့ခိုင်မြဲအောင် ကြိုးစားလျက်ရှိ၏။

မည်သို့ပင်ဖြစ်စေ တိုင်းပြည်မငြိမ်မသက်ဖြစ်နေချိန်ဝယ် သူမ၏ အရက်ဆိုင်မှာ ရောင်းအားကောင်းနေခဲ့ခြင်းသည် သူမအတွက် ရေမပြည်ကြီး မီးဟုန်းဟုန်းတောက်

www.burmeseclassic.com

လောင်နေလင့်ကစား စောင်းတီးမပျက်သည့် နီရိုးဘုရင်၏ထုံး နှလုံးမူရမည်ဟု ခံယူချက်ရှိနေဟန်တူ၏။

အရောင်းကောင်တာ၌ လှုပတင့်မောစွာ ထိုင်နေသော သူမသည် လွန်ခဲ့သောရက်ပိုင်းက ဖြစ်ခဲ့သည့် အဖြစ်အပျက်အတွက် သူမ၏စိတ်သည် လင်းတစ်ခါ၊ မှောင်တစ်လှည့် ပူခြင်းတစ်ဝက်၊ အေးခြင်းတစ်ဖုံ ဒွိဟများစွာဖြင့် စိတ်ထဲတွင် မတင်မကျ ဖြစ်နေခဲ့သည်။

ထိုစဉ် ဆိုင်ထဲသို့ ကနဦးဖောက်သည် လူငယ်နှစ်ဦးဝင်လာ၏။ လူငယ်တစ်ဦးက.....

"မမကြီးရေ ကျွန်တော်တို့ကို အရက်ဖြူတစ်လုံးနဲ့ အခေါက်ကင်တစ်ပွဲပေးပါ"

"အေး.....အေး၊ ကောင်လေး ငါ့မောင်တွေ ဒီနေ့ အဆင်ပြေလာတယ်နဲ့တူတယ်"

သူမက လှမ်းပြောလျက် မီးဖိုခန်းထဲတွင် ကြော်လှော်ချက်ပြုတ်နေသော လက်ရင်းတပည့်ဖြစ်သူ ဘိန်းစားတင်မောင်အား အခေါက်ကင်တစ်ပွဲ ပြုလုပ်ပေးရန် မှာကြားလိုက်၏။ စားပွဲထိုးဖြစ်သူ ချာတူးအား လူငယ်နှစ်ဦးထံ အရက်တစ်ပုလင်း သွားချပေးရန် ခိုင်းလိုက်ပြန်၏။ ယင်းနောက် သူမသည် စကားမရှိ စကားရှာလျက် ထိုလူငယ်နှစ်ဦးအား ညှော်ခံစကားအဖြစ် ပြောလိုက်ပြန်၏။

"မင်းတို့တွေ မြင်းထီပေါက်လာကြတယ်နဲ့တူတယ်၊ ဟုတ်တယ်မဟုတ်လား"

လူငယ်များက ရယ်မောလျက် ပြန်ပြောခဲ့သည်။

"ကြုံကြီးစည်ရာ မမကြီးရာ၊ ပစ္စည်းတစ်ခု အရောင်းအဝယ်လုပ်လို့ မြိုးမြိုးမြက်မြက် အမြတ်အစွန်းလေးရလာလို့ မမတို့ဆိုင်ကို စောစောစီးစီး ဝင်ခဲ့တာပါဗျာ"

"မမပြောတဲ့ မြင်းထီကို ကျွန်တော်တို့စိတ်မဝင်စားပါဘူးဗျာ၊ မြင်းထီဆိုတာကလည်း လောင်းကစားတစ်ခုပဲလေ၊ ဒီကစားပွဲတွေက မှန်းဆပြီးထိုးလို့ ပေါက်တာမဟုတ်ဘူးဗျ၊ မြင်းပွဲကထုတ်တဲ့ ကြိုတင် ခန့်မှန်းစာအုပ်တို့၊ ရေဒီယိုတို့၊ သတင်းစာတို့ဖတ်မှ၊ နားထောင်မှ ဖြစ်တာ၊ ဒါတောင် လွဲချင်လွဲသေးတာ"

သွားလေသူ
ဗိုလ်လှဦးတို့၊
ကိုချို့တီးတို့ရဲ့
အကြည့်တွေကို
ရင်ခုန်လို့မရပေမယ့်
ဒီကောင်လေးကျမှ
ငါ့ရင်တွေ
ခုန်နေရတယ်
...



www.burmeseclassic.com

www.burmeseclassic.com



လူငယ်တစ်ဦးက သူ၏အတွေ့အကြုံနှင့်ယှဉ်ပြီး ရှင်းပြခဲ့၏။

လူငယ်၏ပြောစကားကြောင့် ခင်နှင်းဆီ ပြုံးသွား၏။ ဟုတ်တော့လည်းဟုတ်၏။ ခေတ်အရ ဆိုရှယ်ကျသူတိုင်း မြင်းထိီထိုးကြ၏။ သို့သော် ပေါက်လျှင်တစ်ကြိမ်၊ မပေါက်လျှင် အကြိမ်များစွာ။ သို့ကြောင့် သူမ မြင်းထိကို စိတ်မဝင်စားခဲ့ပေ။ သွားလေသူ ချုံတီးက မြင်းထိကို ဝါသနာပါ၏။မြင်းထိဝါသနာပါသော ယောက်ျားဖြစ်သူ ချုံတီးအကြောင်း သတိရသွားခဲ့၍ သူမမျက်နှာ ညှိုးငယ်ရသည်။ သို့ဖြင့် သက်ပြင်းအခါခါချနေသော သူမအဖို့ နောက်ဆံတင်းစရာအကြောင်းရှိနေသည်။ ညသို့ဆိုစေ မိမိဆိုင်သို့ စားသုံးသူများ လာသည့်အခါတွင်မူ အပြုံးများဖြင့် ဟန်လုပ်၍သာ နေရပေ၏။

+++

ဤမြို့ငယ်သည် ခင်နှင်းဆီ၏ဆိုင်ကြောင့်သာ လူစည်ကားနေခြင်းဟု ဆိုရမည်။ မြို့ငယ်လေးသည် ကျဉ်းမြောင်းလှ၏။ နယ်စွန်နယ်ဖျားမြို့ကလေးဖြစ်ခြင်းကြောင့် လူကြီးအရောက်အပေါက်နည်း၏။ တိုးတက်မှု နှေးကွေး၏။ မြို့ငယ်လေးသည် ဆေးရုံ၊ ရဲစခန်းတို့ရှိသော်လည်း ဖွံ့ဖြိုးတိုးတက်မှု နှေးကွေး၍ မည်သည့်ဝန်ထမ်းမျှ လာလိုခြင်းမရှိ။ လမ်းပန်းအဆက်အသွယ်လည်း ညံ့ဖျင်းလှ၏။ လူဆိုးသူခိုးလည်းပေါ၏။ အေးချမ်းသာယာမှု ဆိတ်သုဉ်းလျက် တရားဥပဒေစိုးမိုးမှု လျော့နည်းနေရသည်။

ခေတ်အခြေအနေကလည်း ကောင်းလှသည်မဟုတ်။ လွတ်လပ်ရေးရရှိပြီးသည့်နောက် နိုင်ငံရေးအခြေအနေမကောင်း။ ဖဆပလ နှစ်ခြမ်းကွဲ၍ ပြည်တွင်းစစ်သို့ ဦးတည်နေ၏။ သို့သာမက အင်အားကြီးမားလှသည့် ဗကပ(ဗမာပြည်ကွန်မြူနစ်ပါတီ)အား မတရားအသင်းကြေညာမည်ဟု သတင်းထွက်ပေါ်လာသဖြင့် နယ်မြေဒေသတချို့ ထိန်းမရသိမ်းမရ ဖြစ်နေကြ၏။

သို့သာမက တောမီးလောင်တောကြောင်လက်ခမောင်းခတ် ဖြစ်နေရသည်။ ပျူစောထီးဟူသော ကာကွယ်ရေးအဖွဲ့များကလည်း လက်နက်များကိုင်ဆောင်လျက် ခေတ်ပျက်ဗိုလ်အဖြစ် ခြယ်လှယ်နေခဲ့ကြ၏။ ယင်းသို့သောအခြေအနေတွင် မြို့ငယ်သည် နေ့စဉ်နေ့တိုင်း၊ ညစဉ်ညတိုင်းဆိုသကဲ့သို့ ကျီးလန့်စာစားနေရသည့်နယ်။

ထိုအတောအတွင်း ဆင်းရဲသော ပြည်သူများ၏ဘဝ မြှင့်တင်ရန်ဟူသော ကြွေးကြော်ချက်ဖြင့် မည်သည့်ပါတီမှမပါ ပုဂ္ဂလိက အမတ်ဝင်ရွေးမည့် ပါလီမန်အမတ်လောင်း ဦးအောင်ဒင်တစ်ယောက် လောလောလတ်လတ် အသတ်ခံရသည့်ကိစ္စသည် သေးသေးဖွဲဖွဲ ပြဿနာမဟုတ်သဖြင့် မြို့ငယ်၏ ရဲစခန်းသာမက ခရိုင်ရဲမင်းကြီး (ယခု ခရိုင်ရဲတပ်ဖွဲ့မှူး)ပါ ဆင်းလာခဲ့ရသည်။ မြို့သူမြို့သားများမှာ တထိတ်တလန့် ဖြစ်နေကြရသည်။ သို့သာမက ဗကပ ပါတီဝင်များ၊ ကာကွယ်ရေးပျူစောထီးအဖွဲ့ဝင်များနှင့် အခြားသော အဖွဲ့အစည်းများမှာ တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့ မသင်္ကာမှုများဖြင့် ယုန်ထင်ကြောင်ထင် ဖြစ်နေကြတော့၏။

ခရိုင်ရဲမင်းကြီးက အမတ်လောင်း ဦးအောင်ဒင် အသတ်ခံရမှုနှင့်ပတ်သက်၍ တစ်ပတ်အတွင်း တရားခံဖော်ထုတ်ရန် ညွှန်ကြားထားသော်လည်း ယခု တစ်ပတ်ပင်ပြည့်တော့မည်။ လူသတ်တရားခံကို မဖော်ထုတ်နိုင်ပေ။ ရဲစခန်းမှူးသည် ထိုလူသတ်မှုအား သတ်မှတ်ထားသည့်ရက်အတွင်း ဖော်ထုတ်နိုင်ခြင်းမရှိပါက ရာထူးချခံရ၍ နယ်ပြောင်းရမည်ဖြစ်၏။ သို့ဖြင့် မည်းမည်းမြင်ရာ မသင်္ကာဟုဆိုလျက် ရဲစခန်းသို့ ခေါ်ယူ၍ မသင်္ကာမှုဖြင့် စစ်မေးခြင်းဖြင့်သာ အချိန်ကုန်၍နေလေ၏။ သို့သော် မထိရောက်။ အချည်းနှီးပင်ဖြစ်နေရ၏။

ထိုကဲ့သို့ မြို့ငယ်တွင် လှုပ်လှုပ်ရွရွဖြင့် ပြဿနာများ ဖြစ်ပေါ်နေချိန်တွင် ခင်နှင်းဆီ၏ စားသောက်ဆိုင်မှာ ရောင်း၍မစဲ တသဲသဲဖြစ်နေပေ၏။ သူမ၏အရက်ဆိုင်သည် ဈေးမြောက်ဘက်မှ ပေါက်ဖော်ကြီး အရှုပ်ဆိုင်ထက် အရောင်းသွက်ခဲ့သည်။ ထိုသို့ အရောင်းသွက်၍ လူဝင်လူထွက် စည်ကားခြင်းမှာ အကြောင်းရှိပါ၏။

ခင်နှင်းဆီသည် တင့်တယ်မှုဆိုးမပင်ဖြစ်သော်လည်း ချောမော

www.burmeseclassic.com



လှပသည့် ရုပ်ရည်ရူပကာနှင့် တောင့်တင်းသည့်ခန္ဓာကိုယ်ဖွဲ့စည်းမှုများကြောင့် ထိုအရက်ဆိုင်မှာ ရောင်းဝယ်ဖောက်ကားမှု စည်ပင်နေရခြင်းဖြစ်သည်။ သူမ၏ နွေးထွေးသောအပြုံးနှင့် ချိုသာသော စကားများကြောင့် သူမ၏ဆိုင်သို့ လာရောက်အားပေးသူများ ပိုမိုများပြားလာခြင်းဖြစ်သည်။

သို့သော် ခင်နှင်းဆီ၏ စိတ်စေတသိက်သည် ကြည်လင်နိုင်ခြင်းမရှိ။ အပူရုပ်ကို ဟန်လုပ်၍နေရသည်ဟုဆိုပါက ပိုမိုမှန်ကန်ပါ၏။ သူမ၏အကြောင်းကို သူမသည်သာ အသိဆုံးဖြစ်ပေလိမ့်မည်။

မကြာမီ နေဝင်တော့မည်ဖြစ်၏။

နေစောင်းကာစ။ လူသွားလူလာ ကျဲပါးသော မြို့တွင်းလမ်းပေါ်တွင် ခံ့ညားသော လူရွယ်တစ်ယောက်က မြင့်မားသော မြင်းညိုကြီးအား အသားကျစီး၍ ခင်နှင်းဆီ၏ဆိုင်ရှေ့သို့ ရောက်ရှိလာ၏။ ထိုလူရွယ်သည် ဆိုင်ရှေ့သို့ရောက်သည်နှင့် မြင်းပေါ်မှဆင်း၍ မြင်းအား နီးရာဗာဒံပင်၌ ကြိုးချည်၍ထားလိုက်၏။ ယင်းနောက် ဆိုင်ထဲသို့ ထိုလူရွယ် ဝင်လာ၏။ လူရွယ်သည် အဖြူရောင်စပို့ရှပ်၊ အညိုရောင် ဘောင်းဘီရှည်နှင့် မြင်းစီးဖိနပ်ကို အကျအန ဝတ်ဆင်ထား၏။ သေသပ်ခံ့ညားသော လူရွယ်၏ ပုံသဏ္ဍာန်ကြောင့် ခင်နှင်းဆီမှာ မခုန်စဖူး ရင်တွေခုန်ခဲ့ရ၏။ လူရွယ် ထိုင်နေသော စားပွဲဝိုင်းသို့ သူမကိုယ်တိုင် သွားရောက်ခဲ့၏။

"ငါ့မောင် ဘာများသုံးဆောင်ပါမလဲကွယ်"

လူရွယ်က သူမအား မော့ကြည့်လျက်.....

"ဖြစ်နိုင်ရင် ဝီစကီတစ်ပက်နဲ့ အမြည်းတစ်ခုခု စီစဉ်ပေးပါဗျာ"

စားစရာသောက်စရာမှာသည့် လူငယ်၏အပြုံးသည် အကြောင်းအရာတစ်ခုအား ဖော်ထုတ်လိုသော အပြုံး ဖြစ်နိုင်ခြေရှိကြောင်း ခင်နှင်းဆီက အကဲခတ်လိုက်မိ၏။ သူမ၏ရင်သည် ထိတ်ခနဲဖြစ်သွားရ၏။

ခင်နှင်းဆီ၏ ကြည်လင်နေသော စိတ်အစဉ်သည် ရုတ်ခြည်းနောက်ကျိသလို ခံစားလိုက်ရ၏။ ယင်းနောက် လူရွယ်နားမှခွာ၍ အရောင်းကောင်တာသို့ သူမတစ်ယောက် ပြန်သွားခဲ့၏။

ကောင်တာသို့ရောက်သည်နှင့် လူရွယ်အကြောင်း စဉ်းစားနေလိုက်၏။

"ဒီကောင်လေးအကြည့်က စူးရဲလိုက်တာ၊ ငါ့အတွက် ပဟေဠိဆန်နေသလိုပဲ၊ သူ့အကြည့်တွေကြောင့် ငါ့ရင်တွေခုန်နေရပြီ၊ သွားလေသူ ဗိုလ်လှဦးတို့၊ ကိုချိုတီးတို့ရဲ့အကြည့်တွေကို ရင်ခုန်လို့မရပေမယ့် ဒီကောင်လေးကျမှ ငါ့ရင်တွေ ခုန်နေရတယ်၊ ဘာဖြစ်လို့ပါလိမ့်"

ခင်နှင်းဆီက သူမကိုယ်သူမ ပြန်၍ဆန်းစစ်ကြည့်နေမိ၏။

လူရွယ်က တစ်ချက်တစ်ချက် သူမထံ လှမ်း၍ကြည့်နေတတ်၏။ သူမ၏စိတ်ထဲ၌.....

"သူ့ကို ဒီမြို့မှာ မတွေ့ဖူးပါဘူး၊ အရက်သောက်တယ်ဆိုပေမယ့်လည်း ဣန္ဒြေပျက်လောက်အောင် ဟန်မပျက်ဘူး၊ ရန်ကုန်က သူဌေးသားများလား၊ ဒါမှမဟုတ် စီအိုင်ဒီက စုံထောက်များလား"

သူမမှာ စဉ်းစားတွေးတောရင်း တစ်စုံတစ်ရာကို သတိရသွား၍ အထိတ်တလန့်ဖြစ်ခဲ့ရ၏။

+++

ထိုအခိုက် သူမ၏ဆိုင်ရှေ့သို့ ယူနီဖောင်းအပြည့်အစုံဖြင့် ရာဇဝတ်အုပ် (ယခု ရဲအုပ်)ကိုသောင်းငွေသည် အမေရိကန်လုပ် စစ်ကျန်မော်တော်ဆိုင်ကယ်ကြီးအား အင်ဂျင်သံတဖုံးဖုံးဖြင့်စီးလျက် ရောက်ရှိလာ၏။ ရာဇဝတ်အုပ်ကြီးသည် ဆိုင်ထဲရှိ ခင်နှင်းဆီရှိရာ အရောင်းကောင်တာသို့ တန်းတန်းမတ်မတ် အရောက်သွားလျက် သူမအား လေသံဖြင့်ပြောခဲ့၏။

"မခင်နှင်းဆီ၊ ဒီမြို့မှာအရက်ဆိုင်ဆိုလို့ ခင်ဗျားဆိုင်နဲ့ မြောက်ဘက်တန်းက အရှုပ်ရဲ့ဆိုင်ပဲ ကြီးကြီးကျယ်ကျယ်ရှိတာ၊ အရက်ဆိုင်ဆိုတာက လူတကာ ဝင်ထွက်စားသောက်တဲ့ဆိုင်ဆိုတော့ ထူးခြားတဲ့ လူစိမ်းတွေများ သတိပြုမိ၊ မသင်္ကာဖြစ်မိရင် ကျုပ်တို့ရဲစခန်းကို လှမ်းပြီးအဆက်အသွယ်လုပ်ပါ"

မခင်နှင်းဆီက ထိတ်လန့်သော အမူအရာဖြင့် ပြန်မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com





"ရာဇဝတ်အုပ်မင်းရယ် ထိတ်သာမလန့်သာ၊ ဒီမြို့မှာ ဘာတွေဖြစ်နေတာလဲရှင်"

ရာဇဝတ်အုပ် ကိုသောင်းငွေက စိတ်ပျက်သော အမူအရာဖြင့် သူမအနားသို့ တိုးကပ်ပြီး ပြောပြခဲ့၏။

"ဒီမြို့မှာ ဘယ်လိုကပ်တွေဆိုက်နေသလဲမသိပါဘူးဗျာ၊ အစိုးရက ဗကပတွေကို မတရားအသင်းကြေညာမယ်ဆိုတဲ့ သတင်းစကားကြောင့် ဒီနယ်မှာရှိတဲ့ ဗကပတွေက သူပုန်ထမယ်၊ တောခိုမယ်ဖြစ်နေကြတယ်၊ အဲဒီလိုသာ သူပုန်ထမယ်၊ တောခိုမယ်ဆိုရင် အနီးကပ်ပစ်မှတ်က ကျုပ်တို့ရဲ့ဌာန ဖြစ်နေတယ်လေ၊ ဒါကတစ်ကြောင်း၊ နောက်တစ်ခုက ပါလီမန်အမတ်လောင်း ဦးအောင်ခင် အသတ်ခံရတဲ့ကိစ္စနဲ့ပတ်သက်ပြီး တရားခံကို သေသေချာချာ မဖော်ထုတ်နိုင်ရကောင်းလားဆိုပြီး ခရိုင်ရဲမင်းကြီးက ကျုပ်တို့ကို ရာဇဒဏ်ရှုနေတယ်ဗျာ၊ ကျုပ်တို့ဘဝကတော့ ဆုပ်လည်းစူး၊ စားလည်းရှူးဆိုတဲ့ဘဝဖြစ်နေပြီ"

ရာဇဝတ်အုပ်ကြီးသည် သူမအား စကားပြောနေရာမှ ထူးခြားသောလူငယ်အားသတိပြုမိသွားခဲ့၏။

"ဒါနဲ့ ခင်ဗျားတို့ဆိုင်ရှေ့က မြင်းကြီးက ဘယ်သူ့မြင်းလဲဗျ၊ တော်တော်တောင့်တဲ့မြင်းပဲ"

ခင်နှင်းဆီက လူရွယ်ထံမျက်စပစ်လိုက်ပြီး ပြောပြခဲ့၏။

"အဲဒီမြင်းက ဟိုမောင်လေးရဲ့မြင်း၊ သူစီးလာတာ"

ရာဇဝတ်အုပ် ကိုသောင်းငွေသည် လူရွယ်ထံလျှောက်သွားပြီး နောက် စကားမရှိ စကားရှာကာ မြင်းအကြောင်း စပ်စုနေ၏။

"ဟိုမြင်းက ညီလေးရဲ့မြင်းလားကွ၊ တော်တော်ကြည့်ကောင်းတဲ့မြင်းပဲ၊ မင်းဘယ်ကဝယ်လာတာလဲ"

လူရွယ်ကသူ၏မြင်းအကြောင်း မေးလာသော ရာဇဝတ်အုပ်အား ရှင်းပြလိုက်၏။

"ကျွန်တော့်မြင်းက ပြိုင်မြင်းကျတစ်ကောင်ပါဗျာ၊ ရန်ကုန်မြင်းပြိုင်ကွင်းက ဝယ်လာတာ၊ ခေတ်တွေပြောင်းလဲတော့မယ့် အခြေအနေဖြစ်နေပြီ၊ နောက်ဆို ရန်ကုန်မှာလည်း မြင်းပြိုင်ပွဲတွေ ရှိချင်မှရှိတော့မှာ၊ ပိုင်ရှင်က မရောင်းချင်ပေမယ့် ကြိုက်ဈေးရတော့ ရောင်းလိုက်တာပါ"

**မမရဲ့ ဘဝရည်ရွယ်ချက်က မင်းအဖေကို မမရဲ့ ဘဝကြင်ဖော်အဖြစ် တစ်သက်တာလက်တွဲဖို့ စဉ်းစားခဲ့ပေမယ့် သူ့ရဲ့အပျော်သဘော ကြံစည်မှုကိုတော့ ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်ဘူး ငါ့မောင်၊ သူလည်း အာဏာပါဝါပြနိုင်သလို မမကလည်း . . .**

www.burmeseclassic.com

ကိုသောင်းငွေက မြင်းအား လှမ်းကြည့်ရာမှ လူရွယ်ဘက်လှည့်၍ မေးလိုက်ပြန်၏။

"ဒါထက် ငါ့ညီက ဘယ်ကလဲကွ၊ မင်းကို ဒီမြို့မှာတော့ မတွေ့ဖူးသေးဘူး"

"ကျွန်တော်က ဒီမြို့ကမဟုတ်ပါဘူး၊ ကျွန်းကြီးရွာက ဆွေမျိုးတွေရှိရာ လာလည်တာပါ၊ မြင်းလျှောက်စီးရင်း ဒီမြို့ကို ခဏရောက်လာတာပါ၊ ကျွန်တော်က ရန်ကုန်ကပါ၊ တက္ကသိုလ်ကျောင်းသားပါ"

လူရွယ်က စိတ်မပါ့တပါဖြင့် ပြောပြခဲ့၏။

"ဒီမြို့နဲ့ ကျွန်းကြီးက ဆယ်မိုင်မကဝေးတယ်၊ မင်း ဒီည ပြန်နိုင်ပါ့မလား၊ မမှောင်ခင် ကျွန်းကြီးကိုရောက်အောင် ပြန်ပေါ့ကွာ၊ ဒီမှာက အခြေအနေမကောင်းဘူးကွ"

"ကျွန်တော်သိပါတယ်ဗျာ၊ ကျွန်တော် ပြန်နိုင်အောင် ကြိုးစားပါ့မယ်၊ မပြန်နိုင်တော့လည်း တစ်နေရာရာမှာ တည်းနေမှာပေါ့"

"ဒါတော့ မင်းသဘောပဲ၊ ကဲ...မခင်နှင်းဆီ ကျုပ်သွားလိုက်ဦးမယ်၊ ကျုပ်ပြောထားတာလည်း မမေ့နဲ့နော်"

ထိုသို့ပြောဆိုလျက် ရာဇဝတ်အုပ် ကိုသောင်းငွေသည် သူပိုင်ဆိုင်သော မော်တော်ဆိုင်ကယ်ကြီးအား အင်ဂျင်သံတဖုံးဖုံးဖြင့်စီးလျက် မြို့ငယ်၏အရှေ့ဘက်သို့ ထွက်ခွာသွားလေ၏။

လူရွယ်နှင့်ပတ်သက်၍ ခင်နှင်းဆီ၏အတွေး၌ ရှုပ်ရှုပ်ထွေးထွေးနိုင်လှသဖြင့် လူရွယ်ထံသို့ လျှောက်သွားပြီး စကားစနိုင်ရန် ကြိုးစားလိုက်၏။

"ဟိုရာဇဝတ်အုပ်ကြီး ပြောသွားတာ မှန်တာပေါ့ကွယ်၊ ဒီမြို့မှာက တောခိုကြမယ့် အရိပ်လက္ခဏာတွေ တွေ့နေရတော့ မြို့အခြေအနေက မကောင်းဘူးဖြစ်နေတယ်၊ ငါ့မောင်တည်းတဲ့ရွာကို ပြန်ဖြစ်အောင် ပြန်ပါလားကွယ်"

လူရွယ်က မျက်မှောင်ကုတ်လျက်.....

"ကျွန်တော် ဒါကို စဉ်းစားပါတယ်၊ ဒီညတော့ တစ်နေရာရာမှာပဲ တည်းခိုမယ်လို့ ဆုံးဖြတ်ထားတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အဖေအတွက် လုပ်စရာရှိလို့ပါ"

"ငါ့မောင် ဘာကိုဆိုလိုတာလဲကွဲ့၊ ငါ့မောင်ရဲ့အဖေဆိုတာ ဘယ်သူလဲကွဲ့"

"ကျွန်တော့်နာမည်က ဥက္ကာအောင်၊ ကျွန်တော့်အဖေက ဦးအောင်ဒင်၊ ပါလီမန်အမတ်လောင်း ဦးအောင်ဒင်ပါ၊ ကျွန်တော့်အဖေ ဆိုးသည်ဖြစ်စေ၊ မဆိုးသည်ဖြစ်စေ တရားသဖြင့် ဖြစ်ရမယ့်ကိစ္စပါ၊ အခုတော့ ကျွန်တော်တို့ မမြင်ကွယ်ရာမှာ အသတ်ခံလိုက်ရတာကိုက ကျွန်တော့်အတွက် ခံပြင်းစရာကိစ္စပါ၊ ဒါကြောင့် အဖေ့ကိုသတ်တဲ့ လူသတ်သမားကို ဖော်ထုတ်နိုင်ဖို့ ကျွန်တော် ဒီမြို့ငယ်ကို မရောက်ရောက်အောင် လာခဲ့တာပါ"

လူရွယ်၏ပြောစကားအား နားထောင်နေသော ခင်နှင်းဆီမှာ နှုတ်ခမ်းများ တဆတ်ဆတ်တုန်လှုပ်လျက် ဇောချွေးများပြန်လာ၏။ သူမ၏လက်ကို ကိုင်ကြည့်မည်ဆိုပါက လူသေတစ်ယောက်၏လက်ကဲ့သို့ အေးစက်နေသည်ကို သိရှိနိုင်မည်ဖြစ်၏။ သူမ၏နှုတ်ဖျားမှ ထွက်လာသောစကားသည် တုန်ယင်လျက်ရှိနေပေ၏။

"ငါ့မောင်အတွက် စိတ်မကောင်းလိုက်တာ"

ခြောက်ကပ်ကပ်နိုင်လှသော အသံဖြင့်ပြောဆို၍ သူမက ကောင်တာသို့ ပြန်သွားခဲ့၏။ ဥက္ကာအောင်သည် သူ့ဖခင်အတွက် သူလက်စားချေမည်ဟူသောစကားသည် မခံမရပ်နိုင်လွန်း၍ ပြောဆိုရင်ဖွင့်သော စကားသံဖြစ်၏။ သည်သို့ဆိုလျှင် ဖခင်ဖြစ်သူအတွက် ဥက္ကာအောင် တစ်ယောက် ကလဲ့စားချေရန် လူသတ်သမားအား မရအရ စုံစမ်းမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်ပေသည်။ သည်သို့ဆိုလျှင် ဥက္ကာအောင်အား.....

+++

ဥက္ကာအောင်၏ ပုံစံသည် အရက်သမားမဟုတ်မှန်း သိသာ၏။ ဝီစကီနှစ်ပက်မျှသာသောက်ရသေး၏။ ယိုင်တိယိုင်ထိုးဖြင့် လမ်းကိုပင် ပုံမှန်မလျှောက်နိုင်။ စားပွဲမှလည်း ထိုင်ရာမှမထ။ ခင်နှင်းဆီက ဥက္ကာအောင်၏အခြေအနေကို ကြည့်နေ၏။ သူမသည် မီးဖိုချောင်ထဲသို့ဝင်

www.burmeseclassic.com

www.burmeseclassic.com





သွားပြီး စားဖိုမှူးဖြစ်သူ ဘိန်းစား တင်မောင်အား တီးတိုးစကားဆိုခဲ့ သည်။ စားပွဲထိုး ချာတူးကိုလည်း ကောင်တာမှလှမ်းခေါ်လျက် မှာ ကြားလိုသည်များကို တီးတိုးပြော ဆို၏။

အမှောင်ကတစ်စ တစ်စ လွှမ်းမိုးလာ သည်။ ယမကာ သောက်သုံးသူများ အား ခေတ်အခြေ အနေမကောင်းဟု အကြောင်းပြလျက် ဆိုင်အား စောစီး စွာသိမ်းမည်ဖြစ် ကြောင်း အသိ ပေးခဲ့၏။ ဆိုင်ထဲ တွင် လူမရှိတော့သော အခါ တံခါးများကို ပိတ်ထား လိုက်၏။

ထိုမြို့ငယ်လေးသည် လျှပ်စစ်မီးရှိသော်လည်း အိမ် တိုင်းဆိုင်တိုင်း လျှပ်စစ်မီး မရ သေး။ ခင်နှင်းဆီ၏ ဆိုင် သည် ညပိုင်းဆိုပါက ရေနံ ဆီမီးအိမ်နှင့် ဖယောင်းတိုင်များကို သာ အသုံးပြုနေရသေး၏။ အစိုးရ ၏ ပြည်တော်သာစီမံကိန်းသည် ထို အသသို့မရောက်။

စားပွဲပေါ် မျက်နှာမှောက်၍ မူး နေသော ဝဏ္ဏအောင်အား သူမက တီးတိုးပြောလိုက်၏။

"ငါ့မောင် မူးနေပြီထင်တယ်၊ မူးနေရင် ဘယ်မှမသွားနဲ့တော့၊ မမ တို့ဆီမှာပဲ တည်းပေါ့ကွယ်"

ဝဏ္ဏအောင်က ခေါင်းထောင် ကြည့်ရင်း ပြောခဲ့၏။

"ဒီည ဒီဆိုင်မှာ ကျွန်တော် အိပ်ရမှာပေါ့နော်၊ ဒီည ဒီမှာကျွန် တော်အိပ်လိုက်ရလို့ ကျွန်တော့် အဖေကိုသတ်တဲ့ လူသတ်သမား တွေကို မိမယ်ဆိုရင် အကောင်း သားဗျာ၊ ဒါပေမဲ့ ဒီဆိုင်မှာ လူသတ် တရားခံ မတွေ့နိုင်လို့ ဒီဆိုင်မှာအိပ် လို့မဖြစ်ပါဘူး၊ ကျွန်တော်သွားတော့ မယ်၊ ရော့ဗျာ.....ကျသင့်တဲ့ငွေ"

ဝဏ္ဏအောင်က ငွေစက္ကူများ အား စားပွဲပေါ်တင်ပေးလိုက်ပြီး ထိုင်ရာမှထလိုက်သည်။ သို့သော် သူ ၏ပခုံးနှစ်ဖက်အား လက်နှစ်ဖက်နှင့် ဖိထားသူမှာ ခင်နှင်းဆီပင်ဖြစ်ပါ၏။

"ဆန္ဒစောလှချည်လား မောင် လေးရယ်၊ မင်းအဖေရဲ့ ဖြစ်ရပ်မှန် ကို မကြားချင်ဘူးလားကွယ်"

တို့တိုင်းပြည်မှာ
တရားဥပဒေဆိုတာ
ရှိသေးလို့လားကွ၊
ငွေများတဲ့သူ
တရားနိုင်နေတဲ့ခေတ်၊
ငါက
မင်း အဖေကို
တရားစွဲတယ်ပဲထား၊
မင်းအဖေက
ပါလီမန်အမတ်လောင်း
...

www.burmeseclassic.com

www.burmeseclassic.com

သူမ၏စကားကြောင့် ဝဏ္ဏအောင် အမူးပြေသလို ဖြစ်သွား၏။

"ကျွန်တော့်အဖေရဲ့အကြောင်းကို မမက သိတယ်ဆိုတော့ အဖေကလည်း မမအကြောင်းကို သိခဲ့လို့သာပဲ၊ အဖေနဲ့မမ တစ်ခုခုများ ဖြစ်ခဲ့လေသလားဗျာ"

ခင်နှင်းဆီက လှိုက်လှိုက်လှဲလှဲ ရယ်မောလိုက်၏။

"သိပ်တော်တဲ့ငါ့မောင်ရယ်၊ မင်းဟာ မင်းအဖေထက် ပညာတတ်ပါတယ်၊ မင်းအဖေဟာ ငွေကြေးချမ်းသာလို့ ငွေကြေးအပေါ် မှုတည်ပြီး သြဇာအာဏာ ပြည့်ဝတဲ့သူလေ၊ ဒါကြောင့်လည်း မမလို တစ်ခုလပ် မုဆိုးမကို ငါ့မောင်ရဲ့အဖေက ကျောရရှုံ ကြံစည်ခဲ့တာပေါ့၊ မမရဲ့ဘဝရည်ရွယ်ချက်က မင်းရဲ့အဖေကို မမရဲ့ ဘဝကြင်ဖော်အဖြစ် တစ်သက်တာလက်တွဲဖို့ စဉ်းစားခဲ့ပေမယ့် သူ့ရဲ့အပျော်သဘောကြံစည်မှုကိုတော့ ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်ဘူး ငါ့မောင်၊ သူလည်း အာဏာပါဝါပြနိုင်သလို မမကလည်း စားသောက်ဆိုင်တွေ၊ ရွှေငွေတွေ အမြောက်အမြား ပိုင်ဆိုင်ခဲ့သူလေ၊ ဒါကို သူသဘောပေါက်ရဲ့လား မသိဘူး၊ ဒါမှမဟုတ် သဘောမပေါက်ချင်ယောင်ဆောင်သလား မသိတဲ့အတွက် မမက ဘဝတစ်သက် လက်တွဲကြဖို့ မင်းအဖေကို ပြောခဲ့ပေမယ့် သူ လက်မခံခဲ့ဘူး၊ မမ ငိုခဲ့ရတယ်၊ ကြေကွဲခဲ့ရတယ်၊ ဒါကြောင့် မမလူတွေနဲ့ သူ့ကို.....အဟင့်ဟင့်....."

ဝဏ္ဏအောင်၏အမူးများ လုံးဝပျောက်ကွယ်သွားပြီဖြစ်သည်။ ဝဏ္ဏအောင်က ရုတ်ခြည်းမတ်တတ်ရပ်လိုက်ပြီး ခင်နှင်းဆီအား စူးစူးဝါးဝါး ကြည့်လိုက်၏။

"ခင်.....ခင်ဗျား ကျွန်...ကျွန်တော့်အဖေကို သတ်ပစ်တယ်ပေါ့၊ ကျွန်တော့်အဖေကိုသတ်ပစ်လောက်အောင် ကျွန်တော့်အဖေက ခင်ဗျားကို ကျူးလွန်ခဲ့တယ်ပဲထား၊ တရားဥပဒေဆိုတာ ရှိသေးတယ်ဗျ၊ တရားဥပဒေက သူ့ကိုအပြစ်ပေးမှာပေါ့ဗျာ၊ ခင်ဗျား သိပ်ရက်စက်တာပဲဗျာ"

ခင်နှင်းဆီက ရယ်မောလိုက်ပြီး ဝဏ္ဏအောင်အား စိန်းစိန်းကြည့်လိုက်သည်။

"ဒါက မင်းအထင်ကိုးကွ၊ လောလောဆယ်ပဲ မင်းကြည့်ပါဦး၊ တို့တိုင်းပြည်မှာ တရားဥပဒေဆိုတာ ရှိသေးလို့လားကွ၊ ငွေများတဲ့သူ တရားနိုင်နေတဲ့ခေတ်၊ ငါက မင်းအဖေကို တရားစွဲတယ်ပဲထား၊ မင်းအဖေက ပါလီမန်အမတ်လောင်း၊ သြဇာအာဏာ သက်ရောက်မှုရှိတယ်၊ ငွေကြေးဥစ္စာ ငါ့ထက်အဆပေါင်းများစွာ ချမ်းသာတယ်၊ အဲဒီတော့ တရားဥပဒေက မင်းအဖေကို အပြစ်ပေးလိမ့်မယ်လို့ မင်းထင်နေလား၊ အဲဒီတရားဥပဒေကို မင်းအဖေကပဲ အပြစ်ပေးမယ်ဆို ပေးနိုင်ကောင်းရဲ့"

"ခင်ဗျား ထင်ရာတွေလျှောက်ပြောမနေနဲ့၊ ကျုပ်တို့တိုင်းပြည်မှာ တရားဥပဒေရှိတယ်ဗျ၊ လူတွေက ဖောက်ပြန်ပြီး လုပ်ချင်ရာလုပ်နေကြတာကိုက ဥပဒေကို လက်တစ်လုံး ခြား လုပ်နေကြတာ၊ ကျူးလွန်နေကြတာ၊ ဥပဒေကို လိမ်နေကြတာ၊ ခင်ဗျား မြဲမြဲမှတ်ထားဖို့က တိုင်းပြည်တိုင်း၊ နိုင်ငံတိုင်းမှာ တရားဥပဒေဆိုတာ ထာဝစဉ်ရှိနေတယ်ဆိုတာကိုပဲ"

ခင်နှင်းဆီက ဝဏ္ဏအောင်အား လှောင်ပြောင်လျက် ရယ်မောပစ်လိုက်၏။

"မင်းကြည့်ရတာ ဥပဒေဘက်တော်သားနဲ့တူတယ်၊ အခုအခြေအနေမှာတော့ မင်းအဖေကိုသတ်မှုနဲ့ ငါ ထောင်ထဲမသွားနိုင်တာမို့ ဦးအောင်ဒင်ရဲ့သားဖြစ်တဲ့ မင်းကိုလည်း ငါတို့က မင်းအဖေနည်းတူပဲ....."

ဝဏ္ဏအောင်၏နောက်ဘက်မှ ဘိန်းစားတင်မောင်က ဝက်သားခုတ်သည့်ဓားဖြင့် အသားကုန်ခုတ်ချလိုက်သည်။ မီးအိမ်၏အလင်းရောင်ကြောင့် ဘိန်းစားတင်မောင်၏ အရိပ်အား မြင်တွေ့လိုက်သော ဝဏ္ဏအောင်က ကိုယ်ကိုတစ်ပတ်လှည့် ရှောင်တိမ်းလိုက်၏။

ဘိန်းစားတင်မောင်၏လက်မှ ဓားကို အရလုယူလိုက်၏။ သို့သော် ထိုဓားမှာ သူတို့နှစ်ဦး၏လက်မှလွင့်စဉ်သွားခဲ့၏။ ထို့ကြောင့် ဝဏ္ဏအောင်က ဘိန်းစားတင်မောင်၏ မျက်နှာအား တွဲလက်သီး နှစ်လုံး ဆက်တိုက် ပစ်သွင်းလိုက်၏။ ဘိန်းစားတင်မောင်မှာ ဆက်ကာဆက်

www.burmeseclassic.com

www.burmeseclassic.com

ကာဝင်လာသော ဝဏ္ဏအောင်၏ လက်သီးများကို ကြိုးစားရှောင်တိမ်းသော်လည်း ရှောင်တိမ်း၍မရ။ ဆက်၍ဆက်ခါ ထိသွားရသည့်အတွက် ဘိန်းစားတင်မောင်မှာ နောက်သို့ ယိုင်လဲကျသွားရ၏။

ချာတူးသည် ဝဏ္ဏအောင်အား ဝါးရင်းတုတ်ဖြင့် ပြေး၍ရိုက်ရာ ဝဏ္ဏအောင်က သတိရှိရှိဖြင့် ရုတ်ခြည်း ရှောင်တိမ်းလိုက်ရာ ချာတူး၏ဝါးရင်းတုတ်မှာ မီးအိမ်ကိုရိုက်မိပြီး အောက်သို့ပြုတ်ကျသွားရသည်။ ထိုအခါ မီးအိမ်မှ ရေနံဆီများသည် ပြန့်ကျဲသွားခဲ့ရ၏။ မီးအိမ်မှမီးသည်လည်း ရေနံဆီရှိရာသို့ ကူးစက်သွားပြီး ထိန်းမနိုင်သိမ်းမရ ဖြစ်သွားရတော့၏။

ခင်နှင်းဆီ၏ ဆိုင်အတွင်းပိုင်း၌ တောက်လောင်နေသောမီးက ဆိုင်၏ထရံပျဉ်ကာများသို့ ကူးစက်သွားခဲ့၏။ မီးလုံးကြီးကို လူနည်းစုဖြင့် ငြိမ်းသတ်၍မရနိုင်သောကြောင့် ခင်နှင်းဆီက သွေးရူးသွေးတန်း ဖြင့် လမ်းပေါ်သို့ပြေးထွက်၍ ငိုယိုအော်ဟစ်နေတော့သည်။

"ဒေါင်..ဒေါင်..ဒေါင်..ဒေါင်"

ရပ်ကွက်တိုင်း မီးသံချောင်းခေါက်ပြီး အချက်ပေးခဲ့၍ မီးလောင်ကျွမ်းနေသော ခင်နှင်းဆီ၏ဆိုင်သို့ မြို့သူမြို့သားများ ဝိုင်းဝန်းရောက်ရှိလာကာ ငြိမ်းသတ်ကြ၏။

ခင်နှင်းဆီမှာ မရှက်နိုင်၊ မကြောက်နိုင်ဘဲ စိတ်မကျန်းမာသူကဲ့သို့ဖြစ်နေ၏။ မြို့ငယ်၏ မီးသတ်



စခန်းမှ မီးသတ်ကားသည် ဥသြဆွဲ၍ မီးလောင်ရာသို့ ထွက်လာသော်လည်း မီးသတ်ကားစက်ပျက်နေသဖြင့် လမ်းခုလတ်တွင် ရပ်ထားရသည်။ ဆိုင်နှစ်လုံး မီးကူးစက်လောင်ကျွမ်းခဲ့သည်။ နာရီဝက်ခန့်ကြာမှ နီးစပ်ရာမြို့များမှ မီးသတ်ကားများ ရောက်ရှိလာကြသည်။

နံနက် ၄ နာရီတွင် မီးညွှန့်ကျိုးသွားခဲ့သည်။ ခင်နှင်းဆီ၏ ခေါက်ဆွဲဆိုင်မီးလောင်ပြင်၌ လူနှစ်ဦး မီးလောင်ကျွမ်း၍ သေဆုံးနေသည်ကို မီးသတ်သမားများနှင့် ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ မြင်တွေ့ခဲ့ကြသည်။ သို့သော် ဝဏ္ဏအောင်နှင့် သူ၏မြင်းညိုကြီးကား မည်သည့်နေရာသို့ ရောက်သွားသည်ကို မသိခဲ့ရ။

ခင်နှင်းဆီမှာ ချုံတီးထံမှ ရရှိပိုင်ဆိုင်သော ဆိုင်နှင့်ပစ္စည်းမှန်သမျှ မီးလောင်ဆုံးရှုံးခဲ့ရပြီဖြစ်၏။ မည်သို့ဆိုစေ တရားဥပဒေကို မယုံကြည်သော ခင်နှင်းဆီမှာ တရားဥပဒေ၏ ဆုံးမခြင်းအား ခံယူရတော့မည်မှာ ကေန်မုချပင်ဖြစ်ပါတော့သည်။

**တရားဥပဒေစိုးမိုးခြင်းသည် လူသားတိုင်းအတွက် ကိုယ်စိတ်နှလုံးသုံးပါး အေးချမ်းခြင်းကို ဖြစ်စေသည်။**

မောင်သာမန် (ဇီးကုန်း)

www.burmeseclassic.com

www.burmeseclassic.com





# ခင်လုံမလေး (တတ္တ)

ငွေဟူသည်

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အခါမဆို...နှင့်အပေါ်မှာ ပါ.....ဆိုးခဲ့သမျှလည်း.....ခွင့်လွှတ် ရှာတယ်.....အပြစ်ရှိသမျှလည်း..... အချစ်နဲ့ချေတယ်.....တစ်ခါမှ....နှင့် အပေါ် ကောင်းခဲ့တာ မရှိတဲ့လူကို နှင့်ဘဝမှာ မခင်တွယ်နဲ့တော့....."

မိုရှိ ဒီသီချင်းလေးကို မောင့် ကိုသတိရမိသည့်အခါတိုင်း ဖွင့်ပြီး နားထောင်တတ်သည်။ သီချင်းတစ် ပုဒ်ပြီးဆုံးသည်အထိတော့ မဖွင့်နိုင် ခဲ့။ သတိရ လွမ်းမိသည်နှင့်အမျှ မုန်း တီး နာကြည်းမိသောကြောင့်လည်း ပါပါသည်။ ဒီသီချင်းလေးက မောင့် ရဲ့အကြိုက်ဆုံးသီချင်းတစ်ပုဒ်လည်း ဖြစ်ခဲ့သည်ပဲ။ မိုရှိရဲ့ အတိတ်ဟောင်း တွေက မလှပခဲ့ဘူးဆိုပေမယ့် သူမ ရဲ့စိတ်တွေကို သူမ မနိုင်ခဲ့ပါ။ နာ ကျင်မှုတွေများခဲ့သည့်အတိတ်ကို သူမကိုယ်တိုင် ဖက်တွယ်နေမိဆဲ။

မိုရှိတို့မိသားစုမှာ မိသားစုဝင် ခုနစ်ယောက်ရှိသည်။ မောင်နှမငါး ယောက်ရှိပြီး မိုရှိက အကြီးဆုံး။ မို ရှိအောက်မှာ မောင်လေးနှစ်ယောက် နှင့် ညီမလေးနှစ်ယောက်ရှိသည်။ ဖေဖေက နမ့်ဆန်ဇာတိဖြစ်ပြီး မေ မေက လားရှိုးဇာတိဖြစ်သည်။ မိုရှိ ကို နမ့်ဆန်မှာ မွေးခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် လားရှိုး သို့ ပြောင်းခဲ့ကြရသည်။

အစပိုင်းတွေမှာ မိသားစု အဆင်ပြေပြေ နေခဲ့ရပေမယ့် ဖေ ဖေဆုံးသွားသည့်နှစ်မှာတော့ မေမေ့ ခမျာ ကလေးလေးယောက်နှင့် ဒုက္ခ ပင်လယ် ဝေခဲ့ရတော့သည်။ အငယ် ဆုံးမောင်လေးက မေမေ့ဗိုက်ထဲမှာ ပဲ ရှိနေသေးသည်။ ဖေဖေက တစ် မိသားစုလုံးကို အငှားကားမောင်း၍ ကျွေးခဲ့ရှာသည်။ မေမေက အစ ကတည်းက လုပ်တတ်ကိုင်တတ် ရှိ ခဲ့သည်မဟုတ်။

မိုရှိ ကျောင်းဆက်တက်ချင်ပေ မယ့် မေမေနဲ့ မောင်နှမတွေ မျက် နှာထောက်ပြီး ကျောင်းထွက်လိုက် ရသည်။ မိုရှိတို့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းက ကျောင်းထိုင် ဆရာတော်ဘုရားကတော့ မိန့်ရှာပါ သည်။ "ကျောင်းမထွက်ပါနဲ့၊ ထောက်ပံ့ပေးမည်"တဲ့။

ဒါပေမဲ့ မိုရှိတစ်ယောက်တည်း အတွက်နဲ့တော့ မိသားစုကို လျစ် လျူရှုမထားနိုင်ပါ။ သူငယ်ချင်းတွေ နှင့် အတူတူတက်ခဲ့ရသည့် ကျောင်း သူဘဝလေးကိုတော့ လွမ်းမောလှ ပါသည်။ လက်တွေ့လောကဘဝဆို တာ နာကျင်ခက်ခဲ ကြမ်းတမ်းလိမ့် မည်မှန်းသာ သိခဲ့လျှင် မိုရှိကျောင်း ထွက်ခဲ့မည်မဟုတ်ပါ။

"အိမ်ဖော်က အိမ်ဖော်လိုမနေ ဘူး၊ ကိုယ့်ကိုယ်ကိုယ်များ မင်းသမီး ထင်နေသလားမသိဘူး၊ အဝတ်တွေ ကလည်း ဘယ်တော့မှ ပြောင်တယ် မရှိဘူး၊ စိတ်တိုင်းကိုမကျဘူး၊ နင့် ကိုခိုင်းရတာလေ တကယ်..တကယ် ငါလေ.....အလှပြင်ဖို့ကျတော့ သင် စရာမလိုဘူး"

တစ်ခါတလေတော့လည်း သူမရဲ့ လှပလွန်းနေတဲ့ ရုပ်ကလေး ကို မိုရှိ မုန်းတီးလှသည်။ ဒီရုပ်လေး ကြောင့်ပဲ ခဏခဏ မနာလိုမှုတွေ နှင့် ကြုံခဲ့ရသည်။

အထူးသဖြင့် အိမ်ရှင်အဒေါ် ကြီးတွေက ပိုဆိုးလှပါသည်။ မိုရှိ ဘက်ကတော့ အတတ်နိုင်ဆုံး စေတနာနှင့်သာ လုပ်ပေးပါသည်။ အိမ်ရှင်ဦးလေးကြီးတွေရဲ့ မျက်နှာ သာပေးမှုကြောင့်လည်း ဖြစ်နိုင်ပါ သည်။

မိုရှိလည်း တတ်နိုင်သမျှအဆင် ပြေပြေနေဖြစ်အောင် သည်းခံခဲ့ သည်။ ပြန်ပြောပြလျှင်လည်း သူမ ကို လျှာရှည်သည်၊ စကားများသည် တဲ့။ ပြန်မပြောလျှင်လည်း ခေါင်းမာ သည်တဲ့။ ကဲ.....သူမ ဘာများလုပ် ရပါဦးမည်နည်း။ မိုရှိမှာ အလုပ် အတွက် ခဏခဏ အိမ်မပြောင်းချင် ပါ။ သို့သော်လည်း ခဏခဏပြောင်း ခဲ့ရသည်။

ယခု မိုရှိလုပ်ရသည့်အလုပ်က

www.burmeseclassic.com

အိမ်ဖော်မဟုတ်တော့ တီဘီဖြစ်နေသော အသက်ကြီးကြီး အဘိုးကြီးတစ်ယောက်ကို ပြုစုစောင့်ရှောက်ပေးရမည့်အလုပ်ဖြစ်သည်။ လစာကတော့ ရိုးရိုးအိမ်ဖော်အလုပ်ထက်ကောင်းမည်တဲ့။ စိတ်တော့ရှည်ရမည်ထင်သည်။ ဘာပဲဖြစ်ဖြစ် မိုရီမှာလည်း ဖေဖေရှိတော့သည်မဟုတ်။ သည်တော့ ကိုယ့်အဖေလိုသဘောထားပြီး ပြုစုပေးနေမိသည်။

စေတနာရောင်ပြန်ဟပ်သည်ထင်ပါသည်။ အဘိုးကလည်း မိုရီ့ကို သူ့သမီးလေးလို သဘောထားရှာသည်။ တရားဓမ္မတွေနှင့်လည်းဆုံးမပေးရှာသည်။ ပတ်ဝန်းကျင်ကတော့ သမုတ်ပြန်သည်။ 'မိုရီတစ်ယောက် အသက်ကြီးကြီးအဘိုးကြီးတစ်ယောက်ကို ချူစားနေသည်'တဲ့လေ။ ထင်ချင်သလိုသာထင်ကြပါစေတော့။ သူတို့ကို လိုက်ရှင်းပြနေဖို့ မိုရီမှာ အချိန်မရှိ။

"ချွတ်.....ချွတ်"

"ဟိတ်ကောင်မလေး ငြိမ်ငြိမ်နေ၊ နင့်ခေါင်းပေါ်မှာ မြွေကြီးရှိတယ်၊ မလှုပ်နဲ့နော်၊ ငါပစ်မလို့"

"ဘုရား.....ဘုရား"

မိုရီမှာ မြွေလည်းမမြင်ရ၊ လူလည်းမမြင်ရနှင့်။ မလှုပ်နဲ့ဆိုတော့လည်း မလှုပ်ရဲ၊ တစ်ကိုယ်လုံး ချွေးစေးတွေပြန်လျက်။ မလှုပ်မယှက်ကျောက်ရုပ်လုပ်နေရသည်။ လက်ထဲမှာ အဘိုးရဲ့ထွေးခံခွက်ကြီးကိုကိုင်လျက်သား။

"ဟား...ဟား...ဟား၊ သူများပြောတိုင်း လိုက်ယုံတဲ့ကောင်မလေး၊ ရှက်ပါတယ်၊ ကရော်.....ကရော်"

"ဟင်.....ကြည့်စမ်း၊ ကောင်စုတ်၊ နင်က ဘယ်ကလဲ၊ ဘာဖြစ်လို့ ငါ့ကိုလာစရတာလဲ၊ တောက်....."

"ငါကလား၊ ဒီဂိမ်းဆိုင်မှာ အလုပ်လုပ်တာလေ၊ နင်က ချစ်စရာကောင်းလို့ စတာပေါ့၊ ဒေါသတွေ သိပ်မကြီးနဲ့၊ ရုပ်ဆိုးသွားလိမ့်မယ်"

"အောင်မယ် ကိုယ့်ရုပ်ကိုယ်သိတယ်၊ လုပ်မနေနဲ့"

"ရုပ်လှတဲ့သူတွေများ ကြီးကျယ်တယ်နော်"

"ဒါပေါ့"

"ခင်လို့ရမလား"

"ရသားပဲ၊ ခင်တာပဲဟာ၊ မုန်းတာမှမဟုတ်တာ"

အဲဒီလိုနဲ့ မိုရီနဲ့ အောင်နိုင်ဦးဆိုတဲ့ကောင်ကလေး ချစ်သူတွေဖြစ်သွားခဲ့ကြသည်။ အောင်နိုင်ဦးကလည်း မိန်းကလေးတွေ ကြွေလောက်တဲ့ရုပ်ပါပဲ။ ချစ်သူသက်တမ်းတစ်လျှောက်လုံး မိုရီကပဲအလျှော့ပေးခဲ့ရသည်။

+++

"မိုရီ၊ ဒီအိမ်မှာ အလုပ်မလုပ်နဲ့တော့ကွာ၊ မောင်မကြိုက်ဘူး"

"ဟင်.....ဘာဖြစ်လို့လဲ"

"ပတ်ဝန်းကျင်မှာဒီလောက်အသံထွက်နေတာ၊ မင်းနားကန်းနေသလားဟင်"

"ဘာ....."

"မင်းနားကန်းနေသလားလို့ပြောတာ"



"မောင် နင်ငါ့ကို နည်းနည်းမှတောင် မယုံကြည်ဘဲကိုး၊ ဒါနဲ့များ ငါ့ဘဝကို စာနာတယ်လေး ဘာလေးနဲ့"

အောင်နိုင်ဦးထံမှ စကားပြန်မရခဲ့ပေ။

"ငါ့ရဲ့ကိုယ်ကျင့်တရားကိုတောင် နင် မယုံကြည်ဘဲနဲ့ ငါ့ရဲ့ဘဝတစ်ခုလုံးကို နင်စာနာပေးနိုင်တယ်ဆိုတာ ငါဘာကိုကြည့်ပြီး ယုံကြည်ရမှာလဲ၊ ပြောစမ်းပါဦး"

"နင့်ကိုငါ ယုံပါတယ်၊ ဒါပေမဲ့ ပတ်ဝန်းကျင်ရဲ့အသံကို ငါနားမခံနိုင်ဘူး၊ ငါ့ဘက်ကလည်း စဉ်းစားကြည့်ပါဦး၊ သူတို့တွေ ငါ့ကိုကြည့်တဲ့အကြည့်ကို ငါသိပ်မုန်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မိုရှီ ကြိုးစားပါ့မယ် မောင်၊ အဲဒီမှာ အလုပ်ဆက်မလုပ်တော့ပါဘူး။ မိုရှီ မောင့်အတွက် ကြိုးစားပါ့မယ်"

ပြောရင်းပြောရင်း မိုရှီ့အသံတွေ တုန်လာသည်။ ဘာကိုဝမ်းနည်းမှန်းမသိဘဲ တိမ်ဝင်သွားတော့သည်။ မောင်ရော၊ မိုရှီပါ ဒေါသတွေကြီးကြပါသည်။ နင်တွေငါတွေ ထွက်လာသည်အထိ ဒေါသတွေကြီးကြသည်။ ဒေါသတွေ ဘယ်လောက်ကြီးကြီး နောက်ဆုံးမှာတော့ မိုရှီကသာ အရှုံးပေးလိုက်ရစမြဲပါ။

---

**ကိုယ့်ဘက်က မချစ်သော်လည်း အောင့်ကာနမ်းခဲ့ရသည်။ တတ်နိုင်သမျှ စေတနာလည်း ထားခဲ့ပါသည်။ သို့သော် အနေကြာသည်နှင့်အမျှ ကိုယ့်ကိုယ်ကိုယ် အပျော်မယားတစ်ယောက် အဖြစ်သာ မြင်လာသည်။ အခုတော့ . . .**

အဘိုးတို့တစ်မိသားစုလုံး မိုရှီ အလုပ်ထွက်သွားတဲ့အတွက် စိတ်မကောင်းဖြစ်နေကြသည်။ အဘိုးကတော့ အဆိုးဆုံးပေါ့။ အဘိုးရောဂါကတော့ ပျောက်နေပါပြီ။ ဒါပေမဲ့ မိုရှီရဲ့ ရိုးသားကြိုးစားမှုတွေကြောင့် ဆက်ခေါ်ထားကြတာဖြစ်သည်။ မိုရှီလည်း ဒီလို အဆင်ပြေပြေနေရတဲ့ အိမ်ကလေးကနေ ထွက်လာရသည့်အတွက် ဝမ်းနည်းမိပါသည်။

ဒီခြံလေးမှာပဲ မောင်နဲ့ဆုံခဲ့ရတာမဟုတ်လား။ သူမစိတ်တွေ သိပ်ပြီးတော့များ ပျော့ညံ့လွန်းရာကျနေပြီလား။ ကိုယ့်ကိုယ်ကိုယ်လည်း မခန့်မှန်းတတ်တော့ချေ။

+ + +

"မမမိုရှီ စာ"

"ဟင်.....ဘယ်ကလာတဲ့စာလဲ"

"ကျောင်းမှာ အစ်ကိုကြီးတစ်ယောက်က လာပေးသွားတာ၊ မေမေ မသိစေနဲ့တဲ့"

"မောင်တို့ကတော့ လုပ်တော့မယ်"

မိုရှီလည်း မေမေ့အရိပ်အခြည်ကြည့်ပြီး စာကိုဖောက်ဖတ်လိုက်သည်။

"မိုရှီ.....

ည ၁၀ နာရီလောက် မောင်လာခဲ့မယ်။ အဆင်သင့်ပြင်ထားနော်။"

ချစ်တဲ့မောင်

စာကလေးက ထိုမျှသာ။ မိုရှီမှာတော့ ရင်တွေခုန်လိုက်သည့်ဖြစ်ခြင်း။ ငါလိုက်သွားလို့ ဖြစ်ပါ့မလားဆိုပြီး တွေးမိတာလည်း ခဏခဏ။ သစ်ခွပန်းတွေ အလုပ်ဖြစ်သည့်အချိန်မှာတော့ မပူရပါ။ တစ်ရက်တစ်ရက် မေမေ့ဝင်ငွေက သောင်းချီပြီးရှိနေသည်။ လိုက်သွားလိုက်ပါတော့မည်။ မိုရှီမှ မောင့်ကိုမခွဲနိုင်ဘဲလေ။ မိုရှီ့အသက်က ခုမှ ဆယ့်ခုနစ် နှစ် ပြည့်ရုံရှိသေး။ မေမေ့ခမျာ နှမြောနေရှာမှာပဲ။

အိုး.....ခက်လိုက်ပါဘိတော့။ တော်ပါပြီ။ မတွေးချင်တော့ဘူး။ ဖြစ်ချင်တာသာ ဖြစ်ပါစေတော့။

"သားတော်မောင်တို့များ မိဘလုပ်ကျွေးရတာ မဝသေးဘူးဆိုလို့ အပျော်များမှတ်တယ်၊ မိန်းမခိုးလာသတဲ့နော်၊ အံ့သြပါ့၊ ကောင်မလေးက ချောတော့အချောသား"

မောင်တို့ရွာလေးက အညာဒေသမှာဆိုတော့ မိုရှီ့အတွက် နေရထိုင်ရခက်လှပါသည်။ ရေကလည်း ရှားလှသည်။ တစ်ရွာလုံးကလည်း ဖုန်တွေသဲတွေအပြည့်။ ဒါပေမဲ့ ရွာကလူတွေကတော့ အလွန်သဘောကောင်းလှသည်။

မြို့မှာ မိုရှီမရခဲ့ဘူးတဲ့ ရိုင်းပင်းကူညီမှုတွေ၊ ဖော်ရွေပျူငှာမှုတွေ၊ စာနာထောက်ထားမှုတွေအားလုံး မောင်တို့ရွာကလေးမှာ တွေ့ရသည်။ အဲဒီအရွာတွေအားလုံးက မိုရှီကို ရွာမှာနေပျော်တဲ့ ကောင်မလေးအဖြစ် ဖန်ဆင်းသွားခဲ့သည်။

ခက်သည်က မိုရှီ ဒီရွာက

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

အလုပ်တွေကို မလုပ်တတ်ပါ။ မြေပဲပင်လည်း လိုက်မနုတ်တတ်၊ ဝါလည်းမကောက်တတ်၊ ထန်းရည်အိုးတွေကိုလည်း မ,မတတ်။ ဘာဆိုဘာမှမလုပ်တတ်။ မိုရှီ ညည ခြေလက်ဆေးပြီးအိပ်တာကိုလည်း အသားနားကြီးသည်တဲ့၊ မောင်ပြောပြမှ အသားနားကြီးသည်ဆိုတာ 'ပဲများတာ'ကို ပြောတာတဲ့လေ။ ဖြစ်မှဖြစ်ရလေ။

ယောက္ခမတွေရော၊ ယောက်မတွေရော ကြာတော့ မိုရှီကိုမကြည်ကြတော့ပေ။ မိုရှီကလည်း မိုရှီပါပဲလေ၊ ဘာပဲလုပ်လုပ် အဆင်မပြေဘဲ။ ဒုက္ခပေးသလိုသာ ဖြစ်နေတော့သည်။ မောင့်အဖေကတော့ မိုရှီအပေါ် မေတ္တာရှိပုံရပါသည်။ ပြုံးပြုံးပြုံးပြုံးနှင့်သာ၊ မဆူမငေါက်ရှာ။

**အချစ်ကို ကိုးကွယ်မိသည့် အတွက် ရရှိခဲ့သည့် ဒဏ်ရာတွေက ရင်နှင့်မမျှတော့ မောင့်ကိုရော၊ သူမကို မသဒ္ဒါရေစာ လောက်သာ ကျွေးသည့် ...**



မောင်တို့ရွာကလေးမှာ နေပျော်ပေမယ့် မောင်တို့အိမ်မှာ မိုရှီမပျော်နိုင်တော့။ တစ်ရက်တစ်ရက် ရွှဲစောင်းနေကြသည့် အသံတွေသာ ကြားနေရတော့သည်။ မောင်တို့မိသားစုကလည်း လယ်ပိုင်ယာပိုင် မဟုတ်တော့ ပိုဆိုးပါသည်။ မောင်ကလည်း အရက်ကလေးတမြမြနဲ့ ဖြစ်လာသည်။ ခလုတ်ထိမှ အမိတမိတော့သည်။

ချဉ်ပေါင်ဟင်း၊ ငရုတ်သီးထောင်း၊ ငါးပိဖုတ်သာ နေ့တိုင်းစားနေရသည်။ ကြာတော့ မစားချင်တော့ပေ။ မိုရှီတို့လည်း ဆင်းရဲခဲ့သည်ဆိုပေမယ့် မောင်တို့အိမ်လောက်အထိတော့ မဟုတ်ခဲ့ပါ။ မောင်တို့အိမ်ကလည်း သူမကိုသာ ကျွေးတာပါ။ မောင့်ကိုတော့ ငါးခြောက်၊ ငါးခြမ်းလေးနှင့် သူမ မသိအောင် ကျွေးကြသည်။ မိုရှီနှင့် မောင့်ကို အမျိုးမျိုး သွေးခွဲကြသည်။ မောင်ကလည်း သားလိမ္မာလေးဖြစ်သွားခဲ့သည်။

"မောင် လားရှိုးပြန်ရအောင်လေ"

"မပြန်ချင်ဘူး၊ ဘာလဲ၊ မင်းက ဟိုဘိုးတော်ကို သတိရလို့လား"

"မောင် မဟုတ်တာတွေမပြောစမ်းပါနဲ့၊ မိုရှီ နားခါးလွန်းလို့"

"ဘာ...နားခါးတယ် ဟုတ်စ ပြန်ချင် ကိုယ့်ဘာသာပြန်၊ ငါကတော့ မလိုက်နိုင်ဘူး၊ ပို့ပြီးထားလိုက်မယ်၊ ပြန်ပြီးရင်လည်း ပြန်မလာနဲ့တော့၊ တစ်သက်လုံး"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာစကားလဲမောင်"

"မင်း အဲဒီလောက်မတုံးဘူး ထင်တာပဲ"

မိုရှီ ဘာစကားမှ ဆက်ပြော စရာမရှိတော့။ အချစ်ကို ကိုးကွယ် မိသည့်အတွက် ရရှိခဲ့သည့် ဒဏ်ရာ တွေက ရင်နှင့်မဆံ့တော့ နံနက်လင်း လာလျှင် ခွတစ်လက်နှင့် ထွက်သွား တတ်သည့် မောင့်ကိုရော၊ သူမကို သေဒ္ဒါရေစာလောက်သာကျွေးသည့် မောင့်အမေနှင့် မောင့်နှမတွေကိုရော သူမ စွန့်ခွာခဲ့ပါသည်။

မောင့်အဖေကတော့ မျက်နှာ မကောင်းရှာ။ ရွာသူရွာသားတွေ အားလုံးကတော့ မိုရှီ့အပေါ်ကောင်း ကြပါသည်။ ပေးသည့်လက်ဆောင် တွေ များလွန်းသည့်အတွက် ဝမ်း နည်းနာကျင်နေသည့်ကြားကပင် ပြုံးမိသွားသေးသည်။ အိမ်အပြန် လက်ဆောင်တွေတဲ့လား။

မောင့်ကိုတော့ နားမလည်ဆုံး ပင်။ သူမအပေါ် သံယောဇဉ် တစ် စက်မှပင် ရှိပုံမပေါ်တော့။ စကားပင် တစ်ခွန်းမဟ။

+++

နာကျင်မှုတွေနှင့် ပြန်လာသည့် သမီးကို မေမေကတော့ မေတ္တာ တရားအပြည့်နှင့် ကြိုဆိုခဲ့ရှာသည်။ အိမ်ရောက်ရောက်ချင်း မိုရှီ့ကို ဘယ် သူမှမမှတ်မိကြ။ မေမေကတော့ လူ နံမပေါ်တော့သော မိုရှီ့ကိုကြည့်ပြီး ရင်ထုမနာဖြစ်နေရှာသည်။ လောက မှာ မိဘရဲ့အရိပ်လောက် အေးမြ သည့်အရိပ် မရှိဘူးဆိုတာ မိုရှီ နား လည်သွားခဲ့ပါသည်။

+++

ထရံကာ၊ သက်ငယ်မိုး၊ ခြံ စည်းရိုးမလုံ့တလုံ့အိမ်ကလေးက မို ရှီ့ကို နွေးထွေးမှုတွေ ပေးခဲ့သည်ပဲ။ မေမေ့ခြံကလေးထဲကို ဆင်းလျှောက် မိရင်း မှန်ညင်းခင်းဘေးမှာ အလေ့ ကျပေါက်နေတဲ့ မြက်ပင်လေးတွေ ကို နုတ်နေမိသည်။ မစိုက်ထားဘဲ ပေါက်နေသော ချဉ်ပေါင်ပင်ကိုမြင် မိတော့ မိုရှီ့ရင်တွေ နာကျင်သွားရ ပြန်သည်။ သတိရလို့ ကြည့်မိတော့ မိုရှီ့လက်ထဲမှာ ချဉ်ပေါင်ပင်လေး ကြေမွနေသည်ကိုသာ တွေ့ရတော့ သည်။

+++

"မေမေ မိုရှီ သူငယ်ချင်းတွေ နဲ့ ကြယ်ဂေါင်ဘက် လိုက်သွားချင် တယ်"

"ဖြစ်ပါ့မလား သမီးရယ်"

"ဖြစ်ပါတယ် မေမေရဲ့၊ မိုရှီ ကလေးမှမဟုတ်တော့တဲ့ဟာ"

မေမေကတော့ ခဲမှန်ဖူးတဲ့ စာ သူငယ်လိုဖြစ်နေတဲ့ သူ့သမီးကို လွှတ်ချင်ပုံမရ။ အေးပေါ့လေ မိဘ တွေဆိုတာတော့ အသက်တွေဘယ် လောက်ပဲ ကြီးသွားကြီးသွား၊ ဘယ် လောက်ပဲ အိမ်ထောင်တွေကျကျ သားသမီးဟာ သားသမီးပဲလေ။ မို ရှီ့ကိုလည်း ကလေးတစ်ယောက်လို ပဲ မြင်နေကြတာ ဆန်းတော့မဆန်း လှပါဘူး။ မေမေ့ရဲ့ မေတ္တာတရား တွေကိုလည်း မိုရှီ ပြန်ဆပ်ချင်ပါ သေးသည်။ မေမေ့ကို သူများရဲ့မေ မေတွေလို တိုက်ကြီးတာကြီးတွေနဲ့ နေစေချင်လွန်းလှသည်။ မောင် လေး၊ ညီမလေးတွေကိုရောပေါ့လေ။

"မိုရှီ နင်ချမ်းသာချင်တယ် မဟုတ်လား"

"အေး.....ချမ်းသာချင်တာ ပေါ့"

"ဒါဆို ငါပြောမယ်၊ အဘိုးကြီး က အသက်တော့ နည်းနည်းကြီးပြီ ဟ၊ တရုတ်ကြီးပဲ၊ ဗမာစကားလည်း မပြောတတ်ဘူး၊ အဲဒါ သူနဲ့ယူရင် သိန်းတစ်ထောင်တောင်ပေးမှာတဲ့"

"စတိုးဆိုင်မှာပဲ အေးချမ်းပါ တယ်ဟယ်"

"နင် ဒီစတိုးဆိုင်မှာ လုပ်နေ ရုံလောက်နဲ့တော့ နင်ဖြစ်ချင်တဲ့ဘဝ မျိုး ဖြစ်လာမှာမဟုတ်ဘူး"

"ငါမှအပျိုမဟုတ်ဘဲ၊ အဲဒီ လောက် ရပါ့မလား"

"ဝေးလိုက်တာဟယ်၊ နင်အိမ် ထောင်ရှိတယ်ဆိုတာ သူသိတာမှ မဟုတ်ဘဲ၊ နင့်ပုံစံကလည်း တကယ့် အလန်းဇယားပဲဟာ၊ နင့်ကို ဘယ် သူမှ အအိုလို့မထင်ဘူး၊ စိတ်ချ"

ခမ်းဆာရဲ့အပြောတွေမှာ နစ် မျောပြီး မိုရှီလည်း ပွဲစားကနေတစ် ဆင့် တရုတ်အဘိုးကြီးနှင့် သွားတွေ့ ခဲ့ပါသည်။ ခမ်းဆာပြောသလို တရုတ်အဘိုးကြီးက ဗမာစကားတစ် လုံးမှမတတ်ပေ။ သို့ပေမယ့် မိုရှီ့ကို

www.burmeseclassic.com

www.burmeseclassic.com

တော့ လိုလားပုံရပါသည်။ နောက်ဆုံးတော့ အဆင်ပြေသွားသည်ထင်ပါသည်။ သူတို့အချင်းချင်း ဘာတွေပြောကြသည်တော့ မသိပါ။ ပွဲစားမကြီးကတော့ ပါးစပ်က နားရွက်တက်ချိတ်မတတ် ပြုံးဖြီးနေတော့သည်။

''နင်အရမ်းကံကောင်းတယ် မိန်မိန်း(ကောင်မလေး)၊ ဟိုဘိုးတော်က နင့်ကို အရမ်းသဘောကျနေတယ်၊ အသက်ကြီးလည်း ဘာဖြစ်လဲနော၊ အဓိကက ပိုက်ဆံပဲ၊ ပိုက်ဆံရှိမှ လူရာဝင်တာ၊ ဒီခေတ်က မေတ္တာတွေ၊ သစ္စာတွေက ဘာမှ ဝယ်လို့မရဘူး၊ အလကားပဲ''

မိုရှီကတော့ ပွဲစားမကြီးကိုဘာမှပြန်ပြောမနေတော့ဘဲပြုံးရုံသာ ပြုံးနေမိတော့သည်။ ပွဲစားမကြီးပြောတဲ့စကားတွေကလည်း ရာနှုန်းပြည့်မဟုတ်ပေမယ့် မှန်သင့်သလောက် မှန်နေသည်ပဲလေ။

သူမ စတိုးဆိုင်မှာ အလုပ်လုပ်နေတော့လည်း ရတာနဲ့ကုန်တာ အံကိုက်လောက်သာ။ နေစရာ၊ စားစရာမပေးတော့ ကိုယ့်ဘာသာကိုယ်ရှာရသည်။ ဂိုဒေါင်လိုအခန်းမျိုးမှာ ဖြစ်သလိုအိပ်ရသည်။ အစားဆိုရင်လည်း လမ်းဘေးဆိုင်မှာ ဖြစ်သလိုစားရသည်။ မေမေတို့ကို ထောက်ပံ့ဖို့ဝေးစွ၊ ကိုယ့်ဟာနှင့်ကိုယ်ပင် အလျဉ်မီတယ်ဆိုရုံလေး။

မိုရှီ့အမျိုးသားက မိုရှီ့ထက် အများကြီးကြီးသော်လည်း သာကော(အစ်ကိုကြီး)ဟု အလိုက် အထိုက် ခေါ်ခဲ့ရသည်။ သူက ကိုယ်



လိုချင်သည့် ခနဉစ္စာတွေ ပေးခဲ့သည့်အတွက် ကိုယ့်ဘက်က မချစ်သော်လည်း အောင့်ကာနမ်းခဲ့ရသည်။ တတ်နိုင်သမျှ စေတနာလည်း ထားခဲ့ပါသည်။ သို့သော် အနေကြာသည်နှင့်အမျှ ကိုယ့်ကိုယ်ကိုယ် အပျော်မယားတစ်ယောက်အဖြစ်သာ မြင်လာသည်။ အခုတော့ မိုရှီလည်း တရုတ်စကား တတ်သင့်သလောက် တတ်လာခဲ့သည်။

မိုရှီ့ကို ကြည့်သည့်အကြည့်တွေမှာ ချစ်ခြင်းမေတ္တာတွေမပါ အလိုရမ္မက်တစ်ခုကိုသာ တွေ့ရ သည်။ မိုရှီ၏ ပထမကိုယ်ဝန်မှာ မိန်း ကလေးဖြစ်နေသည့်အတွက် စကား ပင် ဟဟမပြောသည့်အချိန်တွေ လည်း ခဏခဏ။ မိန်းကလေးဖြစ် တော့ရော ဘာဖြစ်သေးပါသနည်း လောကကြီးမှာ ယောက်ျားသား ရော၊ မိန်းမသားပါရှိမှ အဆင်ပြေ သည်မဟုတ်ပါလား။ တော်ပါပြီလေ အစကတည်းက မေတ္တာရှိလို့ ယူခဲ့ ကြတာမှ မဟုတ်ဘဲ၊ ဈေးကွက်တစ် ခုလို တည်ဆောက်ခဲ့ကြတဲ့ အိမ် ထောင်ရေးပဲ၊ မေတ္တာမပါတာမဆန်း ပါဘူး။

အရာရာပြီးပြည့်စုံလျှင် ပျော်ရ မည်ဟု ထင်ထားခဲ့သော်လည်း မို ရှီ့အတွေးတွေ တက်တက်စင်အောင် လွဲခဲ့ရသည်။ တိုက်ခန်းအကြီးကြီး မှာ မိုရှီရယ်၊ သမီးလေးရယ်၊ အကူ ကောင်မလေးတစ်ယောက်ရယ်သာ ရှိလေသည်။ စကားပြောဖော်မရှိ ရင်ဖွင့်ဖော်မရှိ၊ လုပ်စရာအလုပ်မရှိ မိုရှီ့ဘဝဟာ ဘာများအဓိပ္ပာယ်ရှိပါ သနည်း။ နောက်ထပ်မွေးလာမည့်

**လက်မှာ အနုတစ်ယောက်လို ပတ်တီးတွေစည်းပြီး တောင်းစားနေတဲ့ စုတ်တီးစုတ်ပြတ် သူတောင်းစားဟာ မောင်တဲ့လား. . .**

www.burmeseclassic.com

www.burmeseclassic.com





ကလေးသာ သားယောကျ်ားလေး မဟုတ်ခဲ့လျှင် မိုရှီကို ကွာရှင်းတော့မည်တဲ့။

မိုရှီလည်း သားယောကျ်ားလေး ရစေချင်သည်ပါပဲ။ မိုရှီတို့ ဗုဒ္ဓဘာသာအယူအရ သားလေးကို ရှင်ပြုပေးရင်း ရရှိလာမည့် ပီတိတွေကိုလည်း စိတ်ကူးယဉ်ကြည့်ဖူးခဲ့သည်။ ဒါပေမဲ့ သားပဲဖြစ်ဖြစ်၊ သမီးပဲဖြစ်ဖြစ် ကိုယ့်သွေးသားပဲမဟုတ်ဘူးလားဟုပင် ထုတ်မေးလိုက်ချင်တော့သည်။ မိုရှီ့အမျိုးသားရဲ့ အတွေးကတော့ မိုရှီနှင့် တက်တက်စင်အောင် လွဲပေလိမ့်မည်။ မိုရှီဟာ ကလေးထုတ်တဲ့ စက်ရုံတစ်ခုများ ဖြစ်သွားတော့မည်လားမသိ။

"ဟယ်လို....."

"မေမေလား"

"အေး...အမယ်လေး ငါ့သမီးယ်၊ ခုမှပဲ မေမေ့ဆီ ဖုန်းဆက်တော့တယ်၊ အဆင်ပြေရဲ့လား သမီး"

"ဒီလိုပါပဲ မေမေရယ်"

"မေမေတစ်ယောက်လုံးရှိတယ်၊ မပျော်ရင် ပြန်လာခဲ့၊ အမေ့ မြေးလေးပါ ခေါ်ခဲ့၊ ကြားလား"

မမြင်ရသေးဘဲနှင့် သမီးအပေါ် ထားရှိသော မေမေ့ရဲ့ မေတ္တာတရားတွေကြောင့် မိုရှီ့ရင်မှာ အတိုင်းမသိ ငြိမ်းသာရသည်။ ဘာပဲဖြစ်ဖြစ် မေမေ အခုလို မတောင့်မတ မကြောင့်မကြ နေနိုင်ခဲ့ရသည့်အတွက်တော့ ရှီ ပေးဆပ်ရကျိုးနပ်သည်ဟုထင်သည်။ မောင်လေး၊ ညီမလေးတွေကလည်း ပျော်ပျော်ရွှင်ရွှင်နှင့်ပညာသင်ကြရသည်။ လောကကြီးမှာ ဘာမှအလကားမရနိုင်။ တစ်ခုလိုချင်ရင် တစ်ခုစွန့်လွှတ်ရတာ သဘာဝကျပါသည်။

"ငါ့မြေးလေးက လုရောလှရဲ့လားအေ၊ အင်း.....ဖအေနဲ့တူရင်တော့ မျက်ပေတုံးကြီးနဲ့ လှမှာ မဟုတ်ဘူး"

"ဟင်းဟင်း.....၊ သမီးလေးက လှပါတယ် မေမေရဲ့၊ သူ့အဖေနဲ့ မတူပါဘူး"

"တော်သေးတာပေါ့၊ သမီးနဲ့တူလို့"

"သမီးနဲ့လည်း မတူဘူး မေမေရဲ့"

"ဟဲ့...ဒါဆို ဘယ်သူ့သွားတူတာတုံး"

"မသိပါဘူး မေမေရယ်၊ ဒါပဲနော် မေမေ၊ ဖုန်းချလိုက်တော့မယ်"

"အေးပါကွယ်၊ အေးပါ...အေးပါ"

မေမေနှင့် ဖုန်းပြောပြီးသည်နှင့် မိုရှီက အကြိမ်ကြိမ်တွေး၍ ရဲရဲဆုံးဖြတ်လိုက်၏။

"ထွေးငယ် ပျင်းပြီလား"

"ဟုတ်ကဲ့ မမ"

"အပြင်ထွက်လည်မယ်လေ၊ သမီးလေးပါ ခေါ်သွားမယ်"

"ဟုတ်ကဲ့ မမ"

မိုရှီ ဆုံးဖြတ်ချက်ချလိုက်ပါပြီ၊ ဘယ်လိုဘဝရောက်ရောက် ပျော်ပျော်ပဲနေတော့မည်။ တတ်နိုင်သမျှ လှူမည်တန်းမည်။ ဘယ်သူတွေ ကိုယ့်ကို ဘယ်လိုသဘောထားထား လိုက်ပြီးခံစားမနေတော့ဟု။

"သနားကြပါခင်ဗျာ၊ သူဌေး တို့ကျွေးမှမွေးမှ စားရမယ့်ဘဝပါ"

"မေမေ"

"ရှင့်"

"ဟိုသူတောင်းစားကြီးသနားပါတယ်၊ပိုက်ဆံထည့်ရအောင်လေ"

"အေး.....အေး"

"----"

"ဟင်.....၊ မောင်....."

လက်မှာ အနူတစ်ယောက်လို ပတ်တီးတွေစည်းပြီး တောင်းစားနေတဲ့ စုတ်တီးစုတ်ပြတ်သူတောင်းစားဟာ မောင်တဲ့လား။ ဘုရား..ဘုရား လောကကြီး ဘာတွေဖြစ်ကုန်ပြီလဲ။

"မေမေ မီးမီး အဲဒီသူတောင်းစားကြီးကို သနားတယ်၊ ခင်လည်း ခင်ချင်တယ်၊ ငါးထောင်ထည့်လိုက်မယ်"

မောင်က သမီးလေးကို အငေး ခါ ကန်တော့နေတော့တယ်။

ခင်လုံမလေး (တာတု)

www.burmeseclassic.com



# ရွှေဘိုဘာမထိခင်အောင်
## မှုံကြီး
### နောက်ထပ်လူမသတ်ချင်ဘူး
(ဘာမထိနဲ့မှုံကြီးအမှု)

www.burmeseclassic.com

www.burmeseclassic.com



၁၉၆၁ ခုနှစ်၊ မတ်လအတွင်းကဖြစ်၏။ ရွှေဘိုမြို့မှ မန္တလေးမြို့အထိရောက်သည့် ရန်အောင်မန်းကားကြီးပေါ်တွင် ခရီးသည်စုစုပေါင်း ၃၀ ကျော် လိုက်ပါလာ၏။ ထိုခရီးသည်များထဲတွင် ကျွန်တော်လည်း အပါအဝင်ဖြစ်သည်။ ကျွန်တော်တို့ခရီးသည်များ ခြေချသည့်ကြမ်းခင်းနေရာ၌ ဆန်အိတ်များကို အစီအရီတင်ထားသဖြင့် ခြေထောက်များကို ကွေး၍လိုက်ပါခဲ့ရသည်။ ရွှေဘို-မန္တလေး အကွာအဝေးမှာ မိုင် (၇၀)မျှရာ တစ်လမ်းလုံး ဒူးများကွေးထား၍ မသက်သာလှ။ ထိုခရီးသည် အနည်းဆုံး လေးနာရီစီးရ၏။ လူစီးကားဟုဆိုသော်လည်း အမြဲလိုလို ဆန်အိတ်များ အပြည့်တင်ကြသည်။

ရွှေဘို-မန္တလေးကားခမှာ တစ်ယောက်လျှင် (၁)ကျပ်(၅၀)ပြားပေးရ၏။ (လက်ဖက်ရည်တစ်ခွက်လျှင် (၂၅)ပြားခေတ်)။ ရွှေဘိုမြို့မှ မန္တလေးမြို့သို့ ထွက်သည့်ကားဆိုရှိ ရန်အောင်မန်းကားအသင်းသာရှိ၍ ထိုကားကိုသာ အားကိုးနေရသည်။ လမ်းခုလတ်ဆန်အိတ်များချမည်ဆိုပါကနှစ်နာရီခန့်ကြာတတ်ပြန်သည်။ အချို့သော ကားဆရာနှင့်စပယ်ယာတို့သည် လမ်းခုလတ်တွင် အရက်ဆိုင်၌ ဝင်သောက်တတ်သေး၏။ ထိုအခါ ခရီးသည်များမှာ ကံဆိုးတော့သည်။ မန္တလေးသို့ အချိန်များစွာနောက်ကျပြီးမှရောက်လေသည်။

ကျွန်တော်လိုက်ပါလာသော ရန်အောင်မန်းကားကြီးသည် မိုင်(၄၀)ကျော်ခရီးကို ကျော်နင်းလာခဲ့ပြီးနောက် နေ့လယ် (၁၂)နာရီခန့်တွင် ဆားတောင်ကြီးအနီးသို့ရောက်ရှိပြီး အရက်ဆိုင်တစ်ဆိုင်အနီး နေပူကြီးထဲတွင် ကားကိုရပ်လိုက်သည်။ ကားဒရိုင်ဘာသည် ကားပေါ်မှ ဆင်းပြီး ကားစပယ်ယာကိုပါခေါ်ကာ အရက်ဆိုင်အတွင်း ဝင်သွားပါလေတော့သည်။

''ကားခဏနားသည်''ဟူ၍လည်းမပြော၊ ''အပေါ့အပါးသွား'' ဟုလည်းမဆို။ ''ကျွန်ုပ်ကို ခဏခွင့်ပြုကြပါဗျာ''ဟုလည်း ခွင့်မတောင်း။

မည်သူ့ကိုမျှ ထီမထင်သောအသွင်ရှိသည့် အသက်(၄၀)ခန့်ရှိ ကားဆရာ၏နောက်သို့ အသက်(၂၀)ခန့်ရှိ စပယ်ယာမှာ ခပ်ကုပ်ကုပ် လိုက်ပါသွား၏။

အရက်သေစာ
သောက်စားမှုသည်
လည်းကောင်း၊
ဒေါသကို
မထိန်းနိုင်ခဲ့လျှင်သော်
လည်းကောင်း
ပတ်ဝန်းကျင်ရှိ
လူသားအများအား
အကျိုးနည်းစေ၊
ဒုက္ခရောက်စေသဖြင့်
အရက်သေစာ
သောက်စားမှုးယစ်မှုနှင့်
ဒေါသဖြစ်လွယ်မှုကို
လူတိုင်းလူတိုင်း
ထိန်းသိမ်းသင့်ပါကြောင်း
...

www.burmeseclassic.com

ထိုစဉ်က ကျွန်တော့်အသက်မှာ (၂၂)နှစ်၊ မက်ထရစ်ကျောင်းသားဖြစ်သည်။ မန္တလေးသို့ ခရီးသွားရခြင်းမှာ နောက်တစ်နေ့နံနက် (၁၀)နာရီတွင် 'ငှက်ဖျားတိုက်ဖျက်ရေးအင်စပက်တော်'ရာထူးအတွက် စာမေးပွဲဖြေဆိုရန်ဖြစ်သည်။ ယနေ့ညနေ (၄)နာရီမထိုးမီ မန္တလေးနယူးစီဗွီလိုင်းရှိ ငှက်ဖျားတိုက်ဖျက်ရေးရုံးသို့ အချိန်မီသတင်းပို့ရဦးမည်ဖြစ်သည်။

ကားဆရာတို့ အရက်ဆိုင်အတွင်း ဝင်သွားကြသည်မှာ တစ်နာရီနီးပါးမျှ ကြာမြင့်နေပြီဖြစ်သည်။ ကားပေါ်မှ ခရီးသည်များ တစ်ယောက်တစ်ပေါက်နှင့် ပြောဆိုညည်းညူနေကြသည်။ ကျွန်တော်လည်း မနေသာတော့၍ ကားပေါ်မှဆင်းကာ ကားဆရာအားခေါ်ရန် အရက်ဆိုင်အတွင်းသို့ ဝင်ခဲ့လေသည်။

※ ※ ※



ကျွန်တော် အရက်ဆိုင်တွင်းသို့ရောက်လျှင် အရက်ဖြူ (၃)ပုလင်းကိုသောက်ရင်း ဇိမ်ယစ်နေသည့် ကားဆရာကို တွေ့လိုက်သည်။ စပယ်ယာလေးမှာ ဘေးတွင်ထိုင်လျက်။

ကျွန်တော် ကားဆရာအနီးသို့ ကပ်သွားပြီး.....

"ကားဆရာကြီး ခင်ဗျားတို့ နှစ်ယောက်ကတော့ ဒီမှာအေးအေးဆေးဆေး အရက်သောက်နေကြတယ်၊ ကျွန်တော်တို့ ခရီးသည်တွေကို နေပူထဲ ပစ်ထားခဲ့တယ်"

"ဘာကွ..... ဘာပြောတယ်"

ကားဆရာအသံက ဟိန်း ၏။

"ကျွန်တော် အရေးကြီးတဲ့ ရှိလို့ပါဗျာ၊ သွားကြရအောင်"

"ဘာ.....အရေးကြီးလို့ပ လား၊ မင်းက ငါ့ကိုအမိန့်လာ နေတာလား၊ အရေးကြီးတဲ့ဂေ ငါ့ကားနဲ့မလိုက်နဲ့၊ အခုထွက်သ တခြားကားသွားစီး၊ နားလည် မှုကြီးကိုလာပြီး အမိန့်လာမပေ မရဘူး၊ မှတ်ထား"

ပြောပြောဆိုဆိုနှင့် အ ပုလင်းတစ်လုံးကို ကိုင်ဆောင် သည်။

"ကောင်လေး သွား....သ ကားပေါ်တက်နေ၊ မှုကြီးဒေ ထွက်လာရင် မလွယ်လို့ ဦးကြီ ပြောတာပါ၊ သွား.....သွား"

သျှောင်ကြီးဖွေးနှင့် အရက် ပိုင်ရှင်ဖြစ်သူက ကျွန်တော့်အား ပျာသလဲဝင်ပြောသည်။

"ဟော့ကောင်.....ထွက်သ စမ်း၊ အခုထွက်သွား၊ မှုကြီးနေ ထပ် လူမသတ်ချင်ဘူး၊ မသေ ရင် ထွက်သွား"

သူကျွန်တော့်အား တစ်ခုခု ရန် မတ်တတ်အရပ် ကျွန်တော့် လက်သီးက မှုကြီး၏မေးရိုးသ ပြေးဆောင့်သွားသည်။

လူသတ်ဖူးသည့်မှုကြီး ဝု ပစ်ကျသွားသည်။ ကျွန်တော် စားပွဲပေါ်မှ အရက်ပုလင်း ကာ.....

"မင်းလားကွ လူမိုက်"

ထိုသို့ပြောကာ ပုလင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com





...က်ဆင့်၍ ရိုက်ချလိုက်သည်။

"ဟေ့...ဟေ့...တော်...တော်"

ဆိုင်ရှင်လူကြီးက ကျွန်တော့်...အား နောက်မှသိုင်းဖက်ထားသည်။ ...ကြီးခွေလဲနေပြီ။ စပယ်ယာလေးက ...က်ပြေးလေသည်။

"ကောင်းတယ်၊ ဒီကောင်ကြီး ...ိုက်လုပ်နေတာကြာပြီ"

အရက်သမားတစ်သိုက်၏ ဝေ...သံကို ကြားလိုက်ရသည်။

§ § §

ရွာထောင်ရဲစခန်းမှ ကျွန်တော့်...အား လာရောက်ဖမ်းတော့သည်။ ...ချင်းပင် လက်ထိတ်ခတ်လိုက်...သည်။

ကျွန်တော် ပြုံးလိုက်မိသည်။ ...ပြီးမှတော့ ခံဖို့ပဲကျန်တော့...သည်။ ထိုသည်မှာ လောကဓံပန်း...

ကျွန်တော့်ဘဝရှေ့ရေးအတွက် ...ချိန်တွင် ဖြေဆိုရမည့် 'ငှက်...အင်စပက်တော်လုပ်ငန်း'နှင့် လွဲ...ပြီ။

...ကောင်းပြီ။ ကျွန်တော် ရေးလို...ချက်မှာ ရန်အောင်မန်းကား...မှုံကြီးသည် တာဝန်မဲ့အရက်...က်နေ၍ ခရီးသည်အားလုံး...ကြရ၏။ တစ်နာရီနီးပါးမျှ...သောက်မူးယစ်နေ၍ ကား...မှုံကြီးအား အရက်ဆိုင်တွင်း...သည် ကျွန်တော် ဘာမတီ...အင်က ဝင်ရောက်ခေါ်ရာ၌ ...ကြားအောင် လူသတ်ဖူးသည်ဟု ခြိမ်းခြောက်ကာ ကျွန်တော့်အား နှင်ထုတ်၏။

ကားဆရာမှုံကြီးက ကျွန်တော့်အား ကိုယ်ထိလက်ရောက် စော်ကားတော့မည့်အသွင်ဆောင်လာသဖြင့် ကျွန်တော်က လက်ဦးမှုယူခဲ့ခြင်းဖြစ်သည်။ ကျွန်တော်လည်း ရိုက်မှုကြောင့် အချုပ်ခံရသည်။

မန္တလေးမြို့၊ ငှက်ဖျားတိုက်ဖျက်ရေးအင်စပက်တော်ရာထူးဖြေဆိုခွင့် လက်လွှတ်လိုက်ရ၏။ ကားဆရာမှုံကြီးသာ တာဝန်ကျေစွာ အချိန်မှန် ကားကိုမောင်းခဲ့လျှင် (တစ်နည်း)ကားမောင်းရင်း အရက်မသောက်ခဲ့လျှင် ဖော်ပြခဲ့သည့် ဇာတ်လမ်းသည် ဖြစ်ပေါ်လာစရာအကြောင်းမရှိဘဲ ခရီးသည် (၃၀)ဦးတို့သည် မင်္ဂလာရှိရှိ လိုရာခရီးသွားနိုင်မည်ဖြစ်ပါသည်။

ကားဆရာမှုံကြီးအား ကျွန်တော် ရိုက်မှုကျူးလွန်ပြီးနောက် ကျွန်တော်၏မိဘ၊ ဆွေမျိုးသားချင်းများက ကျွန်တော့်အား ပိုင်းပယ်ထားလိုက်ကြသည်။

ထိုအခါ ကျွန်တော် လမ်းပေါ်ကလူ ဖြစ်သွားခဲ့ရပါတော့သည်။ ဆက်၍ဆက်၍ သွေးစွန်းလိုက်သဖြင့် ပေါင်းသင်းမည့်မိတ်ဆွေပင် မရှိတော့ပါချေ။

ကျွန်တော်ဘဝပျက်သွားစဉ်တွင် ကျွန်တော့်သူငယ်ချင်းအချို့ ငှက်ဖျားအင်စပက်တော်ရာထူးအဆင့်ဆင့်နှင့် ရပ်တည်နေနိုင်ကြလေပြီ။ ကျွန်တော် ယူကျုံးမရဖြစ်၍မဆုံး။

နိဂုံးချုပ်ရလျှင် အရက်သေစာသောက်စားမှုသည်လည်းကောင်း၊ ဒေါသကို မထိန်းနိုင်ခဲ့လျှင်သော်လည်းကောင်း ပတ်ဝန်းကျင်ရှိ လူသားအများအား အကျိုးနည်းစေ၊ ဒုက္ခရောက်စေသဖြင့် အရက်သေစာ သောက်စားမူးယစ်မှုနှင့် ဒေါသဖြစ်လွယ်မှုကို လူတိုင်းလူတိုင်းထိန်းသိမ်းသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

မှတ်ချက်။ ။ ကားဆရာ ကိုမှုံကြီးသည် ၁၉၆၈ ခုနှစ်က သေဆုံးပါသည်။ ထောင်ထွက်ဖြစ်ပြီး လူသတ်မှုကျူးလွန်ခဲ့သူဖြစ်သည်။ ကျွန်တော့်သူငယ်ချင်း ရွှေဘိုမှအင်စပက်တော် လေးဦးသည် ဝန်ထောက်ရာထူးဖြင့် ပင်စင်ယူခဲ့ကြသည်။

ရွှေဘိုတာယာခင်အောင်

www.burmeseclassic.com

www.burmeseclassic.com



# လျှမ်းထက်

## သန်လျင်ဘီအိုစီရေနံချက်စက်ရုံ မီးလောင်မှုကြီး

ယခုရေးသားဖော်ပြမည့် သန်လျင်ဘီအိုစီရေနံချက်စက်ရုံ မီးလောင်မှုကြီးမှာ ဒုတိယကမ္ဘာစစ်ကြိုကာလ၊ ၁၉၃၇ ခုနှစ်၊ ဇန်နဝါရီလ ပထမပတ်အတွင်းဖြစ်ပွားခဲ့သော မီးလောင်မှုကြီးဖြစ်သည်။ ဤဆောင်းပါးနှင့် ပတ်သက်၍ စာဖတ်သူများအား တင်ပြရန် အချက်နှစ်ချက်ရှိပါသည်။ ပထမအချက်မှာ စိတ်ဝင်စားဖွယ်ရာ ဤမီးလောင်မှုကြီး ဖြစ်ပွားခဲ့စဉ်က မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၃၇ ခုနှစ် ဆန်းစကပင် စတင်၍ ဥရောပတိုက်တွင် စစ်ရိပ်၊ စစ်ငွေ့များ ယှက်သိုင်းလာခဲ့ပြီဖြစ်သည်။ ၁၉၃၃ ခုနှစ်က ဂျာမနီနိုင်ငံတော်၏ နိုင်ငံရေးအာဏာ ရရှိလာသော နာဇီပါတီသည် နှစ်ပေါင်း ၁၀၀၀ ကျော် တည်ရမည့် တတိယဂျာမနီနိုင်ငံ တည်ထောင်မည်ဟု ကြွေးကြော်ကာ ဂျာမနီနိုင်ငံအား စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး တိုးတက်အောင် ဆောင်ရွက်ခဲ့ကြသည်သာမက စစ်အင်အားပါ တိုးချဲ့လာခဲ့သည်။

ရေတပ်မတော်ကြီးအား ထိုကာလက ဗြိတိသျှဘုရင့်ရေတပ်မတော်ကြီးနှင့် ယှဉ်ပြိုင်နိုင်အောင် တည်ဆောက်လာခဲ့သည်။ နာဇီဂျာမန်ရေတပ်မတော်သည် ယူဘုတ်ခေါ် ရေငုပ်သင်္ဘောများ အများအပြား တည်ဆောက်ခဲ့သည်။ ကြည်းတပ်မတော်ကြီးနှင့် သံချပ်ကာတပ်များကိုလည်း နိုင်ငံတကာက မော့ကြည့်ရလောက်အောင် တည်ဆောက်ခဲ့၏။ စစ်အင်အား အဆမတန် တိုးချဲ့လာခဲ့သဖြင့် ဗြိတိသျှတို့သည် တစ်ကိုယ်တော်ဝါဒ ကျင့်သုံးခြင်းမပြုတော့ဘဲ ပြင်သစ်နိုင်ငံနှင့် မဟာမိတ်ဖွဲ့ခဲ့ရသည်။ နာဇီဂျာမနီနိုင်ငံကလည်း ဖက်ဆစ်အီတလီနိုင်ငံ၊ ဖက်ဆစ်ဂျပန်နိုင်ငံတို့နှင့် ပူးပေါင်း၍ 'ဝင်ရိုးတန်းမဟာမိတ်'နိုင်ငံများအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

ဖက်ဆစ်ဂျပန်နိုင်ငံသည် တရုတ်နိုင်ငံအတွင်း ကြေညာသော စစ်ပွဲများ ဆင်နွှဲခဲ့ရာ တရုတ်နိုင်ငံအတွင်း ငွေအရင်းအနှီးအများဆုံး မြှုပ်နှံထားသော အမေရိကန်ပြည်ထောင်စုနှင့် အင်္ဂလန်နိုင်ငံတို့အဖို့ ဖက်ဆစ်ဂျပန်နယ်ချဲ့သမားအား ဟန့်တားနိုင်ရန် နည်းလမ်းအမျိုးမျိုး ရှာခဲ့ကြသည်။ ဖက်ဆစ်ဂျပန်တပ်မကြီးများအား ကုတ်ကျားခဲ ခုခံကာကွယ်နေရသော တရုတ်ခေါင်းဆောင် ချန်ကေရှိတ်၏ ကူမင်တန်အစိုးရအား နောက်ကွယ်မှ စစ်အသုံးအဆောင်ပစ္စည်းများ၊ ရိက္ခာများ၊ လက်နက်များ ထောက်ပံ့ခဲ့သည်။ ပထမတွင် အမေရိကန်ပြည်ထောင်စုသည် စစ်အသုံးအဆောင်ပစ္စည်းများကို တရုတ်ပြည်သို့ ပေးပို့ရာတွင် တရုတ်နိုင်ငံ ဆိပ်ကမ်းမြို့များသို့ ရေကြောင်းမှ ပေးပို့ခဲ့သည်။ ထိုဆိပ်ကမ်းမြို့များအား ဂျပန်တို့ သိမ်းပိုက်ခဲ့သည်နှင့် တရုတ်နိုင်ငံသို့ စစ်လက်နက်ရိက္ခာပစ္စည်းများအား မြန်မာနိုင်ငံမှတစ်ဆင့် ပေးပို့ရန် စီစဉ်ရသည်။ ထိုအချိန်တွင် ဖက်ဆစ်ဂျပန်တို့သည် တရုတ်ပြည်တွင် တစ်မြို့ပြီးတစ်မြို့ တိုက်ခိုက်သိမ်းယူလျက်ရှိ၏။ နောက်ဆုံးတွင် တရုတ်–ဂျပန်စစ်ပွဲမှာ တစ်စတစ်စ ကြီးထွားလာပြီး တရုတ်နိုင်ငံ၏ ထက်ဝက်နီးပါးခန့် ဂျပန်လက်တွင်း ကျရောက်ခဲ့ရသည်။

ထိုအချိန်တွင် ဗြိတိသျှအစိုးရနှင့် အမေရိကန်ပြည်ထောင်စုတို့သည် ရန်ကုန်မြို့မှတစ်ဆင့် ကုန်းလမ်းဖြင့် စစ်လက်နက်ပစ္စည်းများကို တင်ပို့နိုင်ရန် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့မှ တရုတ်–မြန်မာနယ်စပ်အထိ မိုင် ၁၅၀ ကျော်ရှည်သော လမ်းမကြီးဖောက်ရန် စီစဉ်ခဲ့ရ၏။ ထိုလမ်းပိုင်းကို ဗြိတိသျှအစိုးရက တာဝန်ယူဖောက်ခဲ့ရ၏။

တရုတ်နိုင်ငံ၊ အနောက်တောင်ပိုင်းရှိ ယူနန်ပြည်နယ်၊ ကူမင်းမြို့မှ မြန်မာနိုင်ငံ နယ်စပ်အထိ မိုင် ၆၀၀ ရှည်သော လမ်းမကြီးအတွက် တရုတ်အစိုးရနှင့် အမေရိကန်ပြည်ထောင်စုတို့က တာဝန်ယူခဲ့သည်။ ၁၉၃၆ ခုနှစ်ဦးကပင် တရုတ်–မြန်မာလမ်းမကြီး ဖောက်လုပ်နေသည့်အကြောင်းကို ဗြိတိသျှအစိုးရသည် အထူးလျှို့ဝှက်ထားခဲ့သည်။ သို့သော် နိုင်ငံတကာမှထုတ်ဝေသော သတင်းစာကြီးများတွင် ယင်းတရုတ်–မြန်မာလမ်းမကြီးအကြောင်း ရေးသားဖော်ပြခဲ့ကြသဖြင့် မြန်မာပြည်သူများ သိရှိလာကြရာ သတင်းမီဒီယာများကမူ ထိုလမ်းမကြီး ဖောက်လုပ်သည့်အတွက် စစ်မီးအန္တရာယ်သည် မြန်မာနိုင်ငံသို့ ကူးစက်လာနိုင်သည်ဟု ပြစ်တင်ဝေဖန်ရေးသားခဲ့ကြ၏။ ထိုစဉ်က စစ်လက်နက်ပစ္စည်းများသည် ရန်ကုန်ဆိပ်ကမ်းသို့ သင်္ဘောကြီးများဖြင့် ရောက်ရှိလာခဲ့ပြီး ရန်ကုန်မြို့ပေါ်ရှိ တရုတ်အမျိုးသားများ၏ အကူအညီနှင့် ယင်းပစ္စည်းများကို မီးရထားများ၊ ကုန်တင်ကားကြီးများဖြင့် လားရှိုးသို့ ပို့ကြသည်။ သို့ဖြစ်၍ ရန်ကုန်မြို့နှင့် ရန်ကုန်ဆိပ်ကမ်းသည် ဖက်ဆစ်ဂျပန်ထောက်လှမ်းရေးသမားများ၏ ပစ်မှတ်ဖြစ်လာသည်။ ရန် ကုန်ဆိပ်ကမ်း၊ သန်လျင်ဆိပ်ကမ်းတို့သည် စိုးရိမ်စရာအခြေအနေများ ဖြစ်လာသည်။

ထိုကာလက မြန်မာနိုင်ငံတွင် အထူးသဖြင့် ဘီအိုစီကုမ္ပဏီသည် မြန်မာ့ရေနံတူးဖော်ရေးလုပ်ငန်းကို လက်

www.burmeseclassic.com



ဝါးကြီးအုပ် လုပ်ကိုင်နေသည်ကို ဒုတိယအချက်အနေဖြင့် တင်ပြရမည်ဖြစ်၏။ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲပြီးသည့် ခရစ်နှစ် ၁၈၈၅ ခုနှစ်တွင် မြန်မာနိုင်ငံ၏ အဖိုးတန် သဘာဝပစ္စည်းများဖြစ်သော ကျွန်းသစ်၊ ရေနံနှင့် ကျောက်မျက်ရတနာလုပ်ငန်းများကို ခြယ်လှယ်သွေးစုပ်နိုင်ရန်အတွက် ဗြိတိသျှနယ်ချဲ့သမားများက စီမံခဲ့ကြသည်။ ခရစ်နှစ် ၁၈၈၆ ခုနှစ်တွင် ဒေးဗစ်ဆိုင်း(မ်)ကာဂျီးလ် (David Sime Cargi)သည် ၎င်း၏ကိုယ်စားလှယ်အဖြစ် ဖင်လေဖလမ်းမင်းကုမ္ပဏီအား ခန့်အပ်ပြီး ပထမဆုံးသော 'ဘီအိုစီ'ကုမ္ပဏီကို တည်ထောင်ခဲ့၏။ ဖင်လေဖလမ်းမင်းကုမ္ပဏီသည် ဘီအိုစီကိုယ်စားလှယ်အဖြစ် ၁၉၂၀ ပြည့်နှစ်အထိ ဆောင်ရွက်ခဲ့သည်။ ထိုဘီအိုစီကုမ္ပဏီသည် ရေနံလုပ်ငန်းကို စတင်စဉ်က ရင်းနှီးငွေ စတာလင်ပေါင် တစ်သန်းခွဲနှင့် ပြုလုပ်ခဲ့ပြီး နောင်တွင် စတာလင်ပေါင် တစ်ဆယ့်ရှစ်သန်းအထိ ရင်းနှီးမြှုပ်နှံခဲ့သည်ဟုဆိုသည်။

မှတ်တမ်းများအရ ဘီအိုစီကုမ္ပဏီသည် ခရစ်နှစ် ၁၈၈၀ ပြည့်နှစ်တွင် ရေနံချောင်း ရေနံမြေတောင်ဘက်တွင် ပထမဆုံးသော ရေနံတွင်းတစ်တွင်းကို တူးဖော်ခဲ့၏။ ဤသို့ တူးဖော်ရာတွင် မောင်းတူးစနစ်ကို အသုံးပြုသောစက်ယန္တရား ဖြင့် တူးဖော်ခဲ့သည် ဟုဆိုသည်။ မကြာမီပင် ရေနံချက် ရေ နံမြေသို့ တိုးချဲ့ တူးဖော်ခဲ့သည်။ ဤသို့ ဘီအိုစီကုမ္ပဏီသည် ရေနံချောင်းတွင် ခိုင်မာသောအခြေချ ခွင့်ရလာသောအခါ ရေနံချောင်းရှိ ရေနံ တွင်းရိုးတွင်းစားများ၏ ရေနံတွင်းများကို ၎င်းတို့ထံမှ ငှားရမ်းခြင်းဖြင့်လည်းကောင်း၊ ရေနံတွင်းများကို အိန္ဒိယ



ဘီအိုစီ
ရေနံချက်စက်ရုံ
မီးလောင်နေခြင်း

နိုင်ငံသားများထံမှလည်းကောင်း ဝယ်ယူခြင်းပြုခဲ့ရာ ရေနံချောင်းရေနံမြေနယ်ရှိ ရေနံတွင်းအများမှာ ဘီအိုစီကုမ္ပဏီ၏ လက်ဝါးကြီးအုပ်စနစ်အောက် ရောက်ခဲ့၏။ ဤသို့ ဘီအိုစီကုမ္ပဏီသည် ရေနံလုပ်ငန်းဖြင့် အမြတ်အစွန်း ဝိုဝိုပိုပိုရရှိသည်ကို အနောက်တိုင်းအရင်းရှင်ကုမ္ပဏီများ ကြားသိရသည်နှင့် အပြိုင်အဆိုင် မြန်မာ့ရေနံလုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်လာခဲ့ကြသည်။ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုမှ စတင်းဒတ်ရေနံကုမ္ပဏီသည် မြန်မာနိုင်ငံတွင် ရေနံရှာဖွေထုတ်လုပ်ရေးတွင် ဝင်ရောက်ကြိုးပမ်းခဲ့သော်လည်း ဗြိတိသျှအာဏာပိုင်များသည် ဘီအိုစီရေနံကုမ္ပဏီကိုသာ အားပေးခဲ့သည်ဟုဆိုသည်။

မှတ်တမ်းများအရ ၁၉၂၀ ပြည့်နှစ်အထိ မြန်မာ့ရေနံလုပ်ငန်းအား ဝင်ရောက်လုပ်ကိုင်ခဲ့သော ရေနံကုမ္ပဏီ ၃၀ နီးပါးမျှ ဝင်ရောက်လုပ်ကိုင်ခဲ့ကြသည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ဘီအိုစီကုမ္ပဏီ၏ လက်ဝါးကြီးအုပ်ခြင်းခံရသဖြင့် ၎င်းတို့၏ အခွင့်အရေးအရပ်ရပ်ကို ဘီအိုစီကုမ္ပဏီသို့ လွှဲအပ်ခြင်း၊ ရောင်းချခြင်း၊ ပူးပေါင်းခြင်းဖြင့် ဓာတ်သိမ်းသွားကြ၏။ ဤသို့ဖြစ်ရခြင်းမှာ ဘီအိုစီကုမ္ပဏီသည် မြန်မာ့ရေနံလုပ်ငန်းကို စတင်ဦးဆောင်လုပ်ကိုင်သော ကုမ္ပဏီဖြစ်သည်သာမက ဗြိတိသျှအမျိုးသားပိုင် ကုမ္ပဏီဖြစ်သဖြင့် ဦးစားပေးခြင်းခံရခြင်းဖြစ်သည်။

ဘီအိုစီကုမ္ပဏီသည် ရေနံချောင်းရေနံမြေသာမက ချောက်ရေနံမြေသစ်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းကြောင့် အမြတ်အစွန်းများစွာ ရရှိခဲ့သည်။ ရေနံချောင်း၊ ချောက်၊ ရေနံချပ် အစရှိသော ရေနံမြေများမှ ရရှိသော ရေနံစိမ်းများကို ဘီအိုစီကုမ္ပဏီသည် သန်လျင်မြို့ရှိ ရေနံချက်စက်ရုံသို့ သင်္ဘောများဖြင့် ပို့ဆောင်ခဲ့ရာ စရိတ်စကကြီးခြင်း၊ ခရီးကြန့်ကြာခြင်း၊ ဘေးအန္တရာယ်များခြင်းစသော အကြောင်းအမျိုးမျိုးကြောင့် ရေနံပိုက်လိုင်းတည်ဆောက်ရန် စီစဉ်ခဲ့သည်။ သန်လျင်ရေနံချက်စက်ရုံသည် ရေနံချောင်းမှ ၂၇၅ မိုင် ဝေးကွာသဖြင့် ရေနံပိုက်လိုင်း တည်ဆောက်ရာတွင် အချိန်အတော်အတန်ကြာမြင့်ခဲ့၏။

www.burmeseclassic.com


အမှန်အားဖြင့် ဘီအိုစီကုမ္ပဏီသည် ရေနံချက်စက်ရုံငယ်တစ်ရုံအား ရေနံချောင်းတွင် တည်ဆောက်ထားခဲ့သည်။ သို့သော် ရေနံချက်စက်ရုံလုပ်ငန်းများကို အဓိကအားထားထုတ်ခဲ့သည်မှာ သန်လျင်ရေနံချက်စက်ရုံဖြစ်သည်။ ထိုစဉ်က မှတ်တမ်းများအရ ဘီအိုစီရေနံကုမ္ပဏီသည် ရေနံပီပါပေါင်း ခြောက်သန်းကျော် ထုတ်ခဲ့သည်ဟုဆိုသည်။ ယခင်က ဓနိတောတွင် ရေနံချက်ခဲ့သော်လည်း နောင်အခါ ဓနိတောရေနံချက်စက်ရုံမှာ သံပုံးများထုတ်လုပ်ရေးနှင့် ဓာတ်ဆီဖြန့်ဖြူးရောင်းချရေးကို [illegible]လုပ်ခဲ့ရ၏။

မြန်မာ့ရေနံထုတ်လုပ်ရေးကို လက်ဝါးကြီးအုပ်လာသော ဘီအိုစီကုမ္ပဏီသည် ၁၉၂၅ ခုနှစ်တွင်မူ သန်လျင်မြို့တွင် ခေတ်မီရေနံချက်စက်ရုံကြီးတစ်ရုံကို တည်ဆောက်ခဲ့သည်။ ထိုရေနံချက်စက်ရုံမှ နေ့စဉ် ဂါလန်[illegible] ၈၀၀၀၀၀ ချက်လုပ်နိုင်သည်သာမက လေယာဉ်ဓာတ်ဆီကိုလည်း ထုတ်လုပ်နိုင်သည်ဟုလည်းဆိုသည်။ ထိုစက်ရုံကြီးသည် ရေနံဆီနှင့် ဗင်ဇင်းတန်ချိန် [illegible]၀၀၊ ရေနံစိမ်းတန်ချိန် ၁၃၀၀၀ နှင့် အခြားဆီတန် [illegible]၄၀၀၀ တို့ကိုပါ သိုလှောင်ထားနိုင်ရာ မြန်မာနိုင်ငံ[illegible] အကြီးမားဆုံး ရေနံချက်စက်ရုံကြီးတစ်ရုံဖြစ်သည် [illegible]သိရ၏။ ထိုစက်ရုံကြီးနှင့်အတူ လျှပ်စစ်ဓာတ်အား[illegible]က်ရုံကြီးတစ်ရုံကိုလည်း တွဲ၍တည်ဆောက်ထားခဲ့[illegible]


[illegible]ကာလက ယင်းလျှပ်စစ်ဓာတ်အားပေးစက်ရုံ[illegible] ကီလိုဝပ် ၃၆၀၀ ပေးနိုင်သည်ဟု သိရ၏။ ထို[illegible] သန်လျင်ရေနံချက်စက်ရုံမှ ပင်လယ်ကူး ရေနံ[illegible]သင်္ဘောကြီးများပေါ်သို့ ပြွန်နှင့်တိုက်ရိုက်တင်နိုင်[illegible]သည်း သိရ၏။ ရေနံတင်သင်္ဘောကြီးများကို [illegible] ဘီအိုစီကုမ္ပဏီမှ ပိုင်ဆိုင်ခဲ့၏။ ထိုကာလက [illegible]သည် ရေနံထုတ်လုပ်သည့် နိုင်ငံများစာရင်း [illegible]မှတ်စဉ် တစ်ဆယ့်လေးရှိခဲ့၏။ မြန်မာနိုင်ငံမှ [illegible]ရေနံမှာ ကန့်အနည်းငယ်သာ ပါဝင်မှုနှင့် [illegible]များစွာ ပါဝင်မှုတို့ကြောင့် ထင်ရှားခဲ့၏။ သို့[illegible]သျှအစိုးရသည် သန်လျင်ရေနံချက်စက်ရုံ၏ [illegible]တွက် စိုးရိမ်ပူပန်မိသည်။

ထိုကာလက ရန်ကုန်မြို့တွင် ဖက်ဆစ်ဂျပန်သူလျှိုများ လှုပ်ရှားနေသည့်အချိန်ဖြစ်သည်သာမက မြန်မာအမျိုးသားများကလည်း ဗြိတိသျှဆန့်ကျင်ရေးစိတ်ဓာတ်မြင့်မားနေသည့်အချိန်ဖြစ်သည်။ အစွန်းရောက် ဗြိတိသျှဆန့်ကျင်ရေးသမားများ၏ အန္တရာယ်ကိုလည်း ဗြိတိသျှအာဏာပိုင်များက စိုးရိမ်ပူပန်သည်။ သန်လျင်ရေနံချက်စက်ရုံအား အစွန်းရောက် ဖောက်ခွဲဖျက်ဆီးရေးသမားများနှင့် ဖက်ဆစ်ဂျပန်သူလျှိုများကလည်း ရန်ကုန်ဆိပ်ကမ်းအား ပစ်မှတ်ထားနေသည့်အချိန်ဖြစ်ရာ ရန်ကုန်ဆိပ်ကမ်းနှင့် သန်လျင်ရေနံချက်စက်ရုံ၏ လုံခြုံရေးကို အတော်အသင့်တင်းကျပ်ထားခဲ့သည်သာမက စုံထောက်နှင့် ရဲတို့ကလည်း မျက်ခြည်မပြတ် စောင့်ကြည့်ခဲ့၏။ ထိုစဉ်က အတည်မပြုနိုင်သော ကောလာဟလသတင်းများအရ ဂျပန်တို့သည် မြန်မာ့ဗြိတိသျှဆန့်ကျင်ရေးအင်အားစုများအား လက်နက်များ၊ ဖောက်ခွဲရေးပစ္စည်းများ လျှို့ဝှက်စွာပေးပို့ရန် စီမံနေသည်ဟူသော သတင်းများလည်း ပျံ့နှံ့နေ၏။

၁၉၃၇ ခုနှစ်၊ ဇန်နဝါရီလဆန်းတွင် ချိန်ခါမဲ့မိုးသည် ရန်ကုန်မြို့နှင့် သန်လျင်မြို့တို့တွင် သဲသဲမဲမဲ ရွာသွန်းခဲ့သည်သာမက မိုးရွာသွန်းနေသည့်အချိန်တွင် လေပြင်းများ ကျရောက်ခဲ့သည်။ မိုးကြိုးမုန်တိုင်းလည်းကျရောက်ခဲ့သည်။ ဤသို့ မိုးထစ်ချုန်းရွာသွန်းနေစဉ် သန်လျင်ဘက်ကမ်းမှ မီးခိုးလုံးကြီးများ၊ မီးတောက်မီးလျှံများ တက်လာခဲ့သည်။

ဤသို့ မီးတောက်မီးလျှံများ တက်လာသည်ကို ပထမတွင် ရန်ကုန်လူထုသည် အမှုမဲ့အမှတ်မဲ့ နေခဲ့ကြသည်။ မိုးရွာပြီးစအချိန်ဖြစ်သဖြင့် မီးဘေးအား စိုးရိမ်ပူပန်မှုမရှိခဲ့။ သို့သော် ထိုမီးလောင်မှုသည် နောက်နေ့ရောက်သည်အထိ ဆက်လက်လောင်ကျွမ်းလျက်ရှိရာမှ လူအများ အုတ်အော်သောင်းတင်းဖြစ်လာသည်။ သန်လျင်ရေနံချက်စက်ရုံမှ ရေနံလှောင်ကန်တစ်ကန် မိုးကြိုးထိမှန်ရာမှ လောင်ကျွမ်းခြင်းဖြစ်သော်လည်း ကောလာဟလ ယုံတမ်းသတင်းများ ပျံ့နှံ့လာခဲ့သည်။ ထိုစဉ်က မြန်မာ့အလင်းသတင်းစာနှင့် သူရိယသတင်းစာကြီးများမှာ ဩဇာတိက္ကမကြီးမားသော သတင်းစာကြီးများဖြစ်

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





အချစ်ဆိုတာ ရင်ထဲကလာတာလို့ ချစ်တတ်သူတွေ တညီတညွတ်တည်း ပြောခဲ့ကြတာပါ။ ဟုတ်တယ်လို့လည်း ပြောလို့ရတယ်၊ ဟုတ်သလိုလိုရှိတယ်လို့လည်း ပြောလို့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ချစ်ခဲ့ဘူးသူတွေ ခံစားခဲ့ကြဘူးမှာပါ။ ယောကျ်ားလေးပဲဖြစ်ဖြစ်၊ မိန်း ကလေးပဲဖြစ်ဖြစ် အချစ်ဆိုတာကို ခံစားမိပြီဆိုတာနဲ့ မျက်လုံးချင်းဆုံမိတဲ့အခိုက်၊ လက်ကလေးကိုင်မိတဲ့ အခိုက်၊ ချစ်အဖြေလေး ကြားလိုက်ရတဲ့အခိုက် ရင်ထဲမှာ စိမ့်ခနဲ အေးခနဲ ခံစားရတာကိုး။ ဒါကြောင့် အချစ်ဆိုသောအရာနဲ့ ကြုံဆုံမိသူတွေအားလုံး အဲဒီခံစားမှုကို ခံစားခဲ့ကြရတာပေါ့။ အချစ်ဆိုတာ ရင်ထဲကလာတာလို့ ပြောတော့ ဟုတ်တယ်၊ ဒါမှမဟုတ် ဟုတ်သလိုလိုရှိတယ်လို့ ပြောရတာပါ။ အဲဒီတော့ မချစ်ဘူးတဲ့သူတွေ က လက်ခံကြမှာမဟုတ်ဘူး။ ဒါဆိုရင် ပြောစရာစကား တစ်ခွန်းပဲရှိတယ်။ ''ဘာမှမချစ်ရင် ဘာမှမဖြစ်ဘူး''လို့။

# ဘာမှမချစ်ရင် ဘာမှမဖြစ်ဘူး

ဦးဝင်းမြိုင်
(သရုပ်ဆောင်)



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းလေးကို စပြီးမြည်းကြည့်ကြရအောင်နော့။ ဒီဇာတ်လမ်းမှာ ခိုင်မာနဲ့ ခိုင်ဝါဆိုတဲ့ အပျိုကြီးညီအစ်မရှိတယ်။ နှစ်ယောက်စလုံး ချောကြတယ်။ ဘာဖြစ်လို့ အပျိုကြီးတွေ ဖြစ်နေရလဲမသိဘူး။ ရပ်ကွက်ထဲက ခပ်ပေါ့ပေါ့လူငယ်တွေကတော့ အပျိုကြီးတွေရဲ့အိမ်ရှေ့မှာ ဂီတာတီးပြီး သီချင်းဆိုကြတယ်။ သီချင်းရဲ့အဓိပ္ပာယ်က ကပ်စေးနဲလို့ အပျိုကြီးဖြစ်တာပါတဲ့။ အဲဒီတော့မှ ဘာကြောင့်အပျိုကြီးဖြစ်ရတယ်ဆိုတဲ့ ဇာတိရုပ်ကို ထွက်ပြကြတော့တာပေါ့။ "စောင်းကြမြောင်းကြတာယောကျ်ားတွေတဲ့လား၊ ဒီမှာ ဘုရားရှိခိုးလို့မရဘူး၊ သွားရင်သွား၊ မသွားရင် ၁၉၉ ကို ဖုန်းဆက်မယ်"တဲ့။ အပျိုကြီးဖြစ်ရတဲ့ အကြောင်းရင်းထဲမှာ ဒီလိုဆတ်ဆတ်ကြဲမှုလည်းပါတယ်။ ခိုင်မာနဲ့ခိုင်ဝါ စိတ်ပူတာက တူမလေး "မိုးနှင်းဆီ"စင်ကာပူကနေပြန်လာတော့မှာ။ ...ကောင်လေးတွေ သောင်းကျန်းကြပုံနဲ့ ခက်ရချည်ရဲ့...

မိုးနှင်းဆီ ပြန်ရောက်လာတာနဲ့ ပြဿနာက ...ဆိုရမှာပေါ့။ Fancy ဆိုင်လေးတစ်ဆိုင်မှာ "ပြည်ကျော်စိုး"နဲ့ စပြီးဆုံမိတယ်။ Fancy ပစ္စည်းလေးတစ်ခု... အပြိုင်ကြိုက်မိသွားကြတယ်။ ပြည်ကျော်စိုးက နိုင်ငံခြား...သား Style ပေါ့နော် Lady First ဆိုပြီး မိုးနှင်းဆီကိုဦး...ပေးလိုက်တယ်။ ဒါကို ရင်းနှီးမှုရဲ့အစလို့တော့ ပြော...ရပါတယ်။ ဒီဇာတ်ကားလေးမှာ ခိုင်မာနဲ့ခိုင်ဝါ အပျိုကြီးညီအစ်မအဖြစ် ခိုင်နှင်းဝေနဲ့ ခိုင်သင်းကြည်၊ ပြည်ကျော်စိုးအဖြစ် မြင့်မြတ်၊ နိုင်ငံခြားပြန် အပျိုလေး မိုးနှင်းဆီအဖြစ် ရွှေပိုးအိမ်တို့က အဓိကပါဝင်သရုပ်ဆောင်ထားကြပါတယ်။



www.burmeseclassic.com







နိုင်ငံခြားကပြန်လာတဲ့ မိုးနှင်းဆီ အဝတ်အစားဝတ်တဲ့ Style က Hot လွန်းတော့ အပျိုကြီးတွေက ဝိုင်းညှပ်ပြီး ပြောကြတာပေါ့။ အမြင်ရိုင်းလွန်းတယ်၊ ယဉ်ကျေးမှုနဲ့မညီဘူး၊ ပုရိသတွေကို မြှူဆွယ်သလိုဖြစ်တယ် ဘာညာပေါ့လေ။ မိုးနှင်းဆီကလည်း ပြောင်းလဲနေတဲ့ ခေတ်ကို မျက်လုံးပေါင်းကြီးတွေနဲ့ မကြည့်နဲ့ဆိုပြီး ပြန်ပက်တာပေါ့။ ရပ်ကွက်ထဲက ဗရုတ်လေးတွေနဲ့ ဒီနေ့ ကားမောင်းပြန်လာတုန်း ပြဿနာတက်လာခဲ့သေးတဲ့အကြောင်း အပျိုကြီးတွေသိသွားတော့ "နောင် ငါတို့မပါဘဲ အပြင်မထွက်ရ" ဆိုတဲ့အမိန့် ထုတ်ပြန်လိုက်တယ်။

ပြည့်ကျော်စိုးက သူ့ဘော်ဒါတွေကို မိုးနှင်းဆီနောက် နောက်ယောင်ခံလိုက်ခိုင်းတော့ တစ်ရပ်ကွက်တည်းနေတယ်ဆိုတာ သိလိုက်ရတယ်။ ဒါပေမဲ့ သူ့ဘော်ဒါ ကျီးအာသီးက တောင်ကိုရီးယားနဲ့ မြောက်ကိုရီးယား၊ အစ္စရေးနဲ့ ပါလက်စတိုင်း ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဖို့ လွယ်ရင်လွယ်မယ်၊ ဘီလူးအပျိုကြီးနှစ်ယောက်စောင့်တဲ့ နိုင်ငံခြားပြန်လေးကိုရဖို့ ညှိနှိုင်းရ ခက်လိမ့်မယ်တဲ့။

ကားခာတ်ဆီဖိုး ကပ်စေးနဲ့ပြီး အိမ်ကကားကို မသုံးဘဲနဲ့ အပျိုကြီးနှစ်ယောက် Taxi နဲ့ အပြင်သွားတယ်။ ခွင်စောင့်နေတဲ့ မိုးနှင်းဆီက ကားခိုးမောင်းပြီး ထွက်တယ်။ လမ်းချိုးမှာ

www.burmeseclassic.com

www.burmeseclassic.com





စကိတ်စီးနေတဲ့ ပြည့်ကျော်စိုးနဲ့ဆုံတော့ ပြည့်ကျော်စိုးက လမ်းဘေးဆင်းလိုက်တာ အရှိန်နဲ့ သစ်ပင်ဝင်တိုက်တာပေါ့။ ဖြစ်တာကနည်းနည်း၊ ပြည့် ကျော်စိုးက အဖြစ်သည်းပြလိုက်တယ်။ ဘယ်ရမလဲ။

အပျိုကြီးနှစ်ယောက်ရဲ့ ဖြစ်ပုံတွေကိုလည်း ပြောပြရဦးမယ်။ ခိုင်မာက ဈေးရောင်းမကောင်းလို့ဆိုပြီး ဗေဒင်သွားမေးတယ်။ ဗေဒင်ဆရာက ယတြာပေးပြီးတော့ ဒီနှစ်ထဲမှာ ငယ်ရွယ်ချောမောတဲ့ ချစ်သူရမှာလို့ ဟောလိုက်တော့ ခိုင်မာ ရင်တွေခုန်ပြီး ဖလပ်ဖလပ်ဖြစ်သွားသလို ဆိုင်မှာကျန်ခဲ့တဲ့ ခိုင်ဝါကလည်း ဈေးလာဝယ်တဲ့ မိန်းမကြီးတစ်ယောက်မှာပါလာတဲ့ ဗေဒင်စာအုပ်ကို ယူကြည့်မိတော့ ယခုနှစ်အတွင်း အချစ်ရေးကံကောင်းကြောင်း၊ ငယ်ရွယ်သူနဲ့ တွေ့မှာဖြစ်ကြောင်း ဖတ်လိုက်ရတော့ ဒီတစ်ယောက်လည်း ဖလပ်ဖလပ်ဖြစ်သွားရပြန်ရော။

ပြည့်ကျော်စိုးကလည်း မိုးနှင်းဆီကို ဘယ်လို ရမလဲဆိုပြီး ကျီးအာသီးကို အကြံဉာဏ်တောင်းတော့ ကောက်ပင်ရိတ်လှီးဆိုတဲ့စကားရှိကြောင်း၊ အသီးအ ကိုရဖို့ အပင်ကိုရိတ်လှီးရမှာဖြစ်ကြောင်း၊ အတားအ ဖြစ်နေတဲ့ အဒေါ်အပျိုကြီးတွေကို အရင်စည်းရုံးရမှာ ကြောင်း၊ အပျိုကြီးတွေအကြောင်း စုံစမ်းပေးမှာ ကြောင်း၊ အဒေါ်အငယ် ခိုင်ဝါက မွေးနေ့တိုင်း ဘု သွားတတ်ကြောင်း၊ အဒေါ်အကြီး ခိုင်မာတစ်ယော တည်း ဆိုင်ထွက်တတ်ကြောင်း သိရပြီး ခိုင်မာတ ယောက်တည်းရှိနေတုန်း ပြည့်ကျော်စိုးရောက်သွား စကားရောဖွဲရော ဝင်လုံးတော့ အပျိုကြီး ဒေါ်ခိုင်မာတ ယောက် ရင်တွေခုန်ပြီး အယောင်ယောင်အမှားမှာ အထည်တွေလွှတ်ကျ၊ ပိုက်ဆံတွေလွှတ်ကျနဲ့ ဖ ဖလပ်ဖြစ်သွားတယ်။ တစ်ယောက်တော့ အောင် သွားပြီ။

အဒေါ်အငယ် အပျိုကြီး ဒေါ်ခိုင်ဝါတစ်ယောက် လည်း စန်းထပြန်ပြီပေါ့။ သူက ဘုရားဝေယျာဝစ္စ မြက်လှည်းအသင်းဝင်ဆိုတော့ တံမြက်လှည်းနေတ ပြည့်ကျော်စိုးက ကော်လံကတုံး၊ ပိုးပုဆိုးနဲ့ သပ် ရပ်ရပ်ဝတ်စားပြီး ဒေါ်ခိုင်ဝါနား ရောက်သွားတ အသင်းသားအသစ်ဖြစ်လို့ ကူညီပေးပါ ဘာညာဆိ ဝင်လုံးပြန်ရော။ အပျိုကြီး ဒေါ်ခိုင်ဝါ တံမြက်စည်း ပြုတ်ကျ၊ တဘက်တွေပြုတ်ကျနဲ့ ဖလပ်ဖလပ်ဖြစ် ရပြန်ရော။

အဲဒီနောက်မှာတော့ ပိုးပန်းနည်းမျိုးစုံနဲ့ ပိုး တာ မိုးနှင်းဆီနဲ့ ပြည့်ကျော်စိုးတို့ ချစ်သူတွေ ဖြစ် ကြရော။ မိုးနှင်းဆီက သူ့အဒေါ်တွေဆီကို သူ့အ အပ်ထားတာဖြစ်ကြောင်း၊ ချစ်သူတွေဖြစ်ကြပြီဆိ မယ့် အဒေါ်တွေဖျက်ရင် ပျက်မှာဖြစ်ကြောင်း၊ နိုင် ပြန်သွားရမှာဖြစ်တဲ့အကြောင်းပြောတော့ ပြည့်ကျေ က အဒေါ်နှစ်ယောက်လုံးကို သူပေါင်းထား ကြောင်း၊ ဆက်ပြီးတော့လည်း အပျိုကြီးနှစ်ယော အဆင်ပြေအောင် နေသွားမှာဖြစ်တဲ့အကြောင်း ပြော ကြတယ်။ ဒီလိုနဲ့ မိုးနှင်းဆီကို အကြောင်း

အဒေါ်အပျိုကြီးတွေနဲ့ အဆင်ပြေအောင်နေရင်း အပျို ကြီးတစ်ဦးချင်းစီရဲ့ရင်ထဲမှာ ပြည်ကျော်စိုးကို အချစ် ...တ်သားလေးအဖြစ် နေရာပေးထားလိုက်ကြတယ်။ ကိုယ့်ထက် အသက်ငယ်ရွယ်သူကို ရည်မှန်းနေကြတော့ အရွယ်နုပျိုအောင်ဆိုပြီး မျက်နှာတွေကို ပေါင်းတင် ကြတယ်တဲ့။ တူမနဲ့ အိမ်ဖော်တွေက သရဲဆိုပြီး ...င်းတွယ်လိုက်ကြတာ ကံကောင်းပေလို့။

တစ်နေ့မှာ အဒေါ်အပျိုကြီးတွေ ဈေးသွားချိန်မှာ ပြည်ကျော်စိုးက မိုးနှင်းဆီနဲ့တွေ့ဖို့ အိမ်ကိုရောက်လာ၊ အဒေါ်တွေက ပစ္စည်းကျန်ခဲ့လို့ဆိုပြီး အိမ်ပြန်ရောက်၊ ...နှင်းဆီက ပြည်ကျော်စိုးကို စတိုခန်းထဲမှာဝှက်ထား၊





ခိုင်ဝါက စတိုခန်းနားရောက်လာတော့ ပြည် ကျော်စိုးကိုတွေ့၊ ခိုင်ဝါနဲ့တွေ့ဖို့လာတာဆိုပြီး မလိမ့်တစ်ပတ်ပြော၊ ခိုင်ဝါရင်တွေခုန်ပြီး သူ့အခန်းထဲခေါ်သွား၊ ပြည်ကျော်စိုး တိတ် တိတ်ပြန်ထွက်၊ ခိုင်မာနဲ့တွေ့၊ ခိုင်မာကိုတွေ့ ဖို့လာတာဆိုပြီး မလိမ့်တစ်ပတ်ပြော၊ ခိုင်မာ ရင်တွေခုန်၊ သူ့အခန်းထဲခေါ်သွား၊ သုံး ယောက်ကြားထဲက ပါးပါးနပ်နပ်နဲ့ လစ်ထွက် လာ၊ တူအရီးသုံးယောက် မလုံမလဲတွေနဲ့ ပြည်ကျော်စိုးကို မရဲတရဲ လိုက်ရှာနေကြပုံများ ရယ်ရပါ့။

အပျိုကြီးနှစ်ယောက် ဘယ်တော့မှ အိမ် ထောင်မပြုကြေးဆိုပြီး ကတိတွေထားခဲ့ကြပေ မယ့် နှစ်ယောက်လုံး ချစ်သူတွေရှိနေကြပြီ

www.burmeseclassic.com

www.burmeseclassic.com







ဆိုပြီး အိမ်ထောင်မပြုကြေးကတိကို နှစ်ဦးသဘော တူဖျက်လိုက်ကြတယ်။ ပြည်ကျော်စိုးကလည်း အပျိုကြီး နှစ်ယောက်ကို အသက်ကြီးပြီဆိုပေမယ့် အရွယ်ကငယ်သေး တယ်၊ ခပ်လန်းလန်းလေးတွေသာဝတ်လိုက်ရင် မော်ဒယ်လ်တွေ ကို သနားတယ်ဆိုပြီးတော့ ဒီဇိုင်းလန်းလန်းအဝတ်တွေဝယ်ပြီး နှစ်ယောက်လုံးကို လက်ဆောင်ပေးလိုက်တယ်။ အိပ်ခန်းထဲကနေ အတို အပြတ်တွေဝတ်ပြီး ထွက်လာတဲ့ ညီအစ်မနှစ်ယောက်ကိုတွေ့တော့ တူမကမေးတယ်။ သူ့ကျတော့ တားမြစ်ပြ အဒေါ်တွေကျတော့ ဝတ်တယ်ပေါ့။ တစ်ယောက်က ဗေဒင်ယတြာကြောင့်တဲ့၊ တစ်ယောက်က ကျန်းမာရေ ကြောင့်တဲ့။ အံ့ရော...အံ့ရော။

ပြည်ကျော်စိုးက ခိုင်မာနဲ့ခိုင်ဝါတို့ကို တစ်ယောက်ချင်းစီချိန်းလိုက်ပြီး ခိုင်မာတို့၊ ခိုင်ဝါတို့ကို ခင်မင်လို သူတို့စိတ်တိုင်းကျ ရေးရိုးအဝတ်အစားများဝတ်ပြီး ချဉ်းကပ်ခဲ့ကြောင်းပြောရာ အပျိုကြီးနှစ်ယောက်က ခွင့်လွှ ပါတယ်တဲ့။ မမဆီမှာ တောင်းစရာရှိတယ်၊ စိတ်မဆိုးရဘူးနော်လို့ မိုးနှင်းဆီကို ရည်ရွယ်ပြီးပြောတာ။ မ က ဘာတောင်းမှာလဲ၊ မမပေးနိုင်တာ ပေးပါ့မယ်တဲ့။ ပြည်ကျော်စိုးက မမသဘောထားကိုကြိုက်လို့ မိဘမျာ ကိုခေါ်လာပြီး ပြောမှာပါတဲ့။ ခိုင်ဝါကိုလည်း ဒီစကားပဲ။ ခိုင်မာကိုလည်း ဒီစကားပဲ။ ကဲ...အပျိုကြီးတွေကတော့ သူတို့ကို မိဘတွေနဲ့ လာတောင်းတော့မှာဆိုပြီး အမိပ္ပာယ်ကောက်လိုက်ကြပြီ။ လွဲကုန်ပြီ။

ပြည်ကျော်စိုးနဲ့ မိုးနှင်းဆီတို့ ဖုန်းပြောဖြစ်ကြတယ်။ အဒေါ်အပျိုကြီးနှစ်ယောက်ကတော့ သူတို့အတွေး နဲ့သူတို့ ဟုတ်နေကြပြီ။ အားလုံး ခုတ်ရာတခြား ရှရာတခြားတွေတော့ ဖြစ်ကုန်ပြီ။

ခိုင်ဝါကပြောတယ်။ သူ့ချစ်သူက မိဘများနဲ့ လာရောက်ပြောဆို တောင်းရမ်းမှာတဲ့။ ခိုင်မာကလည် သူ့ ချစ်သူက မိဘများနဲ့ လာရောက်ပြောဆို တောင်းရမ်းကြမှာတဲ့။ ကဲ.....ဘယ်သူအရင်လက်ထပ်မှာလဲ

www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်တည်းနဲ့ နှစ်မင်္ဂလာမပြုသင့်ဘူးဆိုတော့ သူအရင်ယူမယ်၊ ငါအရင်ယူမယ်နဲ့ ပြဿနာတက်ကြတော့တာ ပေါ့။ မိုးနှင်းဆီနဲ့ အိမ်ဖော်လေးတွေ ဝိုင်းဖျန်ဖြေပေးလို့သာပေါ့။ နို့မို့ရင် မလွယ်ဘူး။

နောက်နေ့လည်းရောက်ရော ပြည်ကျော်စိုးက မိဘတွေနဲ့အတူ ရောက်လာပါတော့တယ်။ အပျိုကြီးနှစ်ယောက်ကတော့ သူတို့ကို လာတောင်းတာဆိုပြီး ယောက်ယက်ခတ်နေကြတယ်။ ပြည်ကျော်စိုးက မိုးနှင်းဆီကို လာတောင်းတာ ဆိုတော့ မရဘူး၊ သူ့ကိုယူရမယ်၊ သူက ချစ်တာ၊ ငါ့ကိုယူရမယ်၊ ငါကချစ်တာဆိုပြီး ပြည်ကျော်စိုးကို ဝိုင်းဆွဲလိုက်ကြတာ။ ပြည်ကျော်စိုးမှာ ဘောင်းဘီတိုပဲ ကျန်တော့တယ်။ ဘောင်းဘီတိုနဲ့ လမ်းမထွက်အပြေး ကား စီးက ပြည်ကျော်စိုးကိုဝင်တိုက်လိုက်တာ ဒုန်း''ဆို ပြည်ကျော်စိုး အိပ်မက်က လန့်နိုး သွားတယ်။

အဲဒါ အိပ်မက်မက်နေတာတဲ့။ ဇာတ်သိမ်း ...တ်သေးဘူးတဲ့။ ဇာတ်သိမ်းကတစ်မျိုး။ ...ance လေး။ ကောင်းတယ်။ ဘယ်လိုဇာတ် ...းထားလဲဆိုတာတော့ ပြောပြလို့မဖြစ်ဘူး။ ...က်တာ ညွှန့်မြန်မာညီညီအောင်ကတော့ ...တော်တော်တယ်။ စိမ်းဝါနီဗီဒီယိုက ရိုက်ကူး ...မှာ။ ဇာတ်ညွှန်းက နေစိုးသော်၊ စီစဉ်သူ နိုင်နှင်းဝေ။


စာရေးသူ ကျွန်တော် ဦးဝင်းမြိုင်က တင်ဇာ ...ည့်နဲ့ တွဲဖက်ပြီး မြင့်မြတ်ရဲ့မိဘတွေ ...က သရုပ်ဆောင်ထားပါကြောင်း ဇာတ် ...ကောင်းလေးကို ပရိသတ်ကြီးထံ မိတ်ဆက် ...လိုက်ပါတယ်။

ဦးဝင်းမြိုင် (သရုပ်ဆောင်)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


"မေမေကြီးရေ.....သမီးကို
ာကယ်ပါဦး"

"ဒီကောင်မလေး သေတော့
ယ်"

"မေမေကြီးရေ.....သမီးကို
ာကယ်ပါဦး"

"ဟဲ့..နင်ဘယ်လိုဖြစ်နေတာ
 နင့်ကို ဘယ်သူက ဘာလုပ်
လို့လဲ"

အိမ်အတွင်းခန်းထဲတွင် ဝမ်း
ည်းတကြီးဖြင့် ငိုနေသော ဖူးပွင့်
ကို ခပ်လှမ်းလှမ်းတွင်ထိုင်နေ
ည့် လူတစ်ဦးက လှမ်းဟောက်
က်၏။

ဖူးပွင့်စံဆိုသည့်မိန်းကလေးမှာ
သက် (၁၆)နှစ်ကျော်ရုံရှိသေး
ည်။ သူမက အသက်ငယ်သလို
ချောသည်။ အသားက ဖြူဖြူ
ဖွေး။ ငယ်စဉ်က အရုပ်ကလေး
ရုပ်နှင့်တူ၍ သူ့ကို ရုပ်ကွက်က
မဟု နာမည်ပေးထားကြသည်။

အင်္ဂလန်နိုင်ငံသူကို ဟိုတုန်း
 မြန်မာနိုင်ငံသားများက ဗိုလ်မ
ခေါ်ကြသည်။ လွတ်လပ်ရေးမရ
ကျွန်ခေတ်တွင် ဗိုလ်နှင့်ကျွန်ဟူ
အတန်းအစားခွဲကြသည်။

အင်္ဂလိပ်မျက်နှာဖြူကို ဗိုလ်ဟု
ခေါ်ကြသည်။ ထိုသို့ခေါ်ကြ၍
မြန်မာလူမျိုးများသည် အင်္ဂလိပ်
လက်အောက်ခံ ကျွန်အဖြစ် သတ်
မှတ်ခံရသည်။ ထို့ကြောင့် ဗိုလ်မဟု
ခေါ်ခဲ့ကြသည်။

ယခုအခါတွင် လွတ်လပ်သော
နိုင်ငံသားများဖြစ်၍ တန်းတူရည်တူ
အခွင့်အရေးရှိကြသည်။ ဗိုလ်ဆိုသူ
များကို ဘိုဟု ပြောင်းလဲခေါ်သည်။
အချို့သောသူများက ဗိုလ်မ၊ ဗိုလ်
ထီးဟုခေါ်လျှင် အလွန်ခံပြင်းကြ
သည်။ ကိုယ့်ကိုယ်ကိုယ် ကျွန်
အဖြစ် နှိမ့်ချခြင်းကို လုံးဝအလိုမရှိ
ပေ။

ထို့ကြောင့် ငယ်စဉ်က ဘိုမ
ရုပ်ကလေးနှင့်တူ၍ ဘိုမဟု တင်
စားခေါ်ခဲ့သည့် မိန်းမလှကလေးကို
မိခင်ဖြစ်သူက အမြဲတစေ ဖူးပွင့်
လန်းဆန်း၍ ပင်မြင့်တွင် စံစားသူ
အဖြစ် နိမိတ်ဆောင်၍ ဖူးပွင့်စံဟု
အမည်ပေးခဲ့သည်။

ဖူးပွင့်စံ၏ဘဝမှာ ငယ်စဉ်က
ပြည့်စုံသည်ဟု ဆိုရမည်။

ဖခင်ဖြစ်သူမှာ အထက်တန်း
ပြ ကျောင်းဆရာတစ်ဦးဖြစ်သည်။

ဖူးပွင့်စံ၏ဖခင် ဦးပြည့်မောက်
မှာ အနေတည်သည်၊ ဣန္ဒြေကြီး
သည်။ ဆရာတစ်ဦး၏ ဂုဏ်သိက္ခာ
ကိုထိန်းသိမ်းသည်။ ကျောင်းသူ၊
ကျောင်းသားများနှင့် ကျောင်းသား
မိဘများကအလွန်လေးစားကြသော
ကျောင်းဆရာတစ်ဦးဖြစ်ခဲ့သည်။

ဖူးပွင့်စံ၏မိခင်မှာ ဒေါ်သိုင်း
ဖြစ်၍ အညာသူတစ်ဦးဖြစ်သည်။
ဒေါ်သိုင်း၏မျိုးရိုးမှာ တောင်သူများ
ဖြစ်သည်။ ထန်းတောပိုင်ရှင်၏
သမီးဖြစ်သည်။ ငွေကြေးချမ်းသာ
သော ဒေါ်သိုင်း၏မိဘများက ဒေါ်
သိုင်းကို ကျောင်းထားပေးသည်။

ဒေါ်သိုင်းက အလှအပကိုမက်
မောသည်။ ကျောင်းသွားခါနီးအလှ
ပြင်သည်မှာ တစ်နာရီနီးပါးကြာ
သည်။ အလှပြင်ပြီး လွယ်အိတ်
လွယ်၍ အပြင်ထွက်မည့်အချိန်တွင်
အိမ်ထဲပြန်ဝင်ပြီး မှန်ကြည့်သည်။
မျက်နှာပေါ်မှ မိတ်ကပ်ကို ပြန်
လည်ခြယ်မှုန်းသည်။ နှုတ်ခမ်းနီပြန်
ဆိုးသည်။

ထိုကဲ့သို့ အလှကိုမက်ခဲ့သော
ဒေါ်သိုင်းမှာ (၁၀)တန်းရောက်သည့်
နှစ်တွင် ဆရာ၊ ဆရာမနှင့် မိဘ
များက ဝိုင်းညှပ်ဆုံးမသည့်ကြားမှ
ရည်းစားငါးယောက်ခန့် ထားခဲ့ပြီး
ဖြစ်သည်။

သူမအပေါ် အလိုက်မသိသော
ရည်းစားများကို ချက်ချင်း
သစ်စိမ်းချိုး ချိုးသည်။ နင်မရှိရင်
နောက်တစ်ယောက်ဟူသော လက်
သုံးစကားဖြင့် ရည်းစားအသစ်ထား
ပြန်သည်။

အလှနှင့်အချစ်ရေးတွင် ရင်
ခုန်နေခဲ့သော ဒေါ်သိုင်းမှာ (၁၀)
တန်း၌ နှစ်နှစ်ကျခဲ့သည်။ နောက်
ဆုံးတော့ မိဘများက ကျောင်း
ထုတ်ပေးခဲ့ရသည်။

ဒေါ်သိုင်းဘဝမရောက်မီ
ခေတ်၏သမီးပျို မသိုင်းမှာ ရန်ကုန်
သို့ ဘုရားဖူးလာရင်း ကျောင်းဆရာ
ဦးပြည့်မောက်နှင့် ဆုံခဲ့ကြသည်။ ထို
အချိန်က ဦးပြည့်မောက်၏အသက်
မှာ (၃၀)ကျော်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးပြည့်မောက်သည် ထိုအချိန်က မည်သည့်ကန့်သတ်ချက်မျှမရှိသေး၍ နာမည်ကြီးကျူရှင်တစ်ခုတွင် ဘာသာရပ်သင်ကျူရှင်ဆရာအဖြစ် လုပ်ကိုင်ခဲ့သည်။

ရန်ကုန်တွင် အလည်ရောက်နေသည့် မသိုင်းက ကျူရှင်ဆရာ ဦးပြည့်မောက်၏ကျူရှင်တွင်တက်ရောက်၍ ၁၀ တန်းကို ပြင်ပဖြေအဖြစ် ဖြေဆိုမည်ဟု မိဘများကို ပူဆာခဲ့သည်။

မိဘများက ရန်ကုန်၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံလမ်း၌နေထိုင်သော တူမဖြစ်သူ၏နေအိမ်သို့ ပို့ပေးခဲ့သည်။ မသိုင်း၏ဆန္ဒအတိုင်း ကျူရှင်တက်ခွင့်ပေးခဲ့သည်။

မသိုင်းသည် ရန်ကုန်သို့ရောက်သည်နှင့် အညာထန်းတောကို မေ့သွားသည်။ အညာတမာန်များအစား နိုင်ငံခြားမှတင်ပို့သော ပန်းရနံ့အတု ရေမွှေးကို ပို၍ခုံမင်သွားသည်။

ဆရာဦးပြည့်မောက်နှင့် ရင်းနှီးစွာ ဆက်ဆံနေရသဖြင့် ဆရာဦးပြည့်မောက်၏ဝင်ငွေကို သိသွားသည်။ ဆရာဦးပြည့်မောက်မှာ နိုင်ငံ့ဝန်ထမ်း ကျောင်းဆရာအလုပ်မှ ထွက်၍ ကျူရှင်လောကတွင် ထင်ထင်ရှားရှားရပ်တည်လိုက်၏။

ပိုင်းကျူရှင်၊ အချိန်ပိုင်းကျူရှင်တို့ကို အနားမယူနိုင်သည်အထိ သင်ကြားခဲ့ရသူဖြစ်၍ ဆရာဦးပြည့်မောက်၏ တစ်လဝင်ငွေမှာ ကျပ်သိန်း(၂၀)ဝန်းကျင်အထိရှိလာခဲ့သည်။

ဆရာဦးပြည့်မောက်က မသိုင်းကို အဘယ်ကြောင့်မှန်းမသိ၊ အခြားသူများထက်ပိုပြီး ရင်းရင်းနှီးနှီး ဆက်ဆံခဲ့သည်။ မသိုင်း၏ အိပ်မက်ကမ္ဘာထဲမှ သူမဘဝ၏ သူရဲကောင်း ဦးပြည့်မောက်ကို အပိုင်သိမ်းယူနိုင်သည်အထိ စွမ်းရည်ကို ထုတ်ပြနိုင်ခဲ့သည်။

အိမ်ထောင်ရှင်ဖြစ်လာသော မသိုင်းမှာ အပျိုဘဝကိုမမေ့၊ အပျိုကလေးလို နေထိုင်သည်။ လင်ယောကျ်ားဖြစ်သူ ဆရာဦးပြည့်မောက်ထံမှ အပ်နှံငွေများဖြင့် သုံးဖြုန်းပျော်ပါးနေခဲ့သည်။

အပျော်ရှာသူဖြစ်၍ အပျော်မင်းများနှင့် ဆုံခဲ့သည်။

အပျော်မက်သော မသိုင်းမှာ သမီးလေး ဖူးပွင့်စံကို သားသမီးမလိုချင်သေးသည့်ကြားမှ ရရှိခဲ့သည်ဟု သူမ၏ ပြောစကားအရ သိခဲ့ရသည်။

မသိုင်းမှာ အလှကံကောင်းသူဟုဆိုရမည်။

ဖူးပွင့်စံကို မွေးပြီးသည်နှင့် သွေးသားပြောင်း၍ တစ်သားမွေး တစ်သွေးလှဖြစ်ခဲ့သည်။ ဆရာဦးပြည့်မောက်အနေဖြင့် နံနက်မိုးလင်းမှ ညပိုင်းမိုးချုပ်သည်အထိ ကျူရှင်များကို ကူးဆက်သင်နေရသဖြင့် အိမ်သို့ပြန်မကြည့်နိုင်ခဲ့။

ဦးပြည့်မောက်၏ကျူရှင်မှာ တစ်နေရာတည်းမဟုတ်။ ကျူရှင်ကျောင်းတိုင်းက ဖိတ်ခေါ်နေ၍ အချိန်ပိုင်းဖြင့် ကူးပြောင်းပြီး စာသင်ပေးနေရသည်။

မသိုင်းမှာ နေအိမ်တွင် တစ်ဦးတည်းနေရသည်ကို ပျင်းရိငြီးငွေ့လာသည်။ အပျိုဘဝကအတိုင်း အလှပြင်ပြီး အပြင်ထွက်သည်။ အပေါင်းအသင်းတွေတိုးလာ၍ လည်စရာ၊ ပတ်စရာ နေရာတွေလည်း များလာသည်။

ဖူးပွင့်စံကို အိမ်ဖော်ကလေး ထိန်းနှင့် ထားခဲ့သည်။

အပြင်တွင် အနေများလာသော မသိုင်းမှာ သိုက်တူးသမား စိုးမြတ်ကျော်ဆိုသူနှင့်တွေ့ရာမှ စိုးမြတ်ကျော်၏ ကျော့ကွင်းအတွင်း သက်ဆင်းရတော့သည်။

စိုးမြတ်ကျော်က လိုင်းစုံသူ ဖြစ်သည်။ မူးယစ်ဆေးဝါးလည်း သုံးသည်၊ လောင်းကစားလည်း လုပ်သည်။ အရက်ဆိုလျှင်လည်း တွေ့မရှောင်။

စိုးမြတ်ကျော်၏ ယယ်ဂုဏ် ယ သွေး၊ အချစ်ရေးအနုအရွတွေဖန်တီး ပေးနိုင်မှုကြောင့် မသိုင်းမှာ လင်နှင့် သမီး၏မျက်နှာကိုမျှ မထောက်ထား နိုင်တော့ဘဲ စိုးမြတ်ကျော်နှင့် ခိုးရာ လိုက်ပြေးတော့သည်။

မသိုင်းအနေဖြင့် လင့်အရိပ်မှ ထွက်ပြေးချိန်တွင် ပိုင်ဆိုင်သမျှ လက်ဝတ်ရတနာများနှင့် ခင်ပွန်း ဖြစ်သူက စုဆောင်းရန် အပ်နှံထား သော ငွေကျပ် သိန်း (၂၀၀)ကို တစ်ပါတည်းယူဆောင်ထွက်ပြေး သွားခဲ့သည်။

ထိုအချိန်ထိ ဆရာဦးပြည့် မောက်မှာ အဖြစ်မှန်ကို မသိရသေး ပေ၊ ဇနီးဖြစ်သူ စိတ်ဆိုးပြီး နေအိမ် မှဆင်းသွားသည်ဟုသာ ထင် ၏။

သို့ဖြစ်၍ သက်ဆိုင်ရာရဲစခန်း တွင် လူပျောက်တိုင်ကြားခဲ့သည်။

www.burmeseclassic.com

သမီးလေး ဖူးပွင့်စံနှင့် ဖခင်ဖြစ်သူ ဦးပြည့်မောက်တို့ ဒုက္ခမျိုးစုံကြုံကြရသည်။

နှစ်လခန့်အကြာတွင် နယ်စပ်တစ်နေရာ၌ ဘိန်းဖြူလက်ဝယ်ထားသယ်ဆောင်မှုဖြင့် အဖမ်းခံရသော မသိုင်း၏ သတင်းကို နိုင်ငံပိုင်သတင်းစာတွင် တွေ့လိုက်ရသည်။

အဖမ်းခံရသူ မသိုင်းနှင့်အတူ ခင်ပွန်းဖြစ်သူ စိုးမြတ်ကျော်ကိုပါ ဖမ်းမိကြောင်းသတင်းကို အကျယ်တဝင့် ရေးသားဖော်ပြခဲ့၍ ဆရာဦးပြည့်မောက်မှာ အဖြစ်မှန်အား းကို သိခွင့်ရခဲ့တော့သည်။

မသိုင်းနှင့် စိုးမြတ်ကျော်တို့ ထောင်ဒဏ် (၂၅)နှစ်စီ ချမှတ်ခံရသည့်သတင်းကိုလည်း ထပ်မံကြားသိရပြန်သည်။



ထိုအချိန်မှစ၍ ဆရာဦးပြည့်မောက်သည် သူ၏နှလုံးသားထဲမှ ချစ်ဇနီး မသိုင်းကို အပြီးအပိုင် ထုတ်ပယ်ပစ်လိုက်သည်။

ရှိသမျှ သံယောဇဉ်အားလုံးကို သမီးအပေါ် စုပုံအပ်နှံပစ်လိုက်၏။

သမီးကလေး (၁၆)နှစ်အရွယ် ရောက်သည်အထိ အိမ်ထောင်မပြုဘဲ သမီးဖြစ်သူကို စောင့်ရှောက်ခဲ့သည်။ သမီးကလေးပင် (၁၀)တန်း အောင်ခဲ့ပြီးပေပြီ။

ဖခင်ဖြစ်သူ ဦးပြည့်မောက်ပင်လျှင် အသက် (၅၅)နှစ် ဝန်းကျင် ရှိနေပေပြီ။ ဆရာဦးပြည့်မောက်သည် ဘဝ၏ နာကျင်ခံစားရမှုများကြောင့် အိမ်ထောင်ရေးဆိုသည်ကို လုံးဝမစဉ်းစားတော့။

ဆရာဦးပြည့်မောက်၏ဘဝမှာ အပြောင်းလဲကြီး ပြောင်းလဲခဲ့သည်။ နံနက်ဆိုလျှင် တရားထိုင်သည်။ တစ်နေ့လုံး နေရာပြောင်း၍ စာသင်သည်။ ညမိုးချုပ်၍ အိမ်ပြန်လာလျှင် တရားထိုင်ပြီးမှ အနားယူအိပ်စက်လေ့ရှိသည်။

သမီးဖြစ်သူကို လွတ်လပ်စွာထားသည်။ ဖခင်၏အရိပ်အောက်တွင် ပြိုင်ဘက်မရှိ ပျော်ရွှင်ချမ်းမြေ့မှုအတိဖြင့် နေထိုင်ရကြောင်း သိမြင်စေရန် ကြိုးစားခဲ့သည်။

ဖူးပွင့်စံကိုယ်တိုင်သိသည်။ သူမ၏ဘဝသည် အလွတ်လပ်ဆုံး၊ ဖခင်၏မေတ္တာကို အပြည့်အဝ ခံစားရမဆုံးဟု သိနေခဲ့၏။

သို့ရာတွင် ဖခင်ဖြစ်သူက မိခင်ဖြစ်သူအကြောင်းကို တစ်လုံးတစ်ပါဒမျှ အပြောမခံခြင်းကိုတော့ မကျေမနပ်ဖြစ်ခဲ့မိ၏။

မိခင်သည် မိခင်သာဖြစ်သည်၊ ရေကို ဖြတ်တောက်၍ ရနိုင်သော်လည်း မိခင်၏သွေးကိုဖြတ်တောက်၍မရဟု ယူဆခဲ့သည်။

ရေကို ဆည်ပိတ်၊ ကန်သင်းတား၍ ဖြတ်တောက်နိုင်သည်။

စိမ့်စမ်းပမာ စီးဆင်းနေမြဲဖြစ်သော မိခင်၏သွေးသည် မြေလွှာကိုဖောက်၍ ကျောက်သားကို ကွေ့ပတ်စိမ့်ဝင်ကာ စီးဆင်းနိုင်ကြောင်း သိထားသည်။

မိခင်မရှိသော ဖူးပွင့်စံမှာ မိခင်ကို တမ်းတမိသည်။ ဖူးပွင့်စံ နှစ်နှစ်သမီးအရွယ်မှစတင်၍ ပျောက်ဆုံးသွားသဖြင့် မိခင်ဖြစ်သူကိုတွေ့ချင်လှသည်။ မိခင်၏ဓာတ်ပုံကိုပင် မြင်ခွင့်မရခဲ့။ ဖခင်ဖြစ်သူက မိခင်၏ ဓာတ်ပုံအားလုံးကို ဖျက်ဆီးခဲ့သည်။ အစဖျောက်ခဲ့သည်။

မိခင်ဖြစ်သူ၏ ဆွေမျိုးများနှင့်လည်း အဆက်အဆံလုပ်ခွင့်မပေးခဲ့ပေ။

တစ်နေ့.....

ကံဆိုးသည့်နေ့ဟု ဆိုရမည်။

နေအိမ်တွင် ဖူးပွင့်စံတစ်ဦးတည်းရှိနေစဉ် မိခင်ဖြစ်သူ ဒေါ်သိုင်း၏မောင်ဆိုသူ ရောက်လာသည်။ အထောက်အထားအဖြစ် ငယ်စဉ်က စုပေါင်းရိုက်ထားသော ဓာတ်ပုံပါလာသည်။ ထို့အတူ အိမ်ထောင်စုစာရင်းကိုလည်း မိတ္တူကူးပြီး ယူလာသည်။

မိခင်၏မောင်အရင်းဟု ဆိုသည့် မင်းထိုက်ဆိုသူက ဖူးပွင့်စံ၏ မိခင်မှာ မန္တလေးအကျဉ်းထောင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတွင် ရှိနေကြောင်း၊ သမီးဖြစ်သူကို တွေ့လိုကြောင်းပြောပြ၍ လာခဲ့ခြင်းဖြစ်ကြောင်း ပြောပြခဲ့သည်။

မိခင်ငတ်နေသော ဖူးပွင့်စံက နောက်မှ ဖခင်ဖြစ်သူကို ချော့မော့တောင်းပန်မည်ဟု ဆုံးဖြတ်၍ မင်းထိုက်ခေါ်ရာနောက်သို့ လိုက်သွားခဲ့သည်။

မင်းထိုက်က သူတစ်ဦးတည်း လာသည်မဟုတ်။ ဖူးပွင့်စံနှင့် ဆွေမျိုးတော်စပ်သည်ဆိုသည့် အမျိုးသမီးကြီးနှစ်ဦးနှင့်အတူ ရောက်လာခြင်းဖြစ်သည်။

မန္တလေးရောက်သည်အထိ ကိုယ်ပိုင်ကားတစ်စီးဖြင့် သွားကြသည်။ လမ်းတွင် အမျိုးသမီးငယ်နှစ်ဦးကို ထပ်မံခေါ်ခဲ့သည်။ ကြိုတင်ချိန်းဆိုထား၍ အသင့်ခေါ်ခဲ့နိုင်ခြင်းဟု သိရသည်။

ရန်ကုန်မှ နံနက် ၇ နာရီတွင် ထွက်ခဲ့သည်။ ည ၈ နာရီမှ မန္တလေးသို့ ရောက်သည်။

မန္တလေးသို့ မရောက်ဘူးသော ဖူးပွင့်စံမှာ မည်သည့်နေရာသို့ ရောက်နေသည်ဟု မသိရပေ။ ညပိုင်းဖြစ်၍ ပိုဆိုးသည်။

မင်းထိုက်နှင့် အမျိုးတော်စပ်သည်ဆိုသူ အမျိုးသမီးကြီးနှစ်ဦးက ဖူးပွင့်စံနှင့် အမျိုးသမီးငယ်နှစ်ဦးကို ကျယ်ဝန်းသော ခြံဝင်းထဲရှိ တိုက်အိမ်ကြီးတစ်အိမ်ထဲသို့ ခေါ်သွားခဲ့သည်။

ထိုအိမ်သို့ရောက်ရှိချိန်၌ ဖူးပွင့်စံက သူမ၏မိခင်ထံ သွားတွေ့ရမည့် အစီအစဉ်ကိုမေးသည်။

ထောင်ဝင်စာတွေ့ခွင့်ပေးချိန်ကျမှ သွားတွေ့ရမည်ဟု ဆိုခဲ့၏။

ထိုအိမ်တွင် ဖူးပွင့်စံအပါအဝင် ညေ့သည်အားလုံးကို အိမ်ရှင်က အကောင်းဆုံးသော အစားအစာ ဖြင့် ကျွေးမွေးဧည့်ခံခဲ့သည်။

ညအိပ်ချိန်မှစ၍ ဖူးပွင့်စံသည် တံခါးအားလုံးကို သော့ခတ်ထားသော တိုက်အိမ်ကြီး၏ မြေအောက်ခန်း၌ ဖမ်းဆီးခံရကြောင်း သိခွင့်ရခဲ့တော့သည်။

ထိုအိမ်၏ မြေအောက်ခန်းထဲတွင် ဖူးပွင့်စံ နေခဲ့ရသည်မှာ သုံးရက်ရှိပြီဖြစ်သည်။ ကျောချမှတ်ပြမှန်းသိသလို ဖခင်မသိရှိစေဘဲ မိခင်ကိုတွေ့လိုဇောဖြင့် ထွက်ခဲ့သည့်အမှားကို အကျဉ်းချခံဘဝ ရောက်မှ နောင်တရမိနေခဲ့တော့၏။

ဖူးပွင့်စံက ထွက်ပြေးရန် အမျိုးမျိုးစဉ်းစားသည်။

လွတ်လမ်းကမမြင်။ သော့ခတ်ထားသည့် အခန်းထဲတွင် အမြဲစောင့်ကြည့်နေသောအစောင့်ဖြင့် နေထိုင်နေရသည်။

အားကိုးရာမဲ့ဘဝမို့ အမေဖြစ်သူကို တမ်းတရင်း အော်ငိုနေမိ၏။

"မေမေကြီးရေ.....သမီးကို လာကယ်ပါဦး"

"ဒီကောင်မလေး သေတော့မယ်၊ အော်ငိုမနေနဲ့"

ခြိမ်းခြောက်သံကြောင့် ဖူးပွင့်စံမှာ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ကျိတ်ရှိုက်ရင်း ဝမ်းပန်းတနည်း ငိုနေမိရတော့၏။

❀ ❀ ❀

"ခလောက်....."

ပိတ်လှောင်ထားသော အခန်း တံခါးဖွင့်သံနှင့်အတူ လူနှစ်ယောက် ရောက်လာသည်။ တစ်ဦးက အနောက်တိုင်းဝတ်စုံကို ဝတ်ဆင် ထားသည့် အသက် (၄၀)ကျော် အရွယ်။

ထိုသူနှင့်အတူ လိုက်ပါလာ မှာ အရပ်မြင့်မြင့်၊ ဗလကောင်း ကောင်း၊ မေးရိုးကားကားဖြင့် ကြမ်းရုပ်ပေါက်နေသူဖြစ်သည်။

လူကြမ်းရုပ်ပေါက်နေသူ ချိုင်းပြတ်စွပ်ကျယ်ဝတ်ထားသ သူ၏ပခုံးနှစ်ဘက်မှ ဆေးမင် များကို တွေ့နေရသည်။

ရင်ဘတ်တွင် နဂါးရုပ်ဆေး မင်ကြောင်ထိုးထား၍ ကြောက်စ လူ့ဘီလူးကြီးနှင့် တူနေသည်။

အခန်းထဲသို့ဝင်လာ အနောက်တိုင်းဝတ်စုံနှင့်လူက ပွင့်စံအနီးတွင် ခြေစုံရပ်လိုက်သ ဖူးပွင့်စံက ကြောက်ကြောက် ဖြင့်ပင် မျက်လုံးကိုဖွင့်ပြီး ကြည့်လိုက်၏။

"နင့်နာမည် ဖူးပွင့်စံနော်"

"ဟုတ်ပါတယ်"

"နင့်အဖေက နာမည် ကျူရှင်ဆရာ ဦးပြည့်မောက်နော်"

"ဟုတ်ပါတယ်"

"နင့်အဖေရဲ့ဝင်ငွေက လကို သိန်း(၆၀)အထက်မှာ တယ်မဟုတ်လား"

"အဲဒါတော့ ကျွန်မ မ

"ကောင်မ.....ငါ့ကို မ နော်"

အနောက်တိုင်းဝတ်စုံနှင့်

www.burmeseclassic.com

www.burmeseclassic.com



သူကြီးလူကောင်းဟု ထင်ရသော်လည်း စကားပြောမှာ အဆင့်နိမ့်ကျလွန်းလှသဖြင့် အထင်ကြီးစရာမဟုတ်ဟု အတွေးပေါက်ခဲ့သည်။

"နင့်ကို နင့်အဖေက အတွင်းရေးကိစ္စ ဘာပြောထားသလဲ"

"ဘာကိုဆိုလိုချင်တာလဲ"

"သူ့ရဲ့ကျူရှင်က တစ်လရရှိတဲ့ ဝင်ငွေရယ်၊ ပြီးတော့ သူ့ရဲ့ဂုဏ်လိကလုပ်ငန်းနှစ်ခုက ဝင်ငွေရယ်ပေါ့"

"ကျွန်မ အဲဒါတွေမသိဘူး"

"ဖျန်း....."

ဖူးပွင့်စံ၏အဖြေအဆုံး၌ နောက်တိုင်းဝတ်စုံဝတ်ထားသူ၏ လက်ဝါးက ဖူးပွင့်စံ၏ ဘယ်ဘက်ပါးပေါ်သို့ အရှိန်ပြင်းပြင်းနှင့်ကျရောက်ခဲ့သည်။

တစ်သက်လုံး ဖခင်ဖြစ်သူက ပါးပြားနှင့်ရိုက်ခြင်းကိုပင် မခံခဲ့ရသော ဖူးပွင့်စံ၏ပါးပြင်တွင် လက်ဗျောင်းရာ သွေးခြည်ဥက ချက်ချင်းပေါ်လာသည်။

ဖူးပွင့်စံ၏မျက်လုံးများ မီးပွင့်မျှားခဲ့ရသည်။ ဝမ်းနည်းမှုကြောင့် မျက်ရည်များကို မထိန်းနိုင်ခဲ့။

"နင် မနေ့က မေမေကြီးရေ ကယ်ပါဦးလို့ အော်ငိုနေခဲ့တယ်မဟုတ်လား"

ဖူးပွင့်စံက ဘာမှပြန်မပြောခဲ့။

"ဟဲ့...ကောင်မ၊ ငါ့မျက်နှာ ကို ကြည့်တည့်ကြည့်ပြီး ပြန်ပြော စမ်း"

ပါးရိုက်သူက ဖူးပွင့်စံ၏ဦးခေါင်းမှ ဆံပင်များကို ဆတ်ခနဲစုကိုင်ဆုပ်ကိုင်ထားရင်း ထန်ထန်ကြီးဖြင့် ပြောခဲ့သည်။

မျက်နှာချင်း အနီးကပ်ဆုံးဖြစ်စေရန် ဖူးပွင့်စံ၏ခေါင်းကို ဆွဲမော့လိုက်သည်။ ဆံပင်များကို ဆုပ်ဆွဲပြီး ခပ်တင်းတင်းဖြစ်စေရန် ဖျစ်ညှစ်ဆွဲမော့ထားခြင်းခံရသဖြင့် ဖူးပွင့်စံ၏ဦးခေါင်းခွံတစ်ခုလုံးမှာ မခံမရပ်နိုင်အောင် နာကျင်စေခဲ့သည်။

"အား..နာတယ်...နာတယ်"

"နာသလား"

"နာပါတယ်ရှင်"

"မနာစေချင်ရင် ငါမေးတာဖြေလေ"

"ဖေဖေက ကျွန်မကို ဈေးဖိုးပေးတာကလွဲပြီး အလုပ်ကိစ္စ ဘာမှမပြောလို့ ကျွန်မ ဘာမှမသိဘူး"

"ဘဏ်အပ်ငွေဘယ်လောက်ရှိသလဲဆိုတာတော့ ပြောပြမှာပေါ့"

"အဲဒါတွေ ကျွန်မ မသိတာအမှန်ပါ"

"ကောင်းပြီ၊ ငါပြောပြမယ်၊ နင့်အဖေဟာ ညဆိုရင် ၁၀ နာရီ၊ ၁၁ နာရီမှ အိမ်ပြန်ရောက်တယ်မဟုတ်လား"

"အဲဒါတော့ ဟုတ်ပါတယ်"

"နင့်အဖေက ရန်ကုန်ဆင်ခြေဖုံးမှာ တည်းခိုခန်းတစ်ခုနဲ့ ကေတီဗွီဆိုင်တစ်ဆိုင် ဖွင့်ထားတယ်၊ အဲဒီကငွေတွေသိမ်းပြီးမှ ညအချိန်မတော်မှ အိမ်ပြန်ရောက်တာ"

"အဲဒီကိစ္စ ဖေဖေက ဘာမှမပြောပြခဲ့ဖူးဘူး၊ ကျူရှင်ကအပြန်နောက်ကျတာလို့ပဲ ကျွန်မက ထင်နေတာ"

"အခု နင်သိပြီဆိုပါတော့"

ဖူးပွင့်စံက ဘာမှပြန်မပြောဘဲ ဆုပ်ကိုင်ထားခြင်းခံရသော ဆံပင်များကြောင့် ခေါင်းတစ်ခုလုံးနာကျင်နေကြောင်း အသိပေးတောင်းပန်လိုက်၏။

"ကျွန်မခေါင်းတွေ တအားနာနေပါပြီရှင်"

"ဆံပင်တွေကို လွှတ်ပေးမယ်၊ ဒါပေမဲ့ ငါမေးတာတွေကို သိသလောက်ပြန်ဖြေရမယ်"

"သိရင်သိသလိုဖြေပါ့မယ်"

"ဟုတ်ပြီ၊ နင့်အဖေက ဘယ်ဘဏ်မှာ ငွေစုထားသလဲ"

မသိသောမေးခွန်းကို မေးနေပြန်၍ ဖူးပွင့်စံက မသိကြောင်းပြန်ဖြေလိုက်၏။

"ကောင်မ.....နာချင်ပြန်ပြီလား"

"ကျွန်မ တကယ်မသိလို့ပါရှင်"

"ထားပါတော့၊ ငါထပ်မေးမယ်၊ နင်က နင့်အမေကို တွေ့ချင်သလား"

"တွေ့ချင်ပါတယ်"

"နင့်အမေက နှစ်ရှည်ထောင်ကျခဲ့တယ်၊ အခု ဘယ်မှာရောက်နေတယ်လို့ ထင်သလဲ"

"လာခေါ်တဲ့ ဦးမင်းထိုက်က မန္တလေးထောင်ထဲမှာလို့ပြောတယ်"

ထိုသူက ခေါင်းခါပြရင်း မဟုတ်ကြောင်းအချက်ပြလိုက်၏။

"နင့်အမေထောင်ကျတာ နင့်အသက် ဘယ်လောက်ကလဲ"

"ကျွန်မအသက် ၃ နှစ်ကလို့ လမ်းမှာဦးမင်းထိုက်ကပြောပြတာနဲ့ သိခဲ့ရပါတယ်"

"ဟုတ်တယ်၊ နင့်အသက်က အခု ၁၆ နှစ်ဆိုတော့ နင့်အမေရဲ့

www.burmeseclassic.com

www.burmeseclassic.com



ထောင်ဒဏ်ကို တွက်စမ်း''

''၁၃ နှစ်ကျော်ပြီလို့ထင်ပါတယ်''

''အေး ဟုတ်တယ်၊ လျှော့ရက်ရယ်၊ ထောင်ထဲမှာ စည်းကမ်းတကျ နေထိုင်တာရယ်ကြောင့် အခုအပြင်မှာရောက်နေပြီ''

''ရှင်.....''

ဖူးပွင့်စံက အံ့အားသင့်စွာ အာမေဋိတ်သံ ပြုလိုက်မိ၏။

''ဟုတ်တယ်၊ အဲဒီတုန်းက သတင်းစာမှာပါသလို နင့်အမေ ထောင်ဒဏ်က ထောင်ဒဏ် ၂၅ နှစ်မဟုတ်ဘူး၊ ထောင်ဒဏ် ၂၅ နှစ်ကျတာက သူ့ရဲ့ဒုတိယခင်ပွန်းပဲ၊ နင့်အမေက ထောင်ဒဏ် ၁၀ နှစ်ပဲကျတာ''

''ရှင်.....''

''နင့်အနေနဲ့ နင့်အမေကို တကယ်ပဲတွေ့ချင်သလား''

''ဟုတ်ကဲ့''

ဖူးပွင့်စံက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် မယုံမရဲ အဖြေပေးလိုက်၏။

''နင်တကယ်တွေ့ချင်တယ်ဆိုတော့ နင့်အမေကိုမြင်ရင် မှတ်မိပါ့မလား''

''မမှတ်မိပါဘူး၊ ဦးမင်းထိုက်ထုတ်ပြတဲ့ ငယ်စဉ်ကဓာတ်ပုံကိုပဲ မြင်ဖူးတာပါ''

''အေးလေ၊ လူချင်းမတွေ့ဘူးပေမယ့် သွေးကစကားပြောပါလိမ့်မယ်၊ ကဲ.....ခေါ်ခဲ့ဟေ့''

အနောက်တိုင်းဝတ်စုံနှင့်လူက လူကြမ်းကြီးကို ဖူးပွင့်စံ၏မိခင်ဆိုသူအား ခေါ်လာရန် ပြောလိုက်သည်။ အနောက်တိုင်းဝတ်စုံနှင့်လူက ထိုင်ရာမှထ၍ နေရာပေးလိုက်သည်။

တရှပ်ရှပ်နှင့် လျှောက်လာသော ခြေသံနှင့်အတူ အမျိုးသမီးကြီးတစ်ဦး အခန်းအတွင်းသို့ ရောက်လာသည်။

''သမီး...ရှင့်နယ်နော် သမီးကို ဘာဖြစ်လို့ နာကျင်အောင်လုပ်ရတာလဲ၊ သမီးလေး တအားနာသွားလားဟင်''

မိခင်ဆိုသူက ဖူးပွင့်စံကိုဖက်ရင်း ပါးချင်းထိကပ်ထားခဲ့သည်။ ဖူးပွင့်စံမှာ မိခင်ကိုတွေ့လိုက်ရ၍ ရင်ထဲမှ နာကျင်မှုနှင့် ကြောက်ရွံ့စိတ်များသည် အလိုလိုပျောက်သွားခဲ့ရသည်။

''သမီးက မေမေ့ကို ချစ်ရဲ့လားဟင်''

''သူများတွေမှာ ခေါ်စရာအမေရှိပေမယ့် သမီးမှာ အမေမရှိလို့ ကြေကွဲမဆုံးဖြစ်ခဲ့ရတယ် မေမေ''

''အမေကလည်း သမီးကို လွမ်းလှပါတယ် သမီးရယ်''

''မေမေက ဖေဖေ့ကို ဘာဖြစ်လို့ ပစ်ထားခဲ့ရတာလဲ''

ဖူးပွင့်စံက သူမသိလိုသည်ကို မေးလိုက်၏။ လမ်းတွင် မင်းထိုက်က ဖခင်ဖြစ်သူကို မိခင်ဖြစ်သူက ပစ်ထားခဲ့ရခြင်းမှာ ဖခင်၏အပြစ်ကြောင့်ဟု ရှင်းပြထားခဲ့ပြီးဖြစ်သည်။

''အမှန်အတိုင်း ပြောရရင်တော့ သမီးအဖေက မေမေ့ကို မလွှဲမရှောင်သာလို့ သူ့ဂုဏ်သိက္ခာအရ လက်ထပ်ခဲ့တာပါ၊ မေမေက သူ့ကို တကယ်ချစ်ခဲ့တယ်၊ လက်ထ ပြီးတော့ ပစ်ထားလို့ အထီးကျန် နေခဲ့တယ်၊ မခံချင်စိတ်ကြောင့် မြတ်ကျော်ရဲ့ သိမ်းသွင်းတာကို ခဲ့ရတယ်၊ အဲဒါ ဘယ်သူ့အပြစ် ဟင်''

မိခင်က ရှင်းပြ၍ ဖူးပွင့်စံမှ စဉ်းစားရကျသွားခဲ့၏။ ဘဝအတွေ့ အကြုံ နည်းသူဖြစ်၍ မည်သူမှန် မည်သူမှားသည်ကို မဝေခွဲနိုင်ခဲ့

''သူတို့က သမီးကို ဘာဖြ လို့ အခုလိုချုပ်ထားကြတာလဲ''

ဖူးပွင့်စံ၏အမေးကြောင့် မိခ ဖြစ်သူက လူချင်းခွာပြီး ပြုံးပြလို ၏။

''သမီးရယ် အခိုက်အတန့် အယူအဆလွဲလို့ပါ''

''မေမေနဲ့ဘယ်သူနဲ့ အယ အဆလွဲရတာလဲ''

''ဟိုလေ ကိုဝဏ္ဏမောင်ပါ''

''သူက ဘယ်သူလဲ''

ဖူးပွင့်စံက သူမ၏မိခင် မေးလိုက်ချိန်၌ပင် ဝဏ္ဏမောင် သူ၏ အမိန့်ပေးသံက ထွက်လာ

''ဒီမှာ မသိုင်း၊ ကျုပ်ပြော အတိုင်း အရင်ခိုင်းလိုက်၊ သူ့ နောက်မှရှင်းပြ''

''ဟုတ်ကဲ့ပါ''

မိခင်ဖြစ်သူက ဘောလ် တစ်ချောင်းနှင့် စာရွက်တစ်ရွက် ထုတ်ပေးသည်။ ဖူးပွင့်စံက မလည်၍ အံ့အားသင့်နေခဲ့၏

''သမီးက ဘာရေးရမှာ မေမေ''

''မေမေပြောတဲ့အတိုင်းရေး

[...]နောက်မှရှင်းပြမယ်''

''ရှပ်.....ရှပ်.....ရှပ်''

နေအိမ်ခန်း တိုက်လှေကား [...]ပေါ်မှ ဆင်းပြေးသွားသည့်အသံ။

အရေးတကြီးနိုင်လွန်းလှ၏။ [...]ကြောင်ခိုးဖုက်လုပ်ပြီး ဆင်းသွား[...]ည့်အသံမှန်း သိသာလှသည်။

ဦးပြည့်မောက်မှာ အခန်းထဲ[...]င် တစ်ဦးတည်းထိုင်နေသည်။

အလုပ်မဆင်းနိုင်သည်မှာ [...]မီးဖြစ်သူ ဖူးပွင့်စံ ပျောက်သွား[...]ည့်နေ့မှ စတင်သည်ဟု ဆိုရ[...]ည်။

ဦးပြည့်မောက်၏တပည့်များမှာ [...]ခန်ထမ်းဌာနအသီးသီး၌ တာ[...]ဝန်းဆောင်နေကြသည်။ အနိမ့်[...] ဦးစီးအရာရှိမှ (က)တန်းဝင် [...]ရှိကြီးများအဆင့်အထိ ရှိနေ[...]သည်။

ဦးပြည့်မောက်က တပည့် [...]င်းအရာရှိများထံ ဖုန်းဖြင့်ဆက်[...]ပြီး အကူအညီတောင်းခံ[...] တပည့်အရာရှိများကလည်း [...]စိုက်ဖြင့် ကူညီကြသည်။ [...]ယ်စပ်ဒေသ ဝင်လမ်း၊ ထွက်[...]အထိ ပိတ်ဆို့ရှာဖွေပေးခဲ့၏။ [...]ပွင့်စံ ပျောက်သွားသည်မှာ [...]ကျော်ပြီဖြစ်၏။

[...]ည်သည့်သတင်းမှမရ။ ချစ်[...]ရာ လိုက်ပြေးသည်ဟု [...]ဖြစ်ပြီး စုံစမ်းသည်။ သမီး[...]တွင် ချစ်သူမရှိသေးဟု သိရ



ဦးပြည့်မောက်မှာ သမီးအပူကြောင့် ကျူရှင်မှန်သမျှ ပျက်ကွက်ခဲ့ရသည်။

အိမ်၌နေရင်း သတင်းကောင်းစောင့်ရသည်လည်းရှိသည်။

ယနေ့နံနက် (၇)နာရီတွင် ဦးပြည့်မောက် အိပ်ရာမှနိုးခဲ့သည်။ ယခင် သမီးဖြစ်သူရှိစဉ်က နံနက် (၅)နာရီတွင် အရုဏ်ဆွမ်းကပ်နေကျဖြစ်သည်။

ဖခင်ဖြစ်သူ ဦးပြည့်မောက်က နံနက် (၆)နာရီထိုးသည်နှင့် အိပ်ရာမှထသည်။ ပုံမှန်အတိုင်း အိမ်တွင်း၌ ကျန်းမာရေးလေ့ကျင့်သည်။ လေးဆယ့်ငါးမိနစ်ခန့် ကျန်းမာရေးလေ့ကျင့်ပြီးမှ ရေချိုးသည်။

နံနက်အဆာပြေစာ စားပြီးသည်နှင့် ကျူရှင်ရှိရာသို့ ထွက်သွားခဲ့လေ့ရှိသည်။ ညဉ့်နက်ချိန်ကျမှ အိမ်သို့ပြန်ရောက်သည်။

ထိုသို့ နေ့စဉ်ပြုမြဲလှုပ်ရှားမှုရှိနေသော ဦးပြည့်မောက်သည် သမီးဖြစ်သူ ပျောက်သွားသည့်နေ့မှစ၍ နံနက် အရုဏ်မတက်မီ အိပ်ရာမှနိုးလေ့ရှိသည်။

ယနေ့ အိမ်ခန်းထဲ၌ တစ်ဦးတည်းရှိနေခိုက် ဦးပြည့်မောက်၏ အိမ်ခန်းအဝမှစတင်၍ လှေကားအတိုင်း ပြေးဆင်းသွားသည့်အသံကို ကြားလိုက်ရသည်။

ဦးပြည့်မောက်က အိမ်အဝင်အထွက်တံခါးကိုဖွင့်၍ကြည့်သည်။ မည်သည့်ထူးခြားချက်မှ မတွေ့ရပေ။

သို့ဖြစ်၍ အိမ်ရှေ့ဝရန်တာသို့ထွက်ပြီး အောက်သို့ငုံ့ကြည့်သည်။ တိုက်လှေကားပေါ်မှ ပြေးဆင်းသွားသော လူငယ်တစ်ဦးကို တွေ့လိုက်ရ၏။

ထွက်ပြေးသွားသူလူငယ်မှာ ဘောင်းဘီရှည်အနက်နှင့် စပို့ရှပ်အနက်ရောင်ကို ဝတ်ထားသည်။ ဖိနပ်က ကွင်းထိုးဖိနပ်ဖြစ်၍ ခြေသံကို ကြားရခြင်းဖြစ်သည်။

လျှာထိုးဦးထုပ်အပြာရောင်ကို ဆောင်းထား၍ မျက်နှာကို လုံးဝ မမြင်ရ။

လူလတ်ပိုင်းအရွယ်ဖြစ်သည် ကတော့ သေချာသည်။

ဦးပြည့်မောက်က အိမ်ပေါ်မှ ဆင်းပြေးသွားသူကို ခရီးဆုံးအထိ လှမ်းကြည့်သည်။ လမ်းထဲမှ လမ်းထိပ်သို့အရောက် ညာဘက်သို့ ချိုးကွေ့သွားခဲ့၍ မြင်ကွင်းထဲမှပျောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့သော မသင်္ကာသူ ပျောက်ကွယ်သွားသည်နှင့် အိမ်ရှေ့ အဝင်တံခါးပေါက်သို့ ပြန်လျှောက်လာခဲ့သည်။ တံခါးကိုထပ်ဖွင့်ပြီး ထူးခြားချက်ကို စူးစမ်းသည်။

"ဟင်.....စာတစ်စောင်ပါလား"

သံပန်းတံခါးကြားထဲတွင်ညှပ်ထားခဲ့သော စာတစ်စောင်ကိုတွေ့လိုက်ရ၏။ စာအိတ်ကိုလှမ်းယူပြီး ဖွင့်ဖောက်ဖတ်ရှုခဲ့၏။

**"စေစေ"**

**သမီး ရတနာပစ္စည်းပွဲစားလုပ်တာ ငွေကျပ် သိန်း (၃၀၀၀)တန်ဖိုးရှိပစ္စည်းတွေ အလိမ်ခံလိုက်ရတယ်။ ပိုင်ရှင်က သမီးကို လိမ်တယ်ထင်ပြီး ဖမ်းထားတယ်။ ငွေလျော်ပေးမှ ပြန်လွှတ်မယ်တဲ့။ သမီးအတွက် ငွေလျော်ပေးမယ်ဆိုရင် သတင်းစာကနေ အပြစ်အားလုံးခွင့်လွှတ်သည်၊ သမီးပြန်လာပါလို့ ကြော်ငြာထည့်ပေးပါ။ ဒါဒီလိုဆိုရင် သမီး ဘယ်နေရာမှာရှိတယ်ဆိုတာ စေစေဆီ စုန်း၊အဆက်အသွယ်လုပ်လိမ့်မယ်။**

**စုမှုင်စံ**

ဦးပြည့်မောက်က စာကိုဖတ်ပြီးသည်နှင့် ခေါင်းမီးတောက်သွားခဲ့သည်။ အမျိုးမျိုးစဉ်းစားသည်။ သမီးဖြစ်သူမှာ တစ်နေကုန် အိမ်၌နေသူဖြစ်၏။

အဖော်မပါဘဲ ဘယ်မှမသွားတတ်ပေ။

ရတနာပွဲစားအလုပ် လုပ်သည်ဆိုသည်မှာ လုံးဝမဖြစ်နိုင်ပေ။ အကြံအဖန်မှန်း သိသွားခဲ့သည်။

စာကိုဖတ်ပြီးသည်နှင့် ဦးပြည့်မောက်က ပြည်ထဲရေးဝန်ကြီးဌာနမှ တပည့်အရာရှိကြီးတစ်ဦးထံ ဖုန်းဖြင့်ဆက်သွယ်၍ အကူအညီတောင်းခံသည်။

ဦးပြည့်မောက်၏တပည့်တွေ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြသည်။ ဦးပြည့်မောက် လှမ်းမြင်လိုက်သော မသင်္ကာသူကို ခြေရာခံ၍ ရှာကြသည်။

ဦးပြည့်မောက်နေထိုင်ရာလမ်းထိပ်ရှိ မုန့်ဟင်းခါးဆိုင်မှစပြီး ခြေရာခံမှုစတော့သည်။ ထက်ကြပ်လိုက်နိုင်သည်အထိ ခြေရာခံနိုင်ခဲ့သည်။

စာလာထားသွားသူကို ဆူးလေဘုရားအနီးမှ ဖမ်းမိခဲ့သည်။

သက်သေမရှိ၍ ထိုသူကငြင်းသည်။

ထိုသို့ငြင်းကွယ်သည်ကို လေ့ကားပေါ်မှ ဆင်းပြေးစဉ်၌ လူချင်းတိုက်မိ၍ လဲကျခဲ့သူလူငယ်က စာလာထားသွားသူမှာ ဖမ်းမိသူဖြစ်ကြောင်း မျက်မြင်သက်သေအဖြစ် ရဲတပ်ဖွဲ့ထံတွင် ထွက်ချက်ပေးခဲ့သည်။

မသင်္ကာမှုဖြင့် ဖမ်းမိသူက သူမဟုတ်ကြောင်းငြင်းသည်။

လူချင်းတိုက်မိခဲ့သူက ထိုသူ့ထံမှ ကျကျန်ခဲ့သော ခါးကြားထိုးသည့် ပိုက်ဆံအိတ်ကို သက်သေခံအဖြစ် တင်ပြသည်။

ပိုက်ဆံအိတ်ထဲမှ မသင်္ကာသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားကို ရှာတွေ့ခဲ့သည်။ ထိုလူမှာ မင်းထိုက်ဆိုသူ ဖြစ်နေ၏။

မင်းထိုက်ကို သက်ဆိုင်ရာရဲစခန်းသို့ ခေါ်ဆောင်သွားပြီး စစ်ဆေးခဲ့သည်။

"မင်းကို ဒီစာဘယ်သူကပေး[...] နိုင်းတာလဲ"

အမှုစစ်လုပ်ငန်းကျွမ်းကျင်[...] သည့် ရဲအရာရှိက လိုအပ်သည့် စ[...] ဆေးမှုများပြုလုပ်ပြီးနောက် တိုက်[...] ရိုက်မေးခွန်းကို မေးလိုက်သည်[...] မင်းထိုက်က ငြင်းဆိုရန်မတတ်သာ[...] သည့်အဆုံး အမှန်အတိုင်း ဝန်ခံ[...] တော့၏။

"ဦးဝဏ္ဏမောင်က ပေးခိုင်းတာ[...] ပါ"

"ဦးဝဏ္ဏမောင်ဆိုတာ ဘယ်[...] မှာနေပြီး ဘာလုပ်သလဲ"

"ဦးဝဏ္ဏမောင်က မန္တလေး --- မြို့နယ်မှာ သီးသန့်တိုက်၊ သီး[...] သန့်ခြံဝင်းနဲ့ နေထိုင်ပါတယ်"

"သူက ဘာလုပ်သလဲ"

"အဲဒါတော့မသိဘူး၊ သူ[...] ခိုင်းလို့ပါ"

"ကောင်းပြီ၊ အဲဒီနေရာ[...] လိုက်ပြနိုင်မလား"

"ပြနိုင်ပါတယ်"

"ဦးဝဏ္ဏမောင်နဲ့အတူ ဘယ်[...] သူတွေရှိနေသလဲ"

"ဘယ်သူတွေရှိသလဲတော့[...] မသိဘူး၊ ဖူးပွင့်စံဆိုတဲ့ကောင်မလေး[...] တစ်ယောက်တော့ ရှိနေတယ်"

"ဘယ်လိုအနေအထားနဲ့[...] နေတာလဲ"

"အဖမ်းခံထားရတာပါ"

မင်းထိုက်က မငြင်းသာ[...] အမှန်တစ်ဝက်၊ ဖုံးကွယ်တစ်ဝက်[...] ရဲအရာရှိထံ ထွက်ဆိုခဲ့သည်။ [...] ထိုက်ကို ရဲတပ်ဖွဲ့က [...] တောင်းခံ၍ ဥပဒေနှင့်အညီ [...] စစ်ဆေးခဲ့သည်။

www.burmeseclassic.com

စစ်ဆေးသူရဲအရာရှိကြီးက မင်းထိုက်ကို စစ်ဆေးပြီးသည်နှင့် ဦးပြည့်မောက်ကို ခေါ်ယူတွေ့ဆုံသည်။ ဦးပြည့်မောက် ရောက်ရှိလာသောအခါ သက်သေခံအဖြစ် ကြိုတင် တင်ပြထားသည့် အကြောင်းကြားစာကို ပြန်ဖတ်ကြရင်း အမြင်ချင်းဖလှယ်ကာ ဆွေးနွေးခဲ့ကြသည်။

မင်းထိုက်ထံမှ သိရှိရသော ဝဏ္ဏမောင်၏ နေရပ်လိပ်စာကို ရွှေလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးသို့ အကူအညီရရှိစေရန် အကြောင်းကြားခဲ့သည်။ ဦးပြည့်မောက်က တာဝန်ရှိရဲအရာရှိနှင့်အတူ မန္တလေးသို့ထွက်ခွာရန် ပြင်ဆင်ခဲ့သည်။

"တောက်..ဒီကောင် ဘာများဖြစ်နေသလဲမသိဘူး"

ဝဏ္ဏမောင်က သူ့တပည့် မင်းထိုက်ကို လက်ကိုင်ဖုန်းချင်း အကြိမ်ကြိမ်ဆက်သည်။ မည်သို့မျှဆက်မရ၍ ဒေါပွနေခဲ့၏။

"ဆရာကြီးရယ် ဒီကောင်က အပျော်ကြိုက်တယ်လေ၊ တည်းခိုခန်းမှာတည်းရင်း အပျော်လွန်နေလို့ဖြစ်မှာပေါ့"

"အလုပ်ကိစ္စမှာ မိန်းမကိစ္စပါလာရင် အားလုံးပျက်ပြီမှတ်"

ဝဏ္ဏမောင်၏ဒေါသကို သူ့ကိုယ်ရံတော်တပည့် လူ့ဘီလူးကြီးကကြည့်ရင်း ပြုံးနေမိ၏။

"ဟော့ကောင် မှုန်ကြီး၊ မင်းက ဘာပြုံးတာလဲ"

"ဆရာကြီးက ဒီကောင့်အကြောင်း သိသိကြီးနဲ့ လွှတ်လိုက်တာကိုး"

"ဟ.....ဟိုတစ်ခါ ကောင်မလေးကို သွားခေါ်ခဲ့တာက မင်းထိုက်လေ၊ သူက ကောင်မလေးရဲ့အိမ်ကို ကောင်းကောင်းမှတ်မိတော့ သူ့ပဲလွှတ်လိုက်ရတာပေါ့"

"တီ.....တီ.....တီ"

ထိုအချိန်၌ပင် ဝဏ္ဏမောင် လက်ထဲမှ လက်ကိုင်ဖုန်းကမြည်လာသည်။ ဝဏ္ဏမောင်က ဖုန်းကို ကြည့်လိုက်သည်။ သူ့တပည့် မင်းထိုက်၏ ဖုန်းနံပါတ်ကို တွေ့လိုက်ရ၍ မှုန်ကြီးအား စကားမပြောရန် လက်ကာပြလိုက်၏။

"မင်းထိုက် ပြော"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ အားလုံးအဆင်ပြေတယ်"

"ဘာကိုအဆင်ပြေတာလဲ"

"ကောင်မလေးရဲ့အဖေက သတင်းစာထဲမှာ ကြော်ငြာထည့်ထားတယ် ဆရာကြီး"

"မြန်လှချည်လား"

"ဟုတ်ကဲ့ပါ၊ သူ့အဖေက အဆက်အသွယ်ကောင်းတယ်၊ ချက်ချင်းပြန်ထည့်ပေးတယ်"

"တို့ ဦးပြည့်မောက်ဆီ ချိန်းရတော့မှာပေါ့"

"မှန်ပါတယ် ဆရာ၊ အဲဒီကိစ္စကတော့ ဆရာကြီးအပိုင်းပဲ"

"ငါနားလည်ပါတယ်၊ မင်း ဘယ်တော့ပြန်လာမှာလဲ၊ လုပ်စရာတွေရှိနေသေးတယ်"

"ကျွန်တော် ဒီနေ့မနက်ပဲ အဝေးပြေးကားနဲ့ လိုက်လာခဲ့ပြီ ဆရာ၊ ညနေပိုင်းမှာရောက်မယ်"

"ဟုတ်လား၊ ကောင်းတယ်.. ကောင်းတယ်၊ မင်းကို ထိုက်ထိုက်တန်တန် ဆုချရမယ်"

"ကျေးဇူးပါပဲ ဆရာကြီး"

မင်းထိုက်က ဖုန်းပိတ်သွားခဲ့၏။

ဝဏ္ဏမောင်က တပည့်များနှင့်အတူ အကြိုအောင်ပွဲခံအခမ်းအနားကို လုပ်ခဲ့သည်။

ညနေပိုင်းမှစ၍ စားပွဲသောက်ပွဲကျင်းပသည်။

ဝဏ္ဏမောင်၏နေအိမ်တွင် တပည့် (၁၀)ဦးခန့်ရှိသည်။

ယာဉ်မောင်း၊ ခြံစောင့်မှအစ ကိုယ်ရံတော်အထိ တပည့်(၁၀)ဦးခန့်ရှိသည်။ တပည့်များအားလုံးမှာ လက်မရွံ့များဖြစ်ကြသည်။

စားရင်းသောက်ရင်း ဝမ်းထဲသို့ အရက်ဝင်ခဲ့ချိန်၌ ဇာတိရုပ်က ပြလာ သည်။

"ဆရာကြီး ငွေရတော့မယ်ဆိုတော့ ကောင်မလေးကို ဘယ်လိုရှင်းမလဲ"

"လွယ်ပါတယ်ကွာ၊ ပထမဆုံး ငါက ပန်းဦးခွေမယ်၊ ပြီးရင် နယ်စပ်ကိုခေါ်သွားပြီး ဟိုဘက်နိုင်ငံထဲမှာ ရောင်းစားလိုက်ရုံပေါ့"

"ဒါဆို ဆရာကြီးရဲ့စီမံကိန်းက နှစ်သီးစားပေါ့"

"နှစ်သီးစားမဟုတ်ဘူး မှုန်ကြီးရ၊ သုံးသီးစားကွ"

သောက်ဖော်သောက်ဖက်တစ်ဦးက မှုန်ကြီးကို လှမ်းပြောသည်။ မှုန်ကြီးက သူတို့၏ လူကြီးလူကောင်းအယောင်ဆောင် ဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com

ကို ချိုးကျူးစကားဖြင့် မြှောက်ပင့်နေခဲ့သည်။

"ဆရာကြီးလုပ်သမျှ ပိုင်တယ်နော်"

"ဟ...ပိုင်တာပေါ့ကွ၊ မသိုင်းနဲ့ စိုးမြတ်ကျော်ဆိုတာ ဆရာကြီးရဲ့ တပည့်တွေပဲ၊ သူတို့ကို ရဲကဖမ်းမိတော့ မူးယစ်ဆေးဝါးက နည်းနည်းလေးကွ၊ သူတို့က တခြားမှာရောင်းပြီး ဆရာကြီးကို ဖုံးကျခဲ့တာကွ"

"ဒါပေမဲ့ ထောင်ဒဏ်နဲ့ထိုက်တန်ပါတယ်ကွာ"

"ဟော့ကောင်တွေ တော်စမ်း၊ ငါအလုပ်လုပ်တာက ငွေအတွက်ကွ၊ ငါ့အပေါ် ဖုံးကျပြီး ထောင်ကျခံသွားခဲ့တဲ့ သူတို့လင်မယားက ငွေကျပ်သိန်း (၂၀၀၀)ကျော် စာရင်းဖျောက်ခဲ့တာကွ၊ အခု မသိုင်းပြန်လွတ်လာပြီ၊ အဲဒီငွေတွေပြန်ရအောင် မသိုင်းကို ထိန်းချုပ်ထားပြီး သူ့သမီးနဲ့ ငွေတွေပြန်မျှားထုတ်ရတာပဲကွ"

"ကောင်မလေးရဲ့အဖေက အချောင်ငွေစိုက်ရတာပေါ့နော် ဆရာကြီး"

"ဟော့ကောင် တော်....တိတ်စမ်း၊ ငွေရဖို့ ဘယ်သူ့ကိုမှ ညှာတာစိတ်မထားနိုင်ဘူး၊ ဆုံးရှုံးခဲ့တာကို ပြန်ရအောင် လုပ်ရမှာပဲ၊ အဲဒါဟာ အလုပ်ကွ.....အလုပ်၊ အပျော်ကစားနေတာမဟုတ်ဘူး"

ဆရာတပည့်တစ်သိုက် စားသောက်ခန်းထဲတွင် စည်းမဲ့ကမ်းမဲ့ဖြင့် လျှို့ဝှက်ချက်မထားဘဲ အရက်ရှိန်ဖြင့် ပြောနေခဲ့ကြသည်။

ဝဏ္ဏမောင်တို့ ပြောဆိုသမျှကို အိမ်ထဲတွင်ရှိနေသော မသိုင်းက အကုန်လုံးကြားသွားသည်။ သမီးအတွက်လည်း စိုးရိမ်သွားမိ၏။

ဝဏ္ဏမောင်က အရက်ဝိုင်းမှ ဒယီးဒယိုင်ဖြင့်ထသည်။ သူ့တပည့်များကို လက်မထောင်ပြရင်း သူလုပ်ရမည့်အလုပ်ကို အသိပေးခဲ့၏။

တပည့်များကို စိတ်ကြိုက်သောက်ခိုင်းထားပြီး အနှောင့်အယှက်မပေးရန် လှမ်းပြောလိုက်သည်။

"ငါ အခု ကောင်မလေးဆီသွားမယ်၊ မင်းတို့ ဒီမှာပဲ ကြိုက်သလောက်သောက်ကြ၊ ကောင်မလေးအခန်းနားကို မလာကြနဲ့၊ ကောင်မလေးက အရိုင်းကွ၊ လူရိပ်မြင်ရင် ငါ့အတွက် အခက်အခဲဖြစ်ကုန်မယ်"

"အိုကေ.....ဆရာကြီးအောင်မြင်ပါစေ"

တပည့်များက စားသောက်ဝိုင်းတွင် စိတ်ကြိုက်အရက်ထည့်သောက်ရင်း အပျော်လွန်နေခဲ့ကြသည်။ ဝဏ္ဏမောင်က ဖူးပွင့်စံရှိနေသည့်အခန်းထဲသို့ သော့ဖွင့်ပြီး တစ်ဦးတည်းဝင်သွားသည်။

ဖူးပွင့်စံမှာ အခြေအနေကိုရိပ်စားမိ၍ ဒူးများတဆတ်ဆတ်တုန်သည်အထိအကြောက်လွန်နေခဲ့သည်၊

ဝဏ္ဏမောင်က ဖူးပွင့်စံကို ညင်ညင်သာသာဖြင့် စည်းရုံးသည်။ ဖူးပွင့်စံက လက်မခံသောအခါအကြမ်းဖက်နည်းကို သုံးတော့သည်။

ဖူးပွင့်စံက အပျိုရည်ကိုအပျက်မခံဘဲ ရှိသမျှခွန်အားဖြင့် ခုခံရင်းရုန်းသည်။ ရာဂမူးနေသော ဝဏ္ဏမောင်က လက်သီးဖြင့်ထိုးပြီး အဓမ္မပြုကျင့်နိုင်ရန် အကြမ်းဖက်နည်းကို သုံးသည်။

ဖူးပွင့်စံမှာ အားမတန်၍ မာ[illegible] လျှော့ရလေပြီ။ ဝဏ္ဏမောင်က အောင်သေအောင်သားစားရန် အပိုင်ကြံတော့သည်။

"အား....."

ထိုအချိန်၌ပင် မိခင်ဖြစ်သူ မသိုင်း ခြေသံဖော့နင်း၍ ရောက်လာသည်။ ဝဏ္ဏမောင်အား အပြီ[illegible] တကြီးဖြင့် နောက်ကျောမှနေ၍ [illegible] မြှောင်ဖြင့် ထိုးစိုက်လိုက်သည်။

မသိုင်း၏ မိခင်စိတ်က သမီးဖြစ်သူ၏ကံကြမ္မာကို ကယ်တင်ရန် လက်တုံ့ပြန်ခဲ့သည်။

ဝဏ္ဏမောင်၏ အော်သံကြောင့် တပည့်များအားလုံး အထိတ်တလန့်ဖြစ်ကုန်ကြသည်။ ဖူးပွင့်စံရှိရာ အခန်းထဲသို့ ပြေးဝင်လာခဲ့ကြ၏။

"ဟော့.....ရပ်လိုက်ကြစမ်း"

ဖူးပွင့်စံ၏အခန်းဝသို့မရောက်မီ အမိန့်ပေးသံကဟိန်း၍ထွက်လာသည်။ ဝဏ္ဏမောင်၏တပည့်အားလုံး ခြေလှမ်းကိုရပ်၍ နောက်သို့လှည့်ကြည့်လိုက်ကြ၏။

ဿ ဿ ဿ

မှူးကြီးတို့အဖွဲ့က ခြေလှမ်းများရပ်ရင်း နောက်သို့လှည့်ကြည့်သည်။

သေနတ်နှင့်ချိန်ရွယ်ထားသော ရဲအရာရှိတစ်ဦးနှင့်အတူ ရဲ[illegible] ဝင်အချို့ကို တွေ့လိုက်ရသည်။ [illegible] ကွက်လူကြီးတွေကိုလည်း တွေ့လိုက်ရ၏။

www.burmeseclassic.com

မှန်ကြီးက အခြေအနေကို နားလည်သွားသည်။

ရှေ့သို့ တစ်ဟုန်ထိုးပြေးသည်။ သူ့ခြေသလုံးတွင် ဝှက်ထားသော ဓားမြှောင်ကို ဆွဲထုတ်လိုက်၏။ ထိုဓားမြှောင်ကိုကိုင်ရင်း မသိုင်းဆီပြေးသွားသည်။ မသိုင်းနှင့်ဖူးပွင့်စံတို့ကိုချုပ်ကိုင်၍ ဓားဖြင့် ထောက်ထားရင်း ဓားစာခံလုပ်လိုက်သည်။

"ပေ့ကောင် မိန်းကလေးတွေကို လွှတ်လိုက်စမ်း"

ရုတ်တရက်ဖြစ်ပွားသွားသော ပြန်လှုပ်ရှားမှုကြောင့် ရဲအရာရှိက စိတ်ကိုတည်တည်ငြိမ်ငြိမ်ထားရင်း မှန်ကြီးကို အမိန့်ပေးလိုက်သည်။

"ခင်ဗျားတို့ ကျုပ်ကို အသေဖမ်းနိုင်တယ်၊ ဒါပေမဲ့ ကျုပ်နဲ့အတူ အမျိုးသမီးနှစ်ဦးစလုံးသေပြီးမှ ကျုပ်ကိုဖမ်းနိုင်လိမ့်မယ်"

"မှန်ကြီး ဆက်ပြီးမမိုက်ချင်နဲ့၊ အိမ်ခြံဝင်းတစ်ခုလုံးကို ရဲတပ်ဖွဲ့က ချုပ်ထားပြီးပြီ၊ ဆက်ပြီးအများ ကျူးလွန်မိစေနဲ့"

"ကျုပ်က တစ်ကောင်ကြွက် သေရဲ၊ သတ်ရဲတယ်၊ ကျုပ်က အသက်နဲ့အလောင်းအစားလုပ်ပြီး အလုပ်ကို လုပ်နေရတာဗျ"

"မိုက်ရူးရဲမဆန်ဘဲ သတ္တိရှိသူ ဖြစ်စေချင်တယ်၊ မှန်ကြီး မင်းရဲ့ ရူးတတ်ထိုးလုပ်ရပ်ကို ရပ်လိုက်ပါ"

"ကျုပ်ပြောပြီးပြီပဲ၊ ခင်ဗျားတို့ ဒီအမျိုးသမီးနှစ်ယောက်ကို အန္တရာယ်မရှိဘဲ လွှတ်မြောက်စေချင် ကျုပ်တောင်းဆိုတာကို ပေးရမယ်"

မှန်ကြီးက ပြတ်ပြတ်သားသားပင်ပြောသည်။

မှန်ကြီးလိုလူစားသည် သေမထူး၊ နေမထူး မိုက်ရူးရဲစိတ်ဓာတ်ရှိသူဖြစ်သည်။ ရဲအရာရှိက ရှေ့မှမြင်ကွင်းကို လှမ်းကြည့်ရင်း အကဲခတ်သည်။

မှန်ကြီးက အမျိုးသမီးနှစ်ယောက်ကို လက်တစ်ဖက်စီဖြင့် လည်ပင်းကို သိုင်းဖက်ဖျစ်ညှစ်ထားရင်း ဓားစာခံအဖြစ် ဖန်တီးထားသည်။

ရှေ့မှမြင်ကွင်းက အမှားမခံ။ တစ်ခုခုလုပ်လျှင် မှန်ကြီးက သူ့အသက်ကို အသေခံပြီး အမျိုးသမီးနှစ်ယောက်ကိုပါ သေရွာသို့ အဖော်ခေါ်သွားရန် ဝန်မလေးသူဖြစ်ကြောင်း အကဲခတ်မိလိုက်သည်။

ရဲအရာရှိက ခြေတစ်လှမ်းရှေ့သို့တိုးကြည့်သည်။

မှန်ကြီးက လက်မောင်းအားဖြင့် လည်ပင်းညှစ်ထားသော မိန်းကလေးနှစ်ဦးကို ခပ်တင်းတင်း ဆွဲညှစ်ပစ်လိုက်သည်။

"အား....."

"အား....."

ဖူးပွင့်စံနှင့် ဒေါ်သိုင်းတို့ထံမှ နာကျင်လွန်း၍ အထိတ်တလန့်အော်သံများ ထွက်လာသည်။

ဖူးပွင့်စံကို လည်ပင်းညှစ်ပြီး အပေါ်သို့ လက်မောင်းညှစ်အားဖြင့် ဆွဲတင်လိုက်၍ ဖူးပွင့်စံမှာ ခြေဖျားထောက်ထားရင်း အလိုက်သင့် သက်သာရာရှာနေခဲ့ရသည်။

"မှန်ကြီး သူတို့ကို လွှတ်လိုက်ပါ"

"သူတို့ကို လွှတ်စေချင်ရင် ခင်ဗျားတို့အားလုံး နောက်ဆုတ်ကြပါ၊ ကျုပ် အပြင်ကို လွတ်လပ်စွာထွက်သွားဖို့ ခင်ဗျားတို့အားလုံး ဖယ်ပေးကြပါ"

မှန်ကြီးဆီက ထပ်ဆင့်တောင်းဆိုမှုက ထွက်လာပြန်သည်။

ရဲတပ်ဖွဲ့ဝင်များကို ဦးဆောင်လာသော ရဲအရာရှိမှာ ဆုံးဖြတ်ချက်ချရန် အခက်အခဲတွေ့သွားခဲ့သည်။

မှန်ကြီးကို ဖမ်းမိရေးထက် လက်ရှိအခြေအနေတွင် အမျိုးသမီးနှစ်ဦး၏ အသက်ရှင်ရေးက ပိုပြီး အရေးကြီးနေသည်။

ဥက္ကာအောင်၏ နေအိမ်ခြံဝင်းတစ်ခုလုံးကို ရဲတပ်ဖွဲ့ဝင်များက စီးနင်း ထိန်းချုပ်ထားပြီးဖြစ်သည်။

တစ်ဖွတ်ထိုး တဖောက်ကန်းသမား မှန်ကြီးက သူ၏လွတ်မြောက်ရေးအတွက် မည်သူ့ကိုမဆို အသုံးချတော့မည်ဖြစ်သည်။

"ဗိုလ်ကြီးရယ် ကျွန်တော့်သမီးလေး လွတ်မြောက်ဖို့ စဉ်းစားပေးပါ၊ သမီးလေးက အပြစ်ကင်းစင်သူပါ၊ သူ့အသက်ကို မထိခိုက်စေဖို့ စဉ်းစားပေးပါ"

ရဲတပ်ဖွဲ့ဝင်များနှင့်အတူ လိုက်ပါလာသော ဦးပြည့်မောက်က သူ့သမီးအတွက် အစိုးရိမ်လွန်သွားခဲ့သည်။ မှန်ကြီးက အရက်စက်ဆုံးနည်းဖြင့် တစ်ခုခုလုပ်မည်ကိုတွေး၍ ပူပန်နေခဲ့သည်။

"ဦးပြည့်မောက်၊ ခင်ဗျားသမီး ဘာမှမဖြစ်စေရဘူး၊ ခင်ဗျား စိတ်အေးအေးထားပြီးစောင့်ကြည့်ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



"မှုန်ကြီးက ကြေးစားလူသတ်သမားပါဗျာ"

ဦးပြည့်မောက်က ရဲအရာရှိကို ဝင်ပြောရင်း မှုန်ကြီးနှင့် စကားပြောခွင့်တောင်းသည်။

"ဗိုလ်ကြီးတို့ ရဲလုပ်ငန်းလုပ်တာ သဘောပေါက်ပါတယ်၊ ကျွန်တော့်အကြံအစည်ကို ထုတ်ပြောခွင့်ပြုပါ ဗိုလ်ကြီး"

"ပြောပါ ဦးပြည့်မောက်"

"မှုန်ကြီးကို ကျွန်တော့်သမီးလွှတ်ပေးဖို့ ပြောပေးပါ၊ ကျွန်တော့်သမီးလေး မခံနိုင်တော့ဘူးဗျာ၊ ကျွန်တော့်သမီးကိုယ်စား ကျွန်တော်က ဓားစာခံအဖြစ် အဖမ်းခံပါ့မယ်"

"ဦးပြည့်မောက်၊ သည်းခံပေးပါ၊ အကျပ်အတည်းတစ်ခုကနေပြီး နောက်တစ်ခုမဖြစ်ပါစေနဲ့"

ထိုအချိန်၌ပင် မှုန်ကြီးက ဦးပြည့်မောက်၏အနောက်၌ ရပ်နေသော မင်းထိုက်ကို တွေ့သွားခဲ့သည်။ မှုန်ကြီး၏ဒေါသများသည် မှန်ယိုဆင်ကဲ့သို့ ချက်ချင်းပြောင်းလဲသွားခဲ့သည်။

"မင်းထိုက်၊ မင်းက သစ္စာဖောက်ပဲ"

မင်းထိုက်က မှုန်ကြီးကို ဘာမှမပြောဘဲ သူ့ကိုယ်လုံးကိုအနည်းငယ်ရွှေ့ပြလိုက်သည်။ မင်းထိုက်ကို လက်ထိတ်ခတ်ထားမှန်းသိသွား၍ မှုန်ကြီး၏ဒေါသသည် ပြေလျော့သလိုဖြစ်သွားသည်။

"မင်းဟာ သစ္စာဖောက်ပဲ၊ ဘယ်လိုအခြေအနေမျိုးဖြစ်ပါစေ ရဲတပ်ဖွဲ့ဝင်တွေကို ဒီနေရာခေါ်မလာသင့်ဘူး၊ အခု မင်းကြောင့် အားလုံးဒုက္ခရောက်ကုန်ပြီ"

မှုန်ကြီးက သူ့ဒေါသကိုမထိန်းနိုင်၍ အမျိုးသမီးနှစ်ဦး၏ လည်ပင်းများအား ညှစ်ထားသောလက်များကို ပို၍တင်းကျပ်ပစ်လိုက်၏။

အမျိုးသမီးနှစ်ဦးစလုံး အသက်ရှူကျပ်သွား၍ ရှိသမျှအားဖြင့် ရုန်းကန်ကုန်ကြသည်။ သတိလစ်ချင်သလို ဖြစ်သွားခဲ့ကြ၏။ မှုန်ကြီးက ရဲတပ်ဖွဲ့ဝင်များကို တကယ်ရက်စက်တော့မည်ဖြစ်ကြောင်း သက်သေပြလိုက်၏။

မှုန်ကြီး၏အပေါင်းအသင်းအားလုံးကို ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားခဲ့နိုင်ပြီးဖြစ်သည်။ အမျိုးသမီးနှစ်ဦး၏ အမှတ်မထင် အားကုန်လှုပ်ရှားမှုကြောင့် မှုန်ကြီးမှာ အနည်းငယ်ယိမ်းယိုင်သွားခဲ့၏။

ခြေလှမ်းဟန်ချက်ပျက်သွားချိန်ဝယ် မှုန်ကြီးခြေထောက်က လဲကျနေသော သူ့ဆရာ ဝဏ္ဏမောင်၏ ကိုယ်လုံးကို ဝင်တိုက်မိသွားခဲ့သည်။

နောက်ပြန်လဲကျလုလုဖြစ်သွား၍ မှုန်ကြီး၏ညှစ်အားများသည် လျော့ကျသွားသည်။

"ငါ့သမီးအတွက် ငါစွန့်စားရမယ်၊ ငါ့သမီးက ငယ်ငယ်ပဲရှိသေးတယ်၊ ငါ့ပယောဂကြောင့် ငါ့သမီးလေး ဒုက္ခကြုံရတာ၊ ငါ့သမီးကို လွတ်အောင် ငါကြိုးစားရမယ်"

မှုန်ကြီး ဟန်ချက်ပျက်သွားချိန်ဝယ် ဒေါ်သိုင်းက ဒူးဖြင့် မှုန်ကြီး၏ခြေထောက်ခွကြားသို့ အားကုန်ပစ်တိုက်လိုက်၏။

ထိရောက်မှုမရှိ၍ မှုန်ကြီးမှာ ဟန်ချက်ပျက်ရုံပျက်သွားခဲ့သည်။ မှုန်ကြီးက လက်ထဲမှဓားဖြင့် ဒေါ်သိုင်း၏လည်မျိုကို ပွတ်ဆွဲလိုက်သည်။

"အား....."

ဒေါ်သိုင်းထံမှ နာကျင်လွန်း၍ ထွက်ပေါ်လာသည့်အသံက တစ်ခန်းလုံးကို လွှမ်းခြုံသွားသည်။ ဒေါ်သိုင်းက အသက်စွန့်ပြီးလှုပ်ရှား... ဆုံးဖြတ်လိုက်ဟန်ရှိသည်။

သွေးရူးသွေးတန်းဖြင့် ဝဏ္ဏမောင်ကို ထိုးသတ်ခဲ့သည့် ဓားမြှောင်ကိုသတိရသွားခဲ့သည်။ ကြမ်းပြင်တွင်ကျနေသော ဓားမြှောင်ကို ခြေမနှင့်ညှပ်ယူ၍ ဆွဲတင်လိုက်၏။

ခြေမအကြားတွင် ပါလာသော ဓားမြှောင်ကို ဆတ်ခနဲဆွဲယူ၍ မှုန်ကြီး၏လည်မျိုကို ထိုးစိုက်ပစ်လိုက်၏။

မှုန်ကြီးက အားတင်း၍ အံကြိတ်ထားရင်း ဒူးညွတ်၍ ထိုင်လျက်ကျသွားခဲ့သည်။

ရှေ့မှ ဟန်ချက်ပျက်အခြေအနေကြောင့် ရဲတပ်ဖွဲ့ဝင်... ယောက်က မှုန်ကြီးထံ ပြေးကပ်... လက်ထိတ်ကိုအသုံးပြု၍ ထိန်းချုပ်လိုက်သည်။

ရဲတပ်ဖွဲ့ဝင်များမှာ ဓား... အဖြစ် ဖန်တီးပြီး လွတ်မြောက်... ကိုကြိုးစားခဲ့သော မှုန်ကြီးကို အ... ရာဖြင့် ဖမ်းဆီးရမိခဲ့သည်။

※ ※ ※

"သမီး.....သမီး"

ဦးပြည့်မောက်က သူ့သမီး...

ပြီးသွားရင်း ဆွဲပွေ့ထူလိုက်သည်။

ဖူးပွင့်စံက ဖခင်၏ရင်ခွင်ထဲတွင် အကြောက်မပြေသေး၍ ဖခင်ကိုဖက်ထားရင်း ငိုနေခဲ့သည်။

"ဖေဖေ...မေမေ..မေမေ့ကို ကယ်ပါဦး"

ဖူးပွင့်စံက ဖခင်ဖြစ်သူ၏ရင်ခွင်ထဲမှရုန်းထွက်၍ မိခင်ဖြစ်သူကို ပွေ့ထူလိုက်သည်။

"မေမေ.....မေမေ သတိထားဦး မေမေရယ်"

"သမီး..သမီး အမေ့ကိုအပြစ်မမြင်ပါနဲ့ကွယ်"

ဒေါ်သိုင်းက သမီးဖြစ်သူကို ခါးလည်သိုင်းဖက်ထားရင်း သမီးဖြစ်သူ၏ပါးပြင်ကို ကြိုးစား၍နမ်းလိုက်၏။

"ကဲ...ဒဏ်ရာရရှိထားသူတွေကို ဆေးရုံကို အမြန်ပို့ကြမယ်"

ရဲအရာရှိက တပ်ဖွဲ့ဝင်များကို အမိန့်ပေးလိုက်၏။ လူနာတင်ကားရောက်လာချိန်ဝယ် ဒဏ်ရာရရှိထားသူများကို ဆေးရုံသို့ပို့ရန် စီစဉ်ကြသည်။

ရဲအရာရှိက ရဲဆေးစာပြုလုပ်၍ ဆေးရုံသို့ ချက်ချင်းပို့သည်။

လူ့အသက်ကိုကယ်တင်ရန် ရဲတပ်ဖွဲ့တွင် တာဝန်ရှိသည်။ ပြန်လည်ကျန်းမာလာချိန်တွင် ဥပဒေအရ အရေးယူနိုင်ရန် ရဲတပ်ဖွဲ့ကပင် ဆောင်ရွက်ရမည်ဖြစ်သည်။

"ဖေဖေ.....လာလေ၊ မေမေ့ကို ဆေးရုံပို့တော့မယ်၊ ဖေဖေပါ လိုက်ခဲ့နော်"

ဖူးပွင့်စံက သူမ၏အဖေလက်ကိုဆွဲကိုင်၍ လူနာတင်ကားနှင့်အတူ လိုက်ရန်ခေါ်သည်။

ဦးပြည့်မောက်မှာ ဒေါ်သိုင်းကို စိတ်နာနေခဲ့သူဖြစ်သည်။ နာကြည်းစိတ်ကြောင့် ခေါင်းခါပြလိုက်၏။

"လာပါ ဖေဖေရယ်၊ မေမေက ဒဏ်ရာကြီးနဲ့ပါ"

"လူနာတင်ကားကလူပိုလိုက်ရင် အခက်အခဲဖြစ်လိမ့်မယ်၊ သမီးပဲလိုက်သွားပါ၊ ဖေဖေက ရဲကားနဲ့ လိုက်ခဲ့မယ်"

ဖူးပွင့်စံမှာ ဖခင်၏အကြောင်းကိုသိ၍ အတင်းအကျပ် မတိုက်တွန်းတော့ပေ။

မိခင်အနီးတွင် ထိုင်လျက်လိုက်ပါ၍ အားပေးစကားပြောနေခဲ့သည်။

ဦးပြည့်မောက်မှာ သမီးနှင့် မိခင်၏ သံယောဇဉ်ကို အသိအမှတ်မပြုဘဲ မနေနိုင်တော့ပေ။ ရင်မှလွယ်မွေးသော မိခင်အနေဖြင့် သမီးကို သံယောဇဉ်တွယ်သည်မှာ ဓမ္မတာပင်ဖြစ်သည်။

သမီးဖြစ်သူမှာ မိခင်၏ဝမ်း၌ မိခင်၏သွေးဖြင့် အသက်ရှင်ကြီးထွား၍ ဖွားမြင်ခဲ့ရသူဖြစ်သည်။ အမိဝမ်းမှ ပြင်ပသို့ ရောက်ရှိလာချိန်တွင် မိခင်၏နို့ရည်ကိုသောက်သုံး၍ ကြီးထွားခဲ့ရသည်။

ဖူးပွင့်စံ၏ ခန္ဓာကိုယ်ထဲတွင် မိခင်ဖြစ်သူ၏သွေးက အပြည့်ရှိနေသည်။ သွေးချင်းနှောနေသည့်အတွက် သံယောဇဉ်က အဆမတန်ကြီးမားသည်။ သံယောဇဉ်ကို မည်သို့မျှ ဖြတ်၍မရနိုင်ပေ။

သွေးချင်းနှီးနှောနေသော သမီးနှင့် မိခင်တို့၏ အပြန်အလှန်သံယောဇဉ်ကို ဖြတ်တောက်ရန် မလွယ်ကူကြောင်း ဦးပြည့်မောက်က သတိပြုလိုက်မိသည်။

ဦးပြည့်မောက် ဆေးရုံသို့ ရောက်ရှိသွားချိန်တွင် ခွဲစိတ်ခန်းရှေ့၌ တစ်ဦးတည်းထိုင်လျက်ငိုနေသော ဖူးပွင့်စံကို တွေ့လိုက်ရ၏။

ဖူးပွင့်စံက ဖခင်ကိုတွေ့သည်နှင့် ချုံးပွဲချငိုတော့သည်။

"တိတ်ပါ သမီးရယ်၊ ဖြစ်ပြီးတာတွေ ဖြစ်ပြီးခဲ့ပြီပဲ"

"ဖြစ်သင့်တာမဟုတ်ဘူး ဖေဖေ၊ မဖြစ်သင့်တာတွေ ဖြစ်ခဲ့ရတာပါ"

"ဘယ်လို.....သမီးပြောတာ ဖေဖေ သဘောမပေါက်ဘူး"

ဦးပြည့်မောက်က သမီး၏ပြောစကားကို နားမလည်နိုင်ကြောင်း ပြောလိုက်၏။ သမီးဖြစ်သူ ဖူးပွင့်စံက ဖခင်ဖြစ်သူကို ခပ်စိန်းစိန်းပြန်ကြည့်ရင်း မဲ့ပြုံးကိုပြုံးလိုက်သည်။

"ဖေဖေဟာ အတ္တဆန်လွန်းတယ်လို့ သမီးထင်တယ်"

"ဘယ်လိုကြောင့် ဖေဖေ့ကို ရန်တွေ့နေရတာလဲ သမီး"

ထိုအချိန်၌ပင် ဆေးရုံသို့ ဦးပြည့်မောက်၏တပည့်တစ်ဦးရောက်လာသည်။

"ဆရာ ကျွန်တော့်ကို မှတ်မိရဲ့လား"

"နေပါဦး၊ မင်းက....."

ဦးပြည့်မောက်က မမှတ်မိ၍ ထစ်ထစ်အအဖြင့် ပြန်မေးလိုက်၏။

"ကျွန်တော်က ဆရာ့တပည့် အောင်ကျော်မိုးပါ ဆရာ"

"ဩော်...မင်းက ဗိုလ်မှူးကြီး

www.burmeseclassic.com

ဝတ်စုံနဲ့ဆိုတော့ ရုတ်တရက် မမှတ်မိခဲ့ဘူးကွဲ့”

“ဟုတ်ကဲ့ပါ ဆရာ၊ ဆရာက တပည့်ပေါင်းများစွာနဲ့ ဆက်ဆံရသူဆိုတော့ တစ်ယောက်တည်းဖြစ်တဲ့ ဆရာ့ကိုသာ တပည့်တွေက မှတ်မိတာပါ ဆရာ”

“အေး...အေး၊ သူက ငါ့သမီး ဖူးပွင့်စံတဲ့”

“ဟုတ်ကဲ့ပါ ဆရာ၊ ဖူးပွင့်စံရဲ့အမေက သနားစရာပါ၊ သူ့ကို ဆရာ့အနေနဲ့အပြစ်လို့မမြင်သင့်ဘူး”

“ဘယ်လို ..မင်းပြောတာက”

“ဟုတ်ကဲ့ပါ ဆရာ၊ ဒီဆေးရုံက ဆေးရုံအုပ်ကြီးရုံးခန်းထဲကို ခဏလိုက်ခဲ့ပေးပါ ဆရာ၊ ကျွန်တော်ကိုယ်တိုင် စစ်ဆေးသိရှိရသမျှကို ဆရာ့ကို ရှင်းပြချင်ပါတယ်”

“ဘယ်လိုလဲ အောင်ကျော်မိုး၊ ဖူးပွင့်စံရဲ့အမေက ခွဲစိတ်ခန်းထဲမှာလေ၊ မင်းက ဘယ်အချိန်က စစ်ဆေးခဲ့လို့လဲ”

“ဒီလိုပါ ဆရာ၊ ဒေါ်သိုင်းရဲ့ အခြေအနေက စိုးရိမ်ရတယ်၊ ဒါကြောင့် ဆရာဝန်ကြီးတွေရဲ့ ခွင့်ပြုချက်နဲ့ သေတမ်းစစ်ချက်ကို အရေးပေါ် စစ်မေးခဲ့တာပါ ဆရာ”

ဦးပြည့်မောက်က သဘောပေါက်သွားခဲ့သည်။ ဒုရဲမှူးကြီး အောင်ကျော်မိုး ခေါ်ဆောင်သည့် ဆေးရုံအုပ်ကြီးရုံးခန်းထဲသို့ လိုက်သွားခဲ့သည်။

ဆေးရုံအုပ်ကြီးရုံးခန်းသို့ ရောက်သောအခါ ဆရာဦးပြည့်မောက်ကို လက်ထောက်ဆေးရုံအုပ်ကြီး ဦးမျိုးချစ်က ဝမ်းပန်းတသာ ကြိုဆိုခဲ့သည်။

“ဆရာ ကျွန်တော်က ဆရာ့တပည့်ဟောင်း မျိုးချစ်ပါ ဆရာ။ ဆရာ့ရဲ့ ကျူရှင်တပည့်တစ်ယောက်ပါပဲ”

“ဩော်.....တွေ့ရတာ ဝမ်းသာပါတယ်ကွယ်”

“ဟုတ်ကဲ့ပါဆရာ၊ ကျွန်တော်နဲ့ ဒုရဲမှူးကြီး အောင်ကျော်မိုးတို့က ဆရာ့တပည့်ဟောင်းတွေပါပဲ၊ ဆရာနဲ့တွေ့တုန်း ဆရာ့ရဲ့နာကျင်မှုဝေဒနာတွေကို ကုသပေးချင်လို့ပါ”

“ဆိုစမ်းပါဦးကွာ”

§ § §

“ဆိုစမ်းပါဦးကွာ”

“ဒီလိုပါ ဆရာ၊ လူဆိုတာ ရည်ရွယ်ချက်တစ်ခုနဲ့ ဘဝကို ရပ်တည်နေကြတာပါ၊ ရည်ရွယ်ချက်ခရီးသည်ဟာ တစ်ခါတစ်ရံ ကိုယ့်ပတ်ဝန်းကျင်ကို သတိမထားနိုင်ကြလို့ လောကမှာ မဖြစ်သင့်တဲ့ကိစ္စတွေ ဖြစ်တတ်၊ ကြုံတတ်၊ ခံစားတတ်ရပါတယ်”

ဒုရဲမှူးကြီး အောင်ကျော်မိုးက စကားပလ္လင်ခံပြီး ပြောခဲ့၏။

ဦးပြည့်မောက်က ဘဝကိုယ်စီ၊ အသိကိုယ်စီရှိနေကြသော တပည့်နှစ်ဦး၏ အကြံပြုပြောပြချက်များကို တလေးတစားဖြင့်နားထောင်ပေးခဲ့၏။

“အထူးသဖြင့် ဆရာ့ရင်ထဲက အမုန်းစိတ်က သမီးဖြစ်သူ ဖူးပွင့်စံကိုထိခိုက်နာကျင်မှုဖြစ်စေခဲ့ကြောင်း ရှင်းပြလိုပါတယ် ဆရာ”

“အင်း.....မင်းတို့ရဲ့အမြင်ကို ပြောပြပါဦး”

“ကျွန်တော်တို့ စုံစမ်းချက်၊ စစ်ဆေးသိရှိချက်က ဒေါ်သိုင်းဟာ သနားစရာလို့ မြင်မိပါတယ်”

“တော်ကွာ၊ သစ္စာမရှိတဲ့မိန်းမကို မင်းတို့က အမွှမ်းတင်နေတယ်၊ တခြားစကားပြောကွာ”

“ပြောပါ့မယ် ဆရာ၊ ကျွန်တော်တို့ရှင်းပြတာကို ဆရာက နားထောင်ပြီးမှ ဆရာ့အကြိုက်စကားတွေကို ပြောပြပါ့မယ်၊ ခေတ္တတော့ သည်းခံပေးပါ ဆရာ”

ဒုဆေးရုံအုပ်ကြီး ဒေါက်တာ မျိုးချစ်က ပွင့်ပွင့်လင်းလင်းပင်ပြောပြလိုက်၏။

“ဆရာဟာ အင်မတန်မှ ဂုဏ်သိက္ခာကြီးတဲ့ ကျောင်းဆရာတစ်ယောက်ပါ၊ တပည့်တွေအပေါ်ထားတဲ့ ဆရာ့စေတနာတွေက မွေးဖခင်တစ်ဦးလို့တောင် ခေါ်ဆိုထိုက်ပါတယ်”

“အင်း.....ချီးကျူးပြီးရင်တော့ အောက်ကိုပစ်ချတော့မယ်ထင်တယ်”

“အဲဒီလိုမဟုတ်ဘူး ဆရာ၊ ဆရာ့ရဲ့လိုအပ်ချက်ကို ဆရာကိုယ်တိုင် သတိမမူမိလို့ တပည့်တစ်ဦးအနေနဲ့ အကြံပြုဆွေးနွေးတာပါ”

“ကဲ.....မင်းတို့ပြောသမျှ နားထောင်မယ်၊ မင်းတို့ ပွင့်ပွင့်လင်းလင်း ပြောပြနိုင်တယ်”

ဆရာဖြစ်သူက စိတ်လျှော့လိုက်ပြီဖြစ်၍ တပည့်နှစ်ဦးက ဝမ်းသာအားရဖြစ်သွားခဲ့ကြသည်။

“ဒီလိုပါ ဆရာ၊ ဆရာ... ပညာရေးနဲ့ စီးပွားရေးမှာပဲ စိတ်ရောကိုယ်ပါ နှစ်မြှုပ်ထားသူပါ

www.burmeseclassic.com

www.burmeseclassic.com


ီလို နှစ်မြှုပ်ထားလို့ ဖနီးသည် အတွက် အကြင်နာအယုအယတွေ ျက်ကွက်ခဲ့တယ်၊ ပြီးတော့ နှစ် ည်လများ နေ့စဉ် အိမ်ထဲမှာတစ် ယောက်တည်းထားပြီး အထီးကျန် ဖြစ်အောင် လုပ်ခဲ့မိမှန်းမသိဘဲ လုပ် ခဲ့မိတယ်''

''ယောကျ်ားဆိုတာ အိမ်ရဲ့စီး ွားရေးကို ဦးဆောင်ရသူပဲ၊ လူ ာန်းစေ့ထားနိုင်ဖို့ဆိုတာ ငွေဘက်က ချိန်တွေအများကြီး ရင်းနှီးပေး ည်ရတယ်ကွ''

''မှန်ပါတယ်၊ ဆရာက ခေါင်း ာ်စိုက်နဲ့ ရှေ့ကိုလျှောက်နေသူဖြစ် ို အနီးရှိလူရဲ့ခံစားချက်ကို သတိ ထားလိုက်နိုင်ဘူး''

''အင်း.....ဖြစ်ချင်ဖြစ်နိုင်ပါ တယ်''

''အဲဒီအချိန်မှာ ဇနီးဖြစ်သူက ရဲ့ဘဝလုံခြုံရေးကိုတောင် အသိ တ်မပြုပါလားလို့ခံစားချက်စိတ် ဖြစ်ခဲ့တယ်၊ အဲဒီစိတ်ကြောင့် ထီးကျန်သူရဲ့ ခံစားချက်နဲ့ လမ်း ရောက်သွားခဲ့ပါတယ် ဆရာ''

''ဒါပေမဲ့ကွာ သမီးလေးရှိနေ သားသမီးတွေအပေါ်ထားရှိတဲ့ ာဇဉ်ဟာ အိမ်ထောင်ရေးပြို ကို ဖယ်ရှားနိုင်တယ်''

''မဟုတ်ဘူး ဆရာ၊ အသွေး ဆိုတဲ့ တောင့်တဖြည့်ဆည်း ကွက်ရင်လည်း အိမ်ထောင် အလွယ်တကူ ပြိုလဲတတ် အဲဒါကြောင့် ဒေါ်သိုင်းအပေါ် တဲ့ နာကြည်းစိတ်ကို လျှော့ လို့တောင်းပန်ချင်ပါတယ်''

ဆေးရုံအုပ်ကြီး ဒေါက်တာ မျိုးချစ်၏စကားအဆုံးတွင် ဒုရဲမှူး ကြီး အောင်ကျော်မိုးက ရှင်းပြခဲ့၏။

''မူးယစ်ဆေးဝါးသမားတွေ ဟာ အတ္တကြီးတယ်၊ အငြိုးကြီး တယ် ဆရာ၊ ဒေါ်သိုင်းတို့ အဖမ်း ခံရစဉ်က ပါရှိဆုံးရှုံးသွားတဲ့ မူးယစ် ဆေးဝါးတန်ဖိုးတွေကို ပြန်လိုချင်လို့ ဒေါ်သိုင်း ထောင်ကအထွက်မှာ သားကောင်အဖြစ် သိမ်းသွင်းချုပ် ကိုင်ခဲ့တယ်''

''မင်းထိုက်ဆိုတာက ဘယ်သူ လဲ''

''မင်းထိုက်ဆိုတာ ဥက္ကာအောင် ရဲ့တပည့်ပါ၊ ဒေါ်သိုင်းရဲ့ မိသားစု အိမ်ထောင်စုစာရင်းမိတ္တူကိုရအောင် ကြံဖန်ပြီး အမေ့ကိုသိပ်တွေ့ချင်တဲ့ ဖူးပွင့်စံကို လှည့်စားခဲ့တာပါ''

''အင်း.....သမီးကမှ မစဉ်းစား ဘဲ''

''မဟုတ်ဘူး ဆရာ၊ သွေး သားတော်စပ်မှုစိတ်က မီးတောင်ကို လည်း ကျော်ရဲပါတယ်၊ ဖူးပွင့်စံကို မိခင်ရဲ့သံယောဇဉ်နဲ့ အသက်ချင်းလဲ ပြီး အကာအကွယ်ပေးခဲ့တဲ့ ဒေါ် သိုင်းကို ဆရာ့အနေနဲ့ ချီးကျူး စကားဆိုဖို့ မမေ့သင့်ဘူး ဆရာ''

ဒုရဲမှူးကြီး အောင်ကျော်မိုး၏ ရှင်းပြချက်များကို ဆရာဦးပြည့် မောက် နားထောင်နေစဉ်မှာပင် သူနာပြုဆရာမတစ်ဦး အခန်းထဲသို့ ဝင်ရောက်လာပြီး သတင်းပို့ခဲ့သည်။

''ဒေါက်တာ ဒေါ်သိုင်းဆုံးသွား ပါပြီ''

သူနာပြုဆရာမ၏ သတင်းပို့ စကားမဆုံးမီ ဆရာဦးပြည့်မောက် မှာ အခန်းထဲမှ ပြေးထွက်သွားခဲ့၏။

ဖူးပွင့်စံမှာ မိခင်၏အလောင်း ကိုဖက်ပြီး ငိုနေသည်ကို တွေ့လိုက် ရ၏။ သမီးကို အသာအယာကိုင် ရင်း ချော့ခဲ့ရသည်။

''ဖေဖေ.....မေမေ ဆုံးပြီ''

''သမီးရယ် ဖေဖေရှိနေတာပဲ''

''ဖေဖေရှိပေမယ့် သမီးက မေ မေ့လိုပဲ အထီးကျန်ဖြစ်နေဦးမှာပဲ''

''ဖေဖေလေ သမီးကို အဲဒီလို မဖြစ်စေဖို့ ကတိပေးပါတယ်''

ဦးပြည့်မောက်က သမီးဖြစ်သူ ကို လွှတ်ခနဲ ကတိပေးလိုက်၏။ ကတိစကားသည် ရင်ထဲမှ အလိုလို ထွက်လာသည်ဖြစ်၏။

ဒေါ်သိုင်းသာ ကြားမိလျှင် သမီးအတွက် မည်မျှဝမ်းသာခဲ့လေ မည်နည်း။ ထိုအသိတရားမျိုး လွန် ခဲ့သော ၁၀ နှစ်ကျော်က ရရှိခဲ့လျှင် ဆရာဦးပြည့်မောက်၊ ဒေါ်သိုင်းနှင့် သမီးဖြစ်သူ ဖူးပွင့်စံတို့၏ဘဝသည် ချမ်းမြေ့သာယာမည်မှာ ကေန်မလွဲ ဖြစ်ပေသည်။

လေးစားစွာဖြင့်
နွေအလွန်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com


☐

၁၉၈၄ ခုနှစ်ကဖြစ်သည်။

မင်္ဂလာတောင်ညွန့်ရဲစခန်း ...ခု မင်္ဂလာတောင်ညွန့်မြို့မရဲ ...း)မှာ ကျွန်တော် တာဝန်မှူး ...တဲ့နေ့တစ်နေ့ပါ။

မအူကုန်းထိပ်၊ ၁၁၉ လမ်းထဲ ... ညစ်ညမ်းဗီဒီယိုပြနေတယ်လို့ ...ယ်လီဖုန်းသတင်းပေးလာပါ ... တာဝန်ကြပ်ကြီး ဆရာကြည် ...နဲ့ အသင့်ရဲဘော်နှစ်ယောက် ...ပြီး သပြေကုန်းရပ်ကွက်လူကြီး ...ကို အရင်သွားခဲ့ပါတယ်။

ရပ်ကွက်ဥက္ကဋ္ဌ(ယခု အုပ်ချုပ် ...း) လမ်းလူကြီးတို့ကိုခေါ်ပြီး ...င်းရထားတဲ့ အိမ်အမှတ်(--) ...ွက်လာခဲ့ပါတယ်။ အဲဒီအိမ် ... အလွယ်တကူတွေ့ပါတယ်။ ...ားဖြစ်တဲ့အတွက် အိမ်ထဲဝင် ...ည်း လွယ်လွယ်လေးပါ။ ...ကြည့်နေကြတဲ့သူတွေအများ ...ွေ့ရပါတယ်။ ကျွန်တော်တို့ ...ဝင်စစ်ဆေးတဲ့အချိန်မှာ ထွက်ပြေးတဲ့သူ တစ်ယောက်မှမရှိပါဘူး။ တစ်ခုရှိတာက ကျွန်တော်တို့က အရပ်ဝတ်နဲ့လာတာမို့ ဖြစ်နိုင်ပါတယ်။

ပရိသတ်ကြား ဝင်ကြည့်လိုက်တယ်။ ညစ်ညမ်းခွေဆိုတာ ဖြစ်နိုင်တယ်။ မြင်ရတဲ့အခန်းက အဲဒီသဘောတွေနေတာပဲ၊ အိမ်ရှင်ရော၊ အားလုံးရော ဘယ်သူမှ ရဲတွေရောက်နေတာ မသိကြပါဘူး။ ကျွန်တော်နဲ့ပါလာတဲ့ တပ်ဖွဲ့ဝင်တွေလည်း ဗီဒီယိုကားကို ကြည့်နေကြပါတယ်။

"ဟာ.....ဥက္ကဋ္ဌကြီးနဲ့ ရဲစခန်းက ဆရာတို့ပါလား၊ ဒီမှာဝင်ထိုင်ပါ"

အိမ်ရှင်လူငယ်တစ်ယောက်က ကျွန်တော်တို့ကို နေရာပေးခဲ့ပါတယ်။ ကျွန်တော်တို့လည်း ဝင်ထိုင်ကြတယ်။ တာဝန်ကြပ်ကြီးက အပေါက်ဝပိတ်ရပ်ထားတာကြောင့် အေးအေးဆေးဆေးလုပ်လို့ရတာပါ။

"မကောင်းတဲ့ကားမဟုတ်ပါဘူး၊ ရိုးရိုးကားပါ ဆရာ"

တာဝန်ကြပ်ကြီးက ကျွန်တော့်နားကပ်ပြောပါတယ်။ ဗီဒီယိုကားကို ကျွန်တော်ဆက်ကြည့်တော့ တာဝန်ကြပ်ကြီးပြောတာ ဟုတ်မှန်ကြောင်းတွေ့ရပါတယ်။ ဟိုအခန်းက သဘောလေးသာပါတာပါ။

"ဥက္ကဋ္ဌကြီးတို့ နေချင်နေခဲ့ပါ၊ ကျွန်တော်တို့ ၁၂၄ လမ်းဘက်က လှည့်ပြန်တော့မယ်"

ကျွန်တော်ပြောတာ သဘောပေါက်တာကြောင့် ဥက္ကဋ္ဌကြီးတို့ ရယ်ပြီးကျန်ခဲ့ပါတယ်။ ကြက်လျှာစွန်းဒံပေါက်ဆိုင်က ပိတ်နေပါပြီ။ ၁၂၄ လမ်းထိပ်မှာ ရဲဘော်တွေက ချပါတီစားချင်တယ်ဆိုလို့ မိုးတိုးမတ်တတ် စားလိုက်ကြတယ်။

အပြန်မှာ လမ်း၁၂၀ ဘက်က လမ်းလျှောက်ပြန်လာကြတယ်။ နေဝင်နေပါပြီ၊ ဓာတ်တိုင်မီးတွေတောင် လင်းနေပါပြီ။ သိပ်တော့မမှောင်သေးပါ။ လမ်း ၁၂၀ အဆုံးနားကို ရောက်ခါနီးမှာ အနောက်ဘက်က အော်သံဟစ်သံ ကြားလိုက်ရတယ်။

"ခါးပိုက်နှိုက်"

ရှေ့ကပြေးသူပြေး၊ နောက်က လိုက်တဲ့သူလိုက်နဲ့ ကျွန်တော်တို့ဘက်ဆီ ဦးတည်နေတာပါ။

ကျွန်တော်တို့ ဆီးဖမ်းဖို့ ပြင်ဆင်လိုက်ကြတယ်။ ကျွန်တော်တို့နားမရောက်မီ ရှေ့ကပြေးလာတဲ့သူက နေအိမ်တစ်ခုအတွင်း ဝင်ပြေးတာ တွေ့လိုက်ရပါတယ်။ လမ်း ၁၂၀ မှာ ခြံဝင်းကျယ်ကျယ်မရှိပါ

www.burmeseclassic.com



ဘူး။ အိမ်ချင်းဆက်နေတဲ့ အနေအထားပါ။

တပ်ကြပ်ကြီး ကြည်သိန်းနဲ့ ရဲဘော်တစ်ဦးက ထက်ကြပ်မကွာဝင်လိုက်သွားပါတယ်။ အိမ်အောက်ထပ်ကိုတိုးဝင်လို့ ခြေတံရှည်အိမ်အောက်အထိ လိုက်ဝင်ကြရပါတယ်။ တရားခံကို ဆွဲခေါ်လာကြပါတယ်။

"ကျွန်မဆွဲကြိုး ပါသွားပါတယ်"

တရားလိုအမျိုးသမီးလည်း အမောတကောနဲ့ ရောက်လာပါတယ်။ ဒါကြောင့် တရားခံရဲ့ကိုယ်ပေါ်မှာ ကျွန်တော်တို့ရှာကြပါတယ်။ တစ်ကိုယ်လုံးအနှံ့ရှာပေမယ့် ဘာမှမတွေ့ပါဘူး။ သူ့အိတ်ထဲမှာ သူ့ပိုက်ဆံ အနည်းငယ်သာတွေ့ရပါတယ်။

ဆွဲကြိုးဖြတ်ခံရတဲ့အမျိုးသမီးကို ကျွန်တော် ရဲတပ်ဖွဲ့ကပါလို့ပြောပြီး ဘယ်လိုဘယ်ပုံဖြစ်တာကိုမေးရပါတယ်။ ဘတ်စ်ကားပေါ်မှာ ဆွဲကြိုးဖြတ်ပြေးလို့ ဆင်းလိုက်လာတာလို့ပြောပြပါတယ်။ တပ်ကြပ်ကြီး ကြည်သိန်းက တရားခံကိုကိုင်ထားပြီး ရဲဘော်နှစ်ယောက်ကို တရားခံဝင်ပြေးတဲ့အိမ်အောက်မှာ သက်သေခံပစ္စည်းရွှေဆွဲကြိုး ဝင်ရှာခိုင်းပါတယ်။ အိမ်ရှင်ရဲ့သားတစ်ယောက်ကိုလည်း သက်သေအဖြစ်ဝင်ခိုင်းပါတယ်။

အိမ်က တော်တော်နိမ့်ပါတယ်။ လက်နှိပ်ဓာတ်မီးနဲ့ နာရီဝက်ကြာလောက်ရှာပါတယ်။ ဘာမျှမတွေ့ပါဘူး။ ရဲဘော်တစ်ယောက်က စိတ်မရှည်နိုင်အောင်ဖြစ်နေပါတယ်။ ကျွန်တော်က ပြည်သူ့ရှေ့မှောက်မှာ မသင့်လျော်တာမလုပ်မိဖို့ အချိန်မီတားလိုက်ရတယ်။

မင်္ဂလာတောင်ညွန့်ရဲစခန်းကို တရားလိုရော၊ တရားခံပါ ခေါ်လာ



ပါတယ်။ အရုပ်ထဲမှာ တစ်ခုခုဆိုင်းကြည့်ကြတယ်။ ကလေးတွေသာမကပါဘူး။ လူကြီးတွေရော၊ တွေ့တဲ့၊ ကြားတဲ့လူတိုင်းပါပဲ။

ရဲစခန်းရောက်တော့ ဂါတ်စာရေးကြီး ဆရာချစ်ရွှေကို အမှုဖွင့်ခိုင်းပါတယ်။ စခန်းမှူးအခန်းထဲမှာ အသင့်တွေ့တဲ့ စခန်းမှူး ရဲအ... ကျော်မြတ်သူကိုလည်း ကျွန်တော... က ဗီဒီယိုကိစ္စပါ သတင်းပို့လိုက်... တယ်။

ကျွန်တော်တို့စခန်းမှာ တာ... မှူးကျတဲ့နေ့မှာ တက်တဲ့အမှုကို ... ဝန်မှူးကပဲ စစ်ရတာမို့ အခုခါးပိုက်... နှိုက်မှု First Information Report ... ၈၉၇/၁၉၈၄ ပြစ်မှုပုဒ်မ ၃၇၉(... အမှုကို ကျွန်တော်ပဲစစ်ရပါတ... ခါးပိုက်နှိုက်ကို ပထမဆုံး... ဖမ်းဘူးတဲ့အမှုမှာ သက်သေခံပ... ရှေ့တွင်ပျောက်နေတာမို့ ကျွန်တော်... မပျော်နိုင်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



နယ်ထိန်း ဆရာသန်းထွန်းတို့
လာတဲ့အမှုဆိုရင် အားလုံးပြည့်
တယ်။ စစ်ဆေးဖို့ သက်သေပင်
လာတတ်ပါတယ်။ ကျွန်တော့်အမှု
ဖြင့် အစမကောင်း၊ အနှောင်း
သေချာလို့ ဆိုရပေမယ်။ ကိုယ့်ငါး
ကိုယ်မချဉ်နိုင်တာမျိုးပါ။

+++

တရားလိုအမျိုးသမီးထွက်ဆို
က် မှန်ပါလိမ့်မယ်။ ဘတ်စ်ကား
ပေါ်မှာ ဆွဲကြိုးအဖြတ်ခံရတယ်ဆို
ာ ကျွန်တော်လက်ခံပါတယ်။
ကြာခဏဆိုသလို ကျွန်တော်တို့
တွေ့နေရတဲ့ ဖြစ်မှုတစ်ခုပါပဲ။
င်းဖြစ်ကားကိုလည်း ကျွန်တော်
ဖွေစစ်ဆေးခဲ့ပါတယ်။ စပယ်ယာ
မျက်စိနဲ့မမြင်လိုက်ပေမယ့် ဖြစ်
ချင်းကြားလိုက်ကြောင်း၊ တရား
င်းပြေးတာကိုမြင်လိုက်ကြောင်း၊
လိုက်ကြကြောင်း၊ တရားခံက
မ်းကြိုလမ်းကြားပြေးတဲ့သဘော
ကြောင်း၊ တရားခံမျက်နှာကို
တ်မိပေမယ့် ပိန်ပါးပါး၊ အရွယ်
ာင်းဖြစ်ကြောင်း၊ ဆွဲကြိုးဖြတ်
တဲ့ အမျိုးသမီးချောချောကို
ည်း ကောင်းကောင်းမှတ်မိတဲ့
ကြောင်း ထွက်ဆိုပါတယ်။

ဂျပန်(ခ) မျိုးကြည်ကို နောက်
စ်ရက်မှာ ရမန်ယူပါတယ်။ တရား
ကို အချိန်ရတိုင်း ထုတ်စစ်ပါ
ယ်။ ရွှေဆွဲကြိုးပြန်ရမှ တရားလို
မျိုးသမီးအပေါ် ကျွန်တော် တာ
ကျေမှာပါ။ ဂျပန်(ခ)မျိုးကြည်က

**ဂျပန်ဟာ**
**ရိုးကောင်းပါတယ်။**
**ဝတ်ကောင်းစားလှ**
**ဝတ်တတ်တယ်။**
**ဥပဓိရုပ်မှာလည်း**
**ခါးပိုက်နှိုက်ရယ်လို့**
**ပြောရက်စရာမရှိပါဘူး။**
**စကားပြောရာမှာ**
**အသံသြဇာ**
**အပြည့်**

...

က ကျွန်တော်တို့ရဲ့တပ်ဖွဲ့ကို မျက်
လှည့်ပြနေပါတယ်။ ဆွဲကြိုးကိုအခု
ဖြတ်ပြီး အခုဖျောက်ပစ်လိုက်တာ
မျိုးက လက်ခံနိုင်စရာအကြောင်း
မရှိပါဘူး။

"ဂျပန် မင်းနဲ့ဘော်ဒါပါလာ
သလား၊ ဆွဲကြိုးကို ဘော်ဒါကိုပေး
လိုက်တာလား ပြော"

"မပါပါဘူး ဆရာ၊ ကျွန်တော်
တစ်ယောက်တည်းပါ"

ဖြစ်တော့ဖြစ်နိုင်ပါတယ်။
တရားလိုအမျိုးသမီးက နောက်က
ထက်ကြပ်မကွာ လိုက်လာတာမို့
မျက်စိတစ်ဆုံး ပြေးနေခဲ့တာပဲ။
ကျွန်တော်တို့ကလည်း ဆီးဖမ်းနိုင်
တာပဲ။ ဝင်ပြေးတဲ့အိမ်မှာလည်း ရှာ
ဖွေတာ အကြိမ်မနည်းတော့ပါဘူး။
ပတ်ဝန်းကျင်မှာလည်း ပိုက်စိတ်
တိုက် ရှာပြီးပါပြီ။

"ဂျပန် ပစ္စည်းကို ဘယ်မှာ
ဝှက်ထားသလဲ၊ မင်းမပြောဘဲနေလို့
ပြီးသွားမယ်ထင်လို့လား"

"ကျွန်တော် ဝှက်မထားပါဘူး
ဆရာ"

"ဒါဖြင့် ဘယ်မှာလဲ"

"ကျွန်တော့်လက်ထဲမှာ မရှိ
တော့ပါဘူး ဆရာ"

"ဂျပန် မင်းသေတော့မယ်"

ကျွန်တော် ဂျပန့်ရဲ့ကျောကို
လက်ဝါးနဲ့တစ်ချက်လှမ်းပုတ်လိုက်
ပါတယ်။ တပ်ကြပ်ကြီး ကြည်သိန်း
လည်း ဂျပန့်ကို အချိန်ရတိုင်း ဝင်
စစ်ပါတယ်။ နယ်ထိန်းအဖွဲ့က ဆရာ
ညွန့်ကြည်တို့၊ မောင်အောင်ကြည်
တို့လည်း လာစစ်ကြပါတယ်။ ကျွန်
တော်က ကိုယ့်အမှုဆိုတော့ ဒီပြင်
အမှုတွေ ခဏရပ်ထားပြီး ဂျပန်နဲ့
သာ အချိန်ပေးနေရတယ်လေ။

"ဆရာချစ်ရွှေ ဂျပန်(ခ)မျိုး
ကြည်ရဲ့အိမ်က ဘယ်သူတွေ့

www.burmeseclassic.com

www.burmeseclassic.com

သလဲ၊ သတိထားပြီး ကျွန်တော့်ကို ပြန်ပြောပါဦးနော်''

ဂါတ်စာရေး တပ်ကြပ်ကြီး ချစ်ရွှေကို ကျွန်တော်သွားမေးတာပါ။ တစ်စုံတစ်ခု ထူးခြားမလားဆိုပြီး အကူအညီတောင်းရပါတယ်။ ဆရာချစ်ရွှေက စိတ်ချပါလို့ ပြောပါတယ်။ ဆရာချစ်ရွှေဟာ ရိုးသားဖြူစင်တဲ့ ဂါတ်စာရေးကောင်းတစ်ယောက်ပါ။ ရဲဟောင်းကြီး တပ်ကြပ်ကြီး လှထွန်းထံ တပည့်ခံထားတဲ့ ဆရာမောင်တင်တို့၊ ဆရာချစ်ရွှေတို့ဟာ ရဲလုပ်ငန်းတွေ တော်တော်ကျွမ်းကျင်ကြတာတွေ့ရပါတယ်။

+++

''ဆရာတို့ ဂျပန်(ခ)မျိုးကြည်ကို ဘယ်သူမှလာမတွေ့ဘူး။ ဒီနှစ်ရက်အတွင်းပေါ့၊ နောက်နေ့တွေကိုလည်း ကျွန်တော် စောင့်ကြည့်ပါ့မယ်''

ဆရာချစ်ရွှေက သတင်းပေးလာပါတယ်။ ကျွန်တော် ချုပ်ရမန်အမှုတွေ လုပ်လို့ပြီးသွားတာနဲ့ ထမင်းစားပြီး အမှုစစ်အခန်းမှာ အလုပ်စပါပြီ။ ဂျပန့်ကို အချုပ်ခန်းက ထုတ်စစ်ခဲ့ပါတယ်။ စခန်းရှေ့က လက်ဖက်ရည်ဆိုင်မှာ ကော်ဖီချိုပေါ့လေး မှာသောက်ခဲ့ပါတယ်။ ဂျပန့်ကိုလည်း နေ့စဉ်လိုလို လက်ဖက်ရည်တစ်ခွက်၊ မုန့်တစ်ခု မှာကျွေးနေကျပါ။

''ဂျပန်၊ မင်း ဘယ်သူနဲ့နေတာလဲ၊ မင်းမိသားစုအကြောင်း ငါသိချင်တယ်''

''ကျွန်တော်အဖမ်းခံရတဲ့အကြောင်း အိမ်ကိုမပြောပါနဲ့ဆရာ၊ အိမ်ကလူတွေကိုလည်း ဆရာ ဘာခေါ်လုပ်မလို့လဲ၊ ရွှေဆွဲကြိုးကိစ္စအတွက်လား ဆရာ''

''မင်းငါ့ကို အထင်မလွဲပါနဲ့၊ မင်းကို ဘယ်သူမှလာမတွေ့ဘူးဆိုလို့ မေးကြည့်တာပါ၊ ဆွဲကြိုးနဲ့စဉ်းစားတာက မင်းအပေါင်းအသင်းတစ်ယောက်ယောက် မင်းကိုဆက်သွယ်မလားလို့တော့ မျှော်လင့်မိတယ်''

''ကျွန်တော် တစ်ယောက်တည်းသမားပါ ဆရာ၊ မိသားစုအကြောင်း ဆရာသိချင်တာလား၊ အိမ်မှာ အဖေတစ်ယောက်တည်းရှိတာပါ ဆရာ၊ အဖေ့မှာ ဆွေမျိုးမရှိဘူး၊ ကျွန်တော်တစ်ယောက်ပဲရှိတယ်၊ အဖေအသက်ရလာတော့ နှလုံးသွေးကြောကျဉ်းတဲ့ရောဂါအတွက် ကျွန်တော် ဆေးဝယ်ပေးရမယ်၊ ကျွန်တော်အဖမ်းခံရတာကြားရင် အဖေသေသွားနိုင်တာမို့ ဆရာ တစ်ဆိတ်လောက် မပြောလိုက်ပါနဲ့နော်''



ကျွန်တော်နဲ့ဂျပန် စကားပြောဖြစ်ကြပါတယ်။ လူမှုရေးအရ ဆက်ဆံပြောဆိုပေမယ့် တရားခံအပေါ် လျှော့ပေါ့လုပ်ပေးတာမျိုးတော့မရှိပါဘူး။ တရားခံရဲ့သဘောကလည်း ရဲကအရေးဝင်ရင် ရဲအပေါ် ခင်မင်လေးစားတတ်မြဲပါ။

+++

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ဟာ လူမွေးလူရောင်
ပြောင်တဲ့သူပါ။ ရှိုးကောင်းပါတယ်။
ကောင်းစားလှဝတ်တတ်တယ်။
မိရုပ်မှာလည်း ခါးပိုက်နှိုက်ရယ်
ပြောရက်စရာမရှိပါဘူး။ စကား
ပြောရာမှာ အသံသြဇာအပြည့်။
ပြောကောင်း၊ ဟာသဉာဏ်ပါတာ
လည်း တွေ့ရပါတယ်။

တရားခံကို ကျွန်တော်နဲ့ ကို
ကြည်သိန်းတို့ စစ်ဆေးဖို့ အချိန်ပေး
ပြီး လုပ်နေရပါတယ်။ ဆင်တစ်
ကောင်လုံးရှိလျက်နဲ့ ဆင်ခြေရာ
ရှာက်နေတာပဲလို့ ကိုကြည်သိန်း
က ဆိုနေပါပြီ။ တရားခံကို ပြစ်မှု
ကျူးလွန်ရာမှာ လက်ပူးလက်ကြပ်
မိလျက် အဖြစ်မှန်ကို စစ်မရဘူး။
ဆုံးပစ္စည်း ရွှေဆွဲကြိုးကို လုံးဝ
ခံမခံဘူး။

တရားခံကို ချော့တစ်လှည့်၊
ခြောက်တစ်လှည့် နည်းမျိုးစုံသုံးရ
ပါတယ်။ အခြားအမှုစစ်တွေ၊ နယ်
မြေခံနဲ့တပ်ဖွဲ့ဝင်တွေလည်း ဝင်စစ်
ဆေးကြပါတယ်။

"ဆွဲကြိုးကို ကျွန်တော် ဖက်
ထားပါဘူး၊ လမ်းမှာ ပြေးရင်းလွှား
ရင်း ကျကျန်ခဲ့တာပါ"

ကိုကြည်သိန်းက ဆရာလှရွှေ
ကိုခေါ်ပြီး ပြစ်မှုဖြစ်ပွားရာ လမ်း
၂၀ မှာ အခေါက်ခေါက်သွားရှာပြီး
ပြီ။ ကျွန်တော်တို့ အသွင်ပြောင်း
များလက်ထက် ရှေ့တွင်ဖြစ်ပွားတဲ့
ခါးပိုက်နှိုက်မှု မပေါ်တာ ရှက်ဖွယ်
ရာလိုဖြစ်နေပါပကော။

၁၉၈၄ ခုနှစ် ရောက်လာပြီမို့
တာဝန်ထမ်းဆောင်ရတာ ငါးနှစ်ပင်
ပြည့်ခဲ့ပြီလေ။ အခြားအရေးကြီးတဲ့
အမှုကြီးတွေ ဖော်ထုတ်နိုင်လို့ ချီး
မွမ်းစကားအပြောခံရပေမယ့် ဒီလို
ခါးပိုက်နှိုက်မှုမပေါ်တာက နာစရာ
တစ်ခုပေပဲ။

"ဆရာလှရွှေ ဘာပြောချင်လို့
လဲ၊ လာ.....ထိုင်လေ"

အမှုစစ်အခန်းထဲကို ခေါင်းပြူ
ကြည့်နေတဲ့ ကင်းမှူး တပ်ကြပ်ကြီး
လှရွှေကို ကျွန်တော်က လှမ်းခေါ်
လိုက်ပါတယ်။ ကျွန်တော့်ကိုခင်မင်
တဲ့ ဆရာလှရွှေဟာ ကျွန်တော် အမှု
စစ်တဲ့နားကို မကြာခဏ လာထိုင်
နေကျပါ။

အမှုစစ်အခန်းထဲမှာလည်း
ဆရာတင်သိန်းတို့၊ ဆရာစစ်ဝန်းတို့
ကိုယ့်အလုပ်နဲ့ကိုယ် ရှိနေပါတယ်။
ဆရာလှရွှေက ကျွန်တော့်နားကပ်
ပြီး တိုးတိုးလေးပြောနေပါတယ်။
ဘာပြောမှန်းမသိပါ။ ခါတိုင်းလို
နောက်နေတာပဲထင်ပြီး ကျယ်ကျယ်
ပြောဖို့ ကျွန်တော်ပြောလိုက်တယ်။

"ဆရာ့ကောင် ချေးယိုရင် ငုံ့
ကြည့်နေတယ်"

"ဘယ်ကောင်လဲ၊ ချေးယိုတာ
လူတိုင်းငုံ့ကြည့်တာပဲ ကင်းမှူးရဲ့"

"ဆရာ ကျွန်တော်နောက်နေ
တာမဟုတ်ဘူး၊ ဆရာ့စစ်နေတဲ့
တရားခံက ချေးအိုးထဲကြည့်ပြီး တစ်
ခုခုရှာနေသလိုပဲ"

"ဟုတ်ပါပြီ၊ ပြောစမ်းပါဦး"

"ခါးပိုက်နှိုက်တရားခံ ဝမ်း
သွားတဲ့အခါ တစ်ခုခုရှာနေတယ်ဆို
တာ ခါးပိုက်နှိုက်လာတဲ့ပစ္စည်း မျို
ချထားလို့နေမှာပေါ့ ဆရာတိုးရဲ့"

"သတင်းကောင်းပါလား၊
မင်္ဂလာသတင်းပါလား ကင်းမှူးကြီး
ရဲ့၊ ချေးသတင်း၊ အီးသတင်း၊
ဟား.....ဟား.....ဟား"

ကျွန်တော် စခန်းမှူး ရဲအုပ်
ကျော်မြတ်သူထံ ထပြေးပါတယ်။
အကျိုးအကြောင်းပြောပြပါတယ်။
ဟုတ်ရဲ့လားလို့ စခန်းမှူးက အံ့သြ
နေပါတယ်။ စခန်းမှူးကလည်း
ကျွန်တော့်လို တပ်ကလာတဲ့ အသွင်
ပြောင်းဆိုတော့ ရဲအတွေ့အကြုံ တွေ
အသစ်အဆန်းချည်းဖြစ်နေ
တာပါပဲ။

စခန်းမှူးညွှန်ကြားချက်
(extraction)အရ ဂါတ်စာရေးဆရာ
ချစ်ရွှေ ဒုတပ်ကြပ် ကျားလှထွန်း
တို့နဲ့အတူ တရားခံ ဂျပန်(ခ) မျိုး
ကြည်ကိုခေါ်ပြီး ရန်ကုန်ဆေးရုံကြီး
ကိုသွားပါတယ်။

မှခင်းဘက်ဆိုင်ရာ ဆရာဝန်
ကြီးထံ သွားရောက်ပါတယ်။ ဝမ်း
ဗိုက်ကို ဓာတ်မှန်ရိုက်တော့ အစာ
ဟောင်းအိမ်ထဲမှာ အလုံးလေးတစ်
ခု ပေါ်နေတာတွေ့ပါတယ်။

မင်္ဂလာတောင်ညွန့်ရဲစခန်း
(ယခုမင်္ဂလာတောင်ညွန့်မြို့မရဲစခန်း)
ကိုပြန်လာပြီး ဂျပန်ကို အချုပ်ခန်း
ထဲ ပြန်မထည့်တော့ဘဲ သီးခြား
ထားဖို့ စီစဉ်ပါတယ်။ စခန်းမှူးက
လည်း ဂါတ်စာရေး ဆရာချစ်ရွှေကို
တရားခံအီးစောင့်တည်ဖို့ တာဝန်
ပေးပါတယ်။ ကျွန်တော်တို့လည်း
အတူတူရှိနေပါတယ်။

ကျွန်တော် ဝမ်းသာရပြီ။
သက်သေခံရွှေဆွဲကြိုး ငါးမူးသားကို

www.burmeseclassic.com

www.burmeseclassic.com

အမှုနဲ့ သိမ်းဆည်းနိုင်တော့မယ် မဟုတ်ပါလား။ ဆရာချစ်ရွှေက တရားခံကို စောင့်ကြည့်ရပါတယ်။ ရှေ့ဦးကင်းသမားထဲက နောက်ကင်း သမားတိုင်းကို မှာနေတာ တွေ့ရ ပါတယ်။

အမှုစစ်အရာရှိဆိုတာ အမျိုး မျိုးလုပ်ရတာမျိုးပါ။ မင်္ဂလာတောင် ညွန့်ရဲစခန်း(ယခုမင်္ဂလာတောင်ညွန့် မြို့မရဲစခန်း)မှာက အမှုစစ်အဖွဲ့၊ ဂါတ်စာရေးအဖွဲ့၊ နယ်ထိန်းအဖွဲ့ တွေဟာ အရည်အသွေးတောက် ပြောင်ပါတယ်။ တက်တက်ကြွကြွ ရွှင်ရွှင်လန်းလန်း ရှိနေကြတယ်။ အချင်းချင်း စည်းလုံးမှုလည်းရှိကြ ပါတယ်။

အသွင်ပြောင်းကာလခေတ်ဦး မှာ စခန်းမှူး ရဲအုပ် ဝင်းသောင်က ပုံစံသွင်းခဲ့တာပါ။ ဆုပူကြိမ်မောင်း သွန်သင်ခဲ့တာ ကျွန်တော်တို့ ကြုံ ခဲ့ရပါတယ်။ စခန်းမှူးက ဆုပူဆုံးမ နေတတ်ပြီး ပြီးတဲ့အခါ သူ့အခန်း ထဲဝင်ပြီး ပုတီးစိပ်နေတတ်တာ ကျွန် တော် သတိပြုမိပါတယ်။

ရဲအုပ်ဝင်းသောင် ရာထူးတိုး ပြောင်းသွားပြီးနောက် ရဲအုပ်ကျော် မြတ်သူ စခန်းမှူးဖြစ်လာပါတယ်။ သူကျတော့ အမြဲပျော်ပျော်နေတတ် သူပါ။ ရန်ကင်းကိုပြောင်းသွားပြီးခါ မှ စခန်းမှူးတာဝန်နဲ့ ကိုယ့်စခန်းကို ပြန်ရောက်လာသူပါ။ အချိန်အတော် ကြာ တာဝန်ထမ်းဆောင်နေခဲ့ပါ တယ်။

ကျွန်တော်တို့ရဲ့စခန်းမှူးနှစ် ယောက်လုံး တပ်ကပြောင်းလာသူ



ကျွန်တော်တို့
အလုပ်က
ဆယ်ခါမှတစ်ခါသာ
မိတာပါ၊ အသာစီးက
လုပ်စားရတာမျိုးပါ၊
ရွှေ၊ ကျောက်ပွဲစား
ဆိုတဲ့နေရာက
အမြီးကျက်အမြီးစား၊
ခေါင်းကျက်ခေါင်းစားနဲ့
ပျက်စီးနေပြီ၊ ဝင်တိုးဖို့
မလွယ်တော့ဘူး
...

များပီပီ ပွင့်လင်းတာ၊ ရိုးစင်းတာ
အတူတူပါ။ လက်အောက်ငယ်သာ
တွေအပေါ် အရိပ်ကြည့် အကဲခ
ပွဲပြင်နေတတ်သူများမို့ ကြည့်
စရာအလွန်ကောင်းပါတယ်။

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



တရားခံဂျပန်ကို ခဏခဏ တ်စစ်ပြန်ပါတယ်။ ကိုကြည်သိန်း ည်း အနားမှာအမြဲရှိနေတတ်ပါ ယ်။

"ကျွန်တော့်လက်ထဲမှာ မရှိပါ ူးဆို ဂျပန်"

"ဟုတ်တယ်လေ၊ ဆရာ့ကို န်တော် မလိမ်ပါဘူး၊ အခုလည်း ရွှေ ဥပေးမယ့် ဘဲလေးတစ် ကောင်....."

ဂျပန်က ဟာသဉာဏ်လေးနဲ့ စစ်ခံနေပါတယ်။ ကျွန်တော်ကျွေး တဲ့ မုန့်နဲ့လက်ဖက်ရည်သောက်ပြီး န်တော်အမှုစစ်တာကို ပျော်နေပုံ ။ မျက်နှာက ရယ်ကျဲကျဲလုပ်နေပါ ယ်။ ကျွန်တော်မမေးရသေးဘဲ ူ့ဘာသာသူ လျှောက်ပြောနေပါ သေးတယ်။

"အဖေ့နှလုံးရောဂါအတွက် ဆေးဝယ်ဖို့ ထွက်လာတာပါ၊ မုန့် လေးဘာလေးဝယ်ဖို့ ငွေရှာတာ ဆရာ၊ ခါတိုင်းဆို ပိုက်ဆံအိတ်ပဲ က်တာ၊ အခုဆွဲကြိုးက ဦးဆုံးလုပ် တာပါ"

"လုပ်တဲ့နေ့က ပြေးရင်းလွှား င်း ပါးစပ်ထဲငုံထားရာက ရဲတွေ တင်းရှာလို့ ဝမ်းထဲကျသွားရော ဆရာ၊ ထောင်ထဲတုန်းက သူငယ် င်းပြောလို့ မာတဲ့ပစ္စည်းကို လုံးမြို အောင် သိမ်းတဲ့နည်းလုပ်တာပါ၊ သူ ို့က ပိုက်ဆံကို ပလတ်စတစ်နဲ့ ုပ်ပြီး မျိုချကြတယ်၊ ထောင်ထဲ ိုလို့ ဒီလိုအမှုနဲ့ ကျဘူးတာမဟုတ် ူးနော် ဆရာ၊ ရန်ဖြစ်လို့"

"မင်းမှာ အလုပ်ရှိသလား"

"ကျွန်တော် အလုပ်နဲ့အကိုင်နဲ့ပါ၊ ရွှေဘုံသာအောက်လမ်းမှာ ပွဲစားလုပ်တယ်၊ ကျောက်တို့ ရွှေတို့ပေါ့၊ ပွဲခက စားဖို့တော့ရပါတယ်၊ ငွေအပူတပြင်းလိုတဲ့အခါ ခရီးသွားဟန်လွှဲ ဘတ်စ်ကားပေါ်မှာ ငွေရှာရတယ် ဆရာ၊ အမြဲတမ်းတော့ မဟုတ်ဘူး၊ မေ့လောက်မှတစ်ခါ"

"မင်းနေတာက ဘယ်မှာလဲ"

"ကျွန်တော်နေတာ သဃ်န်းကျွန်းမှာပါ၊ နံပါတ်(၁၈)ဘတ်စ်ကား အောက်လမ်းကားစီးပါတယ်၊ အပြန်လည်း အတူတူပဲ၊ လွယ်လွယ်ရမှ လုပ်တာပါ၊ အန္တရာယ်ကများသား"

"ကဲ.....မင်းဘာပြောချင်သေးလဲ"

"ဆရာ့ကို ကျွန်တော် အပူတစ်ခုတော့ ကပ်ရဦးမယ်၊ အဖေ့ဆီ 'လပစ်တော' ဆေးတစ်ကတ်ပို့ပေးပါလား ဆရာ၊ ဆောရီး ဆရာ၊ ဆယ်ကတ်ပြောတာ၊ ကျွန်တော့်မှာ ငွေပါလာတယ်၊ ပွဲခရလာတာပါ၊ ဆရာကိုယ်တိုင်သွားမှဖြစ်မယ်၊ ကျွန်တော် အဖမ်းခံရတာကို ဆရာသွားပြောမှ ခရီးသွားနေတယ်ဆိုတာ အဖေယုံမှာ၊ ဟုတ်တယ် မဟုတ်လား ဆရာ"

အဖေတစ်ခု၊ သားတစ်ခုမို့ ကျွန်တော် တာဝန်ယူကတိပေးလိုက်ပါတယ်။ နောက်တစ်ရက် ဆရာချစ်ရွှေက ဂျပန်ကို သံကြိုးအရှည်ကြီးနဲ့ လက်မှာချည်ပြီး ရဲစခန်းအိမ်သာဝင်းထဲဝင်ကာ အီးတည်ပါတယ်။ ကျွန်တော့်ကို သတင်းပို့လာတာပါ။ ကျွန်တော်က တပ်ကြပ်ကြီး မောင်မောင်ကို ဆိုက်ကားဂိတ်က သက်သေနှစ်ယောက်ခေါ်ခဲ့ဖို့ စီစဉ်တယ်။

လူတွေရှေ့ဖြစ်လို့ ဂျပန် ရှက်နေပြန်တယ်။ လူတွေရှောင်ပေးရတယ်။ တော်တော်ကြာတာပဲ။ တစ်နာရီကျော်တယ်။ အနံ့အသက်တွေကြားက သန့်ရှင်းရေးရာဇူး အကူအညီ အများဆုံးပေးရပါတယ်။ ကျွန်တော့်မိတ်ဆွေ ပန်းထိမ်ဆရာကြီး ဦးစောသန်းက သူ့ချိန်ခွင်နဲ့ ချိန်ကြည့်တော့ ဆွဲကြိုးအလေးချိန် ငါးမူးသား နှစ်ရွေးလျော့လို့ သိရပါတယ်။ ရွှေရည်က ၁၄ ပဲပါတဲ့။ ရှာဖွေပုံစံနဲ့သိမ်းပြီး ဂါတ်စာရေးကြီးထံ မှတ်ပုံတင် ၃၂ရေးသွင်းအပ်နှံလိုက်ပါတယ်။

ဂျပန်ကို ခါတိုင်းလို ရဲစခန်းရှေ့ 'အီးကေ'လက်ဖက်ရည်ဆိုင်က တစ်ခွက်တစ်ခု မှာတိုက်ပါတယ်။ ဆရာချစ်ရွှေတို့ ဂါတ်စာရေးအဖွဲ့ကိုလည်း လက်ဖက်ရည်ပို့ခိုင်းလိုက်ပါတယ်။ ကျွန်တော်ဝမ်းသာလို့ ဒကာခံတယ်လေ။

"ဆရာ အဖေ့ဆီသွားပြီး ပြောပေးဦးနော်၊ ဆေးဝယ်ဖို့လောက်ပါတယ်၊ ဆရာ လမ်းစရိတ်တော့မရှိဘူး၊ ဆရာ့ကျေးဇူး မမေ့ပါဘူး"

ဂျပန်ထပ်ပြောလို့ ၁၅ ကားဂိတ်ဆုံး ဘဝမြင့်မှတ်တိုင်နားထိ သွားခဲ့ပါတယ်။ ဦးထင်ကို အသက်(၆၇ နှစ်)ကိုတွေ့ရပါတယ်။ ဂျပန် ပြောခိုင်းတဲ့အတိုင်း ပြောပေးပါတယ်။ ဂျပန့်အဖေက နှလုံးသွေးကြောကျဉ်းတယ်ဆိုပေမယ့် ကြည့်ရ

တာ သန်သန့်စွမ်းစွမ်းပေပဲ။ ဝန်ထမ်းအိမ်ရာတစ်ခုရဲ့ အဖီလေးမှာ ငှားနေကြတာပဲ။

ဂျပန့်အဖေ ကိုယ့်ဘာသာကိုယ် ချက်စားနိုင်တယ်။ အိမ်ရှေ့မှာ စားပင်တွေ စိုက်ထားတာလည်း တွေ့ပါတယ်။ မန္တလေးကို ဘာလို့ အကြာကြီးသွားရမှာလဲလို့ သူ့သား အကြောင်းမေးတော့ ကျွန်တော်ကျေနပ်အောင် မပြောပြတတ်ခဲ့ပါဘူး။ ဟိုကြည့်ဒီကြည့် လုပ်မိရာက ဆန်အိုးထဲမှာ ဆန်မရှိလို့ ပေါ်ဆန်းမွှေးဆန်တစ်အိတ် ကျွန်တော်ဝယ်ပေးခဲ့ပါတယ်။ ဂျပန်ကမှာလိုက်လို့ဝယ်ပေးရတာလို့ အဘိုးကြီးကို လိမ်ပြောခဲ့ရတယ်။

+++

ဂျပန်(ခ)မျိုးကြည်ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၉(နိုက်)ဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးကို တရားစွဲတင်ပါတယ်။

သုံးယောက်ထိုင် တရားစီရင်ရေးအဖွဲ့တစ်ခုမှာ တရားလိုနဲ့ သက်သေများကို ခေါ်ယူစစ်ဆေးပါတယ်။

ရွှေဆွဲကြိုး ဝမ်းထဲမျိုချတဲ့ကိစ္စမို့ အားလုံးက စိတ်ဝင်စားကြတယ်။ တချို့က မဖြစ်နိုင်ဘူးလို့ ဝေဖန်ပြောဆိုသံလည်းကြားရတယ်။ တရားလိုအမျိုးသမီးက အလှဆုံးဝတ်စားပြီး တရားရုံးကို သက်သေလာခံပါတယ်။

"ကျွန်မဖြင့် ရွှေးနဲ့စာဆွဲကြိုးလေး ပြန်မရတော့ဘူးလို့ ထင်နေတာ၊ အခု ကျောက်ခဲရေပေါ်တာပေါ့နော် ရဲအရာရှိ"

တရားလိုအမျိုးသမီး ဝမ်းသာသလို ကျွန်တော်တို့အမှုစစ်က လည်း ဝမ်းသာတာအမှန်ပါ။ ဒါပေမဲ့ တရားခံဗိုက်ထဲက ပြန်ထွက်လာအောင် အမျိုးမျိုးစဉ်းစားလုပ်ဆောင်ခဲ့တာလေးတွေ မေးစေချင်တာပါ။

"ဗိုလ်တိုးတို့လုပ်လိုက်ရင် အဆန်းချည်းပဲ"

စခန်းမှူး ရဲအုပ် ကျော်မြတ်သူကတော့ ကျွန်တော့်ကို စရင်းနောက်ရင်း တဖွဖွပြောနေပါသေးတယ်။ တစ်ဖက်က ကြည့်ပြန်တော့လည်း ကျွန်တော်တို့သက်သေခံပစ္စည်း စုံးစုံးမြုပ်နေတဲ့အမှုက သက်သေခံအထောက်အထားအားလုံး ပြည့်ပြည့်စုံစုံနဲ့ တရားစွဲတင်နိုင်ခဲ့တာဟာ တရားလိုအမျိုးသမီးပြောသလို ကျောက်ခဲရေပေါ်တာပါပဲ။

တရားရုံးက စစ်ဆေးတာ သုံးလလောက်ပဲကြာပါတယ်။ တရားခံဂျပန်(ခ)မျိုးကြည်ကို ပြစ်မှုပုဒ်မ ၃၇၉ အရ ပြစ်မှုထင်ရှားတာကြောင့် အလုပ်ကြမ်းနဲ့ထောင်ဒဏ် (၃)နှစ် ကျခံစေရန် အမိန့် (judgement) ချမှတ်ပါတယ်။

တရားရုံးမှအထွက် အပေါက်ဝမှာ ဂျပန်က ကျွန်တော့်ကိုတွေ့တော့ လက်ထိတ်ကြီးနဲ့ ထိုင်ကန်တော့ပါတယ်။ လူတွေဝိုင်းကြည့်နေတာမို့ ကျွန်တော်က အချုပ်ထဲပြန်ထည့်ဖို့ ရုံးထုတ်အဖွဲ့ကို ပြောလိုက်ပါတယ်။

အချုပ်ခန်းနား ကျွန်တော်သွားပြီး ဂျပန့်ကို ဒီလိုမလုပ်ရဘူး ပြောပါတယ်။ သူက သူ့ကိုမုန်းမှာလို့ ဂရုစိုက်လို့ ကန်တော့တယ်ဆိုပါတယ်။ ဂျပန့်ကိုကြည့်ရတာ ထောင်ကျသွားတဲ့သူနဲ့မတူဘူး။ မှိုင်မှိုင်တွေတွေ မရှိလှဘူး။ ရယ်စရာပြောချင်နေတဲ့ပုံစံပဲ တွေ့ရပါတယ်။

"မင်းအဖေကို ဘာပြောပေးရဦးမလဲ"

"ဘာမှမပြောလိုက်ပါနဲ့ဆရာ"

"မင်းအဖေ စားဝတ်နေရေးက"

"အဖေက ပင်စင်စားလေ ကျွန်တော်ပဲ အဖေ့ဆီ ကပ်စားနေရတာပဲ၊ ဆရာတစ်ခါသွားပို့တဲ့နှလုံးရောဂါစားရတဲ့ 'လပစ်တော' ဆေးကတ်ဝယ်ပို့ပေးပါဦးလား။ ကျွန်တော့်ပိုက်ဆံ ဂါတ်စာရေးကြီးဆီ အပ်ထားတာ ကျန်သေးလားမသိဘူး၊ ဟိုနိုင်းဒီနိုင်းတဲ့ကောင် ထောင်ကျပြီဆိုတော့ ဆရာတော့ ပျင်းကျန်ရစ်မှာ သေချာတယ်"

ကျွန်တော်သွားပေးမယ်လို့ ကတိပေးလိုက်ပြန်ပါတယ်။ ယခင်တစ်ခေါက်က သူ့အဖေကို ဆန်အိတ်ဝယ်ပေးထားခဲ့တာ မပြောပြတော့ပါဘူး။ ထောင်ကထွက်ရင် ရွှေကျောက်ပွဲစားပဲ သမ္မာအာဇီဝလုပ်ကိုင်စားသောက်ပါတော့လို့ ကျွန်တော်ပြောဦးမယ်ဆိုပြီး (C.R.O)စာပွဲမှာ ဂျပန့်ကို ခေတ္တအထုတ်ခိုင်းပါတယ်။ တစ်ခွက်၊ တစ်ခွည်းမှာခိုင်းလိုက်ပါတယ်။

"ဆရာက ကျွန်တော့်ကိုကျွေး

www.burmeseclassic.com

www.burmeseclassic.com



တာတွေ များပါပြီ၊ ကျွန်တော်လွတ်လာရင် ဆရာ့ကို ပတ်ကားဖောင်တိန်တစ်ချောင်း နှိုက်ပေးမယ်နော် ဆရာ၊ လက်ဆောင်ပေါ့၊ ဟဲ..ဟဲ''

ဂျပန်အတည်ပြောတာလား၊ ဟာသပြောတာလားဆိုတာ ကျွန်တော် စဉ်းစားမနေတော့ပါ။ သူ့ကို ဆုံးမမယ့်အစီအစဉ်တော့ ချက်ချင်း ဖျက်လိုက်ပါတယ်။

''ဆရာ၊ ဆရာတို့တပ်ကလာတဲ့ အရာရှိတွေကို တင်ပြရမယ်ဆိုရင် ဒုစရိုက်သမားတွေ ဒါပဲပြန်လုပ်စားကြတာချည်းပဲ ဆရာ၊ ကျွန်တော်တို့အလုပ်က ဆယ်ခါမှတစ်ခါသာ မိတာပါ၊ အသာစီးက လုပ်စားရတာမျိုးပါ၊ ရွှေ ကျောက်ပွဲစားဆိုတဲ့နေရာက အမြီးကျက်အမြီးစား၊ ခေါင်းကျက်ခေါင်းစားနဲ့ ပျက်စီးနေပြီ၊ ဝင်တိုးဖို့မလွယ်တော့ဘူး၊ လျှာရှည်တဲ့မိကျောင်း အချုပ်ထဲပြန်ထည့်တော့ ဆရာ၊ ဟိုမှာအင်းစိန်ထောင်ပို့မယ့် ကားပြာကြီး ဝင်လာပြီ''

နောက်ဆုံးတော့ တရားခံကပဲ အမှုစစ်အရာရှိကို ပညာပေးတရားဟောသွားတာပါပဲ။ ကိုယ်ပြောမယ့်စကားကို သူတို့ကြိုသိနေသလိုပါပဲလား။

+ + +

ပျော်ရာမှာမနေရ၊ တော်ရာမှာနေရဆိုတာ မှန်ပါတယ်။ ကျွန်တော်သခါ၊ ဒုက္ခ ဘာဖြစ်ဖြစ် မင်္ဂလာတောင်ညွန့်ရဲစခန်း(ယခု မင်္ဂလာတောင်ညွန့်မြို့မရဲစခန်း)မှာပဲ ပျော်ပါတယ်။ ဒါပေမဲ့ မရဘူးလေ။ နောက်ဆုံးတော့ ပြောင်းရတာပဲ။ အဆင့်တိုးစာမေးပွဲ ဖြေလိုက်၊ ပြောင်းလိုက်ဆိုတာ ရဲတပ်ဖွဲ့ဝင်ရဲ့ အလုပ်တစ်ခုပါပဲ။

ရာထူးကျတာတွေ ကြုံရသလို အဆင့်တစ်ခုမှတစ်ခု ဆက်တိုက်တိုးတာတွေလည်း ခံရပါတယ်။ စီပီအို၊ အမှုစစ်၊ နယ်ထိန်း၊ စခန်းမှူး၊ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး၊ စီအာအို၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတာဝန်တွေအားလုံးကိုလည်း တစ်ခုပြီးတစ်ခု လုပ်ခဲ့ရပါတယ်။

အချိန်ကာလတွေ ပြောင်းလာတာနဲ့အမျှ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာလည်း အစစအရာရာ ပြောင်းလဲတိုးတက်ခဲ့ပါပြီ။ အထူးသဖြင့် အဆောက်အအုံများမှာ ခေတ်မီပြီး မိုးထိမြင့်မားနေတာတွေ မြင်ရပါတယ်။ အဟောင်းတွေအားလုံး ပြောင်းခဲ့ပြီ။ ဆယ်စုနှစ်မကရှိခဲ့ပါပြီကော။ မပြောင်းလဲတာက ဆူးလေဘုရားမြင်ကွင်းပါ။ ဘုရားကိုမြင်တွေ့ဖူးမြော်လိုက်ရရင်ပဲ ယခင်ကအတိုင်း ရင်ထဲမှာ အေးချမ်းဆဲပါ။

ကျွန်တော် လိုင်းကားပေါ်မှ ဆူးလေ၊ ရုပ်ရှင်ရုံမှတ်တိုင်မှာဆင်းလိုက်ပါတယ်။ ဦးပဉ္စင်းတစ်ပါးက ကျွန်တော့်အိတ်ထောင်ထဲ တစ်စုံတစ်ခုထည့်ပြီး ထွက်စပြုနေတဲ့ လိုင်းကားပေါ် ပြေးတက်သွားလို့ ကျွန်တော် အံ့အားသင့်မိပါတယ်။ အဲဒီသံဃာရဲ့မျက်နှာကို ကျွန်တော် ကောင်းကောင်းမြင်လိုက်ပေမယ့် ကျွန်တော့်အသိထဲက မဟုတ်ပါဘူး။ ကျွန်တော် မျက်စိမမှုန်သေးပါ။

''ဆရာ နေကောင်းတယ် မဟုတ်လား၊ သဘော်ထွက်ချိန်ရောက်နေလို့ မီအောင်သွားရဦးမယ်၊ နောက်တစ်ခေါက်မှ လာခဲ့မယ်၊ အဲဒါ ဆရာ့ကိုပေးမယ့်လက်ဆောင်၊ ဝယ်ထားတာနော်၊ ကျွန်တော် အကုန်ကျွတ်သွားပြီ ဆရာ၊ မနက်ဖြန် ပထမကြီးစာဖြေရမှာမို့ သွားဦးမယ်နော်''

မီးပွိုင့်မလွတ်သေးလို့ ဖြည်းဖြည်းမောင်းနေတဲ့ လိုင်းကားပေါ်က နေ လှမ်းပြောနေတာကို ကျွန်တော် ကောင်းကောင်းကြားလိုက်ရတယ်။ အိတ်ထောင်ထဲထည့်သွားတဲ့ပစ္စည်းကို ထုတ်ကြည့်ပါတယ်။ နိုင်ငံခြားဖြစ် ပတ်ကားဖောင်တိန်လေးတစ်ချောင်းပါ။ ရုပ်မမှတ်မိပေမယ့် သူ့ရဲ့အသံကို ကျွန်တော် မှတ်မိပါတယ်။ ကောင်းကောင်းသိပါတယ်။

သေချာပါတယ်။ တစ်ရံရောအခါက ကျွန်တော်စစ်ဆေးခဲ့ပြီး ထောင်(၃)နှစ်ကျသွားတဲ့ တရားခံဂျပန်(ခ)မျိုးကြည်ဆိုတာ မလွဲနိုင်ပါဘူး။ ပြောသွားတဲ့စကားအရဆိုရင် ကျေနပ်စရာပါပဲ။ သူ့ဘဝအတွက် အလင်းတန်းလေး လက်နေပြီဖြစ်ပါတော့တယ်။

နှလုံးစိတ်ဝမ်းချမ်းမြေ့ပါစေ။
တိုးမြင့်

www.burmeseclassic.com

www.burmeseclassic.com



# လှမိုး (ပညာရေး)

# ကိုလိုနီခေတ်တရားခွင်ရောက် အစိုးရအကြည်ညိုပျက်မှု



ယခုရေးသားဖော်ပြမည့် မှုခင်းကြီးမှာ ၁၉၃၀ ပြည့် နှစ်အတွင်း မြန်မာနိုင်ငံ၊ ရန်ကုန်ဒီစတြိတ် (ခရိုင်)တွင် ဗြိတိသျှအစိုးရအား အကြည်ညိုပျက်စေသည်ဟုဆိုကာ ရန်ကုန်ဒီစတြိတ်ပုလိပ်(ရဲ)အဖွဲ့က အိန္ဒိယရာဇသတ်ပုဒ်မ ၁၂၄ အရ အမှုကို ခိုင်မာစွာတည်ဆောက်၍ တရားစွဲဆိုခဲ့သော အမှုဖြစ်သည်။ အစိုးရအား တော်လှန်ပုန်ကန်အောင်၊ အကြည်ညိုပျက်အောင် လှုံ့ဆော်မှုဆိုသည်မှာ "အကြင်သူတစ်ဦး တစ်ယောက်သည် စကားလုံးဖြင့် ရေး၍သော်လည်းကောင်း၊ ပါးစပ်မှပြော၍သော်လည်းကောင်း၊ သို့တည်းမဟုတ် အများမြင်နိုင်သော အမှုအရာ တစ်စုံတစ်ခုသောအားဖြင့်သော်လည်းကောင်း၊ သို့တည်း မဟုတ် မလိုမုန်းထားအောင်၊ မထီမဲ့မြင်ပြုအောင် ကြံဆောင်၍သော်လည်းကောင်း၊ ဘုရင်မင်းမြတ်နှင့် ဘုရင် မင်းမြတ်ကိုယ်စား တရားဥပဒေအရ ဖွဲ့စည်းထားသော အစိုးရအား မကြည်ညိုအောင် ကြံဆောင်၊ အားထုတ်၊ လှုံ့ဆော်လျှင်သော်လည်းကောင်း ပြုမူခဲ့လျှင် အပြစ်ပေးနိုင်သည်" အစရှိသဖြင့် အိန္ဒိယ ရာဇသတ်အဖွင့်စာအုပ်တွင် ဖော်ပြထားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com


အပြစ်ဒဏ်မှာ အလုပ်ကြမ်းနှင့် ထောင်ဒဏ် နှစ်ကြီးချနိုင်လေသည်။ နှစ်နှစ်နှင့် ငါးနှစ်အတွင်းသော ထောင်ဒဏ်ကား တရားသူကြီးက ပေးရိုးပေးထုံးပေးသော ထောင်ဒဏ်ဖြစ်၏။

ဤပုဒ်မကျူးလွန်သည်ဟု စွပ်စွဲခံရသူမှာ ၁၉၃၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံ၊ ရန်ကုန်မြို့သို့ ခေတ္တခဏ လာရောက်လည်ပတ်သော အိန္ဒိယနိုင်ငံ၊ ကာလကတ္တားမြို့(ယခုကိုးလ်ကတ္တားမြို့)တော်ဝန် မစ္စတာဆင်းဂုတ်ပတားဖြစ်ပါသည်။ သူသည် စင်ကာပူမှ ကာလကတ္တားသို့အပြန် ရန်ကုန်သို့ ခေတ္တဝင်ရောက်လာခြင်းဖြစ်၏။ ဆင်းဂုတ်ပတားမှာ အိန္ဒိယနိုင်ငံတွင် အတော်အသင့် အောင်မြင်ပေါက်ရောက်သော နိုင်ငံရေးသမားတစ်ဦးဖြစ်သည်။ သူ့ဇနီးမှာ အင်္ဂလိပ်အမျိုးသမီးတစ်ဦးဖြစ်သဖြင့် အင်္ဂလိပ်လူမျိုးအသိုင်းအဝိုင်းကလည်း မစ္စတာဆင်းဂုတ်ပတားအား ရင်းရင်းနှီးနှီးခင်မင်ကြသည်။ သို့သော် သူ၏ ဗြိတိသျှအစိုးရဆန့်ကျင်ရေးအယူအဆအရ သူ့အား ခပ်ရှောင်ရှောင်နေကြသည်။

သူ စင်ကာပူနိုင်ငံမှ ပြန်လာခဲ့ပြီး ကာလကတ္တားသို့ အပြန်တွင် ရန်ကုန်သို့ ဝင်ရောက်လာခဲ့သည်။ ရန်ကုန်မြို့တော်တွင် ထိုစဉ်ကာလက အိန္ဒိယတိုင်းရင်းသားတွေ များပြား၏။ သို့ဖြစ်၍ သူ့အား ရန်ကုန်မြို့တွင် နေထိုင်သော အိန္ဒိယတိုင်းရင်းသားများနှင့် မြန်မာအမျိုးသားများက ဆင်းဂုတ်ပတားသည် အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားပြည်နယ်၊ ကွန်ဂရက်ပါတီခေါင်းဆောင်တစ်ဦးလည်းဖြစ်၊ ထိုကာလက အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီး၏ လက်ရုံးလည်းဖြစ်သဖြင့် တစ်ခဲနက် ကြိုဆိုကြပြီး ရန်ကုန်မြို့တွင် တရားပွဲသုံးပွဲ ကျင်းပခဲ့သည်။ ထိုစဉ်က ထုတ်ဝေသော သတင်းစာများ၏ ဖော်ပြချက်အရ တရားပွဲများသို့ အိန္ဒိယတိုင်းရင်းသားထောင်ချီ၍ တက်ရောက်ခဲ့ကြသည်ဆို၏။

ထိုကာလက ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံအား အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုဟု သတ်မှတ်ထားရာမှ အိန္ဒိယမှ ခွဲထုတ်ရန် စီစဉ်နေသည့်အချိန်ဖြစ်၏။ မြန်မာနိုင်ငံတွင်လည်း အိန္ဒိယနှင့် ခွဲရေး၊ တွဲရေး ပြဿနာတက်နေသောအချိန်ဖြစ်၏။ သူ့တရားပွဲများတွင် ဆင်းဂုတ်ပတားသည် အင်္ဂလိပ်နယ်ချဲ့သမားအားယုံ၍ပုံထားထိုက်သော သူများမဟုတ်ကြောင်း၊ အိန္ဒိယလူမျိုးများသာလျှင် မြန်မာတို့နှင့်အတူ လက်တွဲမည့်လူမျိုးများဖြစ်ကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံသည် အိန္ဒိယမှ ခွဲမထွက်သင့်ဘဲ အိန္ဒိယနှင့် ပူးပေါင်း၍ အင်္ဂလိပ်နယ်ချဲ့သမားကို ခုခံကာကွယ်ရမည်ဖြစ်ကြောင်း စသည်တို့ကို ဟောပြောခဲ့၏။

သူတရားဟောသည့်အကြိမ်တိုင်းတွင် ဗြိတိသျှပုလိပ်(ရဲ)များနှင့် စုံထောက်များသည် တက်ရောက်ကြ၍ သူဟောပြောသည့် အချက်အလက်များကို လက်ရေးတိုနှင့်မှတ်သားပြီး သက်ဆိုင်ရာသို့ အစီရင်ခံခဲ့ကြသည်။

ဤဟောပြောပွဲများ ပြီးဆုံး၍ ဆင်းဂုတ်ပတား အိန္ဒိယနိုင်ငံသို့ ပြန်သွားခဲ့ပြီး တစ်လခန့်အကြာတွင် မြန်မာနိုင်ငံမှ ပုလိပ်(ရဲ)အရာရှိနှစ်ဦးသည် ကာလကတ္တားသို့ လာရောက်၍ ဆင်းဂုတ်ပတားအား ဝရမ်းဖြင့် ဖမ်းဆီး၍ ရန်ကုန်မြို့သို့ခေါ်ဆောင်လာခဲ့ပြီး ရန်ကုန်ဒီစတြိတ်(ရန်ကုန်ခရိုင်)တရားသူကြီးရုံးတွင် တရားစွဲခဲ့သည်။

---

**သူတို့သည် ဗြိတိသျှအစိုးရ၏ ကိုလိုနီစက်ယန္တရားကြီးလည်ပတ်နိုင်စေသည့်**
**ခွေးသွားစိတ်များဟုလည်း အချို့က သရော်လေ့ရှိ၏။**
**မည်သို့ပင်ဆိုစေကာမူ သူတို့သည် ဗြိတိသျှအစိုးရအလိုတော်ရိများဖြစ်ကြ၏။**
**မစ္စတာ မောရစ်ကောလစ်မှာ ဤကဲ့သို့သော**
**အိုင်စီအက်(စ်)တစ်ယောက်မဟုတ်ပါ ...**

www.burmeseclassic.com

www.burmeseclassic.com



ထိုကာလက ရန်ကုန်ဒီစတြိတ် ရာဇဝတ်တရားသူကြီးတာဝန်ကို ရန်ကုန်အရေးပိုင်က တာဝန်ယူထားရသည်။ ဒီစတြိတ်(ခရိုင်)တရားသူကြီးသည် တရားရုံး(၆)ရုံးကို စီမံအုပ်ချုပ်ရသည်။ ထိုတရားရုံးများတွင် တရားသူကြီး(သို့မဟုတ်)ရန်ကုန်အရေးပိုင်ကိုယ်တိုင်ထိုင်ရသောရုံးပါဝင်၏။ ရန်ကုန်မြို့တွင် မှုခင်းဖြစ်ပွားပြီး ထောင် ၃ နှစ်ထက်ပို၍မချနိုင်သော ရာဇဝတ်မှုများကို လက်အောက်ရုံးများက စစ်ဆေးချပြီး ရန်ကုန်အရေးပိုင်(ဒီစတြိတ်တရားသူကြီး)ကမူ ထောင်ဒဏ် ၂ နှစ်မှ ၃ နှစ် အထိ ပေးနိုင်သော အမှုများကို စစ်ဆေးရ၏။

ထိုကာလက ရန်ကုန်ဒီစတြိတ်(ခရိုင်)တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်နေသူ အရေးပိုင် မစ္စတာမောရစ်ကောလစ်မှာ ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးဝန်ထမ်းဖြစ်သော အိန္ဒိယပြည်သူ့ဝန်ထမ်း (India Civil Services I.C.S) အိုင်စီအက်(စ်)တစ်ယောက်ဖြစ်ပါသည်။ ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံအား သိမ်းပိုက်ခဲ့ပြီးနောက် အိန္ဒိယနိုင်ငံ၏ ပြည်နယ်ခွဲတစ်ခုအဖြစ် သတ်မှတ်ပြီး အိန္ဒိယဘုရင်ခံချုပ်ကအုပ်ချုပ်စေသည်။ မြန်မာနိုင်ငံ၏ ဒုတိယဘုရင်ခံမှာ အိန္ဒိယနိုင်ငံ၊ ဒေလီမြို့တွင်ရုံးစိုက်သော အိန္ဒိယဘုရင်ခံချုပ်၏ လက်အောက်ခံဖြစ်သည်။ သူ့လက်အောက်မှ အုပ်ချုပ်ရေးအရာရှိကြီးများသည် အထက်ဖော်ပြပါ အိုင်စီအက်(စ်)အရာရှိများဖြစ်ကြ၏။

သူတို့သည် အင်္ဂလန်နိုင်ငံမှကျော်ကြားတက္ကသိုလ်ကြီးများဖြစ်သော အောက်စဖို့(ဒ်)နှင့် ကင်းဘရစ်စသောတက္ကသိုလ်ကြီးများမှ ထွက်သူများဖြစ်ကြသည်။ အိုင်စီအက်(စ်)ရာထူးများကို အိန္ဒိယတိုင်းရင်းသားများနှင့်မြန်မာအမျိုးသားများထဲမှလည်း ခန့်ထားခဲ့၏။ သို့သော်ထိုသူတို့သည် တက္ကသိုလ်ကျောင်းအုပ်က ဘုရင်ခံထံထောက်ခံခြင်းခံရသူများဖြစ်ပြီး စာမေးပွဲဖြေဆိုကြရ၏။ အောင်မြင်သူ အိုင်စီအက်(စ်)လောင်းများကို အင်္ဂလန်သို့ပို့၍ သင်တန်းတက်စေသည်။ သင်တန်းဆင်း၍ ရာထူးလက်ခံရသည့်အခါ မြို့အုပ်(မြို့နယ်အုပ်ချုပ်ရေးမှူး)၊ နယ်ပိုင်၊ အရေးပိုင်(ခရိုင်အုပ်ချုပ်ရေးမှူး)၊ တိုင်းမင်းကြီးအတွင်းဝန်များ ဖြစ်လာကြရာ လူအများကမူ အိုင်စီ

ရန်ကုန်အရေးပိုင်နှင့်
ဒီစတြိတ်တရားသူကြီးအဖြစ်
တာဝန်ယူထားသော
မစ္စတာမောရစ်ကောလစ်ရုံးအား
လာရောက်ကြည့်ရှုခဲ့ကြရာ
ပွဲလမ်းသဘင်ကဲ့သို့လူစည်ကား၏။
အချို့အိန္ဒိယတိုင်းရင်းသားများကမူ
ဗြိတိသျှအစိုးရဆန့်ကျင်ရေး
ကြွေးကြော်သံများကို အော်ဟစ်ကြရာ
မြင်ရသူများအဖို့
စိတ်ချောက်ချားဖွယ်ရာဖြစ်၏ . . .

www.burmeseclassic.com

www.burmeseclassic.com



အက်(စ်)များကို "မိုးကျရွှေကိုယ်" Heaven Born ဟု ကင်ပွန်းတပ်ကြ၏။

ကံကောင်းသူအချို့မှာ ဘုရင်ခံဖြစ်နိုင်သည်။ အငြိမ်းစားယူကြသည့်အခါ ဂုဏ်ထူး ဘွဲ့ထူးများ ရကြလေ့ရှိ၏။ သူတို့သည် ဗြိတိသျှအစိုးရ၏ ကိုလိုနီစက်ယန္တရားကြီး လည်ပတ်နိုင်စေသည့် ခွေးသွားစိတ်များဟုလည်း အချို့က သရော်လေ့ရှိ၏။ မည်သို့ပင်ဆိုစေကာမူ သူတို့သည် ဗြိတိသျှအစိုးရအလိုတော်ရိများဖြစ်ကြ၏။ မစ္စတာ မောရစ်ကောလစ်မှာ ဤကဲ့သို့သော အိုင်စီအက်(စ်)တစ်ယောက်မဟုတ်ပါ။ သူ မြန်မာနိုင်ငံသို့ ရောက်လာသည့်အခါတွင် မြန်မာတို့က လွတ်လပ်ရေးအတွက် နည်းမျိုးစုံနှင့် တိုက်ပွဲဆင်နေသည့်ကာလဖြစ်၏။ အိန္ဒိယနှင့် ခွဲရေး၊ တွဲရေး အယူအဆ မုန်တိုင်းတိုက်ခတ်နေစဉ်ဖြစ်သည်။

သူသည် မြန်မာအမျိုးသားတို့အပေါ် လေးစားသည်။ ပါလီမန်ဒီမိုကရေစီကိုလည်း မြတ်နိုးသည်။ ဗြိတိသျှအစိုးရသည် သူ၏မူနှင့်ဝါဒကို ပြင်ဆင်ခြင်းမပြုပါက ဗြိတိသျှတို့၏ နေမဝင်သော အင်ပါယာကြီးသည် တစ်ပုံစီ ပုံထွက်မည်ဟု ကြိုတင်မြင်ထားသည်။ ထိုကာလက မြန်မာနိုင်ငံတွင် စစ်ဆေးသော အမှုအခင်းများတွင် ဥရောပတိုက်သားများအား တရားစီရင်ရာတွင် ဥရောပတိုက်သား တရားသူကြီးဖြစ်သူက တရားစီရင်ရမည်ဟု ဥပဒေက လူသိရှင်ကြား ကြေညာထားခြင်း မရှိသော်လည်း ဥရောပတိုက်သားများ ကျူးလွန်သည့် အမှုအခင်းများကို ဥရောပတိုက်သား တရားသူကြီးများကပင် စစ်ဆေးအပြစ်ဒဏ်ပေးလေ့ရှိ၏။ သို့ဖြစ်၍ ရန်ကုန်တွင်နေထိုင်ကြသော ဥရောပတိုက်သားများသည် အခွင့်ထူးခံများ ဖြစ်ကြတော့သည်။

ဤသို့ နားလည်မှုလုပ်ထားသည်မှာ ထာဝစဉ် ထုံးစံသဖွယ် ဖြစ်နေသည်။ မြန်မာလူမျိုး တရားသူကြီးဖြစ်သူက မတရားစီရင်ချက်ချမည်ကို စိုးရိမ်သည်ထက် မျက်နှာဖြူလူမျိုးတစ်ယောက်အား အသားညို တိုင်းရင်းသားတစ်ယောက်က အမှုစစ်ဆေး စီရင်ချက်ချခြင်းသည် မျက်နှာဖြူလူမျိုးတစ်မျိုးလုံးအတွက် ဂုဏ်သိက္ခာ ပျက်နေမည်ဖြစ်သောကြောင့်ဖြစ်သည်။ ထိုဥပဒေက မှတ်



www.burmeseclassic.com



**တရားခွင်တွင် သက်သေအားလုံးကပင် ဆင်းဂွတ်ပတားသည် အစိုးရအား
အကြည်ညိုပျက်စေသော စကားအသုံးအနှုန်းများကို ပြောဟောသွေးနွေးခြင်းမပြုခဲ့ဟု
တညီတညွတ်တည်း ထွက်ဆိုသွားကြသည်။
ဆင်းဂွတ်ပတား၏ ဟောပြောချက်များသည် ထိုစဉ်ကာလက
မြန်မာနိုင်ငံအစိုးရအားထိခိုက်စေလိုခြင်းကြောင့်မဟုတ်၊
စိတ်လိုက်မာန်ပါ ပြောဆိုခြင်းသာဖြစ်သည်ဟု မစ္စတာမောရစ်ကောလစ်က ယူဆခဲ့သည်...**

တမ်းများအရ ဟိုက်ကုတ်(ဗဟိုတရားရုံး)နှင့် ရန်ကုန်ဒီစတြိတ်(ရန်ကုန်ခရိုင်)တွင် မြန်မာလူမျိုး တရားသူကြီး ခန့်ထားခြင်းမပြုရဟု စက္ကူပေါ်တွင် ရေးသားထားခြင်း မရှိစေကာမူ အိုင်စီအက်(စ်)အရေးပိုင် မစ္စတာ မောရစ်ကောလစ်အား ရန်ကုန်ဒီစတြိတ်တရားသူကြီးအဖြစ် ခန့်ထားသည့်အချိန်ထိ မြန်မာလူမျိုး တရားသူကြီးများ ရန်ကုန်ဒီစတြိတ်နှင့် ဟိုက်ကုတ်တွင် ခန့်ထားခြင်းမရှိသေး။ ဤသည်မှာပင် ဗြိတိသျှဘုရင့်အစိုးရအဖို့ ပျော့ကွက်တစ်ခုဖြစ်ခဲ့သည်။ မျက်နှာဖြူအမျိုးသားများအား တရားခွင်တွင် စစ်ဆေး၍ အပြစ်ဒဏ်ပေးရာတွင် တရားဥပဒေအတိုင်း စီရင်ခြင်းမပြုဘဲ လျှော့လျှော့ပေါ့ပေါ့ပေးလေ့ ရှိသည်။ အမှန်အားဖြင့် ထိုကာလက တရားရုံးသို့ရောက်သော ဥရောပတိုက်သားဆိုသည်မှာ ရှားပေသည်။

အကယ်၍ ဥရောပတိုက်သား တစ်ဦးတလေ တရားခံအဖြစ် တရားခွင်သို့ ရောက်လာသည်နှင့် ထိုသူအား စစ်ဆေးအပြစ်ပေးမည့် တရားသူကြီးအား ရန်ကုန်မြို့ရှိ ဥရောပတိုက်သားများသာ ဝင်ခွင့်ရသော ဂျင်မခါနာကလပ်နှင့် ပဲခူးကလပ်မှ မျက်နှာဖြူလူမျိုးများသည်လည်းကောင်း၊ ဥရောပတိုက်သား ကုန်သည်အများသည်လည်းကောင်း တရားခံဖြစ်သူကို လျှော့လျှော့ပေါ့ပေါ့ ပြစ်ဒဏ်ပေးရန် ဖိအားပေးလေ့ရှိသည်။ ဤသို့သော အစဉ်အလာကို မစ္စတာ မောရစ်ကောလစ်က စက်ဆုပ်သည်။ ဤကဲ့သို့ ကျောသားရင်သားခွဲသော အယူအဆ သည် မှန်ကန်ပါသည်ဟု နိုင်ငံတကာက ယူဆထား သော ဗြိတိသျှတရားဥပဒေအား အစွန်းအထင်းပေးလိ မည်ဟု ထာဝစဉ် ခံယူထားရာ သူ့ရုံးသို့ရောက်လာသည့် ဥရောပတိုက်သားဖြစ်စေ၊ တိုင်းရင်းသားဖြစ်စေ မည် သူ့မျက်နှာကိုမှမထောက်၊ တရားဥပဒေအတိုင်း စီရ မည်ဟု ဆုံးဖြတ်ထား၏။

ရန်ကုန်တွင်နေထိုင်သော ဥရောပတိုက်သားမျာ ကမူ မစ္စတာမောရစ်ကောလစ်သည် မြန်မာအလိုတော် ဖြစ်သည်ဟု သတ်မှတ်ထား၏။ အိန္ဒိယအမျိုးသား ဆင်း ဂွတ်ပတား၏ ဗြိတိသျှဘုရင့်အစိုးရအား အကြည်ညို ပျက်စေအောင် တရားဟောပြောမှုကို တရားဥပဒေ အတိုင်း ပြင်းပြင်းထန်ထန် ပြစ်ဒဏ်ချမှတ်စေလိုသည်

ထိုစဉ်ကာလက ထုတ်ဝေသော မြန်မာသတင်းစာ များ၊ ဂျာနယ်များ၊ ရန်ကုန်မြို့မှ အင်္ဂလိပ်ဘာသာဖြ ထုတ်ဝေသော သတင်းစာများ၊ အိန္ဒိယတိုင်းရင်းသာ ဘာသာဖြင့် ထုတ်ဝေသော သတင်းစာများ၊ တရု ဘာသာဖြင့် ထုတ်ဝေသော သတင်းစာကြီးများတွင် ရန် ကုန်မြို့၌ကျင်းပခဲ့သော ဆင်းဂွတ်ပတား၏ တရားပွဲမ ၌ ဆင်းဂွတ်ပတား အင်္ဂလိပ်ဘာသာဖြင့် ဟောကြာ သော မိန့်ခွန်းအပြည့်အစုံကို လုံးစေ့ပတ်စေ့ဖော်ပြေ ခဲ့ကြသဖြင့် ဤအမှုအား သက်ဆိုင်ရာသို့ တရားစွဲတ ခဲ့သည့် ရဲနှင့်စုံထောက်များအဖို့ သက်သေအထော

www.burmeseclassic.com


အထား ခိုင်ခိုင်မာမာ တင်ပြနိုင်ခဲ့သည်။ ထိုစဉ်ကထွက်ပေါ်လာသော သတင်းများအရ ဆင်းဂွတ်ပတားအား အစိုးရအကြည်ညိုပျက်စေမှုနှင့်ပတ်သက်၍ တရားစွဲဆိုရန် သင့်၊ မသင့်ကို မြန်မာနိုင်ငံမှ ဗြိတိသျှအာဏာပိုင်များသည် အိန္ဒိယအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် တိုင်ပင်ဆောင်ရွက်ခဲ့သည်ဟု ဆိုကြ၏။

ထိုအမှုမှာ အိန္ဒိယနှင့် မြန်မာနိုင်ငံတွင် နေထိုင်ကြသော အိန္ဒိယတိုင်းရင်းသားများသာမက ဗြိတိသျှအမျိုးသားများကလည်း စိတ်ဝင်စားခဲ့ကြ၏။ အိန္ဒိယနိုင်ငံ၊ ကာလကတ္တား(ကိုးလ်ကတ္တား)မြို့မှ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော အမရိစတာဘဇား၊ ပက်ထရီကားသတင်းစာကြီးများကလည်း ဆင်းဂွတ်ပတား၏အမှုတွင် ရန်ကုန်ဒီစတြိတ်တရားသူကြီး မစ္စတာ မောရစ်ကောလစ်သည် အမှန်တကယ် တရားဥပဒေအတိုင်း စီရင်ပါမည်လောဟု ဝေဖန်ရေးသားခဲ့ကြ၏။ ထိုသတင်းစာကြီးမှာ အိန္ဒိယနိုင်ငံတွင် ဩဇာတိက္ကမ အကြီးမားဆုံး သတင်းစာကြီးတစ်စောင်ဖြစ်၏။

ဆင်းဂွတ်ပတားကလည်း ခေါင်းမာသူဖြစ်၏။ သူ့အား ကျပ် ငါးထောင်တန် အာမခံဖြင့် တရားရင်ဆိုင်ခွင့်ပေးခဲ့သော်လည်း အာမခံယူခြင်းမပြုဘဲ ရန်ကုန်အကျဉ်းထောင်မှပင် တရားရုံးသို့လာရောက်၍ တရားရင်ဆိုင်ခဲ့၏။ သူ့အားစတင်စစ်ဆေးသော ပထမနေ့က မှ ရန်ကုန်မြို့မှ အိန္ဒိယတိုင်းရင်းသားများသည် ရန်ကုန်အရေးပိုင်နှင့် ဒီစတြိတ်တရားသူကြီးအဖြစ် တာဝန်ယူထားသော မစ္စတာမောရစ်ကောလစ်ရုံးအား လာရောက်ကြည့်ရှုခဲ့ကြရာ ပွဲလမ်းသဘင်ကဲ့သို့ လူစည်ကား၏။ အချို့အိန္ဒိယတိုင်းရင်းသားများကမူ ဗြိတိသျှအစိုးရဆန့်ကျင်ရေး ကြွေးကြော်သံများကို အော်ဟစ်ကြရာ မြင်ရသူများအဖို့ စိတ်ချောက်ချားဖွယ်ရာဖြစ်၏။ ထိုအမှုအား ရန်ကုန်ဥပဒေလောကမှ အိန္ဒိယဝတ်လုံတော်ရအဖွဲ့ဝင်အားလုံးလည်း လာရောက်၍နားထောင်ကြရာ ထူးထူးခြားခြား စိတ်ဝင်စားဖွယ်ရာကောင်းသော အမှုအခင်းကြီးဖြစ်သည်။

မြန်မာနိုင်ငံ၊ ရန်ကုန်အခြေစိုက် အိန္ဒိယတိုင်းရင်းသား ကွန်ဂရက်အဖွဲ့ဝင်များကလည်း လူစုလူဝေးဖြင့် လာရောက်ခဲ့ကြ၏။ ဆင်းဂွတ်ပတားဘက်မှ သက်သေအဖြစ် လိုက်ပါသူများမှာ ရန်ကုန်မြို့မှ အထင်ကရ အိန္ဒိယအမျိုးသားများသာဖြစ်ကြသည်။ အချို့ပုဂ္ဂိုလ်များမှာမူ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များဖြစ်ကြ၏။ ဥပမာအားဖြင့် ထိုကာလက နာမည်ကျော် ရာမခရစ်သျှနားအသင်းဥက္ကဋ္ဌဖြစ်သူ ဆွာမိရုရာမနန္ဒာသည် ဆင်းဂွတ်ပတားဘက်မှ သက်သေအဖြစ် ဆောင်ရွက်ခဲ့၏။

တရားခွင်တွင် သက်သေအားလုံးကပင် ဆင်းဂွတ်ပတားသည် အစိုးရအား အကြည်ညိုပျက်စေသော စကားအသုံးအနှုန်းများကို ပြောဟောဆွေးနွေးခြင်းမပြုခဲ့ဟု တညီတညွတ်တည်း ထွက်ဆိုသွားကြသည်။ ဆင်းဂွတ်ပတား၏ ဟောပြောချက်များသည် ထိုစဉ်ကာလက မြန်မာနိုင်ငံအစိုးရအားထိခိုက်စေလိုခြင်းကြောင့်မဟုတ်၊ စိတ်လိုက်မာန်ပါ ပြောဆိုခြင်းသာဖြစ်သည်ဟု မစ္စတာမောရစ်ကောလစ်က ယူဆခဲ့သည်။ သူစကားစပ်မိ၍ ပြောဆိုချက်များသည် ဗြိတိသျှအစိုးရအား အကြည်ညိုပျက်စေသည်ဟု တရားဥပဒေရှုထောင့်မှ မမြင်၊ သို့သော် သူပြောဆိုသော စကားအချို့သည် ဥပဒေအချက်အလက်အရ အတော်အသင့် အစိုးရအား ထိခိုက်စေသဖြင့် ဆင်းဂွတ်ပတားအား ထောင်ဒဏ် ၁၀ ရက် အပြစ်ဒဏ်ချမှတ်ခဲ့သည်။

မစ္စတာမောရစ်ကောလစ်၏ စီရင်ချက်အား အုပ်ချုပ်ရေးဘက်မှ လက်ခံခဲ့၏။ ထိုစီရင်ချက်ကို မကျေနပ်သဖြင့် ပြန်လည်ကြားနာစစ်ဆေးရန် အစိုးရက ဟိုက်ကုတ်သို့ အယူခံဝင်ခဲ့ခြင်းမရှိဟု ဆိုကြပါကြောင်း။ ။

လှမိုး (ပညာရေး)

ကျမ်းကိုး– Into Hidden Burma

By- Maurice Collis

www.burmeseclassic.com

www.burmeseclassic.com

# ခင်မေဦး

## စွန်းထင်းသွားသော အဖြူရောင်များ



www.burmeseclassic.com

www.burmeseclassic.com


သရက်ကုန်းကျေးရွာအလယ် ...န်းကျောင်းအတွင်းရှိ အဋ္ဌမတန်း ... ဆရာဦးအောင်သန်းက သိပ္ပံဘာ ...ာ သင်ကြားနေသည်။ အတန်း ...ားများက စိတ်ဝင်တစား နား ...ထောင်နေကြသည်။

"တို့ကမ္ဘာမြေပေါ်မှာရှိတဲ့ လူ ...တ္တဝါများ အသက်ရှင်နေထိုင်နိုင် ... ဘယ်ဓာတ်ငွေ့က အရေးကြီး ...လဲဟေ့"

"အောက်ဆီဂျင်ဓာတ်ငွေ့ပါ ...ရာ"

"အေး ဟုတ်တယ်ကွ၊ အလား ...ပဲ ကမ္ဘာကြီးရဲ့ အပူအအေး ဓာတ် ...ဘာဝကို ထိန်းကျောင်းထားနိုင်ဖို့ ...ယ်ဓာတ်ငွေ့က အရေးကြီးသလဲ ...ဟ့"

"ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ် ...ငွေ့ပါ ဆရာ"

"အေး၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ဟာ ကမ္ဘာမြေကြီး အတွင်း ဖြစ်ပေါ်ပြောင်းလဲလာတဲ့ အပူရှိန်တွေကို စုပ်ယူထားနိုင်တဲ့ ဂုဏ်သတ္တိရှိတယ်၊ ဒီဓာတ်ငွေ့က ကမ္ဘာကြီးအတွက် လိုအပ်တဲ့အပူရှိန် ထက်တိုးမြင့်မလာစေဘဲ လူသတ္တဝါတို့ အသက်ရှင်နေထိုင်နိုင်ဖို့ သင့်လျော်လိုက်ဖက်တဲ့ ရာသီဥတုကို ဖန်တီးပေးတယ်ကွ"

ထိုသို့ရှင်းပြနေချိန်တွင် သွက်လက်ထက်မြက်သော မျိုးထွန်းဆိုသော ကျောင်းသားက လက်လေးပိုက်၍ ပြန်မေးခဲ့သည်။

"ကမ္ဘာကြီး လက်ရှိအပူရှိန်ထက် ပိုပြီးပူရင် ဘာဖြစ်မလဲ ဆရာ"

"ဩော်.....မင်းတို့တစ်တွေ မြန်မာပြည် ဧရာဝတီတိုင်းဒေသကြီးမှာ လူအများအပြား သေခဲ့တဲ့ နာဂစ်ဆိုတဲ့ မုန်တိုင်းကြီးသတင်းကို ကြားဖူးကြတယ်နော်"

"ဟုတ်ကဲ့ပါ ဆရာ"

"အဲဒါ ကမ္ဘာကြီးက ပူနွေးလာလို့ မုန်တိုင်းကြီးတွေဖြစ်၊ လေထုထဲမှာ လေပွေတွေ၊ လေဆင်နှာမောင်းတွေဖြစ်၊ ရေခဲတောင်တွေ အရည်ပျော်ပြိုကျပြီး ရေလွှမ်းမိုးမှုတွေဖြစ်တယ်၊ မိုးခေါင်တဲ့နေရာ မိုးခေါင်၊ ရေကြီးတဲ့နေရာကြီး၊ လှိုင်းကြီးတွေထ၊ ငလျင်တွေလှုပ်နဲ့ သဘာဝဘေးအန္တရာယ်ဆိုးကြီးတွေ ကြုံတွေ့ရတာပေါ့ကွာ"

ထိုစဉ် ထောင့်တစ်နေရာ၌ ထိုင်နေသည့် မသန်စွမ်းဖြစ်နေသော ကျောင်းသားလေး မောင်အံ့မောင်

---

**လယ်ထဲက သီးနှံတွေကို ကိုက်ဖြတ်စားသောက်တယ်၊**
**အိမ်၊ ခြံတွေမှာ၊ အမှိုက်ပုံတွေမှာ မသတီစရာရောဂါပိုးတွေကို**
**လူတွေကိုဖြန့်ဝေပေးတယ်၊**
**ဒါကြောင့်မုန်းတာ . . .**

www.burmeseclassic.com

www.burmeseclassic.com

က မတ်တတ်ရပ်၍ လက်ကလေး ပိုက်၊ လည်ပင်းလေးစောင်းကာ ပြောလေသည်။

"ဆရာရယ် ကမ္ဘာကြီးပူတာ က နည်းနည်းပါ၊ တစ်ခါတလေ ကျွန်တော့်ရင်ထဲကအပူက ပိုပူသလို ပဲ"

"ဟား.....ဟား.....ဟား"

မောင်အုံ့မောင်အပြောကြောင့် ကျန်ကျောင်းသားများက ဝိုင်း၍ဟား တိုက်ရယ်မောကြသည်။

"မင်းအပူက ဘယ်လိုအပူလဲ၊ ရှင်းပါဦးကွ"

ဆရာက ပြုံးပြုံးကြီးကြည့် လျက် ပြန်မေးခဲ့၏။ မျက်တောင် ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း အထစ် ထစ်အငေါ့ငေါ့ဖြင့် ပြန်ဖြေသည်။

"ညစာ ဘာဟင်းနဲ့စားရမလဲ ဆိုတာပါခင်ဗျာ"

"ဝါး.....ဟား.....ဟား"

တစ်တန်းလုံး အူတက်မတတ် ရယ်မောကြတော့သည်။

"ကလောင်.....ကလောင်"

"ကျောင်းဆင်းပြီ၊ နောက်နေ့ မှ ဆက်သင်ကြတာပေါ့"

ညနေကျောင်းဆင်းပြီဖြစ်၍ ကျောင်းသားများမှာ အသီးသီးအိမ် သို့ပြန်ကြလေတော့သည်။

+++

ညနေစောင်းတွင် အုံ့မောင်မှာ ဖခင်နှင့်အတူ လယ်ထဲသို့ ကြွက်ထိုး လိုက်ရသည်။ မသန်စွမ်းသူဖြစ်၍ ခြေအစုံမှာ ယက်ကန်ယက်ကန်ဖြင့် သွားရသည်။ ပခုံး၌ ပလိုင်းတစ်လုံး လွယ်ထားသည်။ လက်မှလည်း ဓာတ်မီးတစ်ခုကို နိုင်နိုင်နင်းနင်းကိုင် လျက် လိုက်ပါလာသည်။

"အဖေရာ ကြွက်တွေကို များ များဖမ်းပြီး သတ်စမ်းပါဗျာ"

"မင်းက ကြွက်ကိုမုန်းလို့ထင် တယ်"

"မုန်းတာပေါ့ အဖေရဲ့၊ လယ် ထဲက သီးနှံတွေကို ကိုက်ဖြတ်စား သောက်တယ်၊ အိမ်၊ ခြံတွေမှာ၊ အမှိုက်ပုံတွေမှာ မသတီစရာရောဂါ ပိုးတွေကို လူတွေကိုဖြန့်ဝေပေး တယ်၊ ဒါကြောင့်မုန်းတာဗျ"

"မင်းက သိသားပဲ၊ မင်းတို့ ဆရာတွေက သင်ထားတာထင် တယ်"

"ဟုတ်တာပေါ့ဗျာ၊ ကြွက် ကိုယ်ပေါ်က ကြွက်လှေးတွေက ရောဂါဖြန့်ဖြူးပေးတဲ့ ကပ်ပါးပိုးတွေ တဲ့၊ ရန်သူငါးပါးထက်တောင် ကြွက် က ကြောက်ဖို့ကောင်းတယ်လို့ ဆရာကပြောတယ်"

"အေး၊ ဒါကြောင့် တို့ကသတ် ပြီး ရောင်းတာပေါ့"

"သတ်စားတော့ ရောဂါမရ ဘူးလားဟင်"

"မီးနဲ့ချက်ထားတာပဲကွ"

"ဒါကြောင့်ထင်တယ်၊ ကျွန် တော့်ကို အချို့သူငယ်ချင်းတွေက မင်းတို့သားအဖကို ကျေးဇူးတင် တယ်တဲ့၊ ကြွက်သတ်သမားမို့ ပတ် ဝန်းကျင်သန့်ရှင်းအောင်လုပ်ပေးလို့ ဝမ်းသာကြတယ်တဲ့"

"ဟေ.....ဟုတ်လား၊ မင်းကို



အထင်မသေးဘဲ အထင်ကြီးကြ တယ်ဆိုလို့ အဖေဝမ်းသာတယ်ကွ"

ထိုသို့ပြောဆိုနေစဉ် သားဖြ သူက ဖခင်ဖြစ်သူကို ပြလိုက်၏။

"အဖေ..ဟို..ဟိုမှာ အကောင် အကြီးကြီးပဲ"

"ဒုတ်.....စွပ်"

ဖခင်ဖြစ်သူက လျင်မြန်စွာ မှိန်းဖြင့် ထိုးဖမ်းလိုက်၏။

"ကျွိ....."

ကြွက်ကြီးက နာကျင်စွာ အော်နေသည်။

"မိပြီ"

www.burmeseclassic.com

www.burmeseclassic.com



သားအဖနှစ်ဦး ည ၈ နာရီခန့် ...င် နေအိမ်သို့ ပြန်လာခဲ့သည်။ ...ကြက်သေကောင်များကို မိခင်ဖြစ် ...က အရေစုတ်လေတော့သည်။

+++

"သာပေါင်းငယ်သာထွေ၊ ခါ ...ာမန် ရာသီချိန်မို့ ဖန်ရှိန်ဝယ် ...အစိုင်နှင့် နှင်းလေစိုင်ဖျန်း"

ထိုကဲ့သို့ စာဆိုရှိသည့်အတိုင်း ...ကဲဝန်းကျင်တစ်ခွင်လုံး မှုန်မှိုင်း ...ဆိုင်းနေသည်။ ကြွက်များသည် ...ဟေမန်ဆောင်းရာသီ၌ပင် သူတို့ ...ာ်မြူးချိန်ဖြစ်သည်။ ဖုံးတုံးလုံးတုံး ...န်ဆောင်မုန်း ကျော်ခဲ့ပြီမို့ စပါး ...တို့ ရင့်သန်ကျီးကျကုန်သည်။ ...ကြွက်အပေါင်းတို့ ပျော်မြူးကာ ...ဘာပေါချိန်ဖြစ်သည်။

ထိုအချိန်သည် အံ့မောင်တို့မိ ...ားစုအတွက် ငွေရှင်ချိန်လည်းဖြစ် ...ည်။ ကြွက်များများဖမ်းရ၍ ပျော် ...သလောက် ရန်သူမုဆိုး မြွေပွေး၊ ...မြွေဟောက်တို့ကိုလည်း သတိပြုရ ... မြွေဆိုးများနှင့်အပြိုင် အစာလု ...ရသည်။

တစ်ခါတစ်ရံ ကြွက်ကိုလူက ...ောင်းသည်၊ မြွေကလည်း ကြွက် ...ချောင်းသည်။ လူနှင့်မြွေ ရင်ဆိုင် ...ခင်း မြွေကိုအနိုင်ရရန် သတိထား ...ရချိန်လည်းဖြစ်သည်။

တစ်နေ့တွင် မြွေပွေးတစ် ...ောင်ကို ဖမ်းဆီးရမိခဲ့သည်။ ဈေး ...ကောင်းရရှိ၍ အဖေဖြစ်သူမှာ ...ဘာတက်လာပြီး ကြွက်ထက် မြွေကိုရှာနိုင်ရန် ဦးစားပေးလေတော့သည်။

ထိုအချိန်မှစ၍ အံ့မောင်မှာ ဖခင်၏အလုပ်ဖြစ်သည့် ကြွက်ထိုး သမားရာထူးကို အလိုလိုရရှိသွား လေသည်။

+++

**ကြွက်ကို
ချိန်သားကိုက်အောင်
ချိန်ပြီးမှ
အပိုင်ထိုးချသကဲ့သို့
အဓမ္မပြုကျင့်ရန်
ကြံစည်နေသော
ရာဇဝင်လူးစံထူးကို
နှစ်ခွချွန်မိန်းဖြင့်
အပိုင်ချိန်ကာ
...**

စာကိုကြိုးစားခဲ့၍ နဝမတန်း သို့ အံ့မောင်ရောက်လာချိန်တွင် ကျောင်းစရိတ် မတတ်နိုင်၍ ရွာဦး ကျောင်းဆရာတော် ဘုန်းကြီးက ထောက်ပံ့ပေးရရှာသည်။

"အံ့မောင်၊ နင် ဆယ်တန်း အောင်အောင်ဖြေနော်"

ရွာထိပ်အကြော်တဲမှ ဒေါ်အုံး မြ၏သမီးလေး စုလှဖြူက အံ့မောင် ကို အားပေးရှာသည်။

"မိစုရာ ငါကဆင်းရဲတော့ ဆယ်တန်းတောင် ဆက်တက်နိုင်ပါ့ မလားမသိဘူး၊ စာကျက်ရင်လည်း သူများထက်ပိုကျက်မှ ငါကစာရ တာ၊ ဉာဏ်လည်းသိပ်မမီတော့ အားငယ်တယ်ဟာ"

"ဆင်းရဲလို့ ပိုပြီးကြိုးစားရမှာ ပေါ့၊ ငါလည်း ဒီလိုပဲဟာ၊ အတူတူ ကြိုးစားတာပေါ့၊ အားမလျှော့နဲ့ အံ့ မောင်ရာ"

သနားတတ်သော စုလှဖြူက အံ့မောင်၏ဘဝကို နားလည်၍ အား ပေးဖော်ရသည်။

အကြော်သည်၏သမီး စုလှဖြူ မှာ ၉ တန်းရောက်သောအခါ ဖြူ ဖြူသွယ်သွယ်လေးနှင့် လှလာသည်။ ပါးချိုင့်လေးက ပြုံးလိုက်တိုင်းပေါ် လာတတ်၍ ချစ်စရာလေးဖြစ်သည်။

ကလျာဖူးသစ်စ၊ ပျိုမျစ်မျစ် အရွယ်မို့ စုလှဖြူအား ပိုးပန်းသူတွေ များလာသည်။ ထိုပိုးပန်းသူများထဲ တွင် ရွာမှလယ်ပိုင်ရှင် ဦးဘတူ၏ သားကြီးမှာ စုလှဖြူကို မျက်စိကျ နေသည်။

"ဟဲ့.....အံ့မောင်"

www.burmeseclassic.com

www.burmeseclassic.com





"ဘာလဲဗျ ကြီးတော်ရဲ့"

"နင် ကျောင်းသွားရင် မိစုကို ဝင်ပြီးခေါ်သွား၊ ဒီကောင်မလေးကို လိုက်နှောင့်ယှက်နေတဲ့ကောင်တွေ ရှိတယ်"

"ဟုတ်ကဲ့"

အံ့မောင်မှာ စုလှဖြူအတွက် ကိုယ်ရံတော်အဖြစ် စုလှဖြူ၏မိခင်က ခန့်အပ်ခြင်းခံရသည်။ အံ့မောင်မှာ အသက် ၁၅ နှစ်ဆိုသော်လည်း လက်ဖျံ၊ ခြေသလုံးများထွားသည်။ လည်ပင်းလေးစောင်းကာ ခေါင်းက လိမ်နေသည်။ လက်တစ်ဖက်ကလည်း လိမ်ဖယ်ဖယ်၊ ခြေသလုံးက တိုတိုဖြစ်၍ လိမ်ဖယ်ဖယ်ပင်ဖြစ်သည်။

အံ့မောင်မှာ နှုတ်ခမ်းရွဲ့ကာ မျက်စိကလည်းစောင်းရွှေရွှေဖြစ်သည်။ ထိုလူမျိုးက စုလှဖြူအတွက် ကိုယ်ရံတော်တပ်မှူးလေး လုပ်နေရသည်မှာ ရယ်ချင်စရာဖြစ်နေသည်။

"ဟော့ လိမ်ဖယ်ဖယ်တီးပါလို့ မောင်ကြီးထိုင်စောင့်မယ်"

လူငယ်လေးများက စုလှဖြူတို့ကို ဝိုင်း၍စနောက်ကြသည်။

"ဒီကောင်တွေကို ငါတီးပစ်ချင်တယ်"

"အမယ်လေး..နင်ကမတီးခင် သူတို့ကတီးမှဖြင့်၊ သည်းခံပါဟာ"

+++

တစ်ညနေ အကြော်တဲ၌ စုလှဖြူတစ်ဦးတည်း မီးမွှေးနေသည်။ ရွာထိပ်ကလည်း လူသူကင်းဝေးနေရုံမျှမက ညနေ ၃ နာရီခွဲအချိန်မို့ လူပြတ်နေသည်။

ထိုအချိန် တဲအတွင်း မီးကိုမှုတ်လိုက်၊ မျက်စိကိုပွတ်လိုက်ဖြင့် စုလှဖြူက အလုပ်ရှုပ်နေသည်။ စုလှဖြူခမျာ မီးမမွှေးတတ်၍ သနားစရာကောင်းလှသည်။

ထိုအချိန်တွင် ဦးဘတူ၏သား အကြီးဖြစ်သူ စံထူးမှာ အရက်မူးမူးဖြင့် ရောက်လာသည်။ နောက်မှနေ၍ ထိုင်ပြီးမီးမှုတ်နေသော စုလှဖြူ၏ကျောပြင်လေးကို သိုင်းဖက်လိုက်သည်။

"အို....စံထူး၊ နင်ဖယ်စမ်း"

"ငါမွှေးပေးပါ့မယ်၊ ဒီအလုပ်က ပင်ပန်းပါတယ်၊ နင်သာငါ့ကို ယူလိုက်ရင် သူဌေးချွေးမဖြစ်ပြီး သက်သောင့်သက်သာနဲ့ နေရမှာ"

"ဘာ.....နင့်လိုအရက်သမားကို လင်လုပ်လို့ကတော့ သက်သောင့်သက်သာမပြောနဲ့ မျက်ရည်နဲ့ဒူးသုတ်ပြီး အစောကြီး မုဆိုးဖြစ်မှာ"

"ဘာ...နင်က ဘယ်သူ့အားကိုးနဲ့ ငါ့ကိုပြန်ပြောနေတာလဲ"

"ဘယ်သူ့မှအားကိုးလို့မဟုတ်ဘူး၊ ရွာထဲမှာ နင်တို့လို နာမည်ဆိုးနဲ့လူကို လူတိုင်းကမုန်းတာ နင်သိသားနဲ့"

ထိုသို့ စုလှဖြူက ပွင့်ပွင့်လင်းလင်းပြောလိုက်ရာ အရက်သမား စံထူးမှာ ၎င်း၏ပျော့ကွက်ကိုအတင်းနင်းပြောနေ၍ စုလှဖြူအပေါ် စိတ်ဆိုးလာကာ စုလှဖြူအား တဲပေါ်သို့ အတင်းဆွဲခေါ်လေတော့သည်။

စုလှဖြူမှာ အံ့မောင်ကို ချက်ချင်းသတိရလိုက်သည်။ ငယ်စဉ်ကလေးဘဝကတည်းက အကြော်မကုန်လျှင် အံ့မောင်က သူ့ပိုက်ဆံလေးနှင့် ဝယ်စားလေ့ရှိသည်။

သူမ၏ ဒုက္ခမှန်သမျှကို စိတ်ရင်းစေတနာမှန်နှင့် အမြဲကူညီပံ့ပိုးနေသူဖြစ်၍ အံ့မောင်ကိုပင် ပြေး၍ သတိရမိခြင်းဖြစ်သည်။ ထို့ကြောင့် နှုတ်မှအော်ရင်း ရုန်းကန်နေမိသည်။

"အံ့မောင်ရေ...ငါ့ကိုကယ်ပါဦး"

ထိုအချိန် အံ့မောင်မှာ ဘယ်ကရောက်လာသည်မသိ၊ ကြွက်ထိုးမိန်းတစ်ချောင်းကိုင်သွားရင်း တဲအနီးသို့ ရောက်လာပြီး ကြွက်ကို

www.burmeseclassic.com

www.burmeseclassic.com


နှ်သားကိုက်အောင်ချိန်ပြီးမှ အပိုင်ုံးချသကဲ့သို့ အခမ့်ပြုကျင့်ရန် ကြံည့်နေသော ရာဂဘီလူး စံထူးကို ခ်ခွချွန်မှိန်းဖြင့် အပိုင်ချိန်ကာ လည်င်းသို့ စိုက်ချလိုက်သည်။

"အား....."

စံထူးမှာ တစ်ချက်တည်းသာ အော်နိုင်ပြီး ပုံလျက်သားလဲကျသွားသည်။ စံထူးကို နှစ်ဦးသား ကြောင်ကြည့်နေမိသည်။

ယင်းနောက် တစ်ဦးကိုတစ်ဦး ကြည့်ပြီး တဲပေါ်မှ ပြေးဆင်းလာခဲ့သည်။ အုံ့မောင်လက်ကိုဆွဲ၍ စုလှဖြူမှာ ကိုင်းတောထဲသို့ ကြောက်ကြောက်လန့်လန့်နှင့် နှစ်ဦးသား ပြေးခဲ့လေတော့သည်။

+++

ထိုအချိန် နယ်မြေအတွင်း ကင်းလှည့်နေသော ရဲတပ်ဖွဲ့ဝင်များမှာ တဲပေါ်မှ ရုတ်တရက် ပြေးထွက်သွားသော လူငယ်စုံတွဲ၏ အခြေအနေကို မြင်လိုက်ရ၍ မသင်္ကာဖြစ်ကာ သူတို့နောက်သို့ ပြေးလိုက်ခဲ့ကြသည်။

အုံ့မောင်နှင့် စုလှဖြူမှာ ကိုင်းတောထဲ ဝပ်နေရာမှ ချောင်းစပ်သို့ အလျင်အမြန်ပြေးပြန်သည်။ နှစ်ဦးသား လက်ကိုမြဲမြဲဆုပ်ကိုင်ကာ ကြောက်အားလန့်အားနှင့် ကိုင်းတောကြီးကိုတိုး၍ ပြေးခဲ့ကြရာ ခန္ဓာကိုယ်၊ လက်မောင်း၊ ခြေသလုံးတို့၌သွေးစတို့စီးကျလာသည်။ သို့သော် ရပ်မနားပြေးမြဲပြေးလေသည်။

"ဟေ့.....မပြေးနဲ့"

"ကလေးတွေ...မပြေးနဲ့ကွ"

အန္တရာယ်ဖြစ်မည်စိုး၍ ရဲတပ်ဖွဲ့ဝင်များက နောက်မှပြေးလိုက်လာရင်း အော်သည်။ အော်ဟစ်သတိပေးလေ ပြေးလေဖြစ်နေ၏။ လူငယ်နှစ်ဦးမှာ ရေစီးသန်လှသော ချောင်းစပ်သို့ ရောက်သွားကြသည်။

"အုံ့မောင် နောက်က ရဲတွေလိုက်လာပြီ၊ တို့ ရေထဲဆင်းပြေးမှ ဖြစ်မယ်ထင်တယ်"

"နေဦးဟ၊ ချောင်းက ရေစီးသန်တယ်"

ထိုစဉ် နောက်မှ ရဲတပ်ဖွဲ့ဝင်များ လိုက်ပါလာသည်ကို ကိုင်းပင်များ၏ လှုပ်ယမ်းနေမှုက သက်သေပြနေ၏။ သူတို့နှစ်ဦး ဘာလုပ်ရမှန်းမသိ ဖြစ်နေခဲ့ကြ၏။ သူတို့ ကြောက်ရွံ့နေရှာသည်။

"ငါတော့ ချောင်းထဲဆင်းပြေးပြီ"

စုလှဖြူမှာ ကြောက်အားလန့်အားနှင့် ချောင်းထဲသို့ အတင်းခုန်ချလိုက်ရာ ရေစီးနောက်သို့ မျောပါသွားလေတော့သည်။

"ဟာ.....မိစု"

ကမ်းပေါ်တွင်ကျန်ခဲ့သော အုံ့မောင်မှာ အသံကုန်အော်ဟစ်ကာ စု လှဖြူခုန်ချသွားသည့် ချောင်းထဲသို့ ခုန်ချကာ စုလှဖြူရှိရာသို့ ကူးခတ်သွားခဲ့၏။

"ငါလာပြီ မိစုရေ"

မသန်စွမ်းသူဖြစ်သော်လည်း ခင်မင်ရသော ငယ်သူငယ်ချင်း၏ အသက်ကိုကယ်ရန် ကြိုးစားကူးခတ်ရင်း စုလှဖြူကို မီကာနီးအချိန်၌ စုလှဖြူမှာ အားကိုးတကြီးဖြင့် အုံ့မောင်၏လက်ကို လှမ်းအဆွဲ၌ နှစ်ဦးသား ရေစီးနှင့်မျောပါကာ ရေနစ်လေတော့သည်။

ကမ်းပေါ်မှ စောင့်ကြည့်နေသော ရဲတပ်ဖွဲ့ဝင်များမှာ ကလေးနှစ်ဦး၏အသက်ကို ကယ်တင်နိုင်ရန် ရေထဲသို့ခုန်ဆင်းကြသော်လည်း ရေစီးအားကသန်လှ၍ ပြန်တက်ခဲ့ရတော့သည်။

သူတို့နှစ်ဦး၏ဖြစ်ရပ်ကို စိတ်မကောင်းစွာကြည့်ရင်း ပြန်လာရာ ရွာထိပ်ရှိ အကြော်တဲအတွင်း သွေးများယိုစီးကာ သေဆုံးနေသော စံထူး၏အလောင်းကို တွေ့လိုက်ရသည်။

ကျေးရွာအုပ်ချုပ်ရေးမှူးထံ အကြောင်းကြားပြီး စစ်ဆေးစုံစမ်းကြရာ ကလေးနှစ်ဦးနှင့် ပတ်သက်နေသည်ကို သိရှိသွားကြသည်။

"နှစ်ခွမှိန်းနဲ့ထိုးပြီးပြေးတာ၊ ဒီသေတဲ့သူက တစ်ခုခု မတရားစော်ကားမှုပြုလို့ဖြစ်ရမယ်"

"ဟုတ်ပါတယ်၊ အုံ့မောင်ဟာ လူကသာ မသန်စွမ်းဖြစ်တာပါ၊ စိတ်ရင်းစေတနာ အလွန်ပြည့်ဝသူပါ၊ မတရားတာမြင်ရင် ကြည့်မနေတတ်တဲ့ သူ့ညဉ်ကြောင့် သူထိုးလိုက်တာဖြစ်ပါလိမ့်မယ်၊ အလေ့အကျင့်ရပြီးသား ကြွက်ထိုးသမားဆိုတော့ ချက်ကောင်းကိုမိပြီး စံထူး ပွဲချင်းပြီးသေတာ ဖြစ်ရမယ်"

"မိစုကိုလည်း စံထူးကနှိုက်နှောင့်ယှက်နေတာကို အုံ့မောင်က

www.burmeseclassic.com

www.burmeseclassic.com

အမြဲအကာအကွယ်ပေးတယ်လို့ သူ့အမေက ပြောပါတယ်''

ထိုသို့ ရပ်ရွာလူကြီးများ၏ပြောစကားနှင့် ဖြစ်ရပ်မှန်သိရှိရေးကို ရဲ စခန်းမှူးနှင့်အဖွဲ့က ခေါင်းအေးအေးဖြင့် စဉ်းစားလျက်ရှိပေသည်။

''ကလေးနှစ်ဦးက တစ်ဦးကို တစ်ဦး ကူညီရိုင်းပင်းတဲ့ သူငယ်ချင်းကောင်းတွေပါ၊ မိစုဒုက္ခတွေ့လို့ အုံ့မောင်က ကူညီတာဖြစ်မှာပါ''

ရပ်ကွက်၊ ကျေးရွာလူကြီးများက ၎င်းတို့ စုံစမ်းသိရသည့်အတိုင်း ပြန်လည်ပြောပြခဲ့ရာ အပြစ်လုပ်မိသွားသော မသန်စွမ်းသူ လူငယ်လေး အုံ့မောင်အတွက် ရင်နာမိကြသည်။

အပြစ်မဲ့သူ မိန်းကလေးမှာလည်း သူတစ်ပါး၏ ရက်စက်ယုတ်မာမှုကြောင့် အသက်ဆုံးရှုံးရသည့်အထိ ဖြစ်ခဲ့ရ၍ ရင်နာမဆုံးဖြစ်ရသည်။

ထက်မြက်၍ စာတော်သော ကျောင်းသူမိန်းကလေးနှင့် ရိုးသား၍ ကူညီရိုင်းပင်းစိတ်ရှိသော အုံ့မောင်လို မသန်စွမ်းလူငယ်လေးတို့သည် အနာဂတ်အတွက် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည်။

၎င်းတို့၏ဘဝကို မသမာသူတို့က အမည်းရောင်ခြယ်သပြီး ဘဝနွံထဲသို့ နှစ်ခဲ့ကြလေပြီ။ ဤလူဆိုးလူမိုက်များသည် လူသားများအတွက် အမှိုက်များဖြစ်သကဲ့သို့ တိုင်းပြည်တိုးတက်ရေးကို ဖျက်ဆီးကြမည့်သူများသာဖြစ်သည်။

နောက်သုံးရက်ခန့်အကြာ ချောင်းထိပ်ကမ်းပါး၌ တစ်ဦးကိုတစ်ဦးဖက်တွယ်ထားသည့်အနေအထားဖြင့် လူငယ်နှစ်ဦး၏အလောင်းကို ရှာတွေ့ခဲ့ကြသည်။ စုလှဖြူနှင့် [...] မောင်တို့၏ အလောင်းများ [...] ယူရာသို့ ရွာသူရွာသားများ [...] ကျောင်းသူကျောင်းသား၊ [...] ဆရာမများ ရောက်ရှိလာ[...] အားလုံး ချုံးပွဲချငိုခဲ့ကြသည်။

''တို့တိုင်းပြည်နဲ့ လူ့[...] အစည်းအတွက် ကျေးရွာ၊ရပ်[...] အတွင်းရှိနေတဲ့ ဆိုးသွမ်းလူငယ်[...] ဟာ တကယ်အရေးကြီးတဲ့ [...] တွင်းရန်စွယ်တွေပဲကွဲ့''

ကျောင်းအုပ်ဆရာကြီးက [...] လှဖြူနှင့် အုံ့မောင်တို့၏ဖြစ်ရပ်[...] ဥပမာပေး ဆုံးမရင်း ဂုဏ်ပြုခဲ့[...] သည်။ အုံ့မောင်နှင့် စုလှဖြူ[...] ပြောထုံးစံပြတစ်ခု ဖြစ်ခဲ့ရ[...] သည်။

ခင်[...]


# အကြောဝေဒနာရှင်များ ဝမ်းမြောက်ဖွယ်

နှစ်ပေါင်း(၇၀)မှယနေ့ထိတိုင်အကြောဝိဇ္ဇာ **ဆရာကြီးဆရာလွှာ** အကြောပြုပြင်ရာဌာနမှ-

ဆရာကြီး၏သား **ဆရာဦးရဲဝင်း**

ကိုယ်တိုင်အောက်ပါအကြောရောဂါများကို တာဝန်ယူ ကုသပေးနေပါသည်။

ခါးနာ ၊ ခါးကိုက် ၊ ဒူးနာ ၊ အကြောသေ ၊ အကြောတက် ၊ ထုံနာ ကျင်နာ ၊

ခြေသေလက်ကစ် ၊ လေငန်းရောဂါ ၊ အရိုးအကြောနှင့်သက်ဆိုင်သောရောဂါများကိုအချိန်တိုတိုဖြင့်

ထိရောက်စွာ ကုသပေးနေပါသည်။ အခြားအကြောနှင့်သက်ဆိုင်သော ဝေဒနာများကိုလည်းကုသပေးနေသည်။

**ဆေးခန်းတည်နေရာ**

၇/၁၂၀၊ မိုလ်ချုပ်လမ်း၊ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။

အမှတ် (၄၃) ဒေဟာသိကားစီး၍နွယ်သာဂီမှတ်တိုင်တွင်ဆင်းပါ။

ဖုန်း - ၀၉ ၇၃၁၀၀၂၅၀

ဆေးခန်းဖွင့်ချိန်၊ ၊ နံနက်(၇)နာရီမှ ညနေ (၅)နာရီအထိ၊ (စနေ နေ့တိုင်း ဆေးခန်းပိတ်သည်။)

အကြောဝိဇ္ဇာဆရာကြီးဆရာလွှာအကြောလိမ်းဆေးကြီး

ဤဆေးခန်းတွင် ရနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com


# ထက်ထက် ဟာသများ

## လျှာရှည်ချင်သူ

လင်မယားနှစ်ယောက် ဈေးဝယ်ထွက်လာကြသည်။ ခင်ပွန်းဖြစ်သူက အိမ်တွင် ငရုတ်သီးစိမ်းကုန်နေသည်ကို သတိပေး၏။

**ဇနီး။** ။ ငရုတ်သီးစိမ်း တစ်ရာဖိုးလောက်ပေးပါနော်။

**ခင်ပွန်း။** ။ စပ်ရဲ့လား ကလေးမ၊ ပီနံသီးလား။

**ဈေးသည်။** ။ စပ်လိုက်သမှ ဦးလေးဖင်တောင်ပြဲသွားလိမ့်မယ်။

အမျိုးသားကြီးမှာ မျက်နှာပျက်သွားသည်မှမဆုံးသေးပေ။ ဘေးမှဈေးသည်က.....

**ဘေးဈေးသည်။** ။ မြည်းကြည့်ပါလား ဦးလေးရဲ့။

**ဇနီး။** ။ ဟုတ်ပ့ါ၊ စပ်မစပ် သိချင်ရင် မြည်းကြည့်လိုက်လေ။

အမျိုးသားကြီးလည်း စိတ်တိုတိုဖြင့်.....

**ခင်ပွန်း။** ။ဩော်.....နင်တို့က ငါ့ကိုလုပ်ကြံနေကြတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



## ဦးရာလူ

**ကောင်လေး။** ။ ငါ့ချစ်သူကို ဒီစာလေး သွားပေး ပေးပါကွာ။

**သူငယ်ချင်း။** ။ စိတ်ချ၊ ရောက်အောင်ကိုပို့ပေးမယ်၊ မင်းက ဘာကြောင့်ကိုယ်တိုင်သွား မပေးတာလဲ။

**ကောင်လေး။** ။ မအားလို့ပါကွာ၊ ဒီညတွေ့ဖို့ရှိတယ်။

သူငယ်ချင်းက စာကိုယူပြီး ကောင်လေး၏ချစ်သူ ရှိရာသို့ ထွက်သွား၏။ ညပိုင်းတွင် ချိန်းထားသည့်နေ ရာသို့ သွားစောင့်သော်လည်း ချစ်သူက ရောက်မလာ ပေ။ သည်တော့ သူငယ်ချင်းအိမ်သို့ လိုက်သွား၏။

**ကောင်လေး။** ။ သူလည်း မရှိပါလား၊ ပြန်မလာ သေးဘူးတဲ့။

သည့်နောက် ချစ်သူအိမ်ရှေ့သို့ မယောင်မလည် သွားကြည့်ရာတွင် ကောင်လေးချစ်သူက သူ့သူငယ်ချင်း နှင့် ခိုးရာလိုက်သွားမှန်း သိလိုက်ရတော့၏။

**ကောင်လေး။** ။ တောက်.....လူယုံသတ်လို့သေဆို တာ ဒါမျိုးပဲ။

www.burmeseclassic.com

www.burmeseclassic.com


# ရွေးလွန်းသူ

အမျိုးသားကြီးတစ်ဦးသည် ထမင်းဆိုင်တစ်ဆိုင်ထဲသို့ဝင်ပြီး စားပွဲဝိုင်းရှိ ထိုင်ခုံတွင် ထိုင်လိုက်သည်။

**စားပွဲထိုး။** ။ ဦးလေး ဘာဟင်းနဲ့စားမလဲဗျာ။

**အမျိုးသားကြီး။** ။ မင်းတို့ဆိုင်မှာ ဘာရသလဲ။

**စားပွဲထိုး။** ။ အစုံရတယ် ဦးလေး။

အမျိုးသားကြီးက စားမည့်ဟင်းကို စဉ်းစားနေစဉ် စားသုံးသူတစ်စု ရောက်ချလာရာ စားပွဲထိုးက တစ်ဖက်သို့ရောက်သွား၏။ ထိုအုပ်စုအတွက် ဟင်းများချပေးပြီးမှ အမျိုးသားကြီးထံ ပြန်ရောက်လာတော့သည်။

**အမျိုးသားကြီး။** ။ ဝက်ပဲပေးတော့ကွာ။

**စားပွဲထိုး။** ။ ကုန်သွားပြီ ဦးလေး။

**အမျိုးသားကြီး။** ။ ဆိတ်ပဲချကွာ။

**စားပွဲထိုး။** ။ ဆိတ်လည်းကုန်သွားပြီ။

အမျိုးသားကြီး။ ။ ဒါဆို ကြက်လုပ်တော့။

**စားပွဲထိုး။** ။ ကြက်လည်းမရှိတော့ဘူး။

အမျိုးသားကြီးလည်း ဒေါသဖြစ်ဖြစ်ဖြင့်.....

**အမျိုးသားကြီး။** ။ ဒါဆို ငါ့အိမ်က ကြက်မကြီးပဲချက်စားတော့မယ်။

ထိုသို့ပြောကာ ထပြန်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အ,သူခံကြေး

တက္ကစီဂိတ်တွင် ခရီးသည်အလာကို စောင့်ဆိုင်းနေကြစဉ် အငှားယာဉ်တစ်စီးက နောက်ဆုံးမှရောက်လာ၏။

**ယာဉ်မောင်း(၁)။** ။ ဈေးဦးမပေါက်သေးဘူးဗျ။

**ယာဉ်မောင်း(၂)။** ။ ဟုတ်ပ့ါ၊ ဒီနေ့လူတွေ ဘယ်ရောက်ကုန်ပါလိမ့်။

**ယာဉ်မောင်း(၃)။** ။ အုံနာကြေးတောင် ရပ့ါမလားဗျာ။

**ယာဉ်မောင်း(၄)။** ။ ဟော...ဆရာတို့လင်မယား လမ်းထဲက ထွက်လာကြပြီဗျ။

**ယာဉ်မောင်း(၁)။** ။ ငါ့အလှည့်နော်။

ပထမယာဉ်မောင်းလည်း ဝမ်းသာအားရဖြင့် ကားထဲဝင်ထိုင်ကာ စက်နှိုးနေစဉ် နောက်ဆုံးမှရောက်လာသော ယာဉ်မောင်းက တစ်ဖက်လမ်းမပေါ်သို့ ပြန်ထွက်ပြီး ခရီးသည်လင်မယားအား တင်ဆောင်သွားတော့၏။

**ယာဉ်မောင်း (၄)။** ။ ဟာ.....ဟိုကောင် သမသွားပြီ။

တက္ကစီယာဉ်မောင်းများလည်း မကျေမနပ်ဖြစ်ကျန်ခဲ့ကြတော့သတည်း။



ထက်ထက်

www.burmeseclassic.com

www.burmeseclassic.com


# ခရုသင်း၊ သမင်ဖြူ

ခရုသင်း၊ သမင်ဖြူ၊ အနာကြီးရောဂါ၊ **Fungus-Psoriasis**
မှို့စွဲရောဂါများ၊ ဖြူ-နီ-နက်ကွက်များ ကာလသားရောဂါ၊ ဆီးပူညောင်းညာကျ၊
ဂနိုရီးယား၊ ဆစ်ပလစ်၊ ရှန်ကရွိုက်၊ ရေယုန်၊ ရိုဖြူ-ရိုနီဆင်းရောဂါ၊
အသားမည်းခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါ၊ ပွေး-ဝဲ-နှင်းခူ-ညှင်း၊
ယားနာအမျိုးမျိုးကို အာမခံနှင့် ကုပေးသည်။

CHISHTI MISSION ကျွန်းကလေးဆရာကြီးဆေးတိုက်
အမှတ်(၂၅၁)၊ ၂၈လမ်း၊ ၈၁×၈၂ ကြား၊ ဈေးချိုအနီး၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၄၉၂ ၇၀၉၅၁၊ ၀၉ ၄၀၂၅၄၃၆၂၉

ပင်ရင်း-အမှတ်(၇၀၆)၊ ကျွန်းကလေး၊
လှည်းကူး၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၆၂၉၅၄၈၊ ၀၉ ၄၂၁၀၀၆၅၄၅



အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ **လီယိုမက်**
နှင်းခူ၊ ပွေး၊ ဝဲလိမ်းဆေး ဟိမဝန္တာသွေးသန့်ဆေး

# ခရုသင်း သမင်ဖြူ

တိုင်းရင်းဆေးပိုးမှတ်ပုံတင်အမှတ် 010Y978/ 0102Y3654
ထုတ်လုပ်ခွင့်လိုင်စင်-အမှတ်(၄/၉၈)တဆထလ(၀၈၇)

ခရုသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှို့စွဲရောဂါ၊
ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိတ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့်
အရေပြားရောဂါမျိုးမျိုး **ကာလသားရောဂါ၊** ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊
ရှင်ကရွိုက်၊ရေယုန်၊ မက်ခရု၊ ကြွက်နို့၊ ငါးမျက်စိ၊ ဝဲ၊ ရိုဖြူဆင်းရောဂါ
အသားအရေမည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါများကို
**အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော
တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

**လီယိုမက်** အရေပြားရောဂါအထူးကုဆေးတိုက်
အမှတ် (၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ **PH: 252598, 243851**

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် တတိုက်မှတဆင့်မှာ ယူနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



နားမခေါ်ရွာသည် လားရှိုးမြို့အထွက်တွင်ရှိသော ရွာတစ်ရွာဖြစ်သည်။ ယခင်က ရွာဖြစ်သော်လည်း ယခုတော့ တိုးချဲ့အိမ်များပြားလာခြင်းကြောင့် ရပ်ကွက်တစ်ခုပင်ဖြစ်နေတော့သည်။ ထိုရွာတွင် လက်လုပ်လက်စား အလုပ်သမားများ ပေါများသည်။ အချို့ရွာများက လုပ်ကိုင်စားနိုင်သည့်အရွယ်ရောက်လူငယ်များ၊ မိသားစုများ ထိုရပ်ကွက်တွင် အခြေချနေထိုင်ကြသည်။

ယခင်တုန်းက အိမ်ဈေး၊ မြေဈေး သိပ်မရှိသေးသဖြင့် လက်ဦးရောက်သူများက ဝယ်နိုင်သော်လည်း အိမ်ဈေး၊ မြေဈေးများ မြင့်တက်လာသောအခါ အိမ်ငှားနေ၍ ကျပန်းလုပ်ကိုင်စားသောက်ကြသည်။ လားရှိုးမြို့သည် လုပ်စားကိုင်စားရလွယ်၍ ငွေလည်းရလွယ်သည်။ ငွေသုံးလည်းမခံပါ။ လက်ထဲတွင် တစ်သောင်းပါရင် တစ်သောင်းကုန်သည်။ ငါးထောင်ပါရင် ငါးထောင်ကုန်သည်။ အချို့ စုဆောင်းတတ်သူများက ရွှေတွဲလွဲ၊ ငွေတွဲလွဲ၊ အိမ်နှင့်ခြံနှင့်ဖြစ်လာသော်လည်း အချို့က ရှာသလောက် မလောက်။ ရရစားစား။

ထို ရရစားစား မိသားစုထဲတွင် သိန်းမောင်တို့မိသားစုလည်း အပါအဝင်ပင်ဖြစ်သည်။ သိန်းမောင်တို့မိသားစုသည် --ရွာမှ မိသားစုလိုက် မြို့သို့ပြောင်းရွှေ့လာခြင်းဖြစ်သည်။ သိန်းမောင်တို့မိသားစုက မြို့သို့ရောက်ခါစပေမယ့် အခက်အခဲတော့မရှိချေ။ ထိုရပ်ကွက်တွင် သူတို့ရွာသားများ ဒုန်းဒေး။ နေစရာက ကိုအောင်မော်တို့ခြံထဲတွင် အိမ်ငှားနေပြီး အလုပ်ကတော့ ကိုအောင်မော်နှင့်အတူ ပြောင်းဖူးပွဲရုံတစ်ခုတွင် ပြောင်းဖူးအိတ်ထမ်းရန်ဖြစ်သည်။ ရောက်ခါစက.....

"ကိုယ်လုပ်ရင်လုပ်သလောက် ရတာကွ၊ နေ့စားနဲ့မဟုတ်ဘူး၊ မင်းလုပ်နိုင်ရင် တစ်ရက်တစ်သောင်းဆိုလည်းဟုတ်တယ်၊ နှစ်သောင်းဆိုရင်လည်းဟုတ်တယ်၊ စုဆောင်းပေါ့ကွာ၊ တစ်နှစ်ဆိုရင် မင်းတို့ အိမ်တစ်ပိုင်းတော့ အဖတ်တင်မှာပါ"

ကိုအောင်မော်ရဲ့ အားပေးစကားကြောင့် သိန်းမောင်သည် စိတ်ဓာတ်များတက်ကြွလာခဲ့သည်။ သူတို့သည် အလုပ်ကို ဝေးဝေးလံလံသို့ သွားရောက်လုပ်ကိုင်ရခြင်း မဟုတ်ချေ။

ဦးလောက်ချို၏ပွဲရုံသည် နားမခေါ်ရွာအတွင်းတွင်ရှိပြီး နံနက် ၆ နာရီလောက်ဆိုလျှင် ပြောင်းဖူးထမ်းသမားများ လူစုံနေပေပြီ။ ထိုပွဲရုံ တွင် သူ့ကဲ့သို့ ရွာမှလာရောက်သူတွေကော၊ ရပ်ကွက်(၄)မှ လူတွေပါ များပြားသည်။ နံနက်စောစော အလုပ်လုပ်ရသော်လည်း ပြောင်းဖူးအိတ်များ ကားတစ်ကားမှ တစ်ကားဆီသို့ ကူး၍တင်ရခြင်း၊ ရွာမှလာရောင်းလျှင် ချိန်ပေးရခြင်း၊ ပါကင်ပိတ် ပြောင်းဖူးအိတ်များ ခြောက်ဘီးကားပေါ်သို့ တင်ရခြင်းများကြောင့် အေးလိုက်တာ၊ မောလိုက်တာ၊ ဆာလိုက်တာဟု မညည်းညူအားပေ။ ပိုက်ဆံကတော့ အပင်ပန်းခံနိုင်ရင် ခံနိုင်သလောက် ရလေသည်။

ရွာ၌ အလုပ်ကြမ်းများသာ လုပ်ခဲ့ရသော သိန်းမောင်အတွက် ယခုအလုပ်သည် ပင်ပန်းသည်ဟု မဆိုနိုင်ချေ။ ငွေရ၍ ပိုတောင်ပျော်သေး။ သူ့မိန်းမ အေးနွဲ့ကလည်း အစုအဆောင်းတော်သည်။ အိမ်၌ နေ၍ ချက်ရေးပြုတ်ရေးနှင့် အချိန်ကုန်နေသူမဟုတ်။ သစ်ခွကို လိမ်တယ်ဆိုလား၊ ခေါက်တယ်ဆိုလား ထိုအလုပ်သည်လည်း ငွေအတော်ဝင်သား။ အေးနွဲ့ကတောင်.....

"တော်တို့ ပြောင်းဖူးအိတ်မထမ်းရတော့ရင် ကျုပ်နဲ့ သစ်ခွကူလိမ်၊ မိတုတ်တို့လင်မယားတွေဆို တစ်နေ့ကုန် သစ်ခွထိုင်လုံးတာ တော်တော်ဝင်တယ်တော်ရေ့၊ အခုလည်း တရုတ်ပြည်မှာ သစ်ခွလိမ်

www.burmeseclassic.com

www.burmeseclassic.com

ဖို့ လူခေါ်နေတာ စားစရိတ်မပါ တစ်လအသားတင် ခုနစ်သိန်း လောက် စုမိတယ်တဲ့လေ”

“တဲ့လေ”ဆိုတော့ တစ်ယောက်ယောက်ကတော့ ပင့်လိုက်သည်ဖြစ်ပေမည်။ သူကတော့ကိုယ့်ဓာတ်မွေးရပ်မြေမှ တစ်နယ်ဆီသို့ ပြောင်းလာတာတောင် လွန်လာပြီ။ တရုတ်ပြည်ကတော့ အလည်သွားဖို့တောင် စိတ်မကူးခဲ့။ တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုပေမယ့် သေချင်တဲ့ကျား တောပြောင်းဆိုတဲ့ စကားလေးကလည်း ရှိလေသည် မဟုတ်လား။

ပြောင်းဖူးထမ်းရသည့်အလုပ်က တစ်နှစ်ပတ်လုံး လုပ်နေရသည့် အလုပ်မဟုတ်ချေ။ တစ်နှစ်တွင် နှစ်လ၊ သုံးလခန့် နားရတတ်သည်။ သိန်းမောင်ရဲ့သား အောင်တိုးနှင့် ဇော်ဇော်တို့ ညီအစ်ကိုကလည်း သူတို့အမေနှင့် သစ်ခွကူလုံးကြသည်။ သံပင်ကူလိမ်ကြသည်။ သားကြီးမှာ ဆယ်နှစ်၊ သားငယ်က အသက်ရှစ်နှစ်ဖြစ်ကြသော်လည်း ကျောင်းကို နှစ်ယောက်စလုံး မည်မည်ရရ မတက်ခဲ့ကြရချေ။

သူကိုယ်တိုင် အတန်းကျောင်း မပြောနှင့် ဘုန်းကြီးကျောင်းသားဘဝကတောင် စာအနည်းငယ် သင်ခဲ့ဖူးရုံကလွဲ၍ ဘာကျောင်းမှမတက်ခဲ့ရချေ။ ကိုယ်တိုင် ကျောင်းမနေခဲ့ရ၍ သားများကိုကျောင်းထားဖို့ သိပ်စိတ်မဝင်စားချေ။ သူ့မိန်းမ အေးနွဲ့ကတော့ အကြီးကောင်ကိုမထား ဖြစ်ရင်တောင် အငယ်ကောင် ဇော်ကို ကျောင်းဆက်ထားဖို့ ထို[...] တွန်းသား။

“မင်းမလည်း တော်တော်[...] အလုပ်လုပ်ချင်ပုံ့လား၊ ယော[...] ပဲ၊ ပခုံးကောင်းရင် တော်ရော[...]

အေးနွဲ့က သိန်းမောင်[...] ဆက်မပြောတော့ပေ။ သို့သော် [...] စိတ်ထဲတွင် သားငယ်ဇော်ဇော်[...] ကျောင်းဆက်ထားချင်သည်။ မြို့[...] တွင် ကျောင်းမတက်သည့်က[...] ဆိုတာ အရှားသား။ နေ့စဉ်နေ့[...] မနက် ၇ နာရီခွဲ၊ ၈ နာရီဆို[...] ကလေးငယ်များ အဖြူအစိမ်း[...] နှင့် လွယ်အိတ်ကိုယ်စီလွယ်[...] ကျောင်းသွားဖို့ အသင့်ရှိနေတာ[...]

ဒီကောင်က
ဗိုဇမကောင်းဘူး၊
အရက်သောက်၊
ဖဲရိုက်နဲ့
သွေးကဆိုးသေး၊
အရက်သောက်ပြီးတိုင်း
တစ်ယောက်မဟုတ်
တစ်ယောက်နဲ့
ရန်ဖြစ်လိုက်မှ
စားဝင်အိပ်ပျော်တာ
. . .



www.burmeseclassic.com

တွေ့ရတတ်သည်။ ထိုအခါမျိုးတွင် အငယ်ကောင် ဖော်ဖော်သည် အိမ်ရှေ့မှဖြတ်သွားသော ကလေးများ၊ ကျောင်းသားများကို ငေးကြည့်နေတာကို တွေ့ရတတ်သည်။ ထိုမြင်ကွင်းမျိုးကိုမြင်လျှင် မိခင်ဖြစ်သူရင်၌ နာကျင်ရသည်။

+++

"အခု ညည်းတို့လင်မယားလည်း စီးပွားရေးပြေလည်လာပြီ ပြောနိုင်တာပဲ၊ အငယ်ကောင်ကိုတော့ ကျောင်းထားလိုက်ပါလား"

"အို တော်.....ကျုပ်လည်း အမြုပ်ထွက်မတတ် ပြောတာပဲ တော်ရေ၊ မောင်သိန်းမောင်က ထားနိုင်ပေါင်တဲ့"

"ဒီကောင်တော့ တော်တော်က်ပဲ့အေ၊ ငါလည်း ကြားမဝင်ချင်တော့ဘူးဟေ့၊ ဒါနဲ့ ညည်းတို့အိမ်ပိုင်းဝယ်ဖို့ စဉ်းစားထားတယ်ဆို"

"ဝယ်မယ်လို့တော့ မောင်သိန်းမောင်နဲ့ တိုင်ပင်ထားတယ် ကိုအောင်မော်ရေ"

"အေး.....ကောင်းတယ်၊ ကောင်းတယ်၊ ဒါနဲ့"

ကိုအောင်မော်က ပြောနေရင်း စကားကို ရပ်ပစ်လိုက်ပြီး ပြောသင့်၊ မပြောသင့် ချင့်ချိန်နေလေသည်။ အေးနွဲ့က သူ့လက်ထဲက သစ်ခွကို သတင်းစာဖြတ်ပိုင်းလေးတွေနဲ့ ခပ်သွက်သွက်လုံးရင်း.....

"ဘာဒါနဲ့လဲ၊ ဘာပြောစရာရှိလို့လဲ"

အေးနွဲ့က ပိုက်ဆံချေးဖို့လားဟု စိတ်ထဲတွင်ထင်ရင်း သူ့အကူအညီနှင့် သူမတို့မိသားစု အဆင်ပြေလာရခြင်းဖြစ်သည်။ ထို့ကြောင့် အားမနာစေရန် စကားလမ်းကြောင်း ပေးလိုက်သည်။

"တခြားအကြောင်းမဟုတ်ဘူးဟ၊ နင့်ယောက်ျားနဲ့ပတ်သက်ပြီး ပြောချင်တာ"

"မောင်သိန်းမောင်အကြောင်း ဟုတ်လား"

ကိုအောင်မော်ရဲ့စကားက အံ့သြစရာကောင်းသဖြင့် အေးနွဲ့က မီးဖိုပေါ်မှာ သစ်ခွချောင်းများ ရွေးနေရာမှ စိတ်ဝင်စားသွားသည်။ သစ်ခွသံဆန်ခါကိုမ,ပြီး မီးဖုံးလိုက်ကာ

"မောင်သိန်းမောင်က ဘာဖြစ်လို့လဲတော့"

"ထိတ်လန့်မသွားပါနဲ့ဦး၊ သိန်းမောင်က ဘာမှမဖြစ်ဘူး၊ ဒါပေမဲ့ ကျော်ကြီးတို့နဲ့ အဖွဲ့ကျနေတာတော့ ငါသဘောမကျဘူး"

"ကျော်ကြီးတို့ဆိုတာဘယ်သူတွေတုန်း ကိုအောင်မော်ရဲ့"

"ကျော်ကြီးက ပွဲရုံမှာ လုပ်သက်အကြာဆုံး အလုပ်သမား၊ ဒီကောင်က ဗီဇမကောင်းဘူး၊ အရက်သောက်၊ ဖဲရိုက်နဲ့၊ သွေးကဆိုးသေး၊ အရက်သောက်ပြီးတိုင်း တစ်ယောက်မဟုတ် တစ်ယောက်နဲ့ ရန်ဖြစ်လိုက်မှ စားဝင်အိပ်ပျော်တာ၊ သူ့ဘေးနားက ကောင်တွေကလည်း ပုံမလာဘူး၊ အဲဒီကောင်နဲ့ နင့်ယောက်ျား ပေါင်းနေတာ နည်းနည်းသတိပေးလိုက်ဦး၊ ဒီကောင်ကြီးက ရိုးတယ်၊ အားနာတတ်တယ်၊ ဓားခုတ်ရာ လက်လျှိုမိမှာစိုးလို့ ပြောရတာ"

"တော်ပြောတာနဲ့ ကျုပ်တောင် စိတ်ပူလာပြီ၊ မောင်သိန်းမောင်လာရင်တော့ ပြောမှဖြစ်မှာရှင့်"

ခါတိုင်းဆိုလျှင် သိန်းမောင်ပြန်ရောက်တဲ့အချိန် အေးနွဲ့သည် ထမင်းခူးခပ်ပေးပြီး သစ်ခွဗန်းမကာ ကိုအောင်မော်တို့အိမ်၌ တီဗွီသွားကြည့်တတ်သည်။ မျက်လုံးက တီဗွီကြည့်၊ ပါးစပ်က စကားပြော၊ လက်က သစ်ခွလုံးနှင့် အလွန်အလုပ်ဖြစ်သည်။ အေးနွဲ့ အိမ်သို့ရောက်လျှင် သိန်းမောင်က မောမောနှင့် အိပ်ပျော်နေသည်။

ဒီနေ့တော့ သစ်ခွကိုပင်ဖြောင့်ဖြောင့်မလုံးနိုင်တော့သဖြင့် သားနှစ်ယောက်ကိုပဲ သစ်ခွဗန်းထဲ သစ်ခွအနည်းငယ်ထည့်၍ တီဗွီကြည့်ရင်းလုံးဖို့ ကိုအောင်မော်တို့အိမ်ဘက်သို့ လွှတ်လိုက်သည်။ သိန်းမောင်က အခြားသောယောက်ျားများကဲ့သို့ဆိုလျှင် အေးနွဲ့ ဒီလောက်ထိ စိတ်ပူမည်မဟုတ်။ သိန်းမောင်က ကိုယ်ပိုင်အသိဉာဏ်နည်းသည်။ ကိုယ့်ဦးနှောက်နှင့် ဘာမှချင့်ချိန်မလုပ်တတ်ချေ။ သူများစကားနားယောင်လွယ်သည်။ ပြဿနာတစ်ခုဖြစ်လျှင် ကိုယ်ပဲခံရမည်။

"မောင်သိန်းမောင်ကလေ ဒီနေ့မှ ဘာလို့နောက်ကျနေရတာလဲ မသိဘူး"

"ဝုတ်.....ဝုတ်.....ဝုတ်"

www.burmeseclassic.com

www.burmeseclassic.com

'ဟော.....ခွေးဟောင်သံကြား ရတယ်၊ မောင်သိန်းမောင်လာပြီ လား မသိဘူး'ဟု အေးနွဲ့သည် ကိုယ့်ဘာသာ တီးတိုးရေရွတ်ပြီး ဖယောင်းတိုင်မီးအလင်းရောင်နဲ့ အမှောင်ရိပ်ကျသော အပြင်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်သည်။

ကိုအောင်မော်တို့က အခြားမီး ပေးသော အိမ်တစ်အိမ်မှ တစ်လ ငါးထောင်ဖြင့် မီးယူသည်။ သူမတို့ အိမ်ကတော့ ဖယောင်းတိုင်မီးကိုပဲ အားကိုးနေရသည်။

"ဟော့.....မိန်းမ...အေးနွဲ့၊ ဟော့....."

ဟောတော် တစ်ခါမှ ယခုကဲ့သို့ အိမ်ထဲမရောက်သေးဘဲ အာလေးလျှာလေး လှမ်းခေါ်သံမကြားရသဖြင့် အေးနွဲ့ အံ့သြသွားရသည်။ နောက် ဒေါသလည်းဖြစ်သွား၏။ ထန်းပင်ပေါ်တဲ့ရွာမှာတောင် အရက်မပြောနှင့် ထန်းရည်တောင် မသောက်သည့်လူက ယခု အရက်တွေမူးပြီးလာလို့ပါလား။ ဒေါသနှင့် အတူ ကလေးတွေကိုရိုက်ဖို့ အိမ်ထောင့်တွင် ထောင်ထားသော ဝါးခြမ်းပြားကိုကောက်ယူလိုက်သည်။

"မိန်းမရေ..... ဟေး ..... ယောကျ်ားလာပြီ"

"လာစမ်းပါ.....လာစမ်းပါ၊ ကျုပ်ကလည်း တော့်ကိုပဲ စောင့်နေတာ မောင်သိန်းမောင်ရဲ့၊ ဘယ်ယောက်ဖက မြှောက်ပေးလို့ ဒီသေရည်က သောက်လာရသတုံး"

သိန်းမောင်က လှေကားနှစ်ဆင့်ပြုလုပ်ထားသော အိမ်ပေါ်သို့ လေးဘက်ကုန်းတက်လာသည်။ ခါးတွင်ဝတ်ထားသောပုဆိုးက ဖြစ်ချင်တိုင်းဖြစ်၊ ကျွတ်ချင်တိုင်းကျွတ်။ သေရည်ဝင်တော့ အရှက်တရားဆိုတာ ဘာမှန်းမသိ။

"ကဲ..ဒီလောက်တောင်ဖြစ်ဦး၊ ကဲ.....ဒီလိုအချိုးမျိုး မိအေးနွဲ့ကို လာမစမ်းနဲ့ မောင်သိန်းမောင်"

ပါးစပ်ကလည်းပြော၊ ဒေါသနှင့် အိမ်ကပြင်ထက်တွင် လဲနေသော သိန်းမောင်ကို ဝါးခြမ်းပြား



နှင့် တဖြန်းဖြန်းမြည်အောင် ရိုက်ပစ်လိုက်သည်။

"တစ်ခေါက်တည်းပါဟ၊ တစ်ခေါက်တည်းပါ"

သိန်းမောင်သည် အမူးများပင် အနည်းငယ်ပျောက်သွားသလိုရှိကာ ပုဆိုးကို ရင်ခေါင်းထိတက်၍ ဖြစ်သလိုဝတ်ကာ မိရာနေရာကိုလိုက်ရိုက်နေသော အေးနွဲ့လက်ထဲက ဝါးခြမ်းပြားကို ဆွဲလုလေသည်။

"စီးပွားကဖြစ်မယ်မကြံသေးဘူး၊ သေရည်တွေက မူးလာသေး"

အေးနွဲ့က သိန်းမောင်ဆွဲလုနေသော ဝါးခြမ်းပြားကို လွှင့်ပစ်ကာ ထိုင်၍ငိုချသည်။ ငိုနေရင်း ဆဲလည်းဆဲ၊ အော်လည်းအော်နေသည်။

သိန်းမောင်က.....

"ငါတစ်ခေါက်တည်းပါ အေးနွဲ့ရယ်၊ နောက်မဖြစ်စေရပါဘူး၊ ကိုကျော်ကြီးက ငါ့ကိုအတင်းတိုက်နေတာ၊ မသောက်ရင် အိမ်မပြန်ရဘူးဆိုပြီး အတင်းညစ်နေလို့ သောက်ရတာ၊ နောက်မသောက်တော့ပါဘူးဟာ၊ နော်...အေးနွဲ့၊ ငါတကယ်ပြောတာပါဟ"

ကိုယ့်ယောကျ်ားအကြောင်း ကိုယ်သိနေသော အေးနွဲ့က မျက်ရည်တွေကို ဖြစ်သလိုသုတ်လိုက်သည်။ သို့သော်လည်း စိတ်ကဆိုးနေသေးတာမို့.....

"အခုမှ ဘာမှလာပြောမနေနဲ့ ထမင်းစားချင်ရင် ကိုယ့်ဘာသာခူးစား"

ထိုသို့ပြောပြီး ကိုအောင်မော်တို့အိမ်ဘက် ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သိန်းမောင်လည်း တော်တော်လေး စိတ်ညစ်နေမိသည်။ ပြီးနောက် ကို ကျော်ကြီးတို့ အရက်အတင်းတိုက် လိုက်သည့်အဖြစ်ကို ပြန်မြင်နေမိ သည်။

"ဒါ အရက်မဟုတ်ဘူး ဟော့ ကောင်၊ ဘီယာနော်၊ ရော့..... သောက်"

သိန်းမောင်က ကပျာကယာ ာက်ကာပြကာ.....

"မလုပ်ပါနဲ့ ကိုကျော်ကြီးရာ၊ ျုပ် အရက်သောက်လို့မဖြစ်ဘူး၊ ျုပ်က --ဂိုဏ်းဝင်ထားတာဗျ"

"ဘာ..--ဂိုဏ်း ဟုတ်စ၊ အဲ ဂိုဏ်းဝင်တွေက အရက်မသောက် ဘူးလို့ ဘယ်သူအမိန့်ထုတ်သလဲ၊ ာဘူး၊ မင်းသောက်ရမယ်၊ ဒါပဲ"

"ကျုပ် အရက်ဖိုးရှင်းဆိုရင် င်းခဲ့ပါ့မယ်၊ ကျုပ်ပြန်နှင့်မယ် ကို ကျော်ကြီးရာ"

"မရဘူး ကိုယ့်လူ၊ မင်းအရက် သောက်ရင် အိမ်မပြန်ရဘူး၊ လုံးဝ ံးဝ အိမ်မပြန်ရဘူး၊ ဒါပဲ"

အရက်သမားများ၏လေသံက ညီတညွတ်တည်း ထွက်ပေါ်လာ ည်။ သူ ဘယ်လိုတောင်းပန် တောင်းပန် မရချေ။ အိမ်၌မျှော်နေ မည့် အေးနွဲ့ကိုမြင်ယောင်ရင်း မသောက်စဖူး ကြိတ်မှိတ်သောက် လိုက်တာ ဘယ်လောက်ထိသောက် လိုက်မိမှန်းပင် မသိချေ။

+++

"ကျုပ်သေချာမှာထားလျက်နဲ့ ဒီညပါ သောက်လာခဲ့ဦးမယ်ဆိုရင် ကျုပ်အကြောင်း ကောင်းကောင်း သိမယ်နော်"

မနက်ထမင်းချိုင့်ပြင်ပေးရင်း အေးနွဲ့ကကြိမ်းလေသည်။ သူကိုယ် တိုင်လည်း မနေ့က ပုဆိုးမနိုင်၊ ပဝါ မနိုင် ဖြစ်ချင်တိုင်းဖြစ်နေသည်ဟု အေးနွဲ့ပြန်ပြောသည်ကို ရှက်မိ၏။ ကိုယ့်မိန်းမပင်ဖြစ်သော်လည်း မျက် နှာတောင် ခပ်ပူပူရယ်။ ဒါကြောင့် လည်း သေအရက်ကို တစ်စက် ကယ်မှ မသောက်မိစေနဲ့ဟု ဘုရား က ဆုံးမခဲ့ခြင်းဖြစ်သည်။

ပွဲရုံသို့ရောက်တော့ ကျော်ကြီး တို့အုပ်စု မရောက်သေးချေ။ နေ လှန်းဖို့ ပြောင်းဖူးအိတ်များထုတ်နေ သည့် ကောင်လေးတစ်ယောက်ကို မေးမိတော့.....

"ဒီလိုပဲ ကိုကျော်ကြီးတို့က အသေအလဲမူးရင် ဒီနေ့ နောက်ကျ မှ လာလိမ့်မယ်၊ တစ်ခါတလေ တရားလွန်ဖြစ်ပြီဆိုရင် လာချင်မှ တောင် လာတာဗျ"

သူကမှာ မလာပါစေနဲ့ဟု ဆု တောင်းလိုက်မိသည်။ ဖွတ်တရွတ် နှင့် ကြမ်းတမ်းသော ကျော်ကြီးတို့ နဲ့တွေ့ရဖို့ သူပင် ထိတ်လန့်လာမိ သည်။ ကျော်ကြီးက လက်ယဉ် သည်။ သူ့ပြောစကားကို အတွန့် တက်လျှင် လက်သီးစာကျွေးပစ် တတ်သေးသည်။ ဘယ်သူ့ကိုမှ လည်း ဂရုစိုက်တတ်သူမဟုတ်ချေ။

သူတို့ ပြောင်းဖူးအိတ်များကို ဖောက်ပြီး ဖျာပေါ်ပုံသည်။ နောက် သစ်သားထွန်ခြစ်နှင့် ပြောင်းဖူးများ ကို ခပ်ပါးပါးခွဲဖြန့်နေသည်။ သူ့ဆု တောင်းကား မပြည့်ချေ။ ကိုကျော် ကြီးတို့က ဆိုင်ကယ်နှင့် ရောက်ချ လာသည်။

"ဘယ့်နှယ်လဲဟေ့ အခြေ အနေ"

ဟု သူ့ကိုလှမ်း၍မေးနေသေး သည်။ သူဘာမှမဖြေဘဲ ပြုံးရုံသာ

---

ဂိုဏ်းကပဲ ဒဏ်ခတ်လိုက်တာလား၊ ကိုယ်နှင့်မဆိုင်ဘဲ
ဝင်ပြောလိုက်မိသည့်အတွက်ကြောင့်လား သူကိုယ်တိုင် သာသိပေမည်။
နုတ်ကြောင့်သေ၊ လက်ကြောင့်ကြေဆိုသော
ဆိုရိုးစကားမှာမှန်ကန်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com




ပြီးပြီး လုပ်စရာရှိတာ ဆက်လုပ်နေလိုက်သည်။ ထို့ပြင် ပြောင်းဖူးချိန်နေသော သူတို့အဖွဲ့နှင့် မဆုံစေရန် ပြောင်းဖူးအိတ်များ ကားပေါ်တင်သည့်အဖွဲ့ထဲ ဝင်လိုက်သည်။

နေ့လယ်စာစားချိန်ရောက်တော့ သူ့မှာ တော်တော်အခက်တွေ့နေရသည်။ ခါတိုင်း ကိုကျော်ကြီးတို့နှင့် စားနေကျ။ ဒီနေ့တော့ နီးစပ်ရာ အုပ်စုကြားထဲဝင်ထိုင်၍ ကိုကျော်ကြီးတို့မဝိုင်းခင် သူ ချိုင့်ဖွင့်စားလိုက်သည်။

"ကိုသိန်းမောင် တော်တော်ဆာနေပုံရတယ်၊ ကိုကျော်ကြီးတို့ကို တောင် မစောင့်နိုင်ဘူး၊ ကိုကျော်ကြီးတို့က ခေါက်ဆွဲဆိုင်မှာ ဒါသွားလုပ်တာဗျ"

ကောင်လေးက နောက်ဆုံးစကားကို ခပ်တိုးတိုးပြော၍ ပါးစပ်တွင် လက်မတော့ပြသည်။ သူ အံ့ဩသွားကာ ပွဲရုံနှင့် မျက်စောင်းထိုးတွင်ရှိသော ခေါက်ဆွဲဆိုင်ကို မသိမသာကြည့်၍.....

"လောပန်းက အလုပ်ချိန်မှာ အဲဒါလုပ်ရင် မကြိုက်ဘူးဆို"

"မကြိုက်လည်း သူတို့ကို ဘယ်သူက သွားတိုင်ရဲတာမှတ်လို့ဗျာ၊ ကျွန်တော်ကလည်း မတိုင်ပါဘူးဗျာ၊ ကိုယ့်အကျိုးစီးပွားဖျက်နေတာမှမဟုတ်တာ၊ ခင်ဗျားလည်း မသိသလိုပဲနေနော်၊ နဂါးမျက်စောင်းက အကြောင်းသုံးပါးမရွေးဘူးတဲ့"

ကောင်လေးက သူ့ကိုတောင် သတိပေးနေလိုက်သေးသည်။ သူတို့ အလုပ်ပြန်စနေသည့်အချိန်ထိ ကိုကျော်ကြီးတို့ ရောက်မလာသေးချေ။ နေ့လယ် ၂ နာရီထိုးတော့ လောပန်းရောက်လာသည်။ ပြောင်းဖူးချိန်နေသည့်နေရာ၌ ကိုကျော်ကြီးတို့အုပ်စုကိုမတွေ့သဖြင့် မေးလေသည်။ သူနှင့်စကားပြောနေသော ကောင်လေးက ဘယ်ရောက်နေလဲ မသိဘူးဟုဖြေသည်။ သူ့ကိုမေးသောအခါ ဟိုဘက်မှာဟု လျှာရှည်လိုက်မိသည်။ ကောင်လေးက သူ့ကို မျက်လုံးပြူးကြည့်နေသည်။ လောပန်းထွက်သွားမှ.....

"ခင်ဗျားတော့ ကိုကျော်ကြီး နဲ့ တွေ့တော့မှာပဲ၊ ဘာလို့ပြောရတာလဲ၊ ခင်ဗျား ကိုကျော်ကြီး အကြောင်း မသိသေးဘူးထင်တယ်"

ကောင်လေးက ဆက်မပြောတော့ချေ။ သူကတော့ ပြောပြီးသည့်စကား ပြန်ဖာထေး၍ မရတော့ချေ။ တတ်နိုင်ဘူးလေ၊ သိတော့လည်း စိတ်ဆိုး၊ ဒေါသဖြစ်ရုံကလွဲ၍ ဘာဖြစ်ဦးမှာလဲ။

+++

သို့သော်.....

သိန်းမောင်ထင်သလောက်နှင့် ပြီးသွားခြင်းမရှိချေ။ ဒီကောင်တွေ ရောက်လာသောအခါ လောပန်းက ရုံးခန်းထဲတွင် ခေါ်တွေ့ဆူငေါက်နေသည်။ သူဌေးက အစကတည်းက ပြောချင်နေသည့်ပုံ။ ဒီနေ့မှာတော့ အကြောင်းအရာများတိုက်ဆိုင်၍ ပိုပိုသာသာပြောပစ်ရင်း.....

"နေ့စားမဟုတ်ဘူးဆိုပြီး အလုပ်ကို လေးလေးစားစားမလုပ်ဘူး၊ အလုပ်က ခင်ဗျားတို့ကို စောင့်နေမှာလား၊ မလုပ်ချင်ရင်နေ... နောက်နေ့ အလုပ်မဆင်းနဲ့တော့ ဟိတ်...ကျောက်ဆူးစိမ်း လာစမ်း"

လောပန်းက ငွေရှင်း၊ ဘောက်ချာရေးပေးရသည့် ကျောက်ဆူးစိမ်းကို ခေါ်လိုက်သည်။ သူက ေ... သောက်ရင်း အခန်းထဲတွင် ဖြစ်ေ... သမျှကို အစအဆုံး ကြားလိုက်... သောအခါ လန့်သွားသည်။ လျှာရှည်မိသည့် ကိုယ့်လျှာကိုပင် ဖြတ်လိုက်ချင်သည်။

"တောက်.....နောက်မှလာတဲ့ ကောင်ကများ အတို့အထောင်လု... လို့"

အထဲက သူ့ကိုသိန်းမောင်း... သံကြောင့် သူ ရှေ့ဆင်ထွက်ဖို့အချိန် မရတော့ချေ။ ကျော်ကြီးက ...

www.burmeseclassic.com

www.burmeseclassic.com


သောက်နေသည့်သူ့ကို မြင်သွားသောအခါ ရုတ်တရက် သူ့အနီးသို့ ရောက်လာကာ.....

"မင်းလိုကောင်ကို ငါက ဂရုစိုက်မယ်မှတ်နေလား"

"ကျွန်တော် တမင်ပြောလိုက်တာမဟုတ်ပါဘူး ကိုကျော်ကြီး"

သူ ကြောက်လန့်တကြားပြောလိုက်သောအခါ ကျော်ကြီးက သူ့မျက်နှာကို လက်သီးနှင့်ထိုးလေသည်။ သူ့အပြစ်နဲ့သူမို့ သည်းခံလိုက်သော်လည်း ကျော်ကြီးက တရစပ်ဝင်ထိုး၏။ ပွဲရုံမှလူများ ဝင်ဆွဲသည်။ မရချေ။ ကျော်ကြီးက ခပ်နိုင်းရိုင်းဆဲဆိုရင်း တားထားသည့်သူများလက်ထဲမှ ရုန်းထွက်လိုက်ကာ သူ့ဆီပြန်ပြေးလာသည်။

"ကိုကျော်ကြီး ကျွန်တော် ခင်ဗျားကို ဘာမှမလုပ်သေးဘူးနော်၊ ခင်ဗျားတော်ရင်ကောင်းမယ်"

"ဟုတ်တယ် ကိုကျော်ကြီး၊ ခင်ဗျားလွန်နေပြီ"

တစ်ဦးတစ်ယောက်က ဝင်ပြောလိုက်သောအခါ ကျော်ကြီး မှာ ဒေါသဖြစ်သွားသည်။ အရက်သောက်လာသည်မှာလည်း မကြာသေးမီ အသိတရားထဲ ဒေါသများ ပြည့်ကျပ်နေသည်။ ရေအိုးစင်တိုင်တွင်ချိတ်ထားသော ဆာလာအိတ်ကြိုးဖြတ်သည့် ကတ်ကြေးကို ပြေးယူလိုက်သည်။

"ကျော်ကြီးဟေ့...ကျော်ကြီး၊ တစ်ယောက်တည်းရှိတယ်"

"ကိုကျော်ကြီး လွန်မယ်"

"မလုပ်ပါနဲ့ ကိုကျော်ကြီး၊ ကျွန်တော်တောင်း....."

သိန်းမောင် ကြောက်လန့်တကြားနှင့် လက်တကာကာဖြစ်နေချိန် ကိုကျော်ကြီးသည် ဘာမှမမြင်တော့ချေ။ သူ့လက်ထဲတွင် ကတ်ကြေးရှိနေသဖြင့် မည်သူမှ ဝင်မဆွဲရဲချေ။ သိန်းမောင်၏ တောင်းပန်စကားမှာ အဆုံးမသတ်လိုက်ရချေ။

"ကဲကွာ.....လျှာရှည်ချင်ဦး"

"အား....."

"ဟာ....ကျော်ကြီး လူသတ်ပြီကွ"

"သိန်းမောင်...သိန်းမောင်"

"ငါ့နား ဘယ်သူမှမကပ်နဲ့၊ မလုပ်ရဲဘူးမထင်နဲ့"

ကျော်ကြီးသည် ကတ်ကြေးတယမ်းယမ်းဖြင့် နောက်ဆုတ်ကာ ထွက်ပြေးသွားသည်။ လူတွေက ကျော်ကြီးလူသတ်သွားလို့ဟု အော်ကြရင်း သိန်းမောင်ကို ကြည့်လိုက်တော့ မျက်လုံးပြူး၍ ပါးစပ်တလှုပ်လှုပ်ဖြစ်နေသည်။



ဆေးရုံသို့ မီလိုမီငြား လိုက်ပို့သော်လည်း လမ်းခုလတ်တွင် သိန်းမောင်အသက်ပျောက်သွားသည်။ အရက်သောက်၍ —ဂိုဏ်းကပဲဒေါ်ခတ်လိုက်တာလား။ ကိုယ်နှင့်မဆိုင်ဘဲ ဝင်ပြောလိုက်မိသည့် အတွက်ကြောင့်လား သူကိုယ်တိုင် သာသိပေမည်။ နှုတ်ကြောင့်သေ၊ လက်ကြောင့်ကြေဆိုသော ဆိုရိုးစကားမှာ မှန်ကန်ကြောင်း သိန်းမောင်က လက်တွေ့ပြသွားခဲ့သည်ကတော့ အမှန်ပင်ဖြစ်ပါတော့သည်။

ရှုလွှမ်းမယ်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


"ကိုသက်ဝေ စင်ကာပူကပြန်ရောက်လာပြီတဲ့"

သူ့လက်ထဲမှ လက်ဖက်ရည်ခွက် အနည်းငယ် လှုပ်ခါသွားရ၏။

"ဒါကြောင့် ဒီရက်ထဲ တမှိုင်မှိုင် တခွေခွေနဲ့ ငါ့ကို ချယ်ရီရှောင်နေတာ"

လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ရင်း ပြောလိုက်မိတော့ ကိုမင်းက ခေါင်းခါပြ၏။

"မဟုတ်နိုင်ပါဘူးကွာ၊ မင်းကလည်း"

"ဘာမဟုတ်ရမှာလဲကွ၊ ငယ်ချစ်ဦးကွ ငယ်ချစ်ဦး။ ရည်းစားဦးရဲ့အသံကို မြေးဦးရတဲ့အချိန်ထိ မမေ့ဘူးတဲ့၊ မလွန်ခင်က တားထားကွ"

ဆန်းနိုင်ပြောလိုက်သောစကားက သူ့ရင်ဝတည့်တည့်ထိမှန်၏။ ပြောပြမိတာ မှားပြီကွာဆိုပြီး ကိုမင်းက စက်ဘီးအမြန်နှင်းပြေးတော့၏။

"သမုဒ္ဒသီဂီကို ရွှေကြုတ်ထဲထည့်ထားတာတောင် ဘာဖြစ်ခဲ့သလဲ"

ဆန်းနိုင်၏စကားကို သူမကြားတော့။ လက်ဖက်ရည်ဖိုး နှစ်ရာတန်တစ်ရွက် ချထားခဲ့ရင်း စက်ဘီးကို တဂျိမ်းဂျိမ်းနှင်းကာ ပြန်လာခဲ့တော့၏။ သူ့အာရုံထဲမှာ ကိုသက်ဝေ၏မျက်နှာ ပေါ်လာခဲ့ပါ၏။ ကိုသက်ဝေက စင်ပေါ်ကလူအဖြစ် ရပ်ကွက်ထဲမှာ အောင်ပွဲခံနေသူဖြစ်ပါ၏။ သူ့အိမ်ရောက်ဖို့ ငါးအိမ်အလိုမှာ ကိုသက်ဝေတို့၏ တိုက်အိမ်ရှိသည်။ ထိုတိုက်အိမ်မှာ အိမ်စောင့်နတ်တွေသိသော ချစ်တင်းနှောမှုတွေ ရှိခဲ့ဖူးသည်။

"တောက်....."

ချယ်ရီ ဒီအချိန်မှာ သူထမင်းချိုင့် ပြင်ဆင်နေလောက်ပြီ။ ချယ်ရီနှင့်သူ ဒီနေ့မနက် နံပြားထောပတ်သုတ် အတူစားမည်လို့ ရည်ရွယ်ထားခဲ့ပြီး လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့မိတာဖြစ်သည်။

"ဟာ.....ငါ နံပြားထောပတ်သုတ် နှစ်ပွဲမှာထားတာပဲ"

သူ့မှတ်ဉာဏ်တွေ ထုပူနေခဲ့ပြီ။ သူ့စက်ဘီး ဒေါက်ထောက်လိုက်စဉ်မှာပဲ ဆန်းနိုင်၏ ကားဟွန်းသံကို ကြားလိုက်ရပါသည်။

"မင်းကွာ နံပြားထောပတ်သုတ် မှာထားပြီး ယူမသွားဘူး၊ ကဲ.....ရော့၊ ပိုက်ဆံငါရှင်းထားခဲ့ပြီးပြီ၊ ချယ်ရီ့အတွက်ဆို ငါက စေတနာရှိပြီးသား၊ ဟဲ.....ဟဲ"

"ဟေ့ကောင် မင်း ငါ့ဒေါသကို လာမဆွနဲ့နော်"

"မဟုတ်လို့လား၊ ချယ်ရီ့ကို ငါကော၊ ကိုမင်းပါ ကြဲနေတဲ့ကြားက မင်းသုတ်သွားခဲ့တာ"

"မင်းတို့မှာ အရည်အချင်းမှမရှိဘဲ"

"အေးကွာ၊ အဲဒီကိစ္စကိုတော့ မကျွမ်းဘူးကွ၊ မင်းဆီလာသင်ရဦးမယ်၊ အဲဒီနေ့ကျရင် ချယ်ရီ့ကိုတော့ လုံလုံခြုံခြုံ သိမ်းထားပေါ့၊ ဟား...ဟား.....ဟား"

ဆန်းနိုင်စကားကြောင့် သူ့ဒေါသမှာ ထောင်းခနဲ။ ကားစက်နှိုးထားပြီးသားမို့ ဆန်းနိုင်တစ်ယောက် ကားကိုဝူးခနဲ မောင်းထွက်သွားတော့သည်။ သူ့လက်သီးက လေထဲမှာ ပဲကျန်ခဲ့၏။

သူထင်ထားသည့်အတိုင်းပင် ချယ်ရီက မီးဖိုခန်းထဲမှာ။ ထမင်းစားပွဲခုံပေါ်သို့ စက်ဘီးသော့နှင့် နံပြားထောပတ်သုတ်ထုပ်ကို တင်ပေးလိုက်ပါသည်။ သူဘာမှ စားချင်စိတ်မရှိ။ ကိုသက်ဝေပြန်ရောက်နေပြီဆိုသော ကိုမင်း၏စကားသံကို သာ နားထဲတစိမ့်စိမ့်။

"အကိုနဲ့ပုဆိုး ထုတ်ပေးထားပြီးပြီ၊ ဒါနဲ့ နံပြားထောပတ်သုတ်က နှစ်ပွဲတောင်ပါလား၊ ကုမ္ပဏီကိုထည့်သွားမလား၊ အခုစားသွားမလား"

"တော်ပြီ၊ ဘာမှမစားချင်

www.burmeseclassic.com

တော့ဘူး၊ အဲဒီနံပြားထောပတ်သုတ်ဖိုးကို ဆန်းနိုင် ရှင်းပေးလိုက်တာ''

''နောက်တစ်ခါ လမ်းမှာတွေ့ရင် ကျေးဇူးတင်ကြောင်း ပြောလိုက်ဦးမယ်၊ ဟိုတလောကလည်း ဈေးကအပြန် မုန့်ဟင်းခါးဆိုင်မှာ ဝင်ဝယ်တော့ မုန့်ဟင်းခါးဖိုးကို ဆန်းနိုင်ပဲ အတင်းလုပေးလို့ အားနာရသေးတယ်''

ပွဲစားဆန်းနိုင်က နာမည်ကြီး။ ထောင်မြင်လို့ ရာစွန့်ရရိုးမှန်ပေမယ့် ချယ်ရီ့ကို သူ့ရှေ့မှာ ပိုးပန်းလက်စ မကုန်သေးတာကတော့ အမြင်ကတ်စရာကောင်းလှပါသည်။ သူ အံကြိတ်လိုက်မိသည်။

''ကို့မျက်နှာ ဘာဖြစ်နေတာလဲ၊ ဆန်းနိုင်က အာချောင်တတ်မှန်းသိရက်နဲ့ ခေါင်းထဲထည့်မနေပါနဲ့၊ ဆန်းနိုင်ကို မြှားပစ်နေတဲ့ မိန်းကလေးတွေမှ အများကြီးပါ၊ ဆန်းနိုင်ကလည်း အပျိုပဲယူမှာပေါ့''

''ထင်သလား၊ အဲဒီကောင်က ဟိုတစ်နေ့က လက်ဖက်ရည်ဆိုင်မှာ တွေ့တုန်းကတော့ သူ လူပျိုကြီးဖြစ်နေရတာ ချယ်ရီ့ကို မရခဲ့လို့တဲ့၊ တခြားမိန်းကလေးတွေကို ချယ်ရီ့နေရာမှာ အစားထိုးမရခဲ့ဘူးလေတဲ့''

''အဲဒါဆိုရင်လည်း ဆန်းနိုင်မရှိတဲ့ လက်ဖက်ရည်ဆိုင်ပြောင်းထိုင်ပေါ့၊ ဒါပေမဲ့ ဆန်းနိုင်က ကို့ကိုခင်လို့သာ အရောတဝင် နောက်ပြောင်တာပါ''

ဟုတ်တော့ဟုတ်သည်။ ကိုယ်ပိုင်ကားနှင့် ကျောင်းတက်လာသော ဆန်းနိုင်၏ဘဝင်က ခပ်ကြီးကြီး။ ကိုသက်ဝေကျူရှင်မှာပဲ တက်ခဲ့တာမို့ သူနှင့်ကိုသက်ဝေ၊ ချယ်ရီတို့၏ သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းကို သိနေသော ဆန်းနိုင်က သူ့ကိုမြင်တာနှင့် ချယ်ရီ့အကြောင်းပြောကာ စကားနာထိုးတတ်၏။



သားလေးပင် ဆယ်နှစ်ရှိနေပြီ။ သူနှင့်ချယ်ရီ၏ အိမ်ထောင်သက်တမ်းက ဆယ့်နှစ်နှစ်။ ယခု ဒီဇင်ဘာ ကျောင်းပိတ်ရက်မှာ ချယ်ရီ၏ မိဘများနှင့် သားလေး ဘုရားဖူးလိုက်သွားသည်။

ကိုသက်ဝေက ပညာတတ်

နည်းနှင့် ချယ်ရီ့ကို ပြန်ကြိုးစားခဲ့
လျှင်.....။ သူ သက်ပြင်းချရင်း
ခေါက်ရိုးကျအောင် မီးပူတိုက်ထာ
သောအင်္ကျီကို လဲဝတ်လိုက်သည်
ရေမွှေးမကြိုက်သော သူ့အတွက်
အဝတ်လျှော်တိုင်း အမွှေးရည်စိ
ကာ ချယ်ရီလျှော်ပေးတတ်သည်
ငွေစုစာအုပ်လေးကို ဖွင့်ကြည့်
လိုက်မိတော့ သူ့စိတ်တွေ အနည်
ငယ် ကြည်နူးသွားရပါသည်။ ချယ်
ရီနှင့်သားကို အိုးပိုင်အိမ်ပိုင်ထားနိုင်
ဖို့ ဘဏ်မှာလစဉ်သွင်းခဲ့သော ငွေ
တွေက အတိုင်းအတာတစ်ခု
ရောက်တော့မည်။ ချယ်ရီ၏မောင်
လေး၊ ညီမလေးတွေအားလုံး
အိမ်ထောင်ကျသွားသောအခါ
ချယ်ရီ့မိဘများ အကူအဖော်
စေဖို့ သူတို့မိသားစု ဤ
အိမ်ပေါ်သို့ တက်လာ
ခြင်းဖြစ်သည်။
ချယ်ရီပန်းဆိုသော
မိန်းကလေး။ သူ အတွေ
စများကိုဖြတ်ကာ ဖိုင်တွဲ
အိတ်ကိုလှမ်းယူရင်း မ
ဖိုခန်းမှ ထမင်းချိုင့်ကို သွား
ယူလိုက်မိသည်။
''ကိုသက်ဝေပြန်ရောက်
နေတာ သိလား''
သူ စိတ်ထိန်းချုပ်မရတော့ဘဲ
မေးလိုက်မိသည်။ ချယ်ရီက တံမြက်
စည်းလှည်းရင်း ခေါင်းညိတ်ပြသည်
''ဒီအိမ်မှာဆက်နေလို့ ဖြစ်ပါ
ဦးမလား''
ဘဏ်ထဲမှငွေကို ထုတ်လိုက်
လျှင် ဆင်ခြေဖုံးမြို့နယ်တစ်ခုခုမှာ

www.burmeseclassic.com

www.burmeseclassic.com


"ဘယ်လို....."

"ဟုတ်တယ်၊ ကို နှစ်ဖက်က နေ မျှပြီးတွေးကြည့်လေ၊ ကိုသက်ဝေဟာ ခုချိန်ထိ ချယ်ရီ့ကို မျှော်လင့်နေလိမ့်မယ်လို့ ထင်လား"

"ချစ်လက်စဆိုတာ မကုန်နိုင်ဘူးလေ"

ဒီလိုနှင့် သူ ကုမ္ပဏီသွားဖို့ နောက်ကျရပါတော့မည်။ ကိုသက်ဝေဆီကနေ ချယ်ရီ့ကိုယူခဲ့စဉ်က ကိုသက်ဝေ မည်သို့ခံစားခဲ့ရပါသလဲလို့ သူ တစ်ခါမှမတွေးဖူးခဲ့။ ယခု ကိုသက်ဝေဆီ ချယ်ရီပြန်ပါသွားမှာကို သူစိုးရိမ်နေမိပြီ။ ချယ်ရီ့အသက်က သုံးဆယ်ကျော်ရှိနေပြီဆိုပေမယ့် ချယ်ရီ၏ ကိုယ်ကျင့်တရားနှင့် အရည်အချင်းတို့က တခြားမိန်းကလေးများနှင့် တူတာမဟုတ်။ ခုချိန်ထိ ရပ်ကွက်ထဲမှာ ချယ်ရီ့ကို ကျားချောင်း ချောင်းနေကြသူတွေ ရှိနေသေးသည်။ သားကို အရုပ်ဝယ်ပေးသူ၊ မုန့်ဝယ်ပေးသူတွေ အားလုံးကို အသားလိုလို့ အရိုးတောင်းမှန်း သူသိသည်။

"ဒီမှာ ကို၊ ချယ်ရီ့ကို တန်ဖိုးထားသူတွေဟာ ဘယ်သောအခါမှာမှ ချယ်ရီ့ကို ချစ်စကားပြောလာမှာမဟုတ်ဘူး၊ ချယ်ရီ့ကို လေးစားစိတ်ရှိနေသူဟာ ချယ်ရီ့အိမ်ထောင်ရေး ပြိုကွဲတာကို မြင်ချင်မှာမဟုတ်ဘူး၊ ချယ်ရီလည်း မိန်းကလေးပဲ တွေးဖူးတာပေါ့၊ ယောကျ်ားတကာရဲ့ ပါးစပ်ဖျား ရေပန်းစားချင်တာပေါ့၊ ဒါပေမဲ့ အဲဒီပါးစပ်ဖျားကနေ ချယ်ရီ့အတွက် အသက်ပေးရမယ့်

အိမ်လေးတစ်လုံး ရနိုင်ကောင်းပါရဲ့လို့တော့ တွေးမိသည်။ ဘယ်နေရာမှာနေနေ ရန်ကုန်မြို့ထဲသွားဖို့က လိုင်းကားစီးရမှာပဲမဟုတ်လား။

"အခု ချယ်ရီ့မိဘနှစ်ပါးဆီကနေ ထွက်သွားဖို့က ကိုသက်ဝေကို အကြောင်းပြစရာ ရှိလာတာမျိုးလား၊ ကိုသက်ဝေပြန်လာလို့လည်း ချယ်ရီ့ဘဝ ဘာမှမထူးခြားလာပါဘူး၊ ကိုသက်ဝေရဲ့အမေတောင် ချယ်ရီ့အတွက်ဆိုပြီး ပါတိတ်တစ်စုံ လာပေးသေးတယ်"

ပါတိတ်တစ်စုံတဲ့။ စင်ကာပူအပြန်လက်ဆောင်ပေါ့လေ။ သူ ချယ်ရီ့အတွက် မှတ်မှတ်ရရ ဘာဝယ်ပေးဖူးသလဲလို့ အပြေးအလွှား စဉ်းစားမိသည်။ ချယ်ရီ့အတွက် တော်တော်များများတော့ ဝယ်ပေးဖူးပေမယ့် ပါတိတ်ဝမ်းဆက်တော့ မပါခဲ့သေးဘူးထင်ပါသည်။

"အဲဒီပါတိတ် ယူလိုက်လား"

"ကို အဲဒီလိုမျိုး မေးလာရင်တော့ ချယ်ရီ့အပေါ်မှာ သံသယတွေ ဝင်လာနေပြီဆိုတာ ကျိန်းသေတယ်၊ ဆန်းနိုင်က ဘာပြောပြော၊ ကိုသက်ဝေက ဘာလက်ဆောင်ပေးပေး ချယ်ရီ့စိတ်ကို ချယ်ရီယုံကြည်တဲ့အတွက် ဘယ်လိုမှမတုန်လှုပ်ပါဘူး၊ နောက်ပြီး ချယ်ရီ့မှာ ကာမပိုင်လင်ယောကျ်ားရှိတယ်၊ သားလေးရှိတယ်"

"အဲဒါတွေကို ထားပစ်ခဲ့တဲ့ မိန်းကလေးတွေရှိတယ်"

ချယ်ရီက သူ့ကိုပြုံးပြီးကြည့်လာပါသည်။

"ဟုတ်ပါတယ်၊ ဖောက်ပြန်ချင်သူတွေအတွက်တော့ သံကွန်ချာခုနစ်ထပ်နဲ့ အုပ်ထားလည်း မရပါဘူးဆိုတာမျိုးပေါ့၊ ဒါပေမဲ့ အဲဒီမိန်းကလေးတွေကို ပေါင်းသင်းသူဟာ တန်ဖိုးမထားတတ်လို့ပဲ"

ချယ်ရီသာ
ဖောက်ပြန်ချင်တယ်ဆိုရင်
ကိုသေတဲ့အထိတောင်
စောင့်နေစရာ
မလိုပါဘူး။
လူသူမမြင်နိုင်တဲ့၊
ပုပ်ပြီးမပေါ်နိုင်တဲ့
နေရာတွေမှ
အများကြီး

...

www.burmeseclassic.com



ဆိုတာပဲ အပြောခံချင်တယ် ကို၊ အလကားမိန်းမပါကွာ၊ နှစ်ခါမဆွယ်ရပါဘူးဆိုတဲ့အပြောမျိုး အပြောမခံရအောင်ပဲ ကြိုးစားနေထိုင်တယ်''

ချယ်ရီ ထိုသို့ပြောလေ သူစိတ်မချလေ။ ချယ်ရီ့ကိုယ်ကျင့်သိက္ခာကိုတော့ သူယုံကြည်ပါသည်။ မယုံနိုင်တာက ကိုသက်ဝေကို။ အလျှို့ရှင်မှန်းသိကြတာမို့ သူက ဒီပွဲမှာ ဒသဂီရိ ဖြစ်နေတော့မည်လား။

''ချယ်ရီ့ဘက်ကတွေးပြီး ချယ်ရီ ပြောမှာပေါ့''

ချယ်ရီ ဟက်ခနဲတစ်ချက်ရယ်၏။

''ဒါဖြင့် ကို့ဘက်ကနေ ပြောကြည့်မယ်လေ၊ ကဲ.....ကိုကသာ ချယ်ရီ့ကို တန်ဖိုးထားလေးစားခဲ့မယ်ဆိုရင် ချယ်ရီ့အပေါ် သံသယစိတ် မြူတစ်မှုန်တောင် ဝင်မှာမဟုတ်ဘူး၊ ဆိုကြပါစို့၊ ကိုသိပ်ချစ်ရတဲ့ မိန်းကလေးဟာ ကို့ကိုမယူဘဲ တခြားလူကို ရွေးချယ်ခဲ့မယ်ဆိုရင် စွန့်လွှတ်ခြင်းနဲ့အတူ အဲဒီမိန်းကလေးရဲ့အိမ်ထောင်ရေး ပြိုကွဲစေချင်ပါ့မလား''

''ဖောက်ပြန်ချင်တဲ့မိန်းမဟာ ဖောက်ပြန်မှာပဲ ချယ်ရီ''

''မှန်ပါတယ်၊ ဒါဆိုရင် ချယ်ရီကလည်း ကို ကုမ္ပဏီသွားနေတဲ့အချိန်မှာ ဆန်းနိုင်တို့၊ ကိုမင်းတို့ကို လက်ခံလို့ရနေတာပဲ၊ အခု အဖေ၊ အမေနဲ့သားလေးလည်း မရှိဘူး၊ အိမ်ကိုခေါ်ပြီး လွတ်လပ်စွာ.....''

''တော်တော့ ချယ်ရီ၊ မင်းက စာတွေအများကြီးဖတ်ထားတယ်ဆို၊



''မှန်တာကို ပြောပြကြည့်တာပါ၊ ကိုသက်ဝေကိုယ်တိုင် ဘာဖြစ်လို့ ပါတိတ်ဝမ်းဆက်ကို လာမပေးတာလဲ၊ ဆန်းနိုင်တို့က ဘာဖြစ်လို့ ခြံထဲမဝင်ရဲသလဲ''

သူ့လက်မှနာရီကို ကြည့်လိုက်မိပါသည်။

''ခုနေခါသာ စောယ်ဦး သေတယ်ပော့ကြားရင် ဝမ်းသာနေကြမှာ''

''ဟင်း..ဟင်း၊ မထင်ပါနဲ့ ကိုရယ်၊ ချယ်ရီသာ ဖောက်ပြန်ချင်တယ်ဆိုရင် ကိုသေတဲ့အထိတောင် စောင့်နေစရာမလိုပါဘူး၊ လူသူမမြင်နိုင်တဲ့၊ ပုပ်ပြီးမပေါ်နိုင်တဲ့ နေရာတွေမှ အများကြီး၊ နောက်ဆုံး စင်ကာပူကိုတောင် လိုက်သွားလို့ရနေတာပဲ၊ ဒါပေမဲ့ ချယ်ရီ့ဖောက်ပြန်မှုဟာ ချယ်ရီ့မိဘမောင်နှမအားလုံးအပေါ် အကျိုးသက်ရောက်သွားမှာ၊ တစ်သက်လုံး လူမသေသေးဘဲ နာမည်သေသွားရမှာ''

ချယ်ရီနှင့် ပေါင်းသင်းလာတာ ဆယ်နှစ်ကျော်ပြီမို့ ချယ်ရီ၏စိတ်ကို သူဖတ်တတ်နေခဲ့တာတော့ အမှန်ပင်။ ချယ်ရီတစ်ယောက် သူ့ကိုရွေးချယ်ခဲ့တာကလည်း အမည်းစက်မထင်ချင်ခဲ့လို့သာဖြစ်ပါသည်။ ဒါပေမဲ့ မိန်းမကောင်းတစ်ယောက်ကိုတော့ ကံတရားက သူ့အတွက်ပေးအပ်ခဲ့ပါသည်။ သားကို ယဉ်ကျေးလိမ္မာသော ကလေးဖြစ်အောင် သွန်သင်ဆုံးမရာမှာလည်း ချယ်ရီကထူးချွန်သည်။ သားအတွက်လည်း ချယ်ရီက မိခင်ကောင်း ဖြစ်ခဲ့ရပါ၏။

သူ အတွေးပေါင်းစုံနှင့် ကားဂိတ်သို့ ရောက်မှန်းမသိ ရောက်ခဲ့ရပါသည်။ လစာထုတ်ရက်မို့ လိုင်းကားတွေ ကျပ်မှာစိုးလို့ ဒီနေ့ကုမ္ပဏီကို စောစောသွားမည်ဆိုကာမှ နောက်ကျနေရတော့သည်။ လာသမျှ လိုင်းကားပေါ်သို့ ဦးအားပေးတက်ခိုင်းရမည့်သူတွေက မိန်းကလေးတွေမှန်း သူသိပါသည်။

ရုတ်တရက် သူ့အတွေးထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီနှင့် စက်ဘီးအတူစီးဖူးသော ပထမဆုံးနေ့ကို ပြန်မြင်ယောင်မိတော့ ကြည်နူးစွာ ပြုံးလိုက်မိသည်။ သူနှင့်ချယ်ရီ၏ဖူးစာကို ရေးခဲ့သူက တွတ်တွတ်ဖြစ်သည်။

ဒါပေမဲ့လည်း ကိုသက်ဝေနှင့် ချယ်ရီတို့က တရားဝင်ချစ်သူတွေ မှန်း နှစ်ဖက်သောမိဘများနှင့် တစ်ရပ်ကွက်လုံးကသိသည်။ ချယ်ရီနှင့် သူ တစ်ရပ်ကွက်တည်းနေပေမယ့် ချယ်ရီနှင့်သူ ရာသက်ပန် ရိုးမြေကျ အတူတူပေါင်းသင်းရမည်ရယ်လို့ သူ တစ်ခါမှ မတွေးခဲ့ဘူးပေ။ ဆယ်တန်းအောင်ပြီးကတည်းက ကော်ဖီမစ် ကုမ္ပဏီတစ်ခုမှာ အရောင်းမြှင့်တင်ရေးမန်နေဂျာဖြစ်သည်အထိ ကြိုးစားခဲ့ရပါသည်။ အဝေးသင်တက်ရင်း၊ ခရီးများထွက်ရင်း အချိန်ကုန်ရတာမို့ ချယ်ရီ့ကို သတိမထားမိ။ တစ်ခါတစ်ရံ ကုမ္ပဏီနားရက်ရလို့ လက်ဖက်ရည်ဆိုင်ထိုင်လျှင် ကိုမင်း၊ ဆန်းနိုင်တို့၏စကားတွေထဲ ချယ်ရီ့အကြောင်းက မပါမဖြစ်။ ဒါကိုလည်း သူစိတ်မဝင်စားမိ။

+++

ချယ်ရီက မြန်မာဆန်ဆန် ရိုးရိုးယဉ်ယဉ် ဝတ်စားတတ်တာကိုက သူတို့ရပ်ကွက်ထဲမှာ ဖက်ရှင်တစ်ခုလို ဖြစ်နေသည်။ သားသည်မိခင်များက ချယ်ရီ့မိဘများထံ စကားကမ်းလှမ်းလေ့ရှိတာကိုတော့ သူသိသည်။ ချယ်ရီဆယ်တန်းစာမေးပွဲ စတုတ္ထအကြိမ်မြောက် ပြန်ဖြေတော့ ကိုသက်ဝေက သူ့သူငယ်ချင်းများနှင့် ပညာရေးအခမဲ့ဒါနကျောင်း ဖွင့်လိုက်ကြသည်။ ကျူရှင်ဝိုင်းတွေလည်း ကိုသက်ဝေအိမ်မှာ အမြဲလိုလို ရှိနေတာမို့ စာကျက်သံတွေတစီစီ။ ကိုသက်ဝေက ဘီအီးပြီးခဲ့ပေမယ့် လုပ်ငန်းခွင်ထဲမဝင်ဘဲ စာသင်နေတာ သူချီးကျူးခဲ့ဖူးသည်။

ချယ်ရီ စာမေးပွဲမအောင်နိုင်တာကလည်း အိမ်မှုကိစ္စတွေနှင့် မောင်လေး၊ ညီမလေး လေးဦး၏ တာဝန်တွေကို ဦးဆောင်ပေးနေရလို့ပင်။ ချယ်ရီတို့မိသားစုက သာကေတ အမှတ်(၁)ဈေးထဲမှာ လက်ကားအထည်ဆိုင် ဖွင့်ထားတာမို့ သမီးကြီးဖြစ်သော ချယ်ရီ့ကိုပဲအားကိုးနေကြရပါသည်။ ချယ်ရီကလည်း ဗိုင်းကောင်းကျောက်ဖိ။ စာတွေလည်းဖတ်တာမို့ အပြောအဆို နက်နဲသည်၊ မျက်နှာပေးချိုသာသည်။

တစ်ရပ်ကွက်လုံး၏ မိဘတိုင်းလိုလိုက သမီးဖြစ်သူတွေကို ပြောဆိုဆုံးမလျှင်ပင် ချယ်ရီ့ကိုစံထားပြီး ဆုံးမကြရပါ၏။ ဆောင်းရာသီမှာ မွေးဖွားခဲ့သော ချယ်ရီ၏အမည်ရင်းမှာ ချယ်ရီပန်းတဲ့၊ နာမည်နှင့်လူတွဲလျက် အင်မတန် လိုက်ဖက်လှပါသည်။ သို့သော် ရန်ကုန်မြေက အပူပိုင်းဒေသမို့ ချယ်ရီမပွင့်နိုင်တာ သူသိပါသည်။

ငါးအိမ်သာခြားသော ကိုသက်ဝေထံ ချယ်ရီစာမေးရင်း ကိုသက်ဝေတစ်ယောက် ချယ်ရီ့ကိုရွေးချယ်မိတာလည်း အဆန်းမဟုတ်။ ကိုသက်ဝေက တစ်ဦးတည်းသောသား။ ပညာရေးမှာလည်း ထူးချွန်သည်။ ကိုသက်ဝေ၏ ခန္ဓာကိုယ်က ဘော်ဒီကစားတာမို့ အချိုးအစားကျလှပါ၏။ မိန်းကလေးတိုင်းလိုလို၏ ပါးစပ်ဖျားမှာ ကိုသက်ဝေက ရေပန်းစားလှပါ၏။ ထိုစဉ်က ကိုသက်ဝေ၏မိဘများက ချယ်ရီ့ကို ချွေးမအဖြစ် ရွေးချယ်ထားပြီးဖြစ်ကြောင်း ပါးစပ်သတင်းတလွှေ့လွှေ့ ရှိခဲ့ဖူးပါသေးသည်။

+++

အဲဒီနေ့က.....အဲဒီနေ့က.....

မိုးလေးတွေတဖွဲဖွဲရွာနေတာကို သူမှတ်မိပါသေးသည်။ ကုမ္ပဏီသို့ မသွားခင် ညီလေး၏ ဆယ်တန်းစာမေးပွဲအောင်စာရင်းကို သူ စက်ဘီးနင်း၍သွားကြည့်ရန် မိုးကာအင်္ကျီ ဝတ်လိုက်၏။ ချယ်ရီ၏မောင်လေး တွတ်တွတ်နှင့် သူ့ညီလေး၏ခုံနံပါတ်က ရှေ့ဆင့်နောက်ဆင့်။

"ဟေ့ကောင်တွတ်တွတ်..... အောင်လား"

တွတ်တွတ်၏မျက်နှာကမလှ။ တွတ်တွတ် စာတော်တာများ ရပ်ကွက်ထဲမှာ ဟိုးလေးတကြော်ကြော်။ သူ့ညီလေးဆိုလျှင် စာမေးပွဲဖြေကာနီး ကာရာအိုကေ ဆိုနေသေး၏။ ချယ်ရီ့ဘဝကို သူအားကျမိပါ၏။

"တော်ပြီဗျာ၊ ရှက်လွန်းလို့ သွားသေတာပဲကောင်းတယ်"

တွတ်တွတ်ငိုပြီးထွက်ပြေးသွားပါတော့သည်။ သူ ဘာလုပ်ရမှန်း မသိအောင် ထူပူသွားရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ငိုပြီးပြေးသွားသော တွတ်တွတ် နောက် ပြေးလိုက်ရမည်လား၊ ဆူညံ နေသော လူအုပ်ကြားထဲဝင်ပြီး ညီလေး အောင်၊ မအောင် ကြည့်ရမည် လား မသိတော့။

ထိုအချိန်မှာပဲ သူ့နံဘေးမှ အသံတစ်သံကို ကြားလိုက်ရသည်။ သူလှည့်ကြည့်လိုက်တော့ ချယ်ရီနှင့် အဒေါ်ကြီးတစ်ယောက်။ ထိုအဒေါ်ကြီးက ဟိုစပ်စပ်၊ ဒီစပ်စပ်ရှိလွန်း လှသဖြင့် သူ ဝေးဝေးကရှောင်သည်။

"ဟို.....ဟိုလေ တွတ်တွတ် အဲ.....ချယ်ရီ့မောင်လေး အောင်နိုင် ဦးလေ၊ ငိုပြီးထွက်ပြေးသွားတယ်၊ သူ့ကိုယ်သူ သတ်သေမလို့တဲ့"

သူ့စကားကြောင့် ချယ်ရီ့ပါး စပ် အဟောင်းသား။

"အို...တွတ်တွတ်ကဒီလောက် စာတော်တာ၊ စာတွေတတွတ်တွတ် ကျက်လွန်းလို့ အောင်နိုင်ဦးနာမည် ပျောက်ပြီး တွတ်တွတ်လို့ပဲ ခေါ်ကြတော့တာ၊ အခုတောင်မှ ဒီဘယ်နှလုံးပါလဲဆိုတာ သိချင်လို့ ကျွန်မ လာကြည့်တာ"

သူပြောတာကို ချယ်ရီယုံပုံမရ။

"ဒါပေမဲ့ ထွက်ပြေးသွားတာ အမှန်ပဲ၊ ငိုလည်းငိုသွားတယ်"

ချယ်ရီ တွေခနဲဖြစ်သွား၏။ နံဘေးဝဲယာမှ ကျောင်းသားများက လည်း ဟုတ်တယ်၊ ငိုသွားတယ်၊ အနော်မာရပ်ကွက်ဘက်ကို ပြေးသွားပြီ၊ သတ်သေနေရင် အခက်ပဲ နှင့် တစ်ယောက်တစ်ပေါက် ဝင်ပြောလာ၏။

"ကဲပါအေ၊ ချယ်ရီနှယ် ကိုယ့်မောင်လေးကို မြန်မြန်ပြေးရှာမှပေါ့၊ တော်ကြာ မတော်မတည့်တွေ ဖြစ်နေပါဦးမယ်"

ချယ်ရီ့မှာ မျက်ရည်တွေဝဲလာတော့ သူစိတ်မကောင်း။

"အိမ်မှာ ထမင်းဟင်းချက်ရဦးမှာ အန်တီသန်းမြင့်ရဲ့"

"ဝယ်စားကြလိမ့်မယ်အေ၊ ဟဲ့.....သူငယ်၊ မင်းက စက်ဘီးပါတာပဲ၊ ခဏလောက်ကူပြီး ရှာပေးပါဦးကွယ်"

သူ ကုမ္ပဏီသွားရမှာကိုမေ့ပြီး ဟုတ်ကဲ့လိုက်မိသည်။ ချယ်ရီ့ကို စက်ဘီးပေါ်တင်ပြီး တွတ်တွတ်ရှိမည်ထင်သော နေရာမှန်သမျှ လိုက်ရှာကြည့်ပေမယ့် မတွေ့။ အနော်မာ၊ တိုးချဲ့၊ သဒ္ဓါရုံ၊ ထူပါရုံမကျန် တွတ်တွတ်နှင့်နီးစပ်ရာ သူငယ်ချင်းအားလုံးကုန်သွားတော့ နေလုံးကြီးပင် ခေါင်းပေါ်တည့်တည့်မှာ ရှိနေခဲ့ပြီ။ စက်ဘီးနင်းရသဖြင့် သူ့ခြေထောက်တွေ ညောင်းလည်းညောင်း၊ ဗိုက်လည်းဆာ၊ ရေလည်းငတ်။ ဒေါပုံချောင်းဘက်ကိုပင် ရောက်ခဲ့ပါသေးသည်။ ချောင်းထဲဆင်း၍ သေကြောင်းကြံစည်မှာစိုးပြီး ချယ်ရီငိုပါတော့သည်။ အချို့က ရဲစခန်းကို အကြောင်းကြားပါလားလို့ အကြံပေး၏။

"ဒါနဲ့ ဟိုလေ ကုမ္ပဏီကို မသွားရင် ဘာဖြစ်မလဲ"

ချယ်ရီ့မှာ ငိုနေသည့်ကြားမှပင် သူ့အတွက် စိတ်ပူစွာမေး၏။

"ကုမ္ပဏီဝင်ချိန်နောက်ကျရင် ဒီလအတွက် Bonus မရတော့ဘူးလေ"

"အို...အ...အခု နေ့တစ်ဝက် ဆင်းလို့ကောရလား"

"အင်း.....တစ်ဆိုင်ဆိုင်မှာ ခဏထိုင်နားပြီး ဖုန်းဆက်ကြည့်လိုက်ဦးမယ်"

သူနှင့်ချယ်ရီ မြရတနာရုပ်ရှင်ရုံရှေ့မှ အအေးဆိုင်မှာထိုင်ပြီး ဖုန်းဆက်တော့ ကုမ္ပဏီ၏ ဌာနစုမှူး ငွေစာရင်းဌာနသို့ ဖုန်းဝင်သွားသည်။ ဌာနစုမှူး မလင်းလင်းတစ်ယောက် သူ့အသံကြားတော့ ထိတ်ထိတ်ပျာပျာ။

"ဟယ်..စောငယ်၊ ဘယ်တွေ သွားနေတာလဲ၊ ဒီကို လူကြီးတွေတောင် လာရှာသွားပြီ"

မလင်းလင်းက သူ့ကိုသံယောဇဉ်ကြီးရှာပါသည်။ သူ့ကို သားတစ်ယောက်သဖွယ် ပြောဆိုဆက်ဆံတတ်သဖြင့် သူလေးစားရပါသည်။

"ဘယ်.....ဘယ်ကလူကြီးတွေလဲ"

"ချယ်ရီဆိုလား၊ အဲဒီကောင်မလေးရဲ့ မိဘတွေနဲ့ မင်းမိဘတွေ"

သူ နားရှုပ်သွားရပါ၏။

"မင်းတို့ပျောက်သွားတဲ့အချိန် ခြောက်နာရီတောင်မှ ကြာနေပြီဆိုတော့ ဘာမဆိုဖြစ်နိုင်တယ်လေ၊ ပြီးတော့ တွတ်တွတ်က အောဒီမှန်းထားတာကို တူးဒီပဲပါလို့ ဝမ်းနည်းပြီး အိမ်ပြန်ရောက်နေတာ၊ မနက်ကတည်းက အိပ်ခန်းထဲဝင်ငိုနေတာတဲ့၊ ဒေါ်သန်းမြင့်ဆိုတဲ့ အဒေါ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်
တောက်ပြောင်နေတဲ့
ပိတ်စအကြီးကြီးပေါ်မှာ
အမည်းစက်
သေးသေးလေးတစ်စက်
ဖြစ်ပေါ်လာရင်တောင်
လူတွေက ဖြူစင်နေတဲ့
အဖြူရောင်အကြီးကြီးကိုတော့
မမြင်နိုင်ဘဲ
အမည်းစက်
သေးသေးလေးကိုပဲ
မြင်တတ်ကြတာပါ
. . .

ကလည်း.....''

''ရပြီ မမလင်း၊ ကျွန်တော်သဘောပေါက်ပြီ၊ ဒေါ်သန်းမြင့်က သက်သေထူလိုက်ပြီကိုး။ ကျွန်တော်တို့ အခု ဘယ်လိုမျက်နှာနဲ့ ရပ်ကွက်ထဲဝင်ရမလဲဆိုတာ မသိတော့ပါဘူးဗျာ''

သူ့ခန္ဓာကိုယ်ကို အငွေ့ပျံပြီး ပျောက်သွားစေချင်ပါတော့သည်။ ဒီတစ်ခါ ငိုရမည့်သူက သူကိုယ်တိုင်ပင်။

''လူကြီးတွေက စိတ်မချလို့ လိုက်ရှာတာမို့ ရပ်ကွက်ထဲ ရှဲရှဲဝှဲ့ဝှဲ့သာ ပြန်သွားကြပါ၊ ဘာဖြစ်လို့လဲဆိုတော့ မမလင်းရဲ့အရှေ့မှာပဲ မင်းရဲ့မိဘတွေက ချယ်ရီ့မိဘတွေကို တင့်တင့်တယ်တယ်နဲ့ ကျေနပ်သည်အထိ မင်္ဂလာဆောင်ပေးပါ့မယ်လို့ ကတိပေးလိုက်ပြီ၊ အရေးကြီးတာက မင်းတို့အမြန်ပြန်ပါ၊ လူကြီးတွေ အရမ်းစိတ်ပူနေကြတယ်''

သွားပြီ။ သူ ငုတ်တုတ်မေ့ရပါပြီ။ သူ့ခြေဖျားလက်ဖျားတွေ အေးစက်ထုံကျင်နေရပါတော့သည်။ ချယ်ရီ့မျက်နှာကိုလည်း မကြည့်ရဲတော့။ ချယ်ရီကတော့ ဒီနံချဉ်သောက်ရင်း သူ့ကို တည်ငြိမ်စွာကြည့်လာပါ၏။ ဖုန်းခနှင့် အအေးဖိုးရှင်းရန် သူ့ပိုက်ဆံအိတ်ကို ဖွင့်လိုက်ပါသည်။ မှတ်ပုံတင်ကိုမြင်တော့ သူ့စိတ် လှုပ်ရှားသွားရပါသည်။ သူထွက်ပြေးလျှင် ကောင်းမည်လား။ သူ့မှာ ရည်းစားဆိုတာ လက်ညှိုးထိုးပြစရာ မရှိပါဘဲနှင့် မိန်းမယူရတော့မည့်အဖြစ်။

''ဒေါ်သန်းမြင့်က ဘာတွေဖွလိုက်တာတဲ့လဲ''

သူဖုန်းပြောနေစဉ်က တစ်စွန်းတစ်စ စကားကို ချယ်ရီကြားသွားဟန်တူပါသည်။ သူ ချွေးစေးတွေ ပျံလာရ၏။ အသက်ရှူတွေ မှားရပါတော့၏။

''ဟို.....ဟိုလေ''

သူ့မှာ စကားအထစ်ထစ် အငေါ့ငေါ့။ ချယ်ရီ့ကို ဘယ်ကစပြောရမှန်းမသိ။

''မိဘတွေ စိတ်ဆင်းရဲမယ့် အလုပ်ကို မလုပ်ကြတာ ကောင်းမယ်ထင်မိတာပါပဲ၊ မိဘတွေ စိတ်ချမ်းသာဖို့အတွက် အသက်ပေးရမယ်ဆိုရင်လည်း ကျေးဇူးဆပ်ရာရောက်မှာပဲလေ''

ချယ်ရီ့ကိုမယူလျှင် သူထောင်ကျမည်လား။ အဘယ်နေရာသို့ပြေးရပါမည်နည်း။ တွတ်တွတ် အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com

ပဲရှိနေတာပဲလို့ ကြားရတာတော့ ဝမ်းသာရပါသည်။

"ကိုသက်ဝေ ရှိသေးတယ်လေ"

ဒိန်ချဉ်ကို ခပ်သောက်ပြီးတော့ ချယ်ရီ ပြုံးလာပါ၏။

"ကိုသက်ဝေမှာက ရွေးချယ်ခွင့်တွေ အများကြီးရသွားခဲ့ပြီလေ၊ ကျွန်မတို့ထွက်ပေါက်က တစ်ခုပဲရှိတော့တယ်၊ ပတ်ဝန်းကျင်နဲ့မှမကင်းနိုင်တာ၊ ပတ်ဝန်းကျင်က ဖန်တီးတဲ့အတိုင်း လိုက်နာရုံပေါ့၊ အဖြူရောင်တောက်ပြောင်နေတဲ့ ပိတ်စအကြီးကြီးပေါ်မှာ အမည်းစက်သေးသေးလေးတစ်စက် ဖြစ်ပေါ်လာရင်တောင် လူတွေက ဖြူစင်နေတဲ့ အဖြူရောင်အကြီးကြီးကိုတော့ မမြင်နိုင်ဘဲ အမည်းစက်သေးသေးလေးကိုပဲ မြင်တတ်ကြတာပါ၊ ကျွန်မတို့မိသားစုအတွက် ကျွန်မ အမည်းစက် မဖြစ်ချင်ပါဘူး"

ချယ်ရီ့မိသားစုအပေါ် ချယ်ရီ့သဘောထား ကြီးမားလှပါသည်။ ထွက်ပြေးရန် ကြံစည်မိသော သူ့စိတ်ကိုသူ ရှက်မိပါသည်။

တကယ်တမ်း စာမေးပွဲကျခဲ့သူက သူညီဖြစ်နေခဲ့ပါသည်။ သူနှင့်ချယ်ရီ၏ မင်္ဂလာပွဲအပြီး လေးငါးလအကြာမှာပဲ ကိုသက်ဝေတစ်ယောက် S pass ဖြင့် စင်ကာပူသို့ ထွက်သွားခဲ့ပါသည်။ ကျူရှင်နှင့် အခမဲ့ ပညာဒါနကျောင်းသည်လည်း တိတ်ဆိတ်သွားခဲ့ပြီ။ ကိုသက်ဝေ၏မိဘများနှင့် ချယ်ရီ၏မိဘများကတော့ ရင်းနှီးသောမိတ်ဆွေများအဖြစ် ဆက်လက်ရပ်တည်ခဲ့ကြပါသည်။ သားဦးဖြစ်ခဲ့သော သူ့မှာ ချယ်ရီ့မိဘများအတွက် အားကိုးရသော သားဦးဖြစ်အောင် နေထိုင်စောင့်ရှောက်ပေးခဲ့ပါသည်။ ယခု ကိုသက်ဝေ ပြန်လာပြီတဲ့လေ။

+++

"ဟော့…ကိုငယ်၊ မင်းအခုမှပဲ သွားမှာလား"

ဒေါ်သန်းမြင့်ကို ထိတ်လန့်စွာ တွေ့လိုက်ရပါသည်။

"အေးလေ အိမ်မှာက ချယ်ရီ့ကို ပြုစုပေးမယ့် မောင်၊ ညီမတွေက အိမ်ထောင်ကျပြီး အိုးခွဲကုန်ကြတာနဲ့၊ ဘုရားဖူးထွက်နေကြတာနဲ့ ဆိုတော့….."

"ချယ်ရီ နေကောင်းပါတယ်"

လိုင်းကားတွေက ကျပ်နေဆဲ။ ကားမှတ်တိုင်မှာ လူများလာလို့ နောက်ဆုတ်နောက်ဆုတ်နှင့် သူ့မှာ ဒေါ်သန်းမြင့်၏ မုန့်ဟင်းခါးဆိုင်ရှေ့သို့ ရောက်လာရ၏။

"နေကောင်းတယ်ဆိုပေမယ့် မပေါ့မပါးကြီးနဲ့လေ"

"ဗျာ….."

သူ့မှာ မလုံမလဲနှင့် နံဘေးမှ လူများကို ကြည့်လိုက်မိပါသည်။

"ဟိုတစ်နေ့က မုန့်ဟင်းခါးလာဝယ်ရင်း မူးပြီးခွေကျသွားတာနဲ့ ငါကိုယ်တိုင် ဆေးခန်းလိုက်ပို့ပေးတာ၊ အဲဒီ ဆရာဝန်မက သေးစစ်ပြီး ရက်တွက်ကြည့်တော့ နှင့်ရင်သွေးက သုံးလတောင်ကျော်ပြီတဲ့၊ တကတည်း….."

"ဟာ….တ….တကယ်"

"ဟယ်….တစ်အိမ်တည်းနေနေပြီး မသိဘူးလား"

"ကျေးဇူးတင်တယ်ဗျာ ဒေါ်သန်းမြင့်"

သူ အိမ်ပြန်ဖို့ ခြေလှမ်းပြင်လိုက်ပါသည်။ ဒေါ်သန်းမြင့်၏ စကားက ဒီတစ်ခါမှာတော့မင်္ဂလာရှိလှပါ၏။ သူ့ဒုတိယရင်သွေးလေးကို ချယ်ရီ မမွေးပေးတော့ဘူးလို့ ထင်ထားခဲ့တာ။ အခု ရှိနေပြီတဲ့လေ။ ထို့ကြောင့် ချယ်ရီတရှောင်ရှောင်ဖြစ်နေတာကို သူခုမှပဲ သိလိုက်ရပါတော့၏။ ကားတိုးမစီးဖြစ်သေးတာကိုက သူ့အတွက် ပျော်စရာကံကြမ္မာ ဖြစ်ခဲ့ရပြီ။

သူ စိတ်လက်ပေါ့ပါးစွာဖြင့် မမလင်းထံသို့ ခွင့်တစ်ရက်တင်လိုက်ပါတော့သည်။ သူ့ဒုတိယရင်သွေးလေးအတွက် မမလင်းက ဂုဏ်ယူပါသည်တဲ့။

"ဒါကိုများ ပြောပြဖို့ ရှက်နေသေးတယ် ချယ်ရီရယ်"

သူ့ခြေလှမ်းများက ပေါ့ပါးနေ၏။ ကိုသက်ဝေ၏အိမ်ကိုလည်း သူမမြင်တော့။ ကိုသက်ဝေ ပြန်ရောက်နေတာကလည်း သူ့ကိစ္စမဟုတ်တော့။ ဒီနေ့ မိုးကောင်းကင်ကြီး ပိုမြင့်နေသလို ခံစားရသည်ကတော့ အမှန်ပင်။ သူကြည်နူးမိနေစဉ်မှာပဲ ဆန်းနိုင်၏ကားဝင်လာတာကိုတွေ့လိုက်ရပါသည်။ ဆန်းနိုင်၏အိမ်က ချယ်ရီတို့အိမ်၏ မြောက်ဘက်လမ်းမှာဖြစ်၏။ ဆန်းနိုင် ကားဝင်၊ ကား

www.burmeseclassic.com



ထွက်တိုင်း ချယ်ရီတို့၏အိမ်ရှေ့မှ ထွက်ရပါ၏၊ ဝင်ရပါ၏။

"တီ.....တီ"

သူ လမ်းဘေးကပ်ရှောင်ပေးလိုက်သည်။

"ဟာ.....တာနောယကျ၊ ဒီနေ့ ကုမ္ပဏီမသွားဘူးလား"

"အေးကွာ၊ သမုက္ခချယ်ရီကို ရွှေကြုတ်ထဲကနေ ပြန်ထုတ်မလို့ကွ"

"ဘာလဲ သမုက္ခချယ်ရီ"

ဆန်းနိုင် အူကြောင်ကြောင်ဖြင့် ထွက်သွားတော့၏။

"ဖောက်ပြန်ချင်သူအတွက်တော့ သံကွန်ချာ ခုနစ်ထပ်နဲ့ ရစ်ပတ်ထားလည်း မရပါဘူး"

"ချယ်ရီသာ ဖောက်ပြန်ချင်တယ်ဆိုရင် ကိုသေတဲ့အထိတောင် စောင့်နေစရာမလိုပါဘူး"

"အဖြူရောင်အကြီးကြီးကိုတော့ မမြင်နိုင်ဘဲ အမည်းစက်သေးသေးလေးကိုပဲ မြင်တတ်ကြတာပါ၊ ကျွန်မမိသားစုအတွက် ကျွန်မ အမည်းစက် မဖြစ်ချင်ဘူး"

သူ အတွေးရောင်စုံဖြင့် အိမ်တံခါးခေါက်လိုက်ပါ၏။ ချယ်ရီ့မှာ သူ့ကိုမြင်တော့ အံ့အားသင့်သွားပါ၏။ အိမ်ထဲမှာ မီးပူတိုက်တာ၊ အိမ်သန့်ရှင်းရေးလုပ်နေတာဆိုလျှင် ချယ်ရီ အိမ်တံခါးမကြီး ပိတ်ထားတတ်ပါသည်။

"ချယ်ရီ.....ဒီတစ်ယောက်ကိုတော့ ချယ်ရီနဲ့တူတဲ့ သမီးလေးပဲ မွေးပေးပါနော်၊ ဒါနဲ့ နံပြားထောပတ်သုတ် ကုန်ပြီလား၊ အတူတူစားကြရအောင်လေ"

သူ့ဘဝမှာ ချယ်ရီ့ကိုသာ အချစ်ဆုံးမဟုတ်လားလေ။ ။

နှင်းစက် (လားရှိုး)


# ခရသင်း၊ သမင်ဖြူ

ခရသင်း၊ သမင်ဖြူ၊ ပွေး၊ ဝဲ၊ ညှင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နှင်းခူ၊ သဲဝဲစား၊ ရေဝဲစား၊ အနာစို၊ အနာစက် နှင့် သွေးမသန့်ရှင်းမှုကြောင့် ဖြစ်ပေါ်သော အရေပြားရောဂါများကိုကုသပေးပါသည်။

**ဆက်သွယ်ရန်လိပ်စာ**
ခရသင်း၊ သမင်ဖြူ အရေပြားဆေးတိုက်
- တိုက်(၁)၊အခန်း(၀၁၁)၊၄-လွှာ၊စက်ရုံလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၀၀၄၉၁၊
- အမှတ်(၂၀၃)၊ပထမထပ်၊ယုဇနပလာဇာရှေ့၊ဗညားဒလလမ်း၊တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း-၀၉-၅၀၄၁၂၃၈၊


www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံတကာသတင်း

## ၈ နှစ်သားနှင့် အတူအိပ်ခဲ့သည့်အမျိုးသမီး ထောင်ဒဏ်နှစ်နှစ်ချမှတ်ခံရ



အသက် ၂၁ နှစ်ရှိပြီဖြစ်သည့် ကလေးတစ်ယောက်အမေ မစွက်လော်ရင်မောရစ်သည် အသက် ၁၆ နှစ်အောက် လူငယ်တစ်ဦးနှင့် လိင်ဆက်ဆံခဲ့သောကြောင့် စွဲချက်သုံးခုနှင့် တရားစွဲခံရပြီး ဗြိတိန်တရားရုံးက ပြစ်မှုထင်ရှားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ထောင်ဒဏ်ချမှတ်ခဲ့ ခြင်းဖြစ်သည်။

သူမသည် အသက် ၁၆ နှစ် အရွယ်ခန့်တွင် အသက် ၈ နှစ် အရွယ် လူငယ်လေးနှင့်အတူအိပ်ခဲ့ပြီး နှစ်နှစ်ကျော်ကာလအတွင်း အကြိမ် ၅၀ ကျော် လိင်ဆက်ဆံမှု ပြုခဲ့ကြောင်း သိရသည်။ တရားသူကြီးက ထိုအဖြစ်အပျက်မှာ ရက်ဖွယ်ကောင်းပြီး ပြစ်မှုမြောက်သဖြင့် ထောင်ဒဏ်နှစ်နှစ် ချမှတ်ခဲ့သည်။ ထောင်ဒဏ်အပြင် သူမအား အသက် (၁၆)နှစ်အောက်ယောကျ်ားလေးများနှင့် အဆက်အသွယ်မလုပ်ရန် ကန့်သတ်ချက်လည်း အမိန့်ချမှတ်ခဲ့သည်။

Ref: International News

## အရပ် နှစ်ပေရှစ်လက်မသာရှိသော ဗြိတိန်နိုင်ငံမှ ဆယ်ကျော်သက်မိန်းကလေး



အင်္ဂလန်နိုင်ငံ၊ ချီရှိုင်းယားဒေသတွင် နေထိုင်သော အသက် (၁၅)နှစ်အရွယ် ဂျော်ဂျီယာရီကန်ဆို သူ အမျိုးသမီးငယ်သည် အရပ် နှစ်ပေရှစ်လက်မသာရှိပြီး ဗြိတိန်နိုင်ငံ၏ အသေးဆုံးဆယ်ကျော်သက်ဖြစ်ကြောင်း သိရသည်။

ဂျော်ဂျီယာသည် အရိုးအဆစ် ကြီးထွားမှု ရပ်တန့်သောရောဂါကို ခံစားနေရပြီး ဆရာဝန်ပေါင်းများစွာနှင့် ကုသသော်လည်း မထူးခြားခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ခြေဖဝါးအရွယ်အစားမှာ ခုနစ်နှစ်အရွယ်ကလေးတစ်ဦး၏ ခြေဖဝါးမျှသာရှိပြီး အကူအညီမပါဘဲ မတ်တတ်မရပ်နိုင်သဖြင့် မိဘများက စတာလင်ပေါင် ၁၈၀၀၀ တန် ဗိုးချဲတစ်ခု ဝယ်ပေးထားရကြောင်း သိရသည်။

Ref: Daily Mail

---


# ဒေါ်လာကိုးသောင်းတန် သရက်သီးရုပ်တုကြီး ထူးဆန်းစွာ ပျောက်ဆုံးသွားမှု

ဩစတြေးလျနိုင်ငံ၊ ကွင်းစ်လန်းပြည်နယ်၊ ဘိုဝင်မြို့တွင် အလေးချိန် ဆယ်တန်ကျော်ရှိပြီး ဒေါ်လာကိုးသောင်းတန် သရက်သီးရုပ်တုကြီးမှာ ထူးဆန်းစွာပျောက်ဆုံးသွားခဲ့သည်။

· ဘိုဝင်မြို့သည် ဩစတြေးလျနိုင်ငံ၏ သရက်သီးမြို့တော်အဖြစ် ထင်ရှားပြီး ထိုရုပ်တုမှာ ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်မှုရှိခဲ့သည်။ ပေသုံးဆယ်ကျော်မြင့်မားသော သရက်သီးရုပ်တုပျောက်ဆုံးကြောင်းကို အလုပ်သမားတစ်ယောက်က ကမ္ဘာလှည့်ခရီးသည်ကြီးကြပ်ရေးဌာနသို့ သတင်းပေးပို့ခဲ့ခြင်းဖြစ်သည်။

CCTVကင်မရာစစ်ဆေးချက်အရ ရွှေ့လျားကရိန်းစက်တစ်ခုသည် ထိုသရက်သီးအရုပ်ဆီသို့ နောက်ဆုတ်ဝင်လာသည်ကိုသာ တွေ့ရှိရပြီး မည်သို့ပျောက်ဆုံးသွားသည်ကို မသိရှိရပေ။

Ref: Mirror



www.burmeseclassic.com

www.burmeseclassic.com

# ၁၆ ရာစုနှစ်က အိမ်ရဲ့ညှော်ခန်းအတွင်းက ရေတွင်း

အင်္ဂလန်နိုင်ငံ၊ ပလိုင်းမောက်ရှိ အိမ်တစ်အိမ်တွင် ၁၆ ရာစုနှစ်မှ ၃၃ ပေနက်သော ရေတွင်းတစ်တွင်းသည် ညှော်ခန်းအတွင်း၌ ရှိနေသည်ကို ၂၅ နှစ်နီးပါးကြာမှ အိမ်ပိုင်ရှင်ဇနီးမောင်နှံက တွေ့ရှိခဲ့သည်။ ပင်စင်စား အစိုးရဝန်ထမ်း မစ္စတာစတီးယားသည် ထိုအိမ်ကို လွန်ခဲ့သော ၂၅ နှစ်က ဝယ်ယူခဲ့ပြီး ညှော်ခန်းအတွင်းရှိ တစ်ခါမှ မရွှေ့ပြောင်းဖူးသော ဆိုဖာခုံများကို အလုပ်မှအနားယူချိန်မှ ရွှေ့ပြောင်းထားသည့်အခါ အောက်တွင် အဖုံးနှင့်အုပ်ထားပြီး မြေကြီးဖြင့်အုပ်ထားသည်။

အဆိုပါမြေကြီးကို စတင်တူးဆွကြည့်ရာ တစ်ပေအနက်သို့ရောက်ချိန်တွင် ရေတွင်းကို ထူးဆန်းစွာတွေ့မြင်ခဲ့ရသည်။ အစပိုင်းတွင် မြေကြီးအောက်မှ ရွှေအိုးထွက်လာမည်ဟု မျှော်လင့်ကာ တူးရာမှ ထူးဆန်းစွာ ရေတွင်းတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အိမ်ရှင် မစ္စတာစတီးယားက ပြောဆိုခဲ့သည်။

Ref: World Interesting News




www.burmeseclassic.com

www.burmeseclassic.com



# ကျားမကြီးနဲ့ ဝက်ကလေးများ



ထိုင်းနိုင်ငံရှိ တိရစ္ဆာန်ဥယျာဉ်တစ်ခုတွင် ကျားမတစ်ကောင်သည် ကျားပေါက်စလေးသုံးကောင်ကို မွေးဖွားရာ ကိုယ်ခံအားနည်းသည့်အတွက် ကျားသုံးကောင်မှာ မွေးဖွားပြီး ရက်ပိုင်းအတွင်း သေဆုံးသွားကြသည်။

မိခင်ကျားမကြီးမှာ စိတ်ကျ ရောဂါစွဲကပ်သွားကာ ဖျားနာလာခဲ့သည်။ နောက်ဆုံး တိရစ္ဆာန်ရုံမှ တာဝန်ရှိသူများက ဝက်ပေါက်စလေး ငါးကောင်ကို ကျားကဲ့သို့ ဆေးရောင်ခြယ်သကာ ကျားမကြီးထံ လွှတ်ပေးခဲ့သည်။ ကျားမကြီးသည် ဝက်ပေါက်စလေးများကို သားသမီးများကဲ့သို့ ကြင်နာစွာဆက်ဆံပြီး အတူနေထိုင်ကြသည်။

Ref: Amazing Animal

www.burmeseclassic.com

www.burmeseclassic.com

# အသက် (၈)နှစ်အရွယ်တွင် ကျွန်အဖြစ်ရောင်းစားခံခဲ့ရသော မိန်းကလေး



၁၉၉၈ ခုနှစ်တွင် အသက် ၈ နှစ်အရွယ် ကောင်မလေးတစ်ဦးသည် ကျွန်အဖြစ်ရောင်းချခံခဲ့ရရာ ယခု အသက် (၂၄)နှစ်အရွယ်၌ သူမ၏ ဘဝဇာတ်ကြောင်းကို စာရေးသားကာ စာအုပ် ထုတ်ဝေခဲ့သည်။ ရှာယီမာဟောလ်သည် အီဂျစ်နိုင်ငံတွင် မိဘများနှင့်အတူ နေထိုင်ခဲ့ကြပြီး ဟောလ်၏မိဘများမှာ ဆင်းရဲလွန်းသောကြောင့် သူမကို ချမ်းသာသည့် မိသားစုထံ ကျွန်အဖြစ်ရောင်းချခဲ့သည်။

ဟောလ်သည် တစ်နေ့လျှင် အလုပ်ချိန် နာရီ ၂၀ လုပ်ရပြီး ထမင်းလည်း တစ်နပ်သာစားခဲ့ရသည်။ ထို့နောက် သူဌေးမိသားစုမှာ အီဂျစ်မှ အမေရိကန်သို့ ပြောင်းရွှေ့ခဲ့ရာ သူမလည်း လိုက်ပါသွားခဲ့သည်။ သူမအား အပြင်လူများနှင့် စကားပြောလျှင် အရိုက်ခံရမည်ဟု ခြိမ်းခြောက်ခံခဲ့ရသည်။ နောက်ဆုံးတွင် ဟောလ်မှာ ထိုအိမ်မှ ထွက်ပြေးလွတ်မြောက်ခဲ့ပြီး တာဝန်ရှိသူများကို တိုင်ကြားခဲ့သည်။ သူဌေး လင်မယားလည်း ထောင်သုံးနှစ်ချ မှတ်ခံခဲ့ရသည်။ သူမသည် လက်ရှိတွင် သာယာသောမိသားစုဘဝကို ပိုင်ဆိုင်ထားပြီး သူမ၏ ဘဝဇာတ်ကြောင်းကို စာအုပ်အဖြစ် ရေးသားထုတ်ဝေခဲ့ခြင်းဖြစ်သည်။

Ref:International News

ဆောင်းဟေမန်

www.burmeseclassic.com

www.burmeseclassic.com



# ပြည်တွင်းသတင်း

## ဝရိန်လုပ်သား မတော်တဆမှုကြောင့် ဓာတ်လိုက်သေဆုံးမှုဖြစ်ပွား

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗန္ဓုလတံတားအောက်ရှိ သင်္ဘောတည်ဆောက်သောလုပ်ငန်းမှ ဝရိန်လုပ်သား လူငယ်တစ်ဦးမှာ လုပ်ငန်းဆောင်ရွက်နေစဉ် မတော်တဆဖြင့် ဓာတ်လိုက်သေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၆-၄-၂၀၁၄ ရက်နေ့၊ ညနေ ၆ နာရီ ၁၀ မိနစ်အချိန်ခန့်က ဒေါပုံမြို့နယ်၊ ယမုံနာ(၂)၊ သင်္ဘောကျင်းဝင်း၊ ဗန္ဓုလတံတားအောက်ရှိ သင်္ဘောတည်ဆောက်သောလုပ်ငန်းမှ လူတစ်ဦး ဓာတ်လိုက်သေဆုံးပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာကြောင်း ရဲမှူးခင်းဌာနမှ ဒေါပုံမြို့မရဲစခန်းသို့ သတင်းပေးပို့အကြောင်းကြားခဲ့သည်ဆို၏။

သတင်းအရ စခန်းမှူး ဒုရဲမှူး မြင့်လွင်နှင့်အဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ဓာတ်လိုက်သေဆုံးသူမှာ ကျော်ကျော်နိုင်၊ (၂၃ နှစ်)၊ ဝရိန်လုပ်သား၊ အောင်ဇေယျအိမ်ရာ၊ ပတ္တမြားလမ်းမ၊ ကမ်းနားအလယ်ရပ်ကွက်၊ အင်းစိန်မြို့နယ်နေသူဖြစ်ကြောင်း သိရှိခဲ့ရသည်။

အလောင်းအားစစ်ဆေးရာ ယာလက်ဖဝါးပေါက်ပြဲဒဏ်ရာတစ်ချက်၊ ယာလက်ခလယ်ထိပ် ပွန်းပဲ့ဒဏ်ရာတစ်ချက်၊ ယာလက်ကောက်ဝတ် စုတ်ပြဲဒဏ်ရာတစ်ချက်တို့ ရရှိသေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ရသည်။ အလောင်းအား ဆေးရုံမှ ပီအာရ်-၀၅၉ ဖြင့် လက်ခံထားရှိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဒုရဲအုပ် ဟိန်းဇော်ဇော်က တရားလိုပြုလုပ်တိုင်တန်းခဲ့၍ ဒေါပုံမြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၃/၂၀၁၄ ဖြင့် အမှုရေးဖွင့်၍ အမှုစစ် စခန်းမှူး ဒုရဲမှူး မြင့်လွင်က ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## မယားနဲ့ရန်ဖြစ်လို့ နေထိုင်ရာအိမ်ကို မီးရှို့ဖျက်ဆီးသူလင်အား ဥပဒေအရ အရေးယူခဲ့

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်တွင် လင်မယားရန်ဖြစ်ကြစဉ် လင်ဖြစ်သူက နေအိမ်ကို မီးရှို့ဖျက်ဆီးမှု ဖြစ်ပွားခဲ့၍ ဥပဒေအရ အရေးယူခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၅-၄-၂၀၁၄ ရက်နေ့၊ ည ၁၀ နာရီ၊ ၄၅ မိနစ်အချိန်ခန့်က တိုက်ကြီးမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မီးသွေးကုန်းကျေးရွာ၌ မီးလောင်မှုဖြစ်ပွားကြောင်း တိုက်ကြီးမြို့မရဲစခန်းက သတင်းရရှိခဲ့သည်ဆို၏။

သတင်းအရ တိုက်ကြီးမြို့မရဲစခန်း၊ ခေတ္တစခန်းမှူး ရဲအုပ် တင်မျိုးဇော်က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ မီးသွေးကုန်းကျေးရွာချောင်းဘေးနေ တင်စိုး (၅၀ နှစ်)၊ (ခြံစိုက်)၊ မီးသွေးကုန်းကျေးရွာ၊ မင်္ဂလာရပ်ကွက်၊ တိုက်ကြီးမြို့နယ်နေသူက ဇနီးဖြစ်သူနှင့် စကားများစဉ် နေအိမ်အား မီးရှို့ခဲ့ရာ မီးလောင်ကျွမ်းသွားပြီး တန်ဖိုးကျပ် (၂၅၀၀၀)ခန့် ဆုံးရှုံးသွားခဲ့ကြောင်း စစ်ဆေးသိရှိခဲ့ရသည်။

ရဲအုပ် သိန်းလွင်က တရားလိုပြုလုပ်တိုင်ကြားခဲ့ရာ တိုက်ကြီးမြို့မရဲစခန်းက (ပ) ၁၂၀/၂၀၁၄၊ ပြစ်မှုပုဒ်မ ၄၃၆ ဖြင့် အမှုရေးဖွင့်ပြီး အမှုစစ်/တရားလိုက မိမိ၏နေအိမ်အား ကိုယ်တိုင်မီးရှို့ဖျက်ဆီးသူ တင်စိုးကို ဖမ်းဆီးစစ်ဆေးနေကြောင်း သိရသည်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## စိတ်မကျန်းမာသူမိန်းကလေးကို တစ်ရွာတည်းသားက ရာဂအလိုအတွက် အကြမ်းဖက်အဓမ္မပြုကျင့်ခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်အတွင်း သီလရှင်တစ်ပါး၏ မွေးစားသမီးဖြစ်သော စိတ်ကျန်းမာရေးချို့တဲ့သည့် မိဘမဲ့ မ---(၁၆ နှစ်)အား တစ်ရွာတည်းနေ အမျိုးသားတစ်ဦးက အလိုမတူဘဲ အတင်းအဓမ္မခြိမ်းခြောက်ကာအဓမ္မပြုကျင့်ခဲ့ကြောင်းသတင်းရရှိခဲ့သည်။

ဖြစ်စဉ်မှာ ၄-၄-၂၀၁၄ ရက်နေ့ နံနက် ၁၀ နာရီအချိန်ခန့်က မသန်းစိုး (၄၂ နှစ်)၊ အေးသစ္စာကျေးရွာ၊ မင်္ဂလာရပ်ကွက်၊ တိုက်ကြီးမြို့နယ်နေသူသည် နေအိမ်၌ရှိနေစဉ် မအေးသန်း၏ အိမ်ခြံဝင်းအတွင်း ဝဲဘက်ကိုက် (၅၀)ခန့် အကွာရှိတဲတွင်နေထိုင်သော မသန်းစိုး၏အစ်မတော်သူ ဒေါ်နန္ဒာထေရီ (ခ)ဒေါ်စန်းရွှေ (၆၄ နှစ်)၏ မွေးစားသမီးဖြစ်သူ မ---(၁၆ နှစ်)အား တစ်ရွာတည်းနေ အောင်တင်ဝင်း (၂၂ နှစ်)၊ အေးသစ္စာကျေးရွာ၊ မင်္ဂလာရပ်ကွက်၊ တိုက်ကြီးမြို့နယ်နေသူက သားမယားအဖြစ်ပြုကျင့်နေကြောင်း အမျိုးသားတစ်ဦးက လာရောက် ပြောပြခဲ့သည်ဆို၏။

၎င်းတို့က သွားရောက်ကြည့်ရှုခဲ့ရာ အောင်တင်ဝင်းမှာ မ---နေထိုင်သည့်တဲပေါ်မှ ဆင်းပြေးသွားသည်ကိုတွေ့ရ၍ မ---အား ချော့မော့မေးမြန်းရာအောင်တင်ဝင်းက မ---အား အလိုမတူဘဲ သားမယားအဖြစ် ပြုကျင့်ခဲ့ကြောင်း၊ ပြန်ပြောပါက ဓားနှင့်ထိုးသတ်မည်ဟု ခြိမ်းခြောက်၍ အလိုမတူဘဲ သားမယားအဖြစ် ပြုကျင့်ခြင်းခံခဲ့ရကြောင်း သိရှိခဲ့ရသည်။

အောင်တင်ဝင်းအား အရေးယူပေးပါရန် မသန်းစိုးက တရားလိုပြုလုပ်တိုင်တန်းခဲ့၍ တိုက်ကြီးမြို့မရဲစခန်းက (ပ) ၁၁၈/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၇၆ ဖြင့် အမှုဖွင့်ပြီး အမှုစစ် ခေတ္တစခန်းမှူး ရဲအုပ် တင်မျိုးဇော်က အဓမ္မမှုကျူးလွန်သူအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

---

## လူမှားပြီးအရိုက်ခံလိုက်ရမှု

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်အတွင်း အမျိုးသားတစ်ဦးအား အမျိုးသားသုံးဦးတို့က တုတ်ဖြင့်ရိုက်ခဲ့သောကြောင့် ဦးခေါင်းထိပ်ပေါက်ပြဲသွေးထွက်ဒဏ်ရာ နှစ်ချက်ရရှိကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူခဲ့ရကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ၆-၄-၂၀၁၄ ရက်နေ့ ည ၈ နာရီခွဲအချိန်ခန့်က မောင်တင်အောင်ဝင်း၊ (၁၉ နှစ်)၊ ကားပစ္စည်းဆိုင် အရောင်းလုပ်သား၊ ဘုရင့်နောင်လမ်းမကြီး၊(၂)ရပ်ကွက်၊ လှိုင်မြို့နယ်နေသူသည် လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဘုရင့်နောင် (၄)လမ်း၊ တိုက် (၅၈)ရှေ့မှ နေအိမ်သို့ပြန်ရန် ခြေကျင်ထွက်လာခဲ့သည်ဆို၏။

ထိုစဉ် အမည်မသိ၊ လူမြင်မှတ်မိသော အသက် ၂၀ ကျော်ခန့်ရှိ ဗမာလူမျိုးပုံစံ အမျိုးသားတစ်ဦးက မောင်တင်အောင်ဝင်းအား မိုးဒီတို့အိမ် ဘယ်မှာလဲဟုမေးရာ ၎င်းက မသိကြောင်းပြန်ပြောသည်ကို မကျေနပ်၍ လူနှစ်ဦးထပ်မံရောက်ရှိလာကာ တုတ်ဖြင့်နှစ်ချက်ရိုက်ခဲ့သောကြောင့် ဦးခေါင်းထိပ်တွင် ပေါက်ပြဲသွေးထွက်ဒဏ်ရာ နှစ်ချက်ရရှိခဲ့သည်။ အနီးရှိလူတစ်ဦးက ဒီကောင်မပါဘူးဟု ပြောဆိုခဲ့သည်ကို ကြားခဲ့ရသည်။ မောင်တင်အောင်ဝင်းက သူငယ်ချင်းဖြစ်သူ၏ တိုက်ပေါ်သို့ တက်ပြေးခဲ့ပြီး အကျိုးအကြောင်းပြောပြကာရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ပြင်ပလူနာအဖြစ် ဆေးကုသမှုခံယူခဲ့ရသည်။

မောင်တင်အောင်ဝင်းက ၎င်းအားရိုက်နှက်ခဲ့သူများအား အရေးယူပေးပါရန် တရားလိုပြုလုပ်တိုင်တန်းခဲ့၍ ပိတောက်ချောင်းနယ်မြေရဲစခန်းက (ပ) ၁၅၃/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၂၅/၁၁၄ ဖြင့် အမှုရေးဖွင့်ပြီး အမှုစစ် ဒုရဲအုပ် တင်ဦးက မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



## မိဿ၊ မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း ရန်သူ၊ မနာလိုသူ၊ စီးပွားပြိုင်တို့ကို အောင်နိုင်တိန်းသို့ ရောက်နေသည်။ လုပ်ငန်းစီးပွားကံ အထူးကောင်းလာပြီဟုမှတ်ပါ။ အထည်အလိပ် အလှကုန်၊ စက်မှုလက်မှုလုပ်ငန်းရှင်တို့ ကြီးပွားချမ်းသာတတ် သည်။ ကျန်းမာရေးသင့်ပြီး လူမှုရေးညှိကာ ပညာရေး ထူးချွန်အောင်မြင်မည်။

**ကံကောင်းအရောင်။** နီဝါပြာ ရောယှက်ရောင်၊ နို့စိမ်းရောင် ဝတ်ဆင်ပါ။

**အချစ်ရေး။** အချစ်ကံမှသည် အမုန်းကံထဲရောက်နေသည်။ သတိထားပါ။

**ကျန်းမာရေး။** နှလုံးတုန်၊ ရင်ခုန်၊ သွေးတိုးရောဂါ သတိထားပါ။

**ထီထိုးရန်။** (ဃ) ၆–၄၊ (င) ၆–၂၊ (စ) ၆–၅။

**ယတြာ။** အလောင်းတော်ကဿပ ရဟန္တာအရှင်မြတ်ထံ မြန်မြန်သွားဖူးလိုက်ပါ။

## ပြိဿ၊ ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း ဝန်ထမ်းဖြစ်ပါက ရာထူးတိုး၊ နေရာပြောင်းကိန်း ကြုံတတ်သည်။ ပြည်ပခရီးသွားရန် စီစဉ်ထားပါက ပျက်သွားလိမ့်မည်။ မြောက်စူးစူးသို့ ခရီးသွားခြင်း ရှောင်ပါ။ မရှောင်က ဘေးရန်အန္တရာယ်ကြုံတတ်သည်။ ထီဆိုင်ဖွင့်လျှင် သင့်ဆိုင်က သိန်းဆုကြီးပေါက်နိုင်သည်။ သင်ကိုယ်တိုင်လည်း ထီမှန်မှန်ထိုး၊ များများထိုးပေးပါ။

**ကံကောင်းအရောင်။** အဝါနုရောင်၊ အစိမ်းနုရောင်ဝမ်းဆက် ဝတ်ဆင်ပါ။

**အချစ်ရေး။** အိမ်ထောင်ရှင်ဖြစ်ပါက အနေအထိုင်၊ အသွားအလာဆင်ခြင်ပါ။

**ကျန်းမာရေး။** ဆီးကျန်၊ ဆီးပူ၊ ဆီးညှောင်းကျရောဂါရတတ်သည်၊ သတိပြုပါ။

**ထီထိုးရန်။** (စ) ၂–၄၊ (ဆ) ၂–၆၊ (ဇ) ၂–၈။

**ယတြာ။** ရွှေစက်တော် အထက်စက်တော်ရာတွင် ခြေတော်ရာကို ရွှေချပါ။

## မေထုန်၊ မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း အိမ်တွင်းရေး၊ စီးပွားရေး၊ လူမှုရေးများကို သွေးရင်းသားရင်း ဆွေမျိုးထဲမှ စွက်ဖက်နှောင့် ယှက်တတ်သည်။ သတိထားပြီး ဒေါသရှောင်ပါ။ မေတ္တာပို့ပါက အဆင်ပြေသွားလိမ့်မည်။ သင့်ကို လူမုန်းများနေ တတ်သည်။ ဘေးရန်ကင်းရန် ရတနသုတ်၊ မေတ္တာသုတ်များကို နေ့စဉ်ရွတ်ဖတ်ပေးပါ။ ဘေးကင်းသွားမည်။

**ကံကောင်းအရောင်။** ။ စိမ်းပြာ၊ ကြာညိုရောင် ဝမ်းဆက်ဝတ်ဆင်ပါ။

**အချစ်ရေး။** ။ ချစ်နေတာကို ဖွင့်ပြောလိုက်ပါ။ လက်ခံလိမ့်မည်။

**ကျန်းမာရေး။** ။ နှလုံး၊ လေးဘက်နာ၊ ကျောက်ကပ် သတိထားပါ။

**ထီထိုးရန်။** ။ (တ) ၆–၄၊ (ထ) ၆–၉၊ (ဒ) ၆–၇။

**ယတြာ။** ။ ပြည်ရွှေဆံတော်ဘုရားတွင် ပန်း၊ ဆီမီး၊ ရေချမ်း ကပ်လှူပါ။

www.burmeseclassic.com

www.burmeseclassic.com



## ကရကဋ်၊ ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း စီးပွားရေး ကံကောင်းနေမည်။ လုံ့လ၊ ဝီရိယ၊ ဇွဲ ရှေ့တန်းတင်လုပ်ပါ။ ဘာပဲလုပ်လုပ် သည်းခံပါ။ ပတ်ဝန်းကျင်မှလူများနှင့် ပြဿနာတက်တတ်သည်။ အမှုအခင်း၊ တရားတပေါင်ဖြစ်တတ်သည်။ သက် သတ်လွတ်စားပေးပါ။ နေ့စဉ် ဘုရားရှိခိုးပါ။ ပညာရေးကောင်း၍ လူမှုရေးညံ့ပြီး အိမ်ထောင်ရေးသာယာမည်။

**ကံကောင်းအရောင်။** အဝါနု၊ အပြာနု၊ အနီရောင်တို့ ဝတ်ဆင်ပါ။

**အချစ်ရေး။** လိုက်လေဝေးလေဖြစ်နေတတ်သည်။

**ကျန်းမာရေး။** အရိုးအက်၊ အရိုးပွရောဂါ သတိထားပါ။

**ထီထိုးရန်။** (ဋ) ၆-၄၊ (ဌ) ၆-၆၊ (ဍ) ၆-၇။

**ယတြာ။** တွံတေးပေါင်းတော်ချုပ်ဘုရားတွင် ရွှေသင်္ကန်း၊ ပန်း၊ ရေချမ်း ကပ်လှူပါ။

---

## သိဟ်၊ ဇူလိုင်လ (၂၁) ရက်မှ ဩဂုတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း မိသားစုအပျော်ခရီးသွားရမည်။ စိတ်ချမ်းသာမည်။ ကိုယ်ကျန်းမာမည်။ လွတ်လပ်ပျော်ရွှင် သောခရီးစဉ်ဖြစ်တတ်သည်။ ဘာပဲလုပ်လုပ် ကံကောင်းနေချိန်ဖြစ်ပါသည်။ စီးပွားဥစ္စာ၊ ဓနကံတို့ တိုးတက်မည်။ ပညာရေးတွင် ကြိုးစားရန်လိုပါသေးသည်။

**ကံကောင်းအရောင်။** စိမ်းပြာ၊ ပန်းရောင်ဝမ်းဆက် ဝတ်ဆင်ပါ။

**အချစ်ရေး။** အချစ်ရေးကိုဦးစားမပေးပါနှင့်။ ပညာရေးကိုဦးစားပေးပါ။

**ကျန်းမာရေး။** မူးဝေ၊ ဖက်ကြောတက်၊ အာရုံကြောရောဂါ သတိထားပါ။

**ထီထိုးရန်။** န) ၅-၄၊ (ပ) ၅-၆၊ (ဖ) ၅-၈။

**ယတြာ။** ရန်ကုန် အာနန္ဒာဘုရားတွင် ထီး၊ တံခွန်၊ ကုက္ကား လှူဒါန်းပါ။

---

## ကန်၊ ဩဂုတ်လ (၂၁) ရက်မှ စက်တင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း စီးပွားရေးလုပ်ငန်းများ လွဲချော်နေမည်။ စစ်ဘက်၊ ရဲဘက် အကောက်ခွန်ဝန်ထမ်း၊ ပညာ ရေးဝန်ထမ်းဖြစ်ပါက အမှုအခင်း၊ တရားတပေါင်ဖြစ်တတ်သည်။ မိမိကြောင့်မဟုတ်ဘဲ တပည့်တပန်းတို့ကြောင့် ဖြစ်မည်။ ရတနာသုံးပါး အနန္တငါးပါး မမေ့ပါနှင့်။ ပုတီးစိပ်ပါ။ ဘုရားရှိခိုးပါ။

**ကံကောင်းအရောင်။** အဖြူ၊ အဝါ၊ အပြာ ရောယှက်ဝမ်းဆက် ဝတ်ဆင်ပါ။

**အချစ်ရေး။** အချစ်နှင့်ပတ်သက်ပြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်တတ်သည်။

**ကျန်းမာရေး။** အစစအရာရာ သတိထားပါ။ ခန္ဓာကိုယ်၌ အကြိတ်၊ အဖုပေါက်တတ်သည်။

**ထီထိုးရန်။** (ပ) ၂-၄၊ (ဖ) ၂-၆၊ (ဗ) ၂-၈။

**ယတြာ။** မွေးနံထောင့်တွင် ကရေကရာမုန့်၊ မုန့်ပစ်စလက်ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## တူ၊ စက်တင်ဘာလ (၂၃) ရက်မှ အောက်တိုဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း တိုက်ဆိုင်တစ်လီ ကုမ္ပဏီတစ်ဖက် သူတစ်ပါးနှင့် ရှယ်ယာဝင်တစ်မျိုး အမျိုးမျိုး အဖုံဖုံ အကုန်အစင် ကံကောင်းနေမည်မှတ်ပါ။ ဘေးရန်ကင်းပြီး စီးပွားရေးကံဇာတာ အထူးတိုးတက် ကြီးပွားချမ်းသာချိန် ဖြစ်မည်။

**ကံကောင်းအရောင်။** အပြာနု၊ အဝါနုထဲတွင် အစိမ်းရောင်ပန်းပွင့်ပါသောအရောင် ဝတ်ဆင်ပါ။

**အချစ်ရေး။** အထူးကောင်းပါသည်။

**ကျန်းမာရေး။** ဝမ်းချုပ်၊ ဆီးချုပ်ဖြစ်တတ်သည်။

**ထီထိုးရန်။** (ပ) ၆–၉၊ (ဏ) ၆–၈၊ (မ) ၆–၉။

**ယတြာ။** အိမ်ဘုရားတွင် ပန်းသစ်တော် သုံးလုံး၊ ပန်းသီးသုံးလုံး၊ ထီးနီသုံးလက်လှူပါ။

---

## ဗြိစ္ဆာ၊ အောက်တိုဘာလ (၂၁)ရက်မှ နိုဝင်ဘာလ (၂၀)ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း ဆောက်လုပ်ရေးလုပ်ငန်း၊ တိုက်ကန်ထရိုက်တာလုပ်ငန်းလုပ်ပါက ဆုံးရှုံးမှုကြုံတတ်သည်။ ရွှေ၊ ငွေ၊ ကြေး၊ ကျောက်မျက်ရတနာ ရောင်းဝယ်သူများ ကံကောင်းတတ်သည်။ သို့သော်လည်း ရောင်းမှားဝယ် မှား သတိထားပါ။ ပညာရေးတွင် ဘွဲ့ထူးဂုဏ်ထူးဖြင့် အောင်မြင်မည်။ လူမှုရေးအထူးကောင်းလိမ့်မည်။

**ကံကောင်းအရောင်။** မဲနယ်ရောင်၊ အုန်းခွံရောင် ဝမ်းဆက် ဝတ်ဆင်ပါ။

**အချစ်ရေး။** မမျှော်လင့်ဘဲ ခွဲခွာရလိမ့်မည်။

**ကျန်းမာရေး။** နှလုံးသွေးကြောကျဉ်းခြင်း၊ အာရုံကြော၊ ဖက်ကြောတက်ခြင်းဖြစ်တတ်သည်။

**ထီထိုးရန်။** (ယ) ၃–၈၊ (ရ) ၃–၉၊ (လ) ၃–၂။

**ယတြာ။** တွံတေးမြို့ ရွှေဆံတော်ဘုရားတွင် ရွှေသက်န်းကပ်လှူပါ။

---

## ဓနု၊ နိုဝင်ဘာလ(၂၁) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း ဘာကိစ္စမဆို အလိုမကျ သောကဗျာပါရကြုံတတ်သည်။ လုပ်ငန်း စီးပွားရေးများ လုပ်လက်စ မပြတ်သေးဘဲ လုပ်ငန်းသစ်ကို စတင်လုပ်တတ်သည်။ မကောင်းပါ။ မိမိလုပ်ငန်းကိုပဲ ဇောက်ချပြီး ပြီးစီးအောင်လုပ်ပါ။ သိန်းပေါင်းများစွာ ဝင်လာနိုင်သည်။ အရက်၊ မိန်းမ၊ ဖဲ၊ အပျော်အပါးသွားခြင်းရှောင်ပါ။ ဘေးရန်ရှိသည်။

**ကံကောင်းအရောင်။** ရွှေဖလား၊ ငွေဖလားရောင် ဝမ်းဆက် ဝတ်ဆင်ပါ။

**အချစ်ရေး။** အားလုံးအဆင်ပြေသွားမှာပါ။ သင့်ရဲ့မာန်မာနကိုလျှော့ပါ။

**ကျန်းမာရေး။** ဆီးရောဂါ၊ ကျောက်ကပ်ရောဂါဖြစ်တတ်သည်။

**ထီထိုးရန်။** (လ) ၅–၄၊ (ဝ) ၅–၆၊ (သ) ၅–၉။

**ယတြာ။** မွေးနံ့ထောင့်တွင် ဖန်ခွက်ထဲ စိန်ခြယ်၊ သပြေပန်းထည့် ကပ်လှူပါ။

www.burmeseclassic.com

www.burmeseclassic.com



## မကာရ၊ ဒီဇင်ဘာလ (၂၂)ရက်မှ ဇန်နဝါရီလ (၂၀)ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း အရက်သေစာ မူးယစ်သောက်စားခြင်းကြောင့် အပေါင်းအသင်း သူငယ်ချင်းတို့နှင့်အတူ ရန်ဖြစ်ရင်း ပြဿနာတက်ကာ ရဲစခန်းရောက်တတ်သည်။ ညဘက်ထွက်ခြင်းကို တစ်လတိတိရှောင်ပါ။ စီးပွားရေး သင့်ပြီး လူမှုရေးညံ့မည်။ ဘာပဲလုပ်လုပ် တစ်ဦးတည်းလုပ်ပါ။ ဘေးရန်ကင်းကွာ လာဘ်ရွှင်လာပါလိမ့်မည်။

**ကံကောင်းအရောင်။** အဖြူထဲတွင် အစိမ်းပန်းပွင့်များစွာပါသောအရောင် ဝတ်ဆင်ပါ။

**အချစ်ရေး။** သင်ရည်ရွယ်ထားသူတွင် ချစ်သူရှိနေသည်။

**ကျန်းမာရေး။** ဦးခေါင်းကိုက်ခဲ ထုံကျဉ်ရောဂါ မကြာခဏဖြစ်တတ်သည်။

**ထီထိုးရန်။** (က) ၅-၄၊ (စ) ၅-၉၊ (ဆ) ၅-၄။

**ယတြာ။** မွေးနံထောင့်တွင် ဆီမီး၊ ခရေ သပြေ ကိုးညွန့်လှူပါ။

## ကုံ၊ ဇန်နဝါရီလ (၂၁)ရက်မှ ဖေဖော်ဝါရီလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း ငွေလာဘ်ခနက် ကောင်းနေမည်။ စီးပွားခနက် ဥစ္စာသစ်လင်း ကောင်းသတင်းနှင့် ကောင်း ခြင်းငါးဖြာ အောင်ကြောင်းဖြာမည်။ ငွေရှာဖွေရလွယ်ကူမည်။ မိဘကျေးဇူးဆပ်ရမည်။ ရဟန်းခံ၊ ရှင်ပြုလုပ်ရမည်။ ပေး၍မကုန် လှူ၍မခန်း ပဒုမ္မာရွှေကြာပန်းကဲ့သို့ တင့်လျှမ်းမည်။

**ကံကောင်းအရောင်။** နို့သာရောင်၊ ငှက်ပျောညွန့်ရောင် ဝမ်းဆက် ဝတ်ဆင်ပါ။

**အချစ်ရေး။** ယခုချစ်သူပဲကောင်းပါသည်။

**ကျန်းမာရေး။** ဆီးချို၊ သွေးချို၊ သွေးတိုး သတိထားပါ။

**ထီထိုးရန်။** (ဈ) ၇-၂၊ (ည) ၇-၃၊ (ဇ) ၇-၉။

**ယတြာ။** အိမ်ဘုရားတွင် ဆွမ်းပေါ်သကြားဖြူးပြီးကပ်လှူပါ။ ရေဖန်ခွက်နဲ့ကပ်ပါ။

## မိန်၊ ဖေဖော်ဝါရီလ (၂၁) ရက်မှ မတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း လုပ်ငန်းထဲတွင် ထိခိုက်ဒဏ်ရာရတတ်သည်။ ခြေချော်လက်ချော် သတိထားပါ။ ဘဝရှေ့ရေး ရင်လေးစရာမရှိပါ။ အစဉ်အေးပါသည်။ သို့သော် စနေ ရာဟု သားသမီးများနှင့် အပေါင်းအသင်းမလုပ်ပါနှင့်။ ပြဿနာတက် စိတ်ဒုက္ခပေးတတ်သည်။ သံသယယုံမှားစိတ်ဝင်ပြီး သူတစ်ပါးအားစွပ်စွဲမှုရှောင်ပါ။

**ကံကောင်းအရောင်။** နို့သာရောင်၊ အဝါနုရောင်၊ အစိမ်းနုရောင် ဝမ်းဆက် ဝတ်ဆင်ပါ။

**အချစ်ရေး။** ချစ်သံသယစိတ်ရှောင်၊ အချစ်ကံကောင်းနေပါသည်။

**ကျန်းမာရေး။** အိပ်မပျော်သောရောဂါ၊ ဦးခေါင်းမူးဝေသောရောဂါဖြစ်တတ်သည်။

**ထီထိုးရန်။** (ဃ) ၆-၃၊ (င) ၆-၄၊ (ဈ) ၆-၈။

**ယတြာ။** မွေးနံထောင့်တွင် ဂုဏ်တော် (၉)ပါး ရွတ်ဖတ်ပူဇော်ပါ။

စမ်းလိုအ၍ ပန်းလိုပွေ့ပါ

သစ္စာမေတ္တာ ဆရာထွန်းလင်းကျော် (နက္ခတ် ဗေဒင်၊ လက္ခဏာပညာရှင်)

www.burmeseclassic.com